
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

**နိုင်ငံရေး ဦးတည်ချက် ၄ ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် ၄ ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် ၄ ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ချစ်နှောင်းသက်လယ်

## ဇဝန

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၅၆/၂၀၀၃(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၄၀၅၀၇

□

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်- ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - (၅၀၀)

□

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်၊
၄၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ဝလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးပန်းချီ
စောမင်းဝေ

□

တန်ဖိုး
၈၅၀ ကျပ်

BURMESE CLASSIC .com

သက်န်းကျွန်း၏ ဆောင်းရာသီညချမ်းကား သာယာလှပါပေသည်။ နွေရာသီညချမ်းချိန်ခါတို့မှာလည်း သာယာပါပေ၏။ မိုးဦးကျ ညချိန်ခါများသည်လည်း ထိုနည်းအတူပင်။ သို့သော် ဤသာယာမှုတို့သည် ကျွန်မတို့အဖို့ ဖန်ဆင်းပေးထားခြင်းမဟုတ်၊ ကျွန်မတို့ချစ်သူနှစ်ဦးအဖို့ကား ဤသာယာမှုတို့ကို မမြင်နိုင်၊ မခံစားနိုင်ကြတော့ပြီ။

သက်န်းကျွန်းရှိ ကျွန်မတို့ နေထိုင်သည့်အိမ်ကြီးကား လွန်စွာမှပင် သာယာပျော်မွေ့ဖွယ် ကောင်းလှပါ၏။ အိမ်ရှေ့ရှိ ညီညာစွာ ဖြတ်ရိတ်ထားသောမြက်ခင်းမှာ အခါမရွေး ရေဖျန်းထားသကဲ့သို့ စိမ်းလန်းသာယာလျက်ရှိ၏၊ ပန်းနွယ်တို့ဖြင့် တန်ဆာဆင်လျက်ရှိသော အိမ်ရှေ့မျက်နှာစာနှင့် အင်္ဂတေပွတ်လုံးတိုင်ကြီးများမှာ နံနက်နေရောင်တွင် ကျက်သရေဆောင်၍ နေလေသည်။ ထိုအိမ်ကြီးအတွင်းသို့ ရောက်ဖူးသူမှန်သမျှ "ဘာလိုတာရှိသေးတော့သလဲ၊ အဲဒါမှအိမ် အိမ်ဆိုတာ ဒီလိုဘဲရှိရမယ်" ဟု မချီးကျူးဘဲ မနေနိုင်ကြပေ။ မှန်ပါ၏၊ အိမ်တွင်း အိမ်ပြင် ဘာတစ်ခုမျှ လိုသေးမရှိပါ၊ အစစအရာရာ ကုက်သရေမင်္ဂလာနှင့် ပြည့်စုံသော အိမ်ကြီး ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤအိမ်ကြီးပေါ်မှာပင် နေရလင့်တစား ကျွန်မတို့မှာ မပျော်နိုင်။ သာယာမှု၊ ပျော်ရွှင်မှုသည် ကျွန်မတို့အဖို့ မဟုတ်တော့ပြီလော။

သူ့ကိုတော့ဖြင့် ကျွန်မ အလွန်ပဲချစ်ပါသည်။ သူ (ကိုကိုဝင်းကို ဆိုလိုပါသည်) သူကလည်း ကျွန်မကိုချစ်သည်။ ကျွန်မ ဘယ်မျှချစ်သည်ကို ကျွန်မသိသလောက်၊ သူ ဘယ်မျှချစ်သည်ကိုလည်း ကျွန်မသိပါသည်။ ကျွန်မတို့နှစ်ဦး၏ အချစ်ကိုတော့ ဘယ်သူဘက်ကမျှ ယုံမှားမှုမရှိကြပါ။ ဤမျှချစ်ကြပါလျက်နှင့်လည်း တစ်နေ့နေ့တွင် သူသည် ကျွန်မကိုစွန့်ခွာလျက် ဤအိမ်ကြီးမှ ရုတ်တရက် ထွက်ခွာသွားလေတော့မည်ကို ကျွန်မ ယုံကြည်နေပါသည်။ ဘယ်နေ့ဟူ၍ကား မပြောနိုင်ပါ။ ယခုနှစ်တွင် မဟုတ်ခဲ့လျှင် နောက်နှစ်တွင်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သူသွားချင်၍ မဟုတ်၊ မသွားချင်ဘဲ သွားရမည်ဖြစ်ပါသည်။ ကျွန်မကို မချစ်၍မဟုတ်၊ ချစ်မြဲချစ်လျက်နှင့်ပင် ကျွန်မတို့ စွန့်ခွာသွားမည် ဖြစ်ပါသည်။

သို့မဟုတ်ဘဲ သူထွက်၍မသွားခဲ့သော် သွားရမည့်သူကား ကျွန်မပင်ဖြစ်လိမ့်မည်။ ကျွန်မသွားခဲ့သော် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်း၍ ဘယ်ခါမျှ ပြန်၍လာတော့မည် မဟုတ်ပါ။ ကျွန်မသွားလို၍ လည်းမဟုတ်၊ မသွားလိုဘဲလျက် သူ့ကို ချစ်မြဲချစ်လျက် သွားရပါမည်။ ကျွန်မ၏ အိမ်ကြီးကို ထားခဲ့ရလိမ့်မည်။ ကျွန်မတို့၏သားကလေး ကိုချစ်ဦးကို တစ်နေ့တွင် သူကိုယ်တိုင်ပိုင်ဆိုင်ရမည့် ထိုအိမ်ကြီးတွင် ထားခဲ့ရလိမ့်မည်။ ကျွန်မ၏ နှလုံးသည်းပွတ်ကိုလည်း ကျွန်မ၏ကိုယ်နှင့်မပါဘဲ ပိုင်သူဆိုင်သူ၏လက်တွင်း အပ်နှင်းခဲ့ရလိမ့်မည်။ မည်သို့ဖြစ်စေ ကျွန်မသွားရမည်ဖြစ်လျှင်လည်းသွားမည်။ သွားမိလျှင်ကား ဘယ်အခါမျှ ပြန်၍ မလာတော့ပြီ။

အခြေအနေအားဖြင့် သည်အဖြစ်ဆိုးကြီးကိုသာ လမ်းညွှန်၍နေ



လေသည်။ သည်အရာကြီးကိုပင် ကျွန်မတို့ အကြိမ်ကြိမ်တိုက်ခိုက် ဖြိုဖျက်ခဲ့ကြသည်။ နည်းလမ်းရှိသမျှ တွန်းလှန်ခဲ့ကြသည်။ သို့သော် ပြန်၍ ပြန်၍သာ ရောက်လာသည်။ ပြန်၍ပြန်၍သာ ပေါ်လာသည်။ အမြင်အားဖြင့် ပေါ်လာသည်။ စကားအားဖြင့် ပေါ်လာသည်။ စိတ်ကူးအားဖြင့် ပေါ်လာသည်။ သည်အရာကြီးကိုကား တွန်းလှန်ဖျောက်ဖျက်၍ မရနိုင်။ အမြဲပင် ရှိနေတော့သည်။

"ကိုကိုဝင်း မလုပ်ဘူးဆိုတာ တစ်ခါပြောဘူးပြီ မဟုတ်လား၊ တစ်ခါပြောပြီးရင် ပြီးတာပဲ၊ နောက်ထပ်ပြောနေဖို့ မလိုတော့ပါဘူး။ ကိုကိုဝင်း မလုပ်ဘူးဆို ငွေလည်းမလိမ်ဘူး၊ နာမည်လည်း မလိမ်ဘူး၊ အချစ်လည်း မလိမ်ဘူး" ဟူ၍ ကျွန်မတိုတော့ဖြင့် ပြောခဲ့ဘူးပါသည်။ ယင်းသို့ ပါးစပ်က ပြော၍ စိတ်တမေယုံ ဖြစ်၍နေပြန်လျှင်လည်း ပြောသည့်စကားမှာ အချည်းနှီးပင်၊ ငွေအတွက် ကျွန်မသိပါတယ်။ ကိုကိုဝင်း ဘယ်တော့မျှ မလိမ်ဘူး၊ ငွေအတွက်ဆိုလျှင်လည်း ယုံနိုင်သည်။ နာမည်အတွက်ဆိုလျှင်လည်း ယုံနိုင်သည်။ အချစ်အတွက်ဆိုလျှင်လည်း ယုံနိုင်သည်။ ယခုကိစ္စမှာကား ငွေလည်းမဟုတ်၊ နာမည်လည်းမဟုတ်၊ အချစ်လည်းမဟုတ်။ ယင်းတို့နှင့် အလှမ်းချင်း ကွာဝေးလှသည်။ ဒါကြောင်းကို ဆိုရသော် ဤကိစ္စမှာ လူသတ်မှုဖြစ်နေသောကြောင့်တည်း။

ကိုကိုဝင်းပါးစပ်က ပြောလိုက်စဉ်ကမူ ကျွန်မ၏စိတ်ထဲ၌ ယုံလိုက်မိသည်။ သို့သော် တခဏအကြာ၊ တစ်နာရီအကြာ၊ တစ်နေ့အကြာ၊ တစ်ပတ်အကြာ၌မူ မယုံမိပြန်တော့ပေ။ လူဘဝသည် ထိုသို့ယုံကြည်မိသော တစ်မိနစ်၊ တစ်စက္ကန့်မျှသာ သက်တမ်းရှိပါမူကား ကောင်းလေစွ၊ သို့သော် လူ့ဘဝတစ်သက်တာဆိုသည်မှာ မည်မျှတိုတောင်းစေကာမူ တစ်မိနစ် တစ်စက္ကန့်နှင့် သက်တမ်းမကုန်၊ နာရီ နေ့ရက် လ နှစ်တို့ဖြင့် ရေတွက် ပိုင်းခြားနိုင်သော အချိန်ကာလတို့ ရှိနေသေးရကား ထိုကာလအတွင်း၌ပင်

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေး ဒွိဟစိတ်များ ပေါ်လာပြန်လေတော့သည်။

သူပြောနေသည့် အခါတိုင်းမှာပင် ကျွန်မ၌ အပြစ်မရှိ၊ ကျွန်မကိုယ်တိုင် မပြုလုပ်ခဲ့မိခြင်းကို ကျွန်မ သိလျက်ရှိသည်။ ဤမျှထက်ပို၍ကား ဘာမျှမသိ။ ယင်းသို့ ကျွန်မသိရသလောက် ကျွန်မ မဟုတ်ခဲ့ပါမူ.

ကျွန်မ ပြောနေသည့်အခါများတွင်လည်း သူက ဘာမျှမလုပ်ရသည်ကို သူသိနေသည်၊ ယင်းသို့ မဟုတ်ခဲ့ပါမူ မကောင်းလိုက်သမျှ ဘာမျှမကောင်းတော့ပါ။

ခြောက်လမျှလွန်ခဲ့ပြီးသော ညတစ်ညတွင် ကျွန်မသည် သူ့ရှေ့၌ပင် ဒူးထောက်လျက် သူနှင့် ကျွန်မကြား၌ မျက်စိသူငယ်နှင့်ရပ်နေသော သားကလေးကိုချစ်ဦး၏ ကိုယ်ကလေးတို ပွေ့ဖက်ရင်း သားကလေးမရိပ်မိရန် စကားတိုးတိုးဖြင့် ဖွင့်ဟပြောခဲ့မိဘူးပါသည်။

“ကျွန်မအသက်ထက်ချစ်တဲ့ ဒီသားကလေးတို မအုပ်မိဘဲ ရှိရစေရဲ့။ ကျွန်မ မလုပ်ဘူးဆိုတာ ကျိန်ရဲပါတယ်၊ ကျွန်မ မလုပ်ရတာအမှန်ပါဘဲ”

သူ ကျွန်မကို အသာအယာထူမပြီး သူ့ရင်ခွင်ထဲသို့ သွင်းတာ ကျွန်မကို အားပါးတရ ပွေ့ညှစ်လိုက်ပါသည်။

“အချစ်လက်ချက် မဟုတ်ဘူးဆိုတာ တိုဝင်းသိပါတယ်။ အချစ်တို့ ယုံပြီးသားပါ။ ဒီထက်ပြောစရာ ကျန်သေးသလား။ ဘယ်လိုထပ်ပြောဘို့ ရှိသေးသလဲ။ တဲ ကိုကို့ရင်ပတ်ထဲက အသည်းနှလုံးကို ထပ်ပြီးနားထောင် ကြည့်စမ်းပါဦး အသည်းနှလုံးထဲကပါ ယုံပါတယ်လို့ ပြောနေတာကို ကြားရပြီမဟုတ်လား”

သူ၏လက်များသည် ပို၍တင်းကြပ်စွာ ကျွန်မတစ်ကိုယ်လုံးကို သိုင်းကျုံးပွေ့ညှစ်လျက် စိုရွှဲနေသော ကျွန်မ၏မျက်လုံးများကို သူ၏ ခေါင်းငုံ့၍ ပွတ်သပ်ပေးပါတော့သည်။ သို့စင်လျက်လည်း သူ့စိတ်ထဲ



တော့ဖြင့် မယုံပါ။ ကျွန်မအား စိတ်သက်သာရာရစေရန် ယုယနေခြင်းမျှသာ ဖြစ်သည်။ တကယ်တော့ဖြင့် သူက ယုံပါသည်ဟုပြောပြီးသည့် အခြားမဲ့မှာပင် သူ၌ယုံမှားစိတ် ပြန်၍ပေါ်နေလေသည်။

ယင်းသို့ စိတ်ဖြင့်ခံစားရသော အတိတ်၏အပြစ်ဒဏ်ကြီးသည် ကျွန်မတို့ချစ်သူနှစ်ဦး၏ ပတ်ဝန်းကျင်တွင် အမြဲပင်ရှိနေတော့သည်။ ဝဲနေသည်။ ချောင်း၍နေသည်၊ ဝန်းရံ၍နေလေသည်။ ထွက်ပေါက်ကား ရှာ၍မတွေ့ရတော့ပါ။ သူ၌အပြစ်ကင်းစင်ခဲ့လျှင် အပြစ်ရှိသူမှာ ကျွန်မသာ ဖြစ်ရပေမည်၊ ကျွန်မ၌ အပြစ်မရှိခဲ့သော် သူသာလျှင် အပြစ်ရှိသူဖြစ်ရပေမည်၊ သို့သော် ကျွန်မ အပြစ်မရှိမှန်းကိုကား ကျွန်မသိပါ၏။ (သူကလည်း သူ၌ အပြစ်မရှိခြင်းကို သိပေလိမ့်မည်) ကျွန်မတို့အဖို့ ထွက်လမ်းမမြင်၊ ရှောင်တိမ်း၍မရနိုင်တော့ပေ။

တစ်ဦးကိုတစ်ဦး ချစ်ခင်နမ်းရှုပ်လိုက်သည့်ကြားမှာပင် သည်အရာကြီး ဝင်၍နှောင့်ယှက်နေလေတော့သည်။ သူ့ကို ခါတိုင်းထက်ထူးပြီး အားပါးတရ နမ်းမိလေရော့သလား။ ဒီလိုနမ်းမိလို့ သူ့အပေါ်မှာ အပြစ်မရှိဘူးဆိုတာ ယုံကြည်လို့သာဘဲလို့ သူ့စိတ်ထဲမှာ ထင်သွားမလား။ သူ့ကိုပါ စိတ်မပါ့တပါ နမ်းမိလေရော့သလား။ ဒီလိုစိတ်မပါ့တပါ ဖြစ်ခြင်းဟာ ဒီကိစ္စကြီးကို သတိရပြီး တွေးမိနေလို့သာပဲလို့ ထင်သွားလေမလား။ ဤသို့တွေးလောက်စရာပင်ဖြစ်အောင် မည်သည့်အရာမျှ အနှောင့်အသွား မလွတ်တော့ပါ။

နေရာတကာအချိန်ရှိသမျှ သည်အရာကြီးရှိနေသည်။ သည်အရာကြီးကို တွေ့နေရသည်။ သည်အရာကြီးကား အရိပ်ကဲ့သို့ ကျွန်မတို့ ကိုယ်ခန္ဓာနှင့် ထပ်ချပ်မကွာပါ၍ နေတော့သည်။

ကျွန်မတို့ကား မီးနှင့်ကစားမိခဲ့ကြပြီ။ ထိုမီးကို ဘဝဟူ၍ ခေါ်ကြပါသည်. ထိုမီးနှင့် မည်သို့ကစားရမည်ကို ကျွန်မ အမှန်မသိပါ။ မည်သူက

www.burmeseclassic.com

www.burmeseclassic.com



မျှလည်း ကျွန်မအား သွန်သင်ပြောကြားခြင်းမရှိခဲ့ပါ။ သို့သော် ကျွန်မမှာ တစားနည်းများ၍နေပြီကိုသာ သိပါသည်။ ကျွန်မတို့မှာ တစ်နေရာရာတွင် တစားနည်းစည်းတမ်း ဖောက်ဖျက်ခဲ့မိကြပါသည်။ ချိုးဖောက်မိစဉ်ကမူ ထိုသို့ချိုးဖောက်မိလေပြီဟု မသိခဲ့ကြပါ။

ကျွန်မတို့ကား ဘဝနှင့်လောင်းကစားရာတွင် ရှုံးခဲ့လေပြီ။ ဤမျှသာ ကျွန်မသိပါသည်။ ကျွန်မတို့ကား ရှုံးခဲ့ပြီ။ ရှုံးလေပြီတကား။

□□□

[၁]

တံခါးကြီးမှာ ပိတ်လျက်သားရှိတော့သည်။ ထိုသို့တွေ့ရခြင်းမှာ မည်သည့်အခါမျှ ပြန်၍ပွင့်တော့မည်မဟုတ်။ မည်သည့်အရာနှင့်မျှ ဖွင့်၍ ရမည်မဟုတ်။ ဤသို့သာလျှင် အမြဲပိတ်၍နေတော့မည်ကဲ့သို့ ညာတာ ခြင်းကင်းမဲ့စွာဖြင့် အဆုံးသတ်ကမ္ပတ်ဖုံးလိုက်သည့် အသွင်ကိုဆောင်နေ လေသည်။

ထိုမလှုပ်မရှား အသက်ကင်းမဲ့သော တံခါးသည် တစ်စုံတစ်ခုကို ဖော်ပြနေဘိသည်။ တံခါးဟူသည် တစ်စုံတစ်ရာ၏အစကို ဖေါ်ပြမြဲဖြစ် သော်လည်း ဤတံခါးပိတ်လျက်ရှိနေခြင်းမှာကား ရှေ့သို့တိုးစရာမရှိ။ တစ်စုံတစ်ရာ၏လမ်းဆုံးသို့ ရောက်နေခြင်းကို ပြနေလေသည်။

တံခါးရှေ့ရှိ မိန်းကလေးမှာ ဤနေရာမှာပင် လမ်းဆုံးနေပြီးလျှင် ရှေ့သို့ မည်သည့်နည်းနှင့်မျှ တိုး၍မရနိုင်တော့သည်ကို တွေးမိသော်လည်း ထိုနေရာမှ မခွာနိုင်သေးဘဲ မတုန်မလှုပ်ရပ်တန့်တွေဝေ၍ နေလေသည်။ သင်းသို့ ရပ်၍နေသည်မှာ အတန်ကြာပြီဖြစ်သည့်တိုင်အောင် လှုပ်ရှား

www.burmeseclassic.com

www.burmeseclassic.com



ခြင်း မရှိသဖြင့် ရပ်၍နေရသည်မှာ ကြာပြီဖြစ်၍ မလှုပ်မရှားတတ်ဘဲ ရှိသွားပြီလော။ လူသားစင်စစ်က ကျောက်သား ကျောက်ရုပ်အဖြစ်သို့ ပြောင်းလဲသွားလေပြီလောဟု တွေးတောထင်မှားစရာပင် ဖြစ်နေပေတော့သည်။

သူကား အသက်ဆယ့်ကိုးနှစ်မျှသာ ရှိသည်။ ဤအရွယ်တွင် မိန်းကလေးတိုင်း အသားအရေဆူဝေဖြိုးကြွ အလှတိုးဆဲပင်ဖြစ်သော်လည်း ထိုမိန်းကလေးမှာကား အသွေးအမွေး စိုပြေဝင်းဝါခြင်း ကင်းမဲ့နေသည်။ ငါးရံ့ကိုယ်ဟုဆိုအပ်သော သေးသွယ်ကြော့ရှင်းသည့် သူ၏ကိုယ်အနေအထားမှာ အချိုးအစားပြေပြစ်လှသော်လည်း မျက်နှာတွင်ကား ဖျော့တော့သော အသွေးအရောင်ရှိ၍ ပါးသွယ်နားသွယ်ကလေးများ ကျသယောင်ယောင်၊ ချောင်သလိုလိုရှိသည်။ ထိုမျက်နှာကလေးမှာ တစ်ခါက လှပသောအဆင်းကို ဆောင်ခဲ့သည်။ ယခုလည်း ထိုအလှ၏ အရိပ်အရောင် ရှိနေသေးသည်။ အခိုက်အတန့်အားဖြင့်သာလျှင် ထိုလှပသောအဆင်းသည် သူ၏မျက်နှာမှ ခွာ၍နေခြင်းပင်ဖြစ်ရာ၊ ထိုအလှကို ထုတ်ဖော်နိုင်ခွင့်ရပါက သူ၏မျက်နှာပေါ်သို့ ပြန်၍ရောက်လာပေလိမ့်မည်။

သူ၏ဆံပင်များမှာ ရှည်လျားနက်ပြောင်သော အသွေးအရောင်ရှိသော်ငြားလည်း ဖီးလိမ်းပြုပြင်ခွင့် မရရှာသလို ကပိုကရိုရှိပြီးလျှင် နဖူးဆံစမှာ ခြောက်သယောင်ယောင်ရှိလေသည်။ အဝတ်အစားမှာ အလှအပမပါ။ တစ်ဖက်သားစွဲမက်စေမှုအတွက် ရည်စူးချက်မရှိ၊ ရိုးရိုးပင်ဖြစ်သည်။ သူ့အသက်နှင့်ဆိုသော် အရပ်အမောင်းမှာ ကောင်းသည်ဟု ဆိုရမည် ဖြစ်ပေရာ၊ အလုံးအထည်သာ တောင့်တင်းပါမူ လုံးကြီးပေါက်လှ မိန်းမချော မိန်းမလှတစ်ဦးဟူ၍ ဆိုရပေမည်။ သို့သော် သူ၏ကိုယ်ကာယမှာ သေးသွယ်လျက် တင်းနေရာ၌သာလျှင် အလှနှင့်အဝမညီဘဲ ရှိလေသည်။



သူ၏ဦးခေါင်းကား ငိုက်စိုက်ကျလျက်ရှိသည်။ မျက်စိဖြင့် ကြည့်၍မမြင်နိုင်သော လက်ကြီးသည် သူ့ကို ခေါင်းမထူနိုင်အောင် ချုပ်နှိမ်ထားသည်နှင့် မခြားလှပေ။

နောက်ဆုံးတွင် သူသည် ထိုနေရာမှ ထွက်ခွာတော့မည်ဟု ခြေတစ်ဖက်ကို ပြင်လိုက်လေသည်။ ထိုသို့ ခြေလှမ်းရန်ပြင်လိုက်ပြီးမှ ပြန်၍ရပ်သွားကာ ငုံ့လျက်ရှိသောမျက်လုံးများဖြင့် တံခါးအောက်မှ ထွက်လျက်ရှိသော စာအိတ်တစ်ခု၏အစွန်းကို မြင်မိလေသည်။ ကျောက်သားကျောက်ရုပ်ကဲ့သို့ ငြိမ်သက်လျက်ရှိသော သူ၏ကိုယ်လုံးသည် ထိုအခါမှ အသက်ဝင်သကဲ့သို့ လှုပ်ရှားလာကာ တံခါးအောက်မှ အစွန်းထွက်လျက်ရှိသော စာအိတ်ကလေးကို ကောက်ယူလိုက်လေတော့သည်။

သူမ၏လက်မှာ တုန်ယင်လျက်ရှိသည်နှင့်အမျှ နှလုံးများမှာလည်း တုန်၍၊ ခုန်၍နေပေသည်။ စာအိတ်ပေါ်တွင် စာရှည်ရှည်လျားလျား မပါချေ။ ခဲတံနှင့်အသော့ရေးထားသော နာမည်တစ်ခုသာပါလေသည်။

"သန်းကြည်"

မှ,လည်းမထည့်၊ ခင်လည်းမတပ်။ ပြတ်တောင်းလှသည်။ သို့သော် လှသောနာမည်ကို မြင်ရသည်နှင့်ပင် သူ၏မျက်နှာတွင် ပို၍အသက်ဝင် လာသကဲ့သို့ ရှိလေသည်။ မျက်လုံးများတွင် မျှော်လင့်ခြင်း၏ အလင်းရောင် အကြည်ဓာတ်ကလေးများ တောက်ပ၍လာလေသည်။ တုန်ယင်သော လက်ချောင်းကလေးများသည် ပိုမိုလှုပ်ရှားလာကာ ထိုစာအိတ်ကလေးကို ထိုးဖွင့်လိုက်ကြလေသည်။

သို့သော် စာအိတ်ထဲသို့ လက်နှိုက်၍ကြည့်လိုက်သည့်အခါတွင် သူ၏မျက်နှာပေါ်တွင် စောစောကတွေ့ရသော အလင်းရောင်သည် မှုန်မှိန်သွားလေတော့သည်။ စာအိတ်ထဲတွင် မိမိအားသိစေလိုသော အကြောင်း ပြောပြလိုသောအရာကို စာအားဖြင့် ပါရှိရမည်ဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကို စမ်း၍မတွေ့၊ ဆွဲနှိုက်၍မငိုသာချေ။

သို့ဖြစ်၍ စာအိတ်ကို မှောက်ပြီးခေါက်၍ချလိုက်ပြန်လေသည်။ ဘာစတား ဘာလက်ရေးမျှ မရှိဘဲ အရာဝတ္ထုနှစ်ခုသာလျှင် ထွက်၍လာလေသည်။

တစ်ခုကား ကျော့ဘုရင်၏ မျက်နှာတစ်ဖက်၌ပါသော ငါးကျပ်တန် စက္ကူဖြစ်၍ အခြားတစ်ခုမှာ မီးရထားလက်မှတ်လေးထောင့်ကပ်ပြားအညိုကလေးဖြစ်ပေသည်။ ထိုလက်မှတ်မှာ မန္တလေးမှ ရန်ကုန်သို့အသွား လက်မှတ်သာဖြစ်၍ အပြန်အတွက် မပါချေ။

သန်းကြည်အဖို့ စာကိုဖတ်ဖို့ရန် မလိုတော့ပေ။ ဤမျှနှင့်ပင် အဓိပ္ပာယ်ရှင်းလင်းနေပေပြီ။ ထိုမီးရထားလက်မှတ်ကလေးကပင် ရန်ကုန်မြို့သို့ ထွက်ခွာရန်၊ မပြန်လမ်းကို ညွှန်ပြ၍နေပေသည်။ ရန်ကုန်။ လွန်ခဲ့သော မမှတ်မိသောရက်လများစွာက မိမိထွက်ခွာလာခဲ့သော ရန်ကုန်။ လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး စွန့်ခွာလာခဲ့သောရန်ကုန်။ ဤရန်ကုန်မြို့ကြီးသို့ မိမိအား ပြန်၍လွှတ်လိုက်လေပြီ။

သန်းကြည်၏ အမူအရာတင်းမဲ့သော မျက်နှာမှာ လှုပ်ရှားစပြုလာလေသည်။ ဦးစွာမျက်လုံးကလေးများ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာပြီးနောက် ပါးစပ်ဖျားကလေးများ တရွရွလှုပ်၍လာခြင်းအားဖြင့် ရင်တွင်း၌ မျိုသိပ်ထားရှိသမျှ ပေါက်ကွဲ၍ထွက်လာလေတော့မည်လားဟု ထင်မှတ်ရပေ၏။ သို့သော် သန်းကြည်၏ပါးစပ်မှ ထွက်လာသောအသံမှာ ငိုသံမဟုတ်။ ရယ်လိုက်သည့်အသံ ဖြစ်၍နေလေတော့သည်။ ထိုရယ်သံကား ရွှင်မြူးသော ရယ်သံမျိုးမဟုတ်ဘဲ သွေ့ခြောက်အသက်ကင်းမဲ့သည့် ရယ်သံပင်ဖြစ်၏။

ထိုရယ်သံမှာ တစ်ခဏနှင့် ပျောက်၍မသွား။ တွေးလေတိုင်း ရယ်စရာကောင်းသည့်ပုံကလေးကို ကြားရမိသလို ရယ်၍မဆုံးနိုင်သကဲ့သို့ ရှိလေတော့သည်။



ရယ်ရင်းကပင် သန်းကြည်သည် တံခါးမကြီးကို ကျောပေးလိုက်လေသည်။ သူ၏ဦးခေါင်းမှာ စောစောကကဲ့သို့ပင် ငိုက်စိုက်ကျ၍ မနေတော့ပေ။ လောကကြီးကို ရဲဝံ့စွာရင်ဆိုင်တော့မည်ကဲ့သို့ မော့လျက်ရှိနေလေပြီ။

သန်းကြည်သည် တံခါးမကြီးအနီးမှ ဖြည်းညင်းစွာ တစ်လှမ်းချင်း ခွာခဲ့လေသည်။ တံခါးပေါ်၌ကျရောက်နေသော သူ၏အရိပ်သည်လည်း တဖြည်းဖြည်း ရွေ့လျား ထွက်ခွာလျက်နေ၏။

ဘာမျှမရှိတော့ပေ။ ပိတ်ထားသည့်တံခါး၊ ကမ္ဗတ်ဖုံး၍ နီဂိုးချုပ်သည့်အသွင်ကို ဆောင်နေသည့် တံခါးကြီးသာလျှင် ကျန်ရစ်ခဲ့လေတော့သည်။

ⵔⵔⵔ

www.burmeseclassic.com

www.burmeseclassic.com

[၂]

မီးရထားကြီးသည် ထွက်ခွာရန် စက္ကန့်ပိုင်းမျှသာလိုတော့သည်။ နောက်ဆုံးအချက်ပေးခေါင်းလောင်းသံသည် ထိုးခဲ့လေပြီ။ သန်းကြည်အဖို့ကား နေရာမရသေးပေ။ ရထားတွဲရှိသမျှကို ကြည့်လိုက်တိုင်း ခရီးသွားများဖြင့် ပြည့်ကြပ်နေသည်ကိုသာ မြင်နေရလေသည်။ အချို့တွဲများတွင် ရပ်၍လိုက်ရန်ပင် နေရာမရှိသလောက် ဖြစ်နေတော့သည်။

ရထားဘီးများကား တအိအိလိမ့်စပြုလေပြီ။ သန်းကြည်အဖို့မှာ နေရာချောင်သည် ကြပ်သည်ဟူ၍ ရထားတွဲကို ရွေး၍မနေနိုင်တော့ပေ။ ရွေးရန်လည်း အချိန်မရ။ လိုက်လံပို့သသော လူအုပ်ကြားထဲမှ တိုးဝှေ့၍ မိရာတွဲကို ဆွဲ၍ တက်ရန်တစ်လမ်းသာ ရှိလေ၏။

တွဲတိုင်း လူကြပ်နေသည့်အထဲက သန်းကြည် လှမ်း၍ဆွဲလိုက်မိသည့်တွဲမှာ သပ်ရပ်ရှင်းလင်းသော ရထားတွဲကလေးတစ်ခု ဖြစ်၍နေလေတော့၏။ အကယ်၍သာ သန်းကြည်သည် ရထားတွဲဘေးဘက် အထက်ပိုင်း၌ ရေးသားထားသည့် ဂဏန်းအမှတ်အသားကို ဂရုပြုမိလိုက်ပါက



ထိုရထားတွဲကို လှမ်း၍ဆွဲမိမည် မဟုတ်ပေ။ သူ့အဖို့ မီးရထားပေါ်သို့ ရောက်ဖို့ရန်သာလျှင် အရေးကြီး၍နေလေရာ ယင်းသို့ ရထားတွဲကို လှမ်း၍ ဆွဲတက်လိုက်ရာတွင် မိမိ၏လက်အနီး၌ ဆွဲချိတ်ထားသည့်စာရွက်ကလေးကိုပင် ဂရုပြု၍မကြည့်မိပေ။ စာရွက်ပေါ်၌ သီးသန့်ထားသည်ဟု ပုံနှိပ်သောစာအောက်၌ 'ဦးမြင့်ထူးနှင့်ဇနီး'ဟူ၍ ရေးထားသည့်စာကိုမူကား တွေ့၍ ကြည့်မိဖို့ရန် ဝေးလေသေးတော့သည်။

သန်းကြည်သည် တံခါးကိုဆွဲဖွင့်၍ ရထားတွဲတွင်းသို့ ဝင်ရောက်လိုက်မိသည်နှင့် တစ်ပြိုင်နက် "အို"ဟူသော မိန်းမသံတစ်ခုကို ကြားလိုက်ရပြီး အသံရှင်မိန်းမကို လှမ်း၍ကြည့်မိကာ ရပ်တန့်၍နေမိလေ၏။ သန်းကြည်မှာ ရထားတွဲမှား၍ တက်မိနေပြီကို သတိရသော်လည်း ရထားအပြင်ဘက်သို့ ကြည့်လိုက်ရာတွင် ခုတ်မောင်းနေသော မီးရထားမှာ အရှိန်ရနေပြီကို တွေ့မြင်သိရှိရကား ပြန်၍ထွက်ရန်လည်းအခက်၊ ရှေ့သို့တိုးရန်လည်း အခက်ဖြစ်၍နေလေသည်။

"အို"ဟူသောအသံမှာ သူတထူး၏ သီးခြားနေထိုင်ရာ အခန်းထဲသို့ အနှောင့်အယှက်ဝင်ရောက်လာခြင်းကို ကန့်ကွက်သည့်အမှတ်လက္ခဏာ ဖြစ်ပေသည်ဟု သန်းကြည်စိတ်တွင် ယူမှတ်ကာ ရှေ့သို့တိုးရန် ခက်နေသော်လည်း ထိုအသံရှင်၏ပါးစပ်မှ ထွက်လာသော"အို"မှာ ကန့်ကွက်ခြင်းမဟုတ်ပေ။ ထို"အို"ထဲမှာပင် အံ့ဩခြင်း၊ စိုးရိမ်ခြင်း၊ ကရုဏာသက်ခြင်းများ ပါဝင်လျက်ရှိလေသည်။

နုနယ်ပျိုရွယ်သော မိန်းကလေးတစ်ယောက်အနေနှင့် ဤကဲ့သို့ ခုတ်မောင်းနေသော ရထားတွဲပေါ် တွယ်ကပ်၍တက်ခြင်းကို အံ့ဩသွားခြင်းမှာ နားလည်နိုင်ဖို့ရန် မခဲယဉ်းပေ။ သို့သော် စိုးရိမ်ခြင်းနှင့်ကရုဏာသက်ခြင်းမှာကား အလွယ်တကူနှင့် နားလည်နိုင်ဘွယ်မရှိပေ။ အသံရှင်၏ မျက်လုံးများသည် သန်းကြည်၏ ငါးရံ့ကိုယ်လုံးကလေးတွင် စိုက်ပြည်ပြည့်

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးနေသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို မြင်မိ၍ "အို" ဟူသော အသံ ထွက် သွားခြင်းဖြစ်သည်ကို သိရမှသာလျှင် မပေါ့ပါးသောကိုယ်ရှိသည့် နုနယ်သောမိန်းမသားတဦး ဖြစ်ပါလျက် အရဲစွန့်ခြင်းကို အံ့ဩစိုးရိမ် တကြုဏာသက်မိခြင်း ဖြစ်ကြောင်းကို သိနိုင်ပေလိမ့်မည်။

သန်းကြည်ကား ရုပ်မီသည့်နေရာမှာပင် မှင်တက်မိနေသူကဲ့သို့ မလှုပ်မယှက် ဖြစ်နေရကား ရထားတွဲတွင်းရှိ ချစ်စခင်စဖြစ်ကြလိမ့်မည်ဟု ခန့်မှန်းရသော ဇနီးမောင်နှံပျိုတို့ကိုသာ ငေးကြောင်၍ကြည့်နေမိ၏။

ယောက်ျားပျိုမှာ အရွယ်အားဖြင့် မိန်းမပျိုထက် ငါးနှစ်ခန့်မျှကြီးပုံ ရသော်လည်း အသက်အားဖြင့် နှစ်ဆယ့်ခုနှစ်နှစ်ခန့်မျှသာရှိကာ ခန့် ချောချော၍ ယောက်ျားကောင်း၏ရုပ်ရည်နှင့် ပြည့်စုံသည်ကို အကဲခတ် မိသလောက် မိန်းမပျိုမှာလည်း ချောသည် လှသည်ဟု မဆိုရစေကာမူ ကျက်သရေရှိသောမျက်နှာ၊ ကြင်နာကရုဏာပြည့်ဝသော မျက်နှာရှိလျက် ယောက်ျားပျိုနှင့် ဘက်ညီလှသည်ကိုပါ သတိပြုမိလေသည်။

မိန်းမပျိုသည် သန်းကြည်ကိုကြည့်နေရာက ရှေ့သို့တိုးရန် မရဲ သည်ကို ရိပ်မိကာ "လာလေ. . . ဒီမှာထိုင်ပါလား"ဟု ဖျူဖျူငှာငှာ လှမ်း၍ ခေါ်လိုက်လေ၏။

သန်းကြည်သည် မိမိအား ပြုံးချိုစွာဖိတ်ခေါ်နေသောမျက်နှာနှင့် ဖော်ရွေသောစကားသံကို ကြားလိုက်ရသဖြင့် စိတ်အားတက်၍လာကာ ရဲရဲတင်းတင်းပင် မိန်းမပျိုအနားသို့ ချည်းကပ်သွားပြီးလျှင် ဘေးတွင် ယှဉ်၍ ထိုင်လိုက်လေ၏။

"စိတ်မောနေသလား"

သန်းကြည်မှာ ထိုအမေးကို စကားနှင့်ပြန်၍မဖြေနိုင် မည်ကဲ့သို့ ဖြေရမည်ကိုလည်း တွေးတောမရ။ ထိုသို့ ဂရုစိုက်၍မေးခြင်းကို ကျေး ဇူးတင်ဟန်ဖြင့် ပြန်၍ပြုံးရုံသာပြုံးနိုင်ရာလေသည်။



သန်းကြည်ကား အမှန်ပင် စိတ်ပန်းကိုယ်နွမ်းလျက် ရှိခဲ့၏။ သို့ သော် ယခု မိမိခံစားရရှိသော ကြင်နာမှုကလေးသည်ကား အားတိုးဆေး သဖွယ်ရှိကာ အမောပြေ၍ သွားစေတော့သည်။ ထိုယခင် အချိန်အခါထိ ကမူကား သန်းကြည်၏စိတ်ထဲတွင် ဤကမ္ဘာလောကကြီး၌ အကြင်နာတ ရားသည် ဆိတ်သုဉ်းခဲ့ပြီဟု ထင်မှတ်လာခဲ့မိလေသည်။ သို့ဖြစ်၍ သန်း ကြည်သည် မိမိအပေါ်၌ ရှေးက တစ်ခါမျှမမြင်ဘူးပါလျက် ဖော်ရွေကြင် နာသူနှစ်ဦးကို ရဲရဲတင်းတင်း ကြည့်ရှုအကဲခတ်လိုက်မိပြန်လေသည်။

ထိုနှစ်ဦးစလုံးပင် ငယ်ငယ်ရွယ်ရွယ်ရှိကြသည်။ မိမိမှာလည်း ငယ်ရွယ်သူပင်ဖြစ်သည်။ သို့သော် သူတို့ကား မိမိနှင့်မတူ။ သူတို့နှစ်ဦးစ လုံး ပျော်ပျော်ရွှင်ရွှင်ရှိကြ၏။ သာယာအေးချမ်းမှုရှိကြ၏။ ကမ္ဘာလောက ကြီး၏ သုခမင်္ဂလာတို့ကို ရယူခံစားနိုင်ကြလျက်ရှိ၏။ ထို့မျှမကသေး သူ တို့၏စိတ်နှလုံးထဲတွင် ဖြူစင်သောသဘောထားထက် ပို၍ထူးကဲသော ရွှေရောင်ဝင်းနေသည့် အလင်းရောင် အကြည်ဓာတ်တစ်မျိုး ရှိနေ၏။ ထိုအရာမှာ ဘယ်ဟာဖြစ်သည်ကို အစ၌ သန်းကြည်မသိ၊ မစဉ်းစားမိပေ။ သို့သော် တခဏအတွင်း၌မှာပင် သူတို့အပြုံး၊ သူတို့၏မျက်လုံး သူတို့၏ ခေါင်းငုံ့ပုံ၊ လှုပ်ရှားပုံကလေးများက ထိုအရာကို ဖော်ပြလေသည်။ ယင်း သည်ကား သူတို့၏ကိုယ်ခန္ဓာထဲတွင် ချစ်သွေးလျှံနေကြခြင်းပင်ဖြစ်၍ ငဟိဒ္ဒသဏ္ဌာန်သို့ပင် အရောင်ပြန်၍ဟပ်လျက်ရှိနေခြင်းကို သန်းကြည် သိရသည်။

ငယ်ချစ်ညစ်ကြေးမတင် ဖြူစင်သစ်လွင်သောအချစ် လူတိုင်း တစ်သက်လျှင် တစ်ကြိမ်မျှသာ ဦးဦးဖျားဖျားဖြစ်ပေါ်၍ နောက်တွင် ဘယ် အခါမျှ ပြန်လည်ပေါ်ပေါက်လာခြင်းမရှိသော အချစ်ပါပေတကား။

တစ်ဦးနှင့်တစ်ဦးမှာ ကိုယ်အမူအရာ စိတ်သဘောထားအားဖြင့် ရွှေနှစ်ခုပ် ဂဟေစပ်သကဲ့သို့ တစ်ထပ်တည်း တူမျှကြသော်လည်း နှုတ်

www.burmeseclassic.com

www.burmeseclassic.com



အမူအရာအားဖြင့်မူကား မိန်းမပျိုက သွက်လက်ချက်ချာ အခရာပိုလေသည်။ ထိုမိန်းမပျိုက ထိုယောကျ်ားပျိုအား ပြောဆိုလိုက်သည့်အခါများတွင် ကျိစယ်သလိုလို အကဲစမ်းသယောင်ယောင် မှတ်ထင်ရလေသည်။ သို့သော် တစ်ဦး၏စိတ်ထားကို အခြားတစ်ဦးက ကောင်းစွာနားလည်ထားပြီဖြစ်လေရာ ထိုမိန်းမပျိုပြောသမျှတို့ကို ထိုယောကျ်ားပျိုက သည်းခံနိုင်စွမ်းကြီးမားလှသောအပြုံး၊ မြတ်နိုးသောအပြုံး စုံမက်သောအပြုံးဖြင့် ကြည်ဖြူစွာ လက်ခံကာ နားဝင်ချိုလျက်ရှိပေ၏။

"အို . . . မြင့်ကလဲ လေတင်တနေပြီး ဆေးလိပ်သောက်နေတာကို လူများအားနာပါဦး"

"မေ့လို့ပါမြရယ်၊ ညှိလက်စနဲ့ မေ့ပြီးသောက်နေမိတာပါ"

"သောက်တာလည်း သောက်တာပေါ့၊ ခပ်ဝေးဝေးက သောက်တော့ ဒီဘက်ကို မီးခိုးမလွင့်ဘူး မဟုတ်လား"

"အော်ဒီလိုလား ကောင်းပါပြီမြရယ်"ဟုဆိုကာ ယောကျ်ားပျိုသည် မိန်းမပျို၏အလိုကို အလိုက်သိစွာဖြင့် ထိုင်ခုံခြေရင်းဘက်ရှိ ရထားတံခါးပေါက်ဆီသို့ ထ၍သွားကာ ရှောင်၍ပေးလိုက်လေ၏။

သန်းကြည်သည် ယောကျ်ားပျိုကို လှမ်းကြည့်ကာ မချီးကျူးဘဲ မနေနိုင်သည့်အလျောက် "သိပ်သဘောကောင်းတာဘဲနော်"ဟု မိမိ၏မိန်းမဖော်ဘက်သို့ လှမ်း၍တီးတိုးပြောလေ၏။

"သူ့လို သည်းခံနိုင်တဲ့သူတော့ ရှားပါတယ်"ဟု မိန်းမပျိုက ဝန်ခံလိုက်ပြီးနောက် "ကျွန်မ ရှင့်ကို မိန်းမချင်း မေးစရာရှိလို့ သူ့ကိုသွားအောင်တမင်ပြောလိုက်တာ"ဟု စကားစလေ၏။

သန်းကြည်သည် စကားပြန်မပြောဘဲ ခေါင်းငုံ့ကာ တွေတွေကြီးလုပ်၍နေမိ၏။

"ရှင့်ကိုမြင်လိုက်ရနဲ့ ကျွန်မ အကဲခတ်မိတယ်၊ ကျွန်မလည်း



ရှင်နဲ့အတူတူဘဲ"

"အော်"ဟူသော စကားတစ်လုံးသာ သန်းကြည်၏ပါးစပ်မှ ထွက်လာနိုင်၏။ သူ့အဖို့မှာ ထိုထက်ဘာမျှ ပြော၍မထွက်၊ ကိုယ်ချင်းစာ၍ စိတ်ဝင်စားသော အမူအရာကိုပြရန် ကြိုးစားပါသော်လည်း ပြုံးရွှင်မှုအတတ်ကို မေ့လျော့နေသကဲ့သို့ ဖြစ်နေ၏။

"အခု ကျွန်မ ခုနစ်လရှိသွားပြီ"ဟု မိန်းမပျိုက ဆက်လက်၍ ပြောပြလေ၏။

သန်းကြည်သည် မိန်းမပျို၏မျက်နှာကို မော့၍ကြည့်လိုက်ရာတွင် သူ၏မျက်လုံးများသည် မိမိဘက်က အပြောကိုစောင့်မျှော် တောင်းဆိုနေသည်ကို တွေ့ရလေ၏။

"ကျွန်မ ကိုးလထဲမှာ"ဟု သန်းကြည်က မပွင့်တပွင့် မပြောချင်ပြောချင်နှင့် ပြောပြလိုက်ရလေသည်။

"လရင့်နေပါပကောလား"ဟု မိန်းမပျိုက မိမိထက် နှစ်လခန့်မျှ ဝေဒနာသနွေ့ဝါရင့်ခြင်းကို ကြည်ညိုလေးစားသည့် အနေဖြင့်ပြောကာ "အံ့စရာဘဲနော်"ဟု ဆက်လိုက်၏။ သန်းကြည်မှာကား ထိုစကားကို ကြားနေရခြင်းသည် မိမိ၏အဖြစ်ဆိုးကို သတိရစေသဖြင့် တုန်လှုပ်မိလေ၏။

"နို့ ရှင့်ယောကျ်ားကော၊ အခု သူ့ဆီကိုသွားနေတာလား"

"မဟုတ်ဘူး"ဟု သန်းကြည်သည် ထိုင်ခုံအစွန်းကို ငေးကြည့်ရင်း ပြောလိုက်လေသည်။

"အော် မန္တလေးမှာဘဲ ထားခဲ့သလား"

"မဟုတ်ပါဘူး"ဟု ဦးစွာဖြေလိုက်ပြီးနောက်မှ "ကျွန်မယောကျ်ား ဆုံးပြီ"ဟု ဆက်လိုက်၏။

"အို . . . ဖြစ်မှဖြစ်ရ . . ."

မိန်းမပျိုသည် စကားကိုအဆုံးမသတ်ဘဲ ရပ်လိုက်သည်၊ အဆုံး

www.burmeseclassic.com

www.burmeseclassic.com



သတ်ရန် ကျန်နေသောစကားကို ရင်ထဲ၌ဖြစ်ပေါ်လာသော ဝမ်းနည်းခြင်းနှင့်ရော၍ မျိုသိပ်လိုက်လေသည်။ သူ၏အပူအပင် ကင်းမဲ့ကြည်လင်သော မျက်နှာပေါ်တွင် သောကအရိပ်အရောင် သန်း၍သွားလေသည်။

ထို့နောက် အလိုက်သိစွာပင် ဤအကြောင်းတို့ကို ဆက်လက်၍ မပြောကြဘဲ ငြိမ်သက်၍နေလိုက်ကြသည်။ ဇာတိပဋိသန္ဓေနေရခြင်း၊ သေရခြင်းတို့ကား မြိန်ရေရှက်ရေ ပြောအပ်ခြင်းငှာ မထိုက်သော ဒုက္ခသစ္စာ အရင်းခံတရားများပါပေတကား။

ထိုမိန်းမပျို၏ ဆံပင်များမှာ သဘာဝအားဖြင့် ကောက်လျက် လှိုင်းကဲ့သို့ တွန့်လိမ်နေသည်မှာပင် ချစ်စရာကောင်းလှသည်။ ဖြူဖွေးသော ပါးပြင် တစ်ဖက်တစ်ချက်တွင် ပန်းသီးကဲ့သို့ နီတွေးသော အသွေးအရောင် လျှမ်း၍ နေလေသည်။ နှာတံမူကား မပေါ်တပေါ်ဖြစ်သော်လည်း မသိသာလှပေ။ မျက်နှာတစ်ခုလုံးတွင် နှုတ်ခမ်းကလေးများမှာ အလှဆုံးဖြစ်နေလေရာ အခြားမျက်နှာအင်္ဂါအစိတ်အပိုင်းတို့က ထိုနှုတ်ခမ်းကလေးများ၏ အလှကို မှီအောင်မလိုက်စေကာမူ ထိုနှုတ်ခမ်းကလေးများကပင် တစ်မျက်နှာလုံး၏ အလှကို ဆောင်လေသည်။

ထိုဝါးစပ်ကလေး ပြုံးလိုက်လျှင် တစ်မျက်နှာလုံး ပြုံးတော့သည်။ စောစောက မမြင်ရသော ပါးချိုင့်ကလေးများပင် ပါဝင်၍ပြုံးကြသည်။ သူ၏မျက်နှာမှာ တစ်သက်လုံးပြုံးလာခဲ့သည့်မျက်နှာ တစ်သက်လုံးပြုံးနေမည့် မျက်နှာကဲ့သို့ ရှိလေသည်။ ထိုမျက်နှာပင် သန်းကြည်၏ဘဝမှောင်ရိပ်ကို အရောင်သန်း၍ သွားစေခဲ့လေတော့၏။

မိန်းမပျိုသည် ငြိမ်သက်စွာစဉ်းစားနေရင်း လက်ဝဲလက်သူကြွယ်ရှိ လက်စွပ်ကို အဆက်မပြတ် ပွတ်သတ်လှည့်ပတ်နေမိ၏။ သူ၏အပြုအမူမှာ စိတ်၏ငြိမ်သက်မှုမရှိခြင်းကို ပြနေခြင်းမဟုတ်ဘဲ လက်စွပ်ကလေးကို တသသနှင့် တယုတယပြုလုပ်ခဲ့သည့် အကျင့်ပါ၍လာခဲ့ပုံရလေ



သည်။ ထိုလက်စွပ်ပေါ်တွင် သူ၏နှစ်သက်မြတ်နိုးခြင်း ပျော်ရွှင်ခြင်း ဂုဏ်ယူခြင်းတို့ ကိန်းဝပ်နေပေ၏။ လက်စွပ်မှာ စိန်ကလေးများ နှစ်ပါးသွားစီတန်းလျက် လှပဆန်းပြားခြင်း မရှိလှဘဲ ရိုးရိုးကလေးဖြစ်ပေသည်။ ထိုလက်စွပ်ကလေးကိုပင် သန်းကြည်လည်း အတန်ကြာ စိုက်၍ကြည့်နေမိတော့၏။

ယင်းသို့ ငြိမ်ချက်သားကောင်းနေစဉ်မှာ ယောက်ျားပျိုသည် မိမိနေရာသို့ ပြန်၍လာလေ၏။

"သူပဲ ကျွန်မခင်ပွန်း နာမည်ကတော့ ကိုမြင့်ထူးတဲ့ ကျွန်မနာမည်ကိုတော့ မမြသွေးလို့ခေါ်တယ်"ဟု မိန်းမပျိုက ပြောပြကာ "ဒီကနာမည်ကော ဘယ်လိုခေါ်ပါသလဲ"ဟု မေးလေ၏။

"မသန်းကြည်လို့ ခေါ်ပါတယ်"

"ယောက်ျားကော"

သန်းကြည်သည် ခပ်ဆိုင်းဆိုင်းလုပ်ကာ "ကိုဘလှအောင်"ဟု ပြောရင်း မိမိပါးစပ်မှ ခေါ်လိုက်သည့်နာမည်အား မိမိကြားရသည်ကိုပင် စိတ်ထဲ၌ မချင့်မရဲဖြစ်လျက် ပြုံးမိလေတော့သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

## ၂

စာပို့အမြန်ရထားကြီးသည် မြို့ကြီးများတွင် ခေတ္တဆိုက်၍ ကြားဘူတာကလေးများတွင် မရပ်နားဘဲ တရှိန်ထိုးခုတ်မောင်းလျက်ရှိလေ၏။ တံတားများကို ဖြတ်ကျော်လိုက်သည့်အခါ၌လည်းကောင်း၊ သစ်ပင်တောအုပ်များအကြားမှ ကူးဖြတ်လိုက်သည့်အခါ၌လည်းကောင်း ပဲ့တင်ခတ်သည့် အသံဖြင့် ဝေါခနဲ ဝေါခနဲရှိသည့် အခိုက်အတန့်၌သာ တစ်ဦးစကားတစ်ဦးမကြားနိုင်သဖြင့် ခေတ္တဆိုင်းငံ့နေလိုက်ရသည်မှအပ လမ်းတစ်လျှောက်လုံး ကိုမြင့်ထူးတို့ ဇနီးမောင်နှံနှင့် သန်းကြည်တို့မှာ အမျှင်မပြတ်ဘဲ စကားလက်ဆုံကျ၍ လာခဲ့ကြ၏။

သူတို့ကား ယခုမှပင် တွေ့ရ ဆုံရကြသော်လည်း မိတ်ဟောင်းရင်းချာများနှင့်မခြားဘဲ ရှိကြတော့သည်။ ညဦးအတော်နက်၍ လာသည့်တိုင်အောင် အိပ်ဖို့ကိုပင် သတိမရကြ ပြောစရာ မကုန်နိုင်ကြပေ။ မမြသွေးနှင့် သန်းကြည်တို့မှာ တွေ့စကဲ့သို့ ခပ်စိမ်းစိမ်း မဟုတ်ကြတော့ဘဲ တစ်ဦးကိုတစ်ဦး “မြ”ဟူ၍လည်းကောင်း “သန်း”ဟူ၍လည်းကောင်း



အဖျားဆွတ်၍ခေါ်သည့်အခြေသို့ပင် ဆိုက်ရောက်အောင် ရင်းနှီးခင်မင်လာကြလေသည်။

ချစ်ခင်ပေါင်းသင်း မိတ်ဖြစ်ခြင်းအမှုတို့မှာ ခရီးသွားရင်းဖြစ်လွယ်လှပေ၏။ သံသရာခရီးလမ်း၌ သွားလာကြသူတို့ကား ထိုလမ်းခရီးမှာပင် တွေ့ဆုံကြုံကွဲမှုကလေးများကို ခံစားသွားကြရသကဲ့သို့ပင် ခရီးသွားရင်း အဖော်ပြုရမှု၊ မိတ်ဖြစ်ရမှုတို့သည် များသောအားဖြင့် ထိုအခိုက်အတန့်ကလေးအတွင်း၌သာ တည်မြဲကြပေသည်။ ခရီးလမ်းဆုံးရောက်၍ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားကြသည့်အခါ တစ်ဦးကိုတစ်ဦး မေ့ပစ်ကြလေတော့သည်။ ထိုကြောင့်ပင်လျှင် ခရီးသွားရင် အဖော်လုပ်ရသူအချင်းချင်းတို့မှာ ရေငုံနှုတ်ပိတ်၍မနေကြဘဲ ကိုယ်ရေးကိုယ်တာများကိုပင် ပွင့်ပွင့်လင်းလင်းရင်းနှီးစွာ ပြောဆိုကြမြဲဖြစ်ပေ၏။ လမ်းဆုံး၍ ခွဲကြလျှင် တစ်ယောက်ကိုတစ်ယောက် ပြန်၍တွေ့ကြမည် မဟုတ်ရကား ထိုသို့ မီးရထား၊ သင်္ဘောများပေါ်၌ ပြောမိသည့်စကားများအတွက် ပူပန်သောက ဖြစ်စရာမလိုသောကြောင့်ပင် ဖြစ်တော့၏။

ကိုမြင့်ထူးမှာ နဂိုကပင် နှုတ်နည်းရသည့်အထဲတွင် မိန်းမချင်းချင်း ပြောသည့်စကားများတွင် စိတ်ဝင်စားခြင်းမရှိသဖြင့် တစ်ခွန်းတလေဝင်၍ထောက်ရာက လုံးဝရပ်သွားပြီး ငိုက်မြည်းလျက်ရှိလေ၏။

“မြကြည့်ရတာ အမြဲတမ်းစိတ်ချမ်းသာနေပုံရတယ်၊ ကံသိုလ်တစ်မျိုးဘဲနော်”

“ဒါပေမယ့် နက်ဖြန်ခါတစပြီး အိမ်ခြွေရရနေရတော့မယ်၊ ပျော်ချင်ပျက်ချင်၊ တလက်ချင်လို့ မဖြစ်ဘူး”ဟု ပြောပြောဆိုဆို မမြသွေးက ရှုသိုးသိုးအမူအရာ လုပ်၍ပြလေ၏။

“အော်. . . ကိုမြင့်ထူးဘက်က ဆွေတွေမျိုးတွေအကြားမှာ နေရတော့မှာမို့လား”

www.burmeseclassic.com

www.burmeseclassic.com



မမြသွေးသည် ကိုမြင့်ထူးဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီးလျှင် "ကိုမြင့်ထူး အပြောကဖြင့် သူ့မိဘတွေဟာ သိပ်အေးတာဘဲတဲ့။ မြအဖို့ ဘာမှပူစရာမရှိဘူး၊ စိတ်တိုင်းကျ နေချင်သလို နေနိုင်ပါတယ်လို့ ဆိုတာပဲ။ ဒါပေမယ့် သူ့ဘက်က သွေးသားတွေမှ ဒီလိုဘဲပြောသလားတော့ မသိဘူး"

"စောစောက မြပြောတာ တကယ်ပဲလား၊ သူ့ဘက်က တစ်ယောက်မှ မြကို အခုထက်ထိ မတွေ့ရ မမြင်ရသေးဘူးဆိုတာ သန်းတော့ဖြင့် တယ်ပြီးတော့ ဒီစကားကိုမယုံချင်ဘူး"

"သစ္စာဆိုဝံ့ပါတယ် သန်းရယ်၊ သူတို့တစ်သက်မှာ မြကို တစ်ခါမှ မမြင်ဘူးကြသေးပါဘူး၊ စောစောကပြောတဲ့အတိုင်း သူနဲ့ မြနဲ့ဟာ ရှမ်းပြည်နယ်မှာတွေ့ပြီး ဟိုမှာပဲလက်ထပ်၊ ဟိုမှာပဲနေနေကြတယ် သန်းရဲ့။ မိဘတွေကတော့ မရှိကြတော့ဘူး၊ မြက စော်ဘွားသားသမီးတွေကို ဂီတာသင်ပေးနေရတုန်း သူကလည်း အကောက်တော်အရာရှိအဖြစ်နဲ့ ရောက်လာပြီးတွေ့ကြတာဘဲ၊ မိဘတွေဟာ မြကို မြင်ဘူးကြဘို့ဝေးရော မြုသလား၊ မဲသလားတောင် မသိကြဘူး"

"မဟုတ်သေးပါဘူး မြရယ်၊ သူတို့ဆီကို မြရဲ့ဓာတ်ပုံကလေးတောင်မှ မပို့ကြတော့ဘူးလားလို့၊ လက်ထပ်ပြီးလို့တောင်မှ မပို့ဘဲနေကြသေးသလား"

"လက်မထပ်မီက သူယူတဲ့ မိန်းမဟာ ဘယ်သူဆိုတာ အကြောင်းကြားဖို့ဝေးရော၊ လက်ထပ်ပြီးမှဘဲ သတင်းစာထဲက ကျေညာလိုက်တာ မင်္ဂလာစုံတွဲဓာတ်ပုံရိုက်ဖို့ဆိုတာကလည်း ခေတ်သားသမီးတွေဆိုတော့ တစ်ခါမှ ဝါသနာပါကြတာ မဟုတ်ဘူး ဒါပေမယ့် လက်ထပ်ပြီးမှ မြရဲ့ဓါတ်ပုံကို ပို့ဖို့စိတ်ကူးပါသေးရဲ့ ဓာတ်ပုံရိုက်လိုက်တိုင်း မြရဲ့ စိတ်တိုင်းကျ တစ်ခုမှ မတွေ့ဘူး၊ ဆိုင်မှာရိုက်တာရော အလွတ်မှာရိုက် တာရော



ကြိုက်ကိုမကြိုက်နိုင်ဘူး ဒါနဲ့ပဲ မထူးပါဘူးလေ နောင်တော့လည်း မတွေ့ဘဲနေကြမှာ မဟုတ်ဘဲ၊ တွေ့တော့မှပဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ် အတိုင်းပဲ မြင်ကြပါစေတော့လို့ စိတ်ပိုင်းဖြတ်ပြီး နေလိုက်တယ်။ ကိုမြင့်ထူးကလည်း အရာရာမှာ မြရဲ့အလိုကိုလိုက်နေကျအတိုင်း ဒီအကြံကို သဘောတူပါတယ် ဟုတ်တော့လည်း ဟုတ်တာပဲ သန်းရဲ့။ ဓာတ်ပုံဟာ တစ်ခါတစ်ခါ နဂိုရုပ်နဲ့ အင်မတန်လွဲတာ။ အဲဒီတော့ ဓာတ်ပုံထဲ မြင်ရတဲ့တိုင်း ထွက်မလာရင် သူတို့စိတ်ထဲမှာ အထင်လွဲချင်လွဲနေကြမှာ"

မမြသွေးသည် ဤသို့ပြောပြလိုက်ပြီးနောက် ဆက်လက်၍ "မြကလည်း ဓာတ်ပုံပို့ဘို့မပြောနဲ့ စာထဲမှာတောင် ဘယ်သို့ ဘယ်ညာထည့်ရေးတာတောင် မကြိုက်ဘူး၊ သူ့အိမ်ကိုရေးတဲ့ စာမှန်သမျှ မြကိုယ်တိုင်ဆင်ဆာလုပ်ပြီးမှ ပို့ရတယ်။ မြလက်ရေးနဲ့ ကိုယ်တိုင်ရေးဘို့များတော့ ဝေးပါသေးတယ်။ အဲဒါတစ်ခုတော့လည်း မြဟာ ရိုင်းရာကျမလားတော့ မသိဘူး၊ နောက်ပြီးတော့ သူတို့က မြကို စိတ်မှန်းနဲ့ထင်နေတာကတစ်မျိုး၊ ကိုယ်တိုင်တွေ့ရတော့ တစ်မျိုးဖြစ်ပြီး မှန်းတာနဲ့မကိုက်ရင် မြကို ချစ်ချင်မှ ချစ်ကြမှာ"ဟု နက်နက်နဲနဲတွေး၍ ပြောပြလေ၏။

တစ္ဆေသရဲပုံကို စိတ်ကူးနှင့်ပြောပြနေသော ဝေလေသည် ပြောရင်းပြောရင်း မိမိပုံထဲကတစ္ဆေကို မိမိပြန်၍ကြောက်မိလာသလို မမြသွေးမှာလည်း တွေးပူလိုက်ဟန်တူပေ၏။

"အို . . . မြကိုတော့ မြင်ရတဲ့အတိုင်း မချစ်ဘဲမနေနိုင်ပါဘူး။ ကိုမြင့်ထူးပြောတဲ့အတိုင်းသာဆိုရင် မြကို ဖူးဖူးမှုတ်ထားကြမှာပါပဲ"ဟု သန်းကြည်က စိတ်ထဲတွင် တကယ်ယုံကြည်သည့်အတိုင်း ပြောလိုက်လေသည်။

"မြကလည်း ဒီအတိုင်းဖြစ်ပါစေလို့ ဆုတောင်းမိပါတယ်"

မီးရထားကြီးသည် လေထဲသို့ဖြတ်၍ ဝေါခနဲ ဝေါခနဲထိုး၍ ခုတ်

www.burmeseclassic.com

www.burmeseclassic.com



မောင်းလျက်ရှိတော့၏။

"သူ့မိဘတွေဟာ အတော်ပဲချမ်းသာတယ်လို့ ကိုမြင့်ထူးကပြော တယ်"ဟု မမြသွေးက စကားကိုပြန်၍ကောက်လိုက်လေ၏။ "အဲဒီလို ချမ်းသာတဲ့မိဘကို ယောက္ခမတော်ရတာလည်း အမြဲကောင်းတာမဟုတ် ဘူး သန်းရဲ့၊ အခုလာတာတောင် သူတို့က ငွေထောက်လိုက်လို့ လာဖြစ် တာ၊ ကိုယ့်ဟာကိုယ်ဆိုရင် တော်တော်နဲ့လာဖြစ်ကြဦးမှာ မဟုတ်ဘူး။ မြတို့ကလည်း ကြင်စဦးဆိုတော့ ပျော်ပျော်နေ ပျော်ပျော်သုံးနေကြတာ။ မရှိလို့လည်း မြတို့တော့မပူပါဘူး။ တစ်ခါ တစ်ခါ ထမင်းရည် အတူလျက် ရစေတော့ဆိုတဲ့ အဖြစ်မျိုးဟာပဲ ပျော်စရာကောင်းနေတယ်"

"တစ်ခါတစ်ခါကျတော့လည်း. . . မပျော်နိုင်ဘူးမြရေ"ဟု သန်း ကြည်က မိမိ၏ကိုယ်တွေ့ကို ပြန်၍ပြောလိုက်ချင်သော်လည်း ပါးစပ်မှ စကားမထွက်နိုင်ဘဲ ရှိလေသည်။

"သန်း မျက်နှာမြင်ရမှာ. . . မကြောက်ဘူးလား"

သန်းကြည်က ခေါင်းကို ဖြည်းညင်းစွာညိတ်၍ပြလိုက်သည်။

"မြလည်းပဲ ကြောက်တာပဲ၊ ဒါတော့ ဘယ်သူမဆို သတ္တိကောင်းလှ ပါတယ်ဆိုတောင် နည်းနည်းတော့ကြောက်ဦးမှာပဲ မဟုတ်လား သန်းရယ်၊ ယောကျ်ားတွေကတော့ ဒါကိုစဉ်းစားကြမှာ မဟုတ်ဘူး၊ လူကြီးတွေကတော့ နားလည်တာပေါ့၊ အဲဒါကြောင့် ကိုမြင့်ထူး ကလေးရတော့မယ်ဆိုတာ သိရတော့ သူတို့က ဟိုမှာမမွေးစေချင်ဘဲ သူတို့ဆီမှာ လာပြီးမွေးဖွားစေ ချင်ကြတယ်"

"သူတို့ကိုယ်တိုင် လိုလိုချင်ချင်ရှိနေတာကို လိုက်နာရင်တောင်း တာပေါ့ မြရယ်"

"လိုလိုချင်ချင်ရှိရုံတင် ဘယ်ကမလဲ၊ သူတို့အဖို့ မြေးဦးပဲမဟုတ် လား. . . . သားအချစ် မြေးအနှစ်ဆိုတဲ့စကားလည်း ရှိသားပဲ၊ သူတို့က



စပြီး လာလို့ခေါ်လိုက်တဲ့အပြင် ငွေပါပို့လိုက်သေးတယ်။ အခုလောက် သူတို့က စေတနာထားနေတာ သူတို့ဆီမှာ မွေးဖွားရတာထက် ဘယ်မှာ ကောင်းဦးမှာလဲ"

မမြသွေးစကားတို့ ကြားလိုက်ရမှ သန်းကြည်မှာ မိမိ၏ကိုယ်ရေး အတွက် တွေး၍ပူမိသည်။ မမြသွေးနှင့်စာလျှင် မိမိမှာ နေ့စေ့လစေ့ဖြစ်၍ နေပါသော်လည်း ယခုအချိန်အထိ ထိုကိစ္စအတွက် ပူပန်ခွင့် ကြိုတင်မြင် ဆင်ခွင့် မရသေးပေ။ 'ယောကျ်ားဖောင်စီး မိန်းမစီးနေ' ဆိုသည့် စကားနှင့် အညီ အသက်တို့အရင်းပြုမည့် ကိစ္စကြီးဖြစ်ပါလျက် မိမိအဖို့မှာ 'ဝမ်းရေး ထက် လွမ်းရေး'ကို အရေးတကြီးဖြစ်ခဲ့ရလေသည်၊ ထိုသို့တွေးလိုက်မိသည့် အခါမှပင် သန်းကြည်သည် ဗိုက်ထဲကနာတာတာ ရင်ထဲက အောင်တောင့် တောင့် မစောင့်နိုင်တဲ့ကြွေဆိုသလို သရိုးသရီဖြစ်လာသလိုလို ထင်လိုက် မိသည်။

ယခုညလွန်မြောက်၍သွားလျှင် မမြသွေးအဖို့မှာ ပျော်စရာ ကောင်းလှသော အစသစ်ကို ရောက်ရဖို့ရန် သေချာသလောက်၊ သန်း ကြည်၏ရှေ့ရေးမှာ မသေချာသေးရကား မိုးလင်းလာမှာကိုပင် ပူပင်မိ လေသည်။

မီးရထားကြီးက မမြသွေးအတွက် မျက်နှာလာလိုက်၍လည်း မ ဟုတ်၊ သန်းကြည်အား မလိုလား၍လည်းမဟုတ်ဘဲ ဝတ္တရားအတိုင်း လျင်မြန်စွာ ခုတ်မောင်းနေလေသည်။

ကိုမြင့်ထူးကား အိပ်ပျော်ရုံမက ဟောက်များပင် ဟောက်လျက် ရှိလေပြီ။

"သန်းလည်း အိပ်ချင်ပြီမှတ်တယ်. အဝတ်အစားလဲပြီး အတူတူပဲ အိပ်ကြတာပေါ့"

သန်းကြည်သည် အဖြေမပေးဘဲ ကျီးကြည့်ကြောင်ကြည့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားရလေသည်။

"အော် . . . သန်းမှာအဝတ်အစားလဲဖို့ပါမလာဘူးမှတ်တယ် ကိစ္စမရှိပါဘူးလေ မြရဲ့အဝတ်အစားကို ယူပြီးလဲပေါ့"

"အို . . . နေပါစေမြရယ် အားနာစရာကြီး"

"မဟုတ်တာဘဲ ဘာမှအားနာစရာမရှိပါဘူး"ဟု ပြောပြောဆိုဆို မမြသွေးသည် မိမိ၏အဝတ်အစားသေတ္တာကို အိပ်စင်အောက်မှဆွဲထုတ်လိုက်လေ၏။

"ရော့ . . . ဟောဒါက သန်းအဝတ်လဲဖို့၊ ဟောဒါကမျက်နှာသစ်ပြီးပွတ်ဖို့အလှဆီ၊ အဲဒီဘူးဟာနောက်ဆုံးကျန်တာပဲ မေမြို့မှာတုန်းက လိုက်ရှာသေးတယ်၊ ဘယ်မှာမှမေးလို့မရဘူး။ ဒါပေမယ့် မလိုတော့ပါဘူး မနက်ဖြန်ဘဲရန်ကုန်ရောက်တော့မှာ ဟိုမှာတော့ မရမှာပူစရာမလိုတော့ပါဘူး ရော့ . . . ဟောဒါကအပေါ်ကထပ်ပြီးလိမ်းဖို့"

မမြသွေးသည် လဲလှယ်ရန်အဝတ်အစားနှင့် လိမ်းသရန်နံ့သာမွှေးတို့ကို သန်းကြည်၏လက်ထဲသို့လှမ်း၍ပေးလေ၏။

"လာ . . . အခန်းကလေးထဲဝင်ပြီးလဲကြစို့"

သန်းကြည်မှာ မမြသွေး၏ပြောသမျှနားထောင်၊ ရှေ့ဆောင်သမျှလိုက်ပါနေရကား ကိုယ်လက်သုတ်သင် ပြင်ဆင်ဖီးလိမ်းသော ရထားတွဲ အခန်းကလေးထဲသို့ နှစ်ဦးသားဝင်ခဲ့ကြလေ၏။

"မြတော့လေ နေလည်းပျော်ပျော် သေလည်းပျော်ပျော်ဆိုတာလို ကောင်းကောင်းနေ၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားပဲ"

"သန်းလဲဘဲ ဒီလိုများနေရမလားလို့"ဟု သန်းကြည်မှာစိတ်ထဲက ပြောလိုက်မိသည်။

"လုပ်ပါ အားရပါးရလက်နဲ့ကော်ပြီးတော့ တစ်မျက်နှာလုံးလူး လိုက်စမ်းပါ သန့်သန့်ရှင်းရှင်းမွှေးမွှေးကြိုင်ကြိုင်နဲ့အိပ်ရတာ စိတ်ကြည်နူး



စရာတစ်မျိုးပေါ့"

မမြသွေးသည် သန်းကြည်ကိုတိုက်တွန်းရင်း ကိုယ်တိုင်လည်း ဝတ်စားလဲလှယ်ချယ်သပြီးလျှင် မိမိအမြဲဝတ်ထားသည့် နှစ်ပါးသွားစိန်လက်စွပ်ကိုချွတ်လိုက်လေသည်။

"ဒီလက်စွပ်ကလေးယူထားစမ်းပါ၊ မြလက်ဆေးဦးမယ်၊ တစ်ခါတုန်းကဒီလိုဘဲတွေ့လုံထဲမှာ လက်ဆေးရင်း ရေပွန်ပေါက်ထဲ လက်စွပ် ကျွတ်ကျသွားလို့ ပိုက်လုံးတစ်ခုလုံးဖျက်ဆီးပြီး ရှာတော့မှ ပြန်ရတယ်။ ဒီကထဲက လက်စွပ်ဝတ်ထားရင်းလက်ဆေးဖို့ တစ်ခါတည်း လန့်သွားတာဘဲ"

"သိပ်လှတာပဲနော်"ဟု သန်းကြည်က လက်စွပ်ကို ကိုင်၍ကြည့်ရင်း ပြောသည်။

"လှတာ တန်ဖိုးရှိတာထက် ဒီလက်စွပ်ဟာ ကိုမြင့်ထူးက လက်ထပ်တဲ့ အထိမ်းအမှတ်အဖြစ်နဲ့ ပေးတာမို့ ပိုပြီးမြတ်နိုးရတာပါ။ လက်စွပ်ရွှေကွင်းအတွင်းဘက်မှာ ကြည့်စမ်း၊ မြနဲ့ကိုမြင့်ထူးရဲ့ နာမည်နှစ်ခုထိုးထားတာ စိတ်ကူးမကောင်းဘူးလား၊ အဲဒါဟာ ပုဏ္ဏားဖြူ ပုဏ္ဏားညိုနဲ့ လက်ထပ်တာ ရုံးမှာလက်ထပ်တာတွေထက် ပိုပြီးခိုင်မာတဲ့ အထိမ်းအမှတ်တဲ့ သန်းရဲ့၊ လက်မှာဝတ်ထားပါ ဒါမှစိတ်ချရတယ်"

"မင်္ဂလာလက်စွပ်ဆိုတာ ချွတ်ပေးပြီး ဝတ်ကောင်းရဲ့လား မြရဲ့"

"အို . . . ဒါတွေက ခရစ်ယာန်တွေသာ ယုံကြည်စွဲလန်းတာပါ၊ မြတို့တော့ အယုံအကြည်မရှိဘူး၊ ဒီလိုလုပ်ရင် ကံဆိုးနဲ့တွေ့ရတတ်တယ်လို့ သူတို့ကပြောကြတယ်။ မြတော့ တစ်သက်လုံးကံကောင်းနေတာ ရှေ့ကိုလည်း ကံကောင်းဦးမှာပဲ"

"သန်းတော့ဖြင့် တစ်သက်လုံးမကောင်းခဲ့ပါဘူး"ဟု သန်းကြည် စိတ်ထဲက တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်လက်စွပ်ကလေးသည် သန်းကြည်၏ လက်သူကြွယ်တွင် အတင်းမသွင်းရဘဲ ရှောရှောရှူရှူဝင်သွားရာ သန်းကြည်၏စိတ်ထဲတွင် ထိုလက်စွပ်သည် မိမိအဖို့ အထူးရည်ရွယ်လျက် တိုင်း၍လုပ်ထားသည့် မိမိ၏ပစ္စည်းပိုင်ဖြစ်ပြီး ပျောက်ဆုံးနေရာက ယခုမှပြန်၍တွေ့ရှိဝတ်ဆင်ရသကဲ့သို့ ထူးခြားသောတွေ့ထိမှုအာရုံကို ခံစားမိလေသည်။

"တဲ့. . . ပြီးပြီ၊ ထွက်ကြစို့"

သန်းကြည်သည် ပိတ်ထားသော လျှာထိုးတံခါးကို ပြန်၍ဆွဲဖွင့်လိုက်လေသည်။ သို့ဖွင့်လိုက်ရာတွင် အသာအယာဆွဲလိုက်ပါလျက် တအားဆွဲဖွင့်မိသကဲ့သို့ လည်းကောင်း၊ တစ်ဦးတစ်ယောက်က တွန်းပေးလိုက်သကဲ့သို့လည်းကောင်း ဒိုင်းခနဲ တံခါးပွင့်သွားရာက အားလွန်ပြီး အပြင်သို့ရောက်သွားစဉ်မှာပင် ရထားတွဲ၏ကြမ်းခင်းနံရံ မျက်နှာကျက်များသည် လည်ပတ်စောင်းထောင်သွားကာ ရထားတွဲကြီးတစ်ခုလုံး မိမိ၏ ကိုယ်ပေါ်သို့ ပြိုအိကျရောက်လျက် တအားအဖိခံရတော့မည်ဟု အမှတ်ပြုလိုက်ပြီး မိုက်ခနဲဖြစ်သွားရလေ၏။ ထိုအခိုက်မှာပင် မီးရထားကြီး၏ အမြန်ခုတ်မောင်းလျက်ရှိသော ဘီးများအောက်မှ သံလမ်းများသည် အရည်ပျော်ပြီး ကွေးကောက်စီးဆင်းသွားကြသဖြင့် ထိုလမ်းကြောင်းအတိုင်း လိုက်၍မောင်းရသကဲ့သို့ မီးရထားသည် ရမ်းခါလျက် တီတွန်သလို ကွေ့ကောက်တက်ဆင်း မောင်းနှင်သွားသည်ဟု ထင်လိုက်မိသည်။

တစ်ပြိုင်တည်းမှာပင် မီးအားလုံးငြိမ်း၍သွားရာ အလင်းရောင်ဟူ၍ ဘာမျှမရှိ၊ မှောင်အတိကျသွားသဖြင့် သန်းကြည်မှာ ဘာကိုမျှမမြင်၊ ဘာဖြစ်သည်ကို မသိရဘဲ မိမိအား မီးရထားတွဲထဲတွင်ထဲ့၍ ချောက်ချက်လှုပ်သကဲ့သို့ လှုပ်ခါခြင်းခံလိုက်ရသည်ကိုသာ သိလိုက်ရပြီးလျှင် ကမ္ဘာပျက်သဖြင့် ဟစ်အော်ကြသည်နှင့်မခြားသော အသံများကို အမှတ်ပြုလိုက်မိ၏။



"မြင့်"ဟု စူးရှစွာအော်လိုက်သော မိန်းမအသံတစ်သံကိုလည်း မိမိအနားတွင် ကပ်၍ကြားလိုက်ရပြီးနောက် သန်းကြည်သည် ဘာကိုမျှ နောက်ထပ်မကြားရတော့ချေ။

တိတ်ဆိတ်ခြင်း ဖုံးလွှမ်းသွားလေသည်။ မည်သည့်အသံမျှ မထွက်လာ။ မည်သည့်လှုပ်ရှားမှုမျှမရှိ။ အရာခပ်သိမ်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိတော့သည်။

မိမိ၏ ယခုအဖြစ်သည် အိပ်ပျော်၍နေခြင်းလော။ သေခြင်းလော။ တစ်ခုမျှဟုတ်မည်မထင်။ အသက်ရှိနေလျှင်လည်း အလင်းရောင်ရှိမည်၊ အသံရှိရမည်၊ လှုပ်ရှားမှုရှိရမည်။ သေခြင်းသို့ရောက်နေလျှင်လည်း တွေ့ထိခံစားရမှု ရှိနိုင်တော့မည်မဟုတ်။

ယခုအဖြစ်မှာ အသက်ရှိနေခြင်းလည်း မဟုတ်၊ သေခြင်းလည်း မဟုတ်၊ တစ်ဖြစ်မှ တစ်ဖြစ်သို့ ကူးပြောင်းနေသည့် တစ်ဆင့်ဘဝပင်ဖြစ်လေသလော၊ ဟုတ်ပေလိမ့်မည်။ သေငယ်ဇောနှင့် မြောနေသည်ဆိုခြင်းကို ကိုယ်တွေ့ခံစားနေရခြင်း ဖြစ်မည်ဟု သန်းကြည်ထင်မိသည်။

မည့်သို့ပင်ဖြစ်စေ ဤအဖြစ်မှာလည်း ဝေဒနာနှင့်မကင်းသည်ကို တွေ့နေရလေ၏။ သန်းကြည်၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ဝေဒနာခံစားနေရသည်။ ထိုဝေဒနာကြောင့် အခြားဘာကိုမျှမသိ၊ ဝေဒနာသည် သေးငယ်စွာ အစပြုပြီး တဖြည်းဖြည်း ကြီးသည်ထက် ကြီး၍လာလေ၏။ သန်းကြည်သည် လှုပ်ရှားရန် ကြိုးစားပါသော်လည်း မလှုပ်နိုင်၊ မိမိ၏တစ်ကိုယ်လုံးတို လေးလံသောဝန်ထုပ်ဝန်ပိုးကြီးဖြင့် ဆွဲထားသကဲ့သို့ ထင်မိသည်။

ဝေဒနာမှာ တိုး၍ တိုး၍ပြင်းပြလာလေသည်၊ ဤနေရာတွင် ညည်းညူအော်ဟစ်လိုက်ရပါလျှင် ဝေဒနာသက်သာကောင်း သက်သာသည်ထင်မိ၏။ သို့သော် အော်၍မဖြစ်နိုင်၊ အသံကိုမထွက်မိအောင် ပါးစပ်သို့ လက်တစ်ဖက်ထိုးသွင်းလိုက်သည်။ ထိုသို့ လက်ထည့်လိုက်ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



လက်သူကြွယ်တွင် စွပ်ထားသည့် မာကြောသောအရာဝတ္ထုကလေးတစ်ခုကို တွေ့ရသဖြင့် ကိုက်၍ထားမိလေသည်။ ယင်းသို့ အံကြိတ်ထားရာ ဝေဒနာခံစားနေရခြင်းမှာ အနည်းငယ်သက်သာရာ ရသွားလေသည်။ သို့ဖြစ်၍ ဝေဒနာတို့၏ ပြင်းထန်လာလေ တိုး၍အားခဲကိုက်မိလေ ဖြစ်၏။

ယင်းသို့ သန်းကြည်သည် မလှုပ်မရှားနိုင်ဘဲ စိတ်ဖြင့်သာ ဝေဒနာကို ရုန်းကန်နေရာက အနည်းငယ်ညည်းလိုက်သည်။ ထို့နောက် မျက်စိကိုမှိတ်ကာ ဝေဒနာကို တအားညှစ်ပြီး တွန်းကန်လိုက်ရာတွင် မိမိ၏တစ်ကိုယ်လုံးကို ဆွဲထားသည့်ဝန်လေးကြီးသည် လျှောထွက်သွားသကဲ့သို့ ထင်ရလိုက်ပြီး ထိုဝန်လေးကြီးနှင့်အတူ စဉ်းစားမှု၊ သိမှုနှင့် သတိပါလွတ်ကင်းသွားလေတော့သည်။

မိနစ်ပေါင်း နာရီပေါင်း မည်မျှကြာ၍သွားသည်ကိုကား သန်းကြည် မသိချေ။ စဉ်းစားမှု သိမှုနှင့်သတိကို ပြန်လည်ရလာသည့်အခါ စောစောကခံစားနေရသော ဝေဒနာမှာ လုံးလုံးပြန်၍ပေါ်မလာတော့ပေ။ သို့သော် မိမိ၏ခြေရင်းတွင် အေးစက်စက်နှင့် လူးလွန့်လှုပ်ရှား တန်ကြောက်နေသော အရာဝတ္ထုတစ်ခုရှိနေသည်ကို သိနေသဖြင့် မျက်စိဖွင့်၍ကြည့်ရန် ကြိုးစားမိသည့်တိုင်အောင် ဖွင့်၍မရဘဲ အားရပါးရ အိပ်ချင်စိတ်ပေါ်လာပြန်သည်။ သူ့တစ်ကိုယ်လုံးမှာ ခြေကုန်လက်ပန်းကျ၍ နေလေသည်။ ဝေဒနာခံစားနေရစဉ်က အော်၍မထွက်နိုင်သော်လည်း ဝေဒနာပျောက်သွားသည့်အခါမှ အဖျားတက်လာသကဲ့သို့ အလိုလိုညည်းမိသည်။ နားထဲတွင် မိမိ၏ညည်းသံကိုပင် ပြန်၍ကြားနေသည်။ မိမိ၏အသံမှ ဟုတ်ပါရဲ့လား၊ ကြောင်အော်သံလား၊ ကလေးငိုသံလားဟူ၍ ထင်မိသည်။

သန်းကြည်၏စိတ်ထဲတွင် အရာအားလုံးထက် အိပ်ချင်စိတ်သာလျှင် လွှမ်းမိုးနေလေသည်။ သို့သော် အိပ်၍မရနိုင်ပေ။ စောစောက တိတ်



ဆိတ်နေသော လောကဓာတ်ကြီးမှာ အသက်ပြန်၍ဝင်လာသကဲ့သို့ ဆူဆူညံညံအသံများ ထွက်ပေါ်၍လာလေ၏။ တီးခေါက်ရိုက်နှက်ဆွဲငင်လှုပ်ရှားသည့် အသံများ၊ အော်သံ၊ ခေါ်သံ၊ စကားပြောသံများအကြားတွင် တစ်ချက်တစ်ချက် ကလေးငိုသံပါကြားရသည်။ သန်းကြည်မှာ မလှုပ်ချင်၊ မရှားချင်၊ မကြားချင်သော်လည်း မနေရပေ။ အသံများမှာ တိုး၍သာကျယ်လာသည်။ ဝင်းခနဲ လက်ခနဲမြင်ရသည်။ တစ်ချက်တစ်ချက် မိမိ၏မျက်နှာကို မီးရောင်ဖြင့် လှမ်း၍ထိုးလိုက်သည်ကို တွေ့ရသည်။ ထို့နောက် မိမိဆီသို့ ပြေးလွှားလာသောခြေသံများကို ကြားရသည်။ ခြေသံနှင့်စကားပြောသံများသည် မိမိအနားသို့ ရောက်လျှင်ရောက်ခြင်း ရုတ်တရက်ရပ်တန့်၍ တိတ်ဆိတ်သွားလေသည်။ မီးရောင်သာလျှင် မိမိပတ်ဝန်းကျင်တစ်ဝိုက်ဘိုထိုး သည်ထိုးနှင့် လှုပ်ရှားလျက်ရှိသည်။

"ဟော. . . သွေးတွေမှမနည်းဘူး"

ယောကျ်ားသံ နားထဲ၌ကြားလိုက်ရသည်။

"ဒီမှာ ဘယ်ထိသွားသလဲ၊ သတိရရဲ့လား၊ ဒဏ်ရာကော ပြင်းသလား"

"ကျွန်မ. . . ကျွန်မ ဒဏ်ရာရလို့ မဟုတ်ဘူး၊ အခုဘဲ ကလေးမျက်နှာမြင်လို့ပါ"

သန်းကြည်သည် မျက်စိကိုဖွင့်မကြည့်ရဲဘဲ အတင်းမှိတ်၍ ထားလိုက်သည်။

□□□

www.burmeseclassic.com

www.burmeseclassic.com

[၄]

မိုးမလင်းသည့်နိုင်ငံကြီးထဲတွင် တစ်ချက်တစ်ချက် နေရောင်အလင်းပေါ်လာရာက တဖြည်းဖြည်း နေ့တာရှည်လာသကဲ့သို့ သန်းကြည်သည်လည်း နိုးလာတိုင်း နိုးလာတိုင်းမှာ တစ်ကြိမ်ထက် တစ်ကြိမ် အချိန်ရှည်ကြာစွာ နိုးကြားလာလေ၏။ ယင်းသို့ နိုးကြားလာသည့်အချိန်တိုင်းမှာလည်း မိမိ၏ပတ်ဝန်းကျင်ကို တိုး၍ တိုး၍အမြင်ကျယ်လာလေ၏။

အစဉ် မိမိ၏မျက်စိရှေ့တွင် ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့်ရှိသော မျက်နှာများကို မှုန်ဝါးဝါးမြင်မိ၏။ ခေါင်းအုံး မွေ့ရာ စောင်စသောဝတ္ထုပစ္စည်းများကို ထိတွေ့ရသော သိမှုကလေးအကြားမှ အဝတ်ဖြင့် ထွေးထားသောသဏ္ဌာန်တစ်ခုကို မိမိ၏ရင်ထဲ၌ ရံဖန်ရံခါ လာ၍ချထားပေးသည်ကို သိမှုအာရုံ ဖြစ်ပေါ်ခဲ့၏။ ထိုသိမှုအာရုံကို ခံစားရတိုင်း မိမိ၏ကိုယ်ခန္ဓာထဲတွင် တစ်ကြိမ်ထက်တစ်ကြိမ် တိုး၍အားတက် အသက်ဝင်လာသည်ဟု ထင်မိ၏။

ကျန်အရာဝတ္ထုဟူသမျှတို့ကား မထင်မရှား ဝိုးဝါးမှုန်ဝေ၍နေခဲ့



သည်။ ယင်းသို့ရှိခဲ့ရာမှ တဖြည်းဖြည်း အမြင်ကျယ်၍ [illegible]တွင် မိမိ၏ပတ်ဝန်းကျင်မှာ လွန်စွာသာယာသပ်ရပ်လှသော အခန်းငယ်တစ်ခု ဖြစ်နေသည်ကို တွေ့ရလေ၏။

အခန်းကလေးမှာ ဆေးရုံခန်းနှင့်မတူ၊ ထုံးရောင်ကဲ့သို့ အသွေးမရှိသော ဖြူခြင်းမျိုးမဟုတ်။ ဆင်စွယ်ရောင်ကဲ့သို့ ဖြူဖွေးသော အနုစ်အရသာ ရရှိပေ၏။ ခုတင်ခေါင်းရင်းဘေးရှိ ဗီရိုကလေးပေါ်တွင် အမြဲပင်ဝန်းကလေးများဝေဆာလျက် ရှိ၏။ ပန်းများမှာ ဘယ်အခါမျှ တစ်နေ့နှင့်တစ်နေ့ အရောင်မထပ်ဘဲ နေ့စဉ်လဲလှယ်ပေးထားသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ သန်းကြည်သည် နေ့တိုင်း မျက်စိဖွင့်ပြီး ပန်းကလေးများ အရောင်ပြောင်းသည်ကို မကြည့်ဘဲ မနေနိုင်ဖြစ်ရသည်။ ထိုအတွက်ပင် ထိုသို့ နေ့စဉ်ပန်းလဲပေးနေသလား မသိရပေ။

နေ့စဉ် သန်းကြည်၏ပထမဆုံး တောင့်တမိသောအရာမှာ သူ၏ရင်သွေးကလေးဖြစ်၍ ဒုတိယ တောင့်တမိသည့်အရာမှာ ပန်းကလေးများဝင်ဖြစ်သည်။

နောင်တွင် သစ်သီးများတွေ့ရပြန်သည်။ သစ်သီးများမှာလည်း တစ်နေ့နှင့်တစ်နေ့မတူ၊ ရာသီအလိုက် ရနိုင်ရန်ခဲယဉ်းသည့် သစ်သီးများဝင် ပါလေသည်။

ဆေးရုံများတွင် ဤမျှလောက်ဂရုစိုက်သည်ဟူ၍ သန်းကြည်ဘယ်အခါကမျှ မကြားခဲ့မိဘူးချေ။ ဤသို့ ပန်းမန်သစ်သီးများ ကျွေးမွေးသည် မသိရခဲ့ဘူးချေ။ မပျောက်ဆုံးသေးဘဲ ပိုက်ဆံအိတ်တွင် ရှိသေးမည်ဆိုက မိမိကိုယ်ပိုင်ဟူ၍ တစ်ကျပ်သုံးပဲနှစ်ပြားသာပါသော လူနာတစ်ယောက်ကို ဤမျှကောင်းမွန်ကျနစွာ ပြုစုစောင့်ရှောက်ပေးသည်ဟူ၍ဘယ်အခါကမျှလည်း မကြုံခဲ့ မကြားခဲ့။ ဘယ်အခါကမျှလည်း ကြုံရကြားရလိမ့်မည်ဟု မမျှော်လင့်ခဲ့မိပေ။

www.burmeseclassic.com



သန်းကြည်သည် မိမိ၏အတိတ်ကို ပြန်၍စဉ်းစား၏။ တရေးရေး ပေါ်လာ၏။ အပြန်အလှန် ခေဖန်သုံးသပ်၏။ တွေးမိသမျှ ကြည်နူးစရာ တစ်ကွက်မျှ မတွေ့ရရုံမျှမက ထိုသို့တွေးလိုက်ခြင်းအားဖြင့် သာယာသန့်ရှင်းသည့် ဤအခန်းကလေးထဲသို့ပင် အမှောင်ရိပ်ကြီး ဝင်လာသည်ဟု မှတ်ထင်ရတော့သည်။

မီးရထားပေါ်က မျက်နှာသည် အခန်းကလေးထဲတွင် မိန်းမပျိုနှင့် သူရှိနေကြသည်ကို မျက်စိထဲတွင် ပြန်၍ပေါ်လာသည်။ ထိုမိန်းကလေး၏ မျက်နှာပေါ်မှ ပါးချိုင့်ကလေးနှစ်ခုကို မြင်ယောင်မိသည်။ တဂျုံးဂျုံး ခုတ်မောင်းနေသည့် မီးရထားကြီး၏လှုပ်ရှားမှုကို လက်ငင်းခံစားနေရသကဲ့သို့ ထင်မှတ်မိသည်။ ထိုနောက် မှောင်အတိကျသွားကာ မိမိကိုယ်မှာ နှုန်းခွေပြောကျသွားသည်ကို သတိရသည်။ ထို့နောက် ဖြစ်စဉ်ကို ဆက်၍ တွေးလိုက်ရာတွင် မူးချင်နောက်ချင်သလိုဖြစ်လာကာ ပြန်၍သတိ မရချင်တော့သဖြင့် လျင်မြန်စွာ အာရုံကို ပြောင်းပစ်လိုက်ရသည်။

သန်းကြည်၏ အာရုံထဲတွင် မန္တလေးမြို့ကြီးပေါ်လာပြန်သည်။ ပိတ်ထားသည့်တံခါးကို ပြန်၍တွေးမိသည်။ စာအိတ်ထဲမှ ထွက်ကျလာသော ငွေစက္ကူနှင့် မီးရထားလက်မှတ်ကို တွေးမိသည်။ ဤသို့တွေးမိစဉ်မှာပင် အခန်းထဲသို့ မှောင်ရိပ်ကြီးထိုးဝင်လာသကဲ့သို့ အောက်မေ့ရကာ ဦးခေါင်းကို တစ်ဘက်မှ တစ်ဘက်သို့ ပြောင်းလိမ့်လိုက်ပြီးလျှင် ထိုအာရုံများကို ခါထုတ်ပစ်လိုက်ရလေတော့သည်။

အတိတ်၏အရိပ်မဲကြီး ကွယ်ပျောက်သွားသည့်နောက် ပစ္စုပ္ပန်အခြေအနေကို သုံးသပ်မိပြန်လေ၏။ လက်ရှိအဖြစ်တား ငြိမ်းချမ်း၏။ သာယာ၏။ ကြင်နာမှုတို့ဖြင့် ပြည့်စုံ၏။ ကြောင့်ကြခြင်းမှ ကင်းဝေးသည်ကို သိရ၏။ သို့ဖြစ်၍ ထို့ထက်တိုး၍လည်း မတောင့်တ။ ထိုအဆင့်မှ ပြန်၍လည်း မဆင်းလို။ ပစ္စုပ္ပန်၌သာ ရောင့်ရဲနေလိုတော့၏။



ယခုအဖြစ်ပင်လျှင် ထာဝရတည်မြဲနေပါစေတော့။ ယခုရရှိနေသည့် အဖြစ်ကို မေးမနေနှင့်။ စစ်ဆေးမနေနှင့်။ လက်မလွှတ်စေရအောင်သာ တွယ်ဖက်ထားမှုဖြစ်မည်ဟု နှလုံးပိုက်မိလေ၏။

ယင်းသို့လျှင် သန်းကြည်သည် မျက်မြင်လောက၏ ပတ်ဝန်းကျင်၌ အာရုံကျက်စားကြည်နူးစရာနေရာက ခုတင်ခေါင်းရင်းအနီးရှိ ဗီရိုပေါ်မှဝန်းများသည် ပစ္စုပ္ပန်ကို ချုပ်ငြိမ်းအောင် ဖန်တီးကြလေသည်။

ဤ သန်းကြည် ထိုပန်းများကို ကြည်နူးစွာကြည့်နေရာက လှမ်း၍ဆွဲငင်ကိုင်ယူကာ ကြည့်ချင်စိတ်ဖြစ်လာမိလေ၏။ သို့ဖြစ်၍ ကုတင်ပေါ်မှနေပြီး လက်တစ်ဖက်ကို လှမ်းလိုက်သည်။ ပန်းအိုးများ လက်လှမ်းမမှီတမှီ ဖြစ်နေ၏။ ကိုယ်ကလေးကို တစ်ဖက်သို့အနည်းငယ်စောင်း၍ ထပ်မံပြီး လက်လှမ်းပြန်ပါသော်လည်း မိမိဘက်သို့ ကိုင်းညွတ်နေသော ပန်းပွင့်ကလေးတစ်ပွင့်ကို လက်နှင့်ထိရုံမျှသာ ထိမိလေ၏။ ထိုပန်းပွင့်ကလေးမှ ပွင့်ချပ်လွှာကလေးတစ်ခုကို မိအောင်ဆွဲယူလိုက်ပါက ထိုပန်းပွင့်ကလေးတစ်ခုတည်းပါလာလျှင် တော်၏။ သို့သော် တစ်ပွင့်တည်းကား မည့်သည့်နည်းနှင့်မျှ ပါ၍မလာနိုင်။ တစ်ခိုင်လုံးကျွတ်၍ ပါလာရန်သာရှိသည်။ သို့မဟုတ်ကလည်း ပန်းအိုးလဲ၍သွားပေလိမ့်မည်။ ယခုအတိုင်း အလှကြည့်နေတော့မည်ဟု အောက်မေ့ပြီးလျှင် မမှီတမှီလှမ်းနေသော လက်ကို ပြန်၍ရုပ်လိုက်လေ၏။

သန်းကြည်သည် ဤသို့ ကိုယ်လက်မလှုပ်ရှားရသည်မှာ အတော်ကြာ၍နေခဲ့ရာ ယခုကဲ့သို့ လှုပ်ရှားကြည့်လိုက်ရာတွင် လက်ကို အညောင်းဆန့်လိုစိတ် ဖြစ်ပေါ်လာ၏။ သို့ဖြစ်၍ လက်နှစ်ဖက်ကို ဦးခေါင်းနောက်သို့ ပစ်၍ဆန့်တန်းလိုက်မိသည်။

ထိုသို့ဆန့်တန်းလိုက်ရာတွင် ခေါင်းရင်း၌ချိတ်ဆွဲထားသည့် သတ္တုပြားကလေးတစ်ချပ်ကို တွေ့ထိစမ်းသပ်မိလေ၏။ ထိုသတ္တုချပ်က

www.burmeseclassic.com

www.burmeseclassic.com



လေးမှာ လှုပ်ရှားနေခြင်းအားဖြင့် ဆွဲဖြုတ်၍ရနိုင်သည်ကို တွေ့ရတာ လက်နှင့်စမ်း၍ ဖြုတ်ယူလိုက်လေ၏။

သတ္တုချပ်ပြားကလေးမှာ ပေါ့ပေါ့ပါးပါးရှိလျက် ထိုအပေါ်က ကပ်ထားသောစာရွက်မှာ မိမိ၏ရောဂါအခြေအနေ ဖော်ပြထားသော မှတ်ပုံတင် ဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုစာရွက်ကို သန်းကြည်သည် စိတ်ထက်သန်စွာဖြင့် ဖတ်ရှုကြည့်လေ၏။

မှတ်ပုံတင်၏ အထက်ပိုင်းတွင် ပုံနှိပ်စာတစ်ဝက် လက်ရေးစာတစ်ဝက်ပါသော စာသုံးကြောင်းတွေ့ရသည်။

ဌာန ။ ။သားဖွားမှု

အခန်း ။ ။အထူး

လူနာအမည် ။ ။မမြသွေး

သန်းကြည်သည် ထိုစာကြောင်းများကို မည်မျှကြာစွာ အပြန်အလှန် ဖတ်ရှုတွေဝေနေသည် မသိ၊ အခန်းထဲသို့ သူနာပြုဆရာမများ ဝင်လာသည်ကိုပင် ဂရုမပြုမိချေ။

ဆရာမကလေးသည် သန်းကြည် မှတ်ပုံတင်စာရွက် ကြည့်နေသည်ကို တွေ့ရသဖြင့် အမြဲပြုံးရွှင်နေသော သူ၏မျက်နှာမှာ ပြောင်းလဲ၍သွားပြီးလျှင် သူသည် ခုတင်ဘေးသို့ လျင်မြန်စွာ ရောက်သွားလေ၏။

ဆရာမကလေးသည် ဘာမျှမပြောဘဲ သန်းကြည်၏လက်ထဲမှ မှတ်ပုံတင်ကို အလိုက်သင့်ယူ၍ ကြည့်လိုက်ပြီးလျှင် ပြဒါးတိုင်ထုတ်၍ အပူချိန် စမ်းသပ်ကြည့်လေသည်။

ဆရာမကလေး၏မျက်လုံးသည် သန်းကြည်အတွက် စိုးရိမ်မကင်းသည့် အမူအရာကို ပြနေသကဲ့သို့ သန်းကြည်၏မျက်လုံးများမှာလည်း အနာဂတ်ကို တွေး၍ကြောက်လန့်သည့် အရိပ်နိမိတ်ကို ပြ၍နေလေသည်။ သန်းကြည်၏ သာယာကြည်နူးဖွယ်ရှိသော ပစ္စုပ္ပန်မှာ ကွဲအက်ပြို



ပျက် လွင့်ပျောက်သွားခဲ့လေပြီ။ အခန်းထဲတွင် စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း ဖုံးလွှမ်းနေတော့သည်။

ဆရာမသည် သန်းကြည်၏ပါးစပ်ထဲမှ ပြဒါးတိုင်ကို နှုတ်လိုက်ပြီးလျှင် အလင်းရောင်၌ ထောက်၍ကြည့်ရင်း နမ္ဗူးရေများကို တွန့်လိုက်မိသည်။

"ဘာဖြစ်သလဲရှင်၊ စိတ်မကောင်းဖြစ်နေသလား။ ဒီနေ့ဒီဂရီ နည်းနည်းတိုးတယ်"

သန်းကြည်သည် အမေးကို မဖြေဘဲ မိမိသိလိုသော အဖြေကို မေးလိုက်သည်။

"ဒီပုံစံစာရွက်ဟာ ဘာလုပ်ဖို့လဲ၊ ဘာပြုလို့ ခုတင်မှာချိတ်ထားတာလဲရှင်"

"အို . . . ဒါဟာ လူမမာရဲ့ရောဂါကို ကျွန်မသိဖို့ မှတ်ထားတာပါ၊ လူမမာကြည့်ဖို့ မဟုတ်ပါဘူး"

"ဒါပေမယ့် ဟိုထဲက နာမည်ကိုကြည့်ပါဦး၊ နာမည်ရေးထားတာ"

"စိတ်ကြည်ကြည်လင်လင်ထားပါနော်၊ ဒီပုံစံကိုဖတ်ပြီး မစိုးရိမ်ပါနဲ့၊ နောက်ကိုလည်း ဒီစာတွေယူမကြည့်ပါနဲ့နော်"

"မဟုတ်ပါဘူးရှင့် . . . ကျွန်မသိချင်တာက"

"ခဏကလေး စကားမပြောပါနဲ့ဦးနော်"ဟု ဆရာမကဆိုကာ သန်းကြည်၏လက်ကို ယူ၍သွေးစမ်းကြည့်သည်။

သန်းကြည်သည် ဆရာမဆွဲကိုင်ထားသော မိမိ၏လက်ကို စူးစိုက်ကြည့်မိကာ စိတ်ထဲ၌လှုပ်ရှားသွားလေသည်။ လက်သူကြွယ်၌စွပ်ထားသော နှစ်ပါးသွားစိန်လက်စွပ်ကလေးကို မြင်ရသည်မှာ ထိတ်လန့်ကြောက်မက်ဖွယ်ရာတစ်ခုကို မြင်ရသကဲ့သို့ရှိကာ လက်ကိုဆွဲရုပ်လိုက်မိသည်။ ဆရာမသည် တွန့်ဆုတ်လျက်ရှိသောလက်ကို တင်းကြပ်စွာ

www.burmeseclassic.com



မြမြဆွဲ၍ထားကာ သွေးတိုးနေခြင်းကိုသာ ဂရုထားနေလေသည်။

"ခဏနေဦးနော် အခုပဲပြန်လာမယ်"ဟု ဆရာမကလေးသည် မျက်နှာမရွှင်ပြဘဲ ပြောဆိုပြီး အခန်းထဲမှထွက်သွားသည်။

မကြာမီပင် ဆရာဝန်ကြီးနှင့်အတူ ဆရာမကလေး ပြန်၍ ရောက်လာကာ အခန်းထဲသို့ဝင်လိုက်သည်နှင့် သူ၏တီးတိုးပြောလာသော စကားကို ရပ်လိုက်သည်။

ဆရာဝန်သည် ခုတင်အနီးသို့ချဉ်းကပ်ပြီးလျှင် သန်းကြည်၏နဖူးကို လက်ဝါးနှင့်အုပ်၍ စမ်းသပ်ကြည့်ပြီးနောက် ဆရာမကလေးဘက်သို့လှည့်၍ "နည်းနည်းရှိတယ်"ဟု ပြောလိုက်သည်။

ထို့နောက် ဆရာဝန်က "ဟောဒီဆေးသောက်လိုက်ပါ"ဟု ပြောလေသည်။ ဆေးမှာဝန်ကျိုကျိုနေသည်။

ဆရာမကလေးက သန်းကြည်၏လက်များကို သူ့ဘေးတွင် အသာအယာချပေးပြီး စောင်ခြုံပေးလိုက်လေသည်။ နှစ်ပါးသွားလက်စွပ်ဝတ်ထားသည့်လက်မှာ သန်းကြည်၏ မျက်စိအောက်မှ ပျောက်သွားပြန်သည်။

ဆရာဝန်တိုက်သည့်ဆေးကို သောက်လိုက်ပြီးသည့်နောက် သန်းကြည်သည် ခေါင်းထဲတွင် ရီတီတီဖြစ်လျက် အိပ်ချင်၍လာလေသည်။ မေးလိုမြန်းလိုသည့်စကားများကို လောလောဆယ်အားဖြင့် မမေးလိုတော့ပေ။

စောစောက ခေါင်းထဲ၌ရှိနေသည့် မေးခွန်းများမှာ ပျောက်လွင့်သွားပြီးလျှင် အိပ်ချင်စိတ်သာလျှင် ဝင်စားနေသည်။ ထိုစကားများကို မမေးဘဲနေ၍ကား မဖြစ်သေး။ ပြောရန်ရှိသည်တို့ကိုလည်း ပြောရပေမည်။ နောင်မှပင် ပြောတော့မည်ဟု နှလုံးပြုလိုက်ကာ သက်ပြင်းချလိုက်ပြီးသည့်နောက် ခေါင်းကိုတစ်ဖက်သို့စောင်း၍ အိပ်လိုက်လျှင်ပင် အိပ်ပျော်သွားလေတော့သည်။

ᗧᗧᗧ

(၅)

နံနက်ခင်း၏ နေရောင်ခြည်နှင့်အတူ ပန်းများပေါ်ပေါက်လာပေသည်။ ထို့နောက် သစ်သီးများ ပေါ်ပေါက်လာကြပြန်လေသည်။

ဆရာမကလေးရောက်လာပြီး လိမ္မော်ရည်တိုက်သည်။ "နေကောင်းတယ်နော်၊ ဒီနေ့ကစပြီး နို့နဲ့ကော်ဖီ နည်းနည်းသောက်နိုင်ပါပြီ။ တစ်နေ့ပြီးတစ်နေ့ နည်းနည်း နည်းနည်း တိုးတိုးပေးမှာပဲ"ဟု ပြောသည်။

ဆရာမတလေးသည် သတိထား၍ တိုးတိုးသက်သာ ပြောလေ့ရှိသည်။ သွားသည့်လာသည့်အခါ၌လည်း သတိထား၍ ဖြည်းညင်းသာယာစွာ လျှောက်လေသည်။ သန်းကြည်၏ ပတ်ဝန်းကျင်လောကတွင် ဖြည်းဖြည်းလျှောက်၊ တိုးတိုးပြော သတိပြုဟူသော အရိပ်အာဝါသ လွှမ်းဖုံးလျက်ရှိသည်။ နားထဲ၌လည်း ထိုစကားများဖြင့် မိမိအား သတိပေးနေသကဲ့သို့ ကြားယောင်မိကာ ဆရာမကလေးအား မိမိမေးလို မြန်းလိုသည့် စကားများကို မမေးမပြောမိ ချိန်ဆနေသေးသည်။

"ဟိုတစ်ယောက်ကော ဘယ်လိုဖြစ်သွားသလဲ"ဟု သန်းကြည်က

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည်။

"ဘယ်သူလဲ"

သန်းကြည်သည် အမည်တပ်၍ပြောလိုက်မည်ပြုပြီးမှ "သတိဖြည်းဖြည်း" ဟူသော သတိပေးချက်ကို ကြားယောင်ကာ "ရထားတွဲထဲမှာ ကျွန်မနဲ့အတူ မိန်းမတစ်ယောက် ပါသေးတယ် သူကော ချမ်းသာရဲ့လား" ဟု ခပ်မှန်မှန် မေးလိုက်လေသည်။

ဆရာမလေးသည် ဖြည်းညင်းစွာ ခေါင်းခါလျက် "ဟင့်အင်း"ဟု မပွင့်တပွင့် ပြန်၍ဖြေလေသည်။

"သူ. . . သေသွားသလား"

ဆရာမကလေးသည် ထိုအမေးကို ရုတ်တရက်မဖြေ။ သူအဖို့ ပို၍ပြီးသတိထား၍ ပြောရပေမည်။ သို့ဖြစ်၍ အမေးကိုရှောင်လွှဲကာ "သူနဲ့ ကောင်းကောင်းသိသလား"ဟု ပြန်၍မေးလေသည်။

"မသိပါဘူး"

"ရထားပေါ်ကျမှ သိကြတာထင်ပါရဲ့"

"ဟုတ်ကဲ့. . . ရထားပေါ်မှာပဲ သိတာပါ"

ဆရာမကလေးသည် စိတ်ချစွာ ဖွင့်ဟပြောလောက်ပြီဟု နှလုံးပိုက်ကာ "ဆုံးသွားပြီ"ဟု အဖြေပေးလိုက်လေ၏။

ဆရာမသည် ဖြေလိုက်ပြီးမှ စိတ်မအေးသေးဘဲ သန်းကြည်၏ မျက်နှာကို သေချာစွာအကဲခတ်၍နေလေ၏။ ထူးထူးခြားခြား မျက်နှာပျက်သွားသည်ကို မတွေ့ရမှ စိတ်အေးရှာလေသည်။

"အနို့ သူကော"

ဆရာမသည် လင်ပန်းကလေးကို သိမ်းရင်း ထ၍သွားရန် ဟန်ပြင်လိုက်သည်။

"ကို. . . ကိုမြင့်ထူး"



ဆရာမကလေးက "ခဏသည်းခံပါဦး"ဟုဆိုကာ အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားပြီး ဆရာဝန်နှင့် အခြားဆရာမတစ်ယောက်ပါ အတူပါလာကြလေသည်။

ပထမ ဆရာမကလေးက "တင်ပရေချာ မှတ်သွားပြီ၊ သွေးတိုးလည်း မှန်ပါတယ်"ဟု ပြောပြလေသည်။ အခြားဆရာမကလေးက ဖန်ခွက်ထဲတွင် တစ်စုံတစ်ရာကို ဖျော်စပ်၍နေလေသည်။

ဆရာဝန်သည် သန်းကြည်၏လက်ကို ယူ၍စမ်းသပ်ပြီးနောက် ပြန်၍လွှတ်လိုက်ပြီးလျှင် ခေါင်းညိတ်လေသည်။

သန်းကြည်ကိုကြည့်ရှုရသော ဆရာမကလေးက မိမိ၏နှုတ်ခမ်းကလေးများကို လျှာနှင့်သိမ်းလိုက်ပြီးလျှင် "ရှင့်ယောကျ်ားလည်း အသက်ပါမလာတော့ဘူး"ဟု ပြောပြလေ၏။

သန်းကြည်မှာ တစ်မျက်နှာလုံးဖိန်းရှိန်း၍ သွားလေသည်။

"မဟုတ်ပါဘူးရှင့်. . . ရှင်တို့ တစ်ခုခုမှားပြီ"

ဆရာဝန်သည် မသိမသာ လက်ဟန်ပြလိုက်ရာ ဒုတိယဆရာမက သန်းကြည်အနားသို့ ကပ်လာပြီးလျှင် "ပြီးတော့မှ စကားပြောတာပေါ့ နော်၊ ဆေးကလေးသောက်လိုက်ပါဦး"ဟုဆိုကာ သန်းကြည်၏ပါးစပ်ကို ဆေးခွက်နှင့်တေ့ထားလိုက်သည်။

သန်းကြည်မှာ စကားပြောခွင့်မရပေ။ သူ၏ခေါင်းပေါ်သို့ တစ်ဦးတစ်ယောက်က လက်တင်၍ဖိထားသည်ကို တွေ့ရလေသည်။ သို့သော် တအားဖိထားခြင်းမျိုး မဟုတ်ပေ။ ထိုလက်ထဲတွင် လိမ္မာကျွမ်းကျင်မှု၊ ကြင်နာမှုများ ပါရှိသည်ကို တွေ့ထိခံစားရပေသည်။

"ကျုပ် ဒီမှာရှိနေပါတယ်၊ ကြောက်စရာမရှိပါဘူး၊ ကျုပ်ရှိနေပါတယ်"ဟု မိမိအား ဖျောင်းဖျပြောဆိုလိုက်သံကိုလည်း ကြားရသည်။

ပါးစပ်၌ တေ့ထားသော ဖန်ခွက်ခွာသွားသော်လည်း သန်းကြည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ပါးစပ်မလှုပ်လိုတော့ပေ။ မျက်လုံးများစင်း၍ လာလေသည်။

"ဒီအဆင့်လွန်သွားရင် စိတ်ချရပါပြီ"ဟု ဆရာဝန်က ပြောနေသည့်စကားများကို အိပ်ငိုက်ရင်း မကွဲမပြားကြားလိုက်ရသည်။

သန်းကြည်မှာ အမြဲအိပ်၍မပျော်နိုင်၊ နိုးချိန်တွင် နိုးရပေမည်။ နိုးသည်နှင့်တစ်ပြိုင်နက် ခေါင်းထဲ၌စွဲလန်းနေသော မေးချင် မြန်းချင် သိချင်စိတ်သည် ပြန်၍ပေါ်လာသည်။ ၎င်းနှင့်အတူ "သတိဖြည်းဖြည်း" ဟူသော နှိုးဆော်ချက်လည်း ပေါ်လာပေ၏။

သူနိုးလာတိုင်း အနီးတွင် ဆရာမကလေး အသင့်ရောက်လာမြဲ ဖြစ်လေသည်။

"ဆရာမ ဒီဆေးရုံမှာ လူတိုင်းကို ပန်းအိုးကလေးတွေ ထားပေးသလား"

"ထားပေးနိုင်ရင် သိပ်ကောင်းတာပေါ့ရှင်၊ ဒါပေမဲ့ မထားနိုင်ပါဘူး၊ ဒီပန်းအိုးကလေးတွေဟာ ရှင့်အတွက် အထူးပေးထားတာပါ"

"သစ်သီးတွေကတော့ ဆေးရုံက ပေးတာပဲပေါ့"

ဆရာမလေးက ပြုံးနေသည်။ "ကျွန်မတို့ ဒါတွေသိပ်ပေးချင်ပါတယ်၊ မပေးနိုင်ဘူးရှင့်၊ သစ်သီးတစ်လုံးကို တစ်ကျပ်ထက် နည်းတာမရှိဘူး၊ အမြဲပေးပါဆိုလို့ မရရအောင်မှာပြီး ပေးရတာပါ"

"ဘယ်သူမှာထားတာလဲ"ဟု သန်းကြည်က ပျော့ပျောင်းသော အသံဖြင့် မေးကြည့်သည်။

ဆရာမသည် ရှင်ပျစွာရယ်မောကာ "ဘယ်သူဖြစ်မလဲရှင် စဉ်းစားကြည့်ပါလား၊ အတွေးရခက်တာလိုက်လို့"ဟု ပြောလေသည်။

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ပြောချင်တာရှိနေပါတယ်။ ကျွန်မကို ပြောခွင့်ပေးကြစမ်းပါ"ဟုဆိုကာ သန်းကြည်သည် ကလေးငယ်ကလေး အမူလုပ်သကဲ့သို့ ခေါင်းအုံးပေါ်တွင် မိမိ၏ဦးခေါင်းကို ဘယ်ညာရမ်းခါ



လိုက်လေ၏။

"အို စိတ်ကိုငြိမ်ငြိမ်ကလေးထားပါ၊ ရှင်ရှင်နေပါ၊ ဘာဖြစ်လို့ ခေါင်းရှုပ်စရာတွေ စဉ်းစားချင်၊ ပြောချင်နေရတာလဲ၊ ရှင် ကျန်းမာလာဖို့ အရေးကြီးပါတယ်"

"အည်း... ဆရာမ ကျွန်မကို တစ်ခုဆောင်ရွက်ပေးပါ"

"ပြောပါရှင် တတ်နိုင်အောင် ကြိုးစားပါ့မယ်"

"ကျွန်မစီးတဲ့ရထားတွဲက မျက်နှာသစ်တဲ့အခန်းထဲမှာ ကျွန်မရဲ့ လက်ပွေ့အိတ်ကလေး"

"ရှိပါတယ်၊ သေသေချာချာ သိမ်းထားပါတယ်"

"အဲဒီအထဲမှာ ပိုက်ဆံဘယ်လောက်ရှိသေးသလဲ ကြည့်ပေးစမ်းပါ"

"ကြည့်ပြီးပါပြီ၊ ငွေတစ်ရာငါးဆယ်လောက်ရှိပါတယ်"

"နေပါဦး တခြားအိတ်တစ်အိတ်မတွေ့ဘူးလား"

"အဲဒါလဲရှိပါတယ် ဘယ်သူ့ဟာမှန်းမသိဘူးရှင့်၊ အကြွေတစ်ကျပ် သုံးပဲနဲ့နှစ်ပြားထဲ ပါပါတယ်"

ပိုက်ဆံမည်မျှပါရှိသည်ကို ပြောနေရန်မလို၊ မိမိကိုယ်တိုင် မီးရထားပေါ်မတက်မီက ရေတွက်ထားပြီးသားဖြစ်သည်။ ငါးမူးစေ့က တစ်စေ့၊ ခြောက်မြောင့်မတ်စေ့ကတစ်စေ့၊ ငွေမတ်စေ့ကတစ်စေ့၊ ပဲစေ့ကသုံးစေ့၊ ပိုက်ဆံကနှစ်ပြား။

"အဲဒီပိုက်ဆံတွေယူပေးစမ်းပါ၊ ကြည့်ရအောင်"

"ဘာလုပ်ဖို့ကြည့်ချင်သလဲ ရှိနေရင်ပြီးတာဘဲ"

"ခဏကလေးကြည့်ပါရစေရှင် ခဏပါ"

"ကျွန်မဆရာဝန်ကို မေးကြည့်ဦးမယ်"

ဆရာမလေးပြန်၍ ရောက်လာသောအခါ ပိုက်ဆံအကြွေများကို

www.burmeseclassic.com

www.burmeseclassic.com



စာအိတ်ကလေးတစ်ခုနှင့်ထည့်၍ ပါလာလေ၏။ ဆရာမလည်း ထိုပစ္စည်းများကို ပေးပြီး ပြန်ထွက်သွားလေသည်။

သန်းကြည်သည် စာအိတ်ထဲကအကြွေများကို လက်ဝါးထဲသို့ သွန်ချလိုက်ပြီးလျှင် တင်းကြပ်စွာဆုပ်ကိုင်ကာ မျက်စိကိုအားစိုက်၍ မှိတ်ထားလိုက်မိလေ၏။

ဤပိုက်ဆံတစ်ကျပ်သုံးပဲနှင့်နှစ်ပြားကား မိမိ၏ကိုယ်ပိုင်ဖြစ်သည်။ မိမိအဖို့ရှေ့ရေးမှာ ထိုငွေကုန်လျှင်ဗလာနတ္ထိ။

အခြားသားရေအိတ်တစ်ခုထဲ၌ကား မိမိ၏ပိုင်ဆိုင်မှုကိုခံယူလိုက်သော ငွေတစ်ရာငါးဆယ်ရှိသည်။ ထိုငွေတစ်ရာငါးဆယ်ကား အမြင်ကိုရေတွက်ခြင်းမျှသာဖြစ်သည်၊ သဘောအားဖြင့်ကား နှိုက်၍သုံးသော်လည်းမကုန်နိုင်။ ပြန်၍ပြန်၍ ပြည့်လာမည့်ငွေများပင်တည်း။

ဆရာမကလေး ရောက်၍လာပြန်သည်။ သူ့လက်ထဲတွင် တပွေ့တပိုက်ကြီးချစ်စရာကောင်းလှသော ကလေးတစ်ယောက်ကို ပိုက်ထွေး၍လာသည်။

"ဒီမှာ ရှင့်ကလေးခေါ်ပါဦး"

သန်းကြည်သည် မိမိ၏ရင်သွေးကို လက်တစ်ဖက်ဖြင့် ရင်ခွင်၌ပိုက်ထွေးရင်း၊ အခြားလက်တစ်ဖက်က ပိုက်ဆံအကြွေများကို ဆုပ်ထားလေသည်။

ဘာဘဲဖြစ်ဖြစ်ဤသားကလေးကား မိမိ၏ရင်သွေးပါတကား။ ရင်သွေးဟူကချစ်မဝဆိုသည့်အတိုင်း ချစ်ရမည်။ မိမိကမှမချစ်လျှင် သူ့အဖို့မှာ ဤကမ္ဘာလောကကြီးတွင် တွယ်တာစရာမရှိနေ သူ့ကိုမွေးဖွားလာရခြင်းမှာ လူဖြစ်ဖို့ကံပစ်ချလိုက်ခြင်းဖြစ်သည်။ သူ့ကိုလူဖြစ်အောင် မွေးရမည်။ သို့သော် တစ်ကျပ်သုံးပဲနှင့်နှစ်ပြားထက်တပိုင်မျှ မပိုသောငွေဖြင့် အဘယ်နည်းနှင့် လူလားမြောက်အောင်သယ်ပိုးနိုင်ပါမည်နည်း။ ဤရင်



နှစ်သားချစ်၏ အနာဂတ်ကောင်းစားရေးကား တနည်းသာလျှင်ရှိတော့သည်ဟု စဉ်းစားမိလေသည်။

သန်းကြည်သည် ရင်ခွင်ပိုက်၍နို့တိုက်ထားသော သားချစ်ရင်သွေးကိုကြည့်ကာ သူ၏မေတ္တာသည်နို့ရည်နှင့်အတူ တသွင်သွင်စီးဆင်း လျက်ရှိလေတော့သည်။

ဆရာမကလေးသည် အချိန်တန်၍ကလေးကို ပြန်လည်ယူငင်ရင်းက "ကျွန်မကိုစောစောက ပြောချင်တယ်ဆိုတာ ဘာကိုလဲရှင့်"ဟု ပြုံး၍ မေးလိုက်သည်။

သန်းကြည်က ပြန်၍ပြုံးကာ "အခုမပြောသေးပါဘူးလေ နောက်တော့မှ၊ မနက်ဖြန်ဖြစ်ဖြစ်၊ သဘက်ခါဖြစ်ဖြစ်၊ ဒီတော့မှပဲ ပြောချင်ပြောမယ်လေ၊ ဒီနေ့တော့ မပြောသေးဘူး" ဟု ပြန်၍ဖြေလိုက်လေ၏။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

[၆]

နံနက်စာကော်ဖီပွဲကို ဆရာမကလေး သယ်ယူလာရာတွင် စာတစ်စောင်ပါ၍လာလေသည်။ ထိုစာမှာ နွားနို့ထည့်သော ကြွေကရားကလေးကို ခေါင်းမှီလျက် သန်းကြည်ဖက်သို့လှည့်၍ ထားလေသည်။ သန်းကြည်သည် စာအိတ်ပေါ်ကနာမည်ကို ဖတ်လိုက်သည်။

မမြသွေး

ထိုနာမည်ကိုဖတ်ရ၍ သန်းကြည်လန့်၍သွားသည်။ သို့သော် သူ၏မျက်လုံးများကို ထိုစာပေါ်မှခွာ၍မရ။ လက်ထဲက လိမ္မော်ရည်ထည့်ထားသော ဖန်ခွက်မှာလှုပ်၍နေတော့သည်။ စာအိတ်ပေါ်က နာမည်စာလုံးများမှာ ကြည့်ရင်းကြည့်ရင်းကြီး၍ကြီး၍လာလေသည်။

မမြသွေး

"စာကိုယူပြီးဖွင့်ကြည့်ပါဦး၊ အခုလိုမကိုင်ဘဲကြည့်နေတာ ကိုတမှာစီးလို့လား"ဟု ဆရာမလေးက ရယ်သွမ်းသွေးလိုက်သည်။

စာအိတ်သည် သန်းကြည်၏လက်ထဲက နှစ်ကြိမ်တိုင်တိုင်လွတ်



ကျပြီးမှ ဖွင့်၍ကြည့်ရလေသည်။

ချစ်သမီးမြ

ချစ်သမီး ကျန်းမာလာပြီဖြစ်ကြောင်းကို ဒေါက်တာစိုးမင်း၏စာ၌ ဖတ်ရှုသိရှိရ၍ ဝမ်းမြောက်နေကြသည်။ သမီးထံ မေမေကိုယ်တိုင်လာချင်သော်လည်း ခရီးမသွားရန် ဆရာဝန်က ညွှန်ကြားထား၍ မလာရပါ။ သားကြီးအတွက် ရောက်ရှိခံစားရသော စိတ်သောကကြောင့် ခရီးသွားရန်သာ၍ မသင့်တော်ဟု တားမြစ်ပါသည်။ သို့ဖြစ်၍ သမီးကိုယ်တိုင် မေမေ့ထံသို့ လာခဲ့ပါ။ အမြန်လာစေလိုသည်။ မေမေတို့မှာ သားကြီးဆုံးပြီးနောက် သားကြီးအတွက်ဖြေဖျော်စရာ သမီးပဲရှိသည်။ သမီးကို တစ်ခါမျှ မမြင်ကြရဘူးသော်လည်း ယခု မေမေတို့၏သမီးဖြစ်လာ၍ အလွန်မှ တွေ့ချင်နေကြပါသည်။

သန်းကြည်သည် စာကိုပင်ဆုံးအောင်မဖတ်နိုင်။ အရေးကြီးသည့်အချက်များ မပါတော့၍ ဖတ်ရန်လည်း မလိုတော့ပေ။ ဖတ်ပြီးခဲ့သည့်စာထဲကစာလုံးများသည် သန်းကြည်၏ဦးခေါင်းထဲတွင် မီးရထားဘီးကဲ့သို့ ရပ်မနားလည်ပတ်ကာ တစ်လုံးနောက်သို့တစ်လုံး လိုက်တမ်းပြေးတမ်းကစား၍နေကြသည်။

"ဝမ်းမြောက်စရာသတင်းပဲမဟုတ်လား"ဟု ဆရာမကလေးကမေးလေသည်။

"လာဖို့မှာလိုက်တဲ့စာပဲ"ဟု သန်းကြည်က ဝမ်းမြောက်ခြင်းလည်းမရှိ ဝမ်းနည်းခြင်းလည်းမရှိသော အမူအရာဖြင့်ပြန်၍ဖြေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုပြန်ဖို့အတွက်တော့ ဘာမှပူမနေပါနဲ့။ မီးရထားပေါ် အရောက် လိုလေသေးမရှိအောင် လုပ်ပေးဖို့အားလုံးစီစဉ်ထားပါတယ်"

သန်းကြည်သည် အနည်းငယ်မျက်လုံးပြူးသွားကာ "ကျွန်မကို ပြန်ဖို့ စီစဉ်ထားကြပြီလား" ဟုမေးလိုက်သည်။ "ဟုတ်တဲ့ ဗုဒ္ဓဟူးနေ့ထွက်မဲ့ မီးရထားနဲ့ လိုက်ဖို့နေရာသီးသန့်ယူထားပြီးပါပြီ"

"ဟာ. . . မဟုတ်ဘူး။ ကျွန်မ မသွားချင်ဘူးရှင့်။ မသွားဘူး"

ဆရာမကလေးက သန်းကြည်၏မျက်နှာအမူအရာကို ကြည့်နေပြီးပြုံးလိုက်သည်။

"ဒီမှာပျော်နေလို့ မပြန်ချင်တော့ဘူးထင်တယ်။ ဒီလိုချည်းလည်း အမြဲဘယ်ဖြစ်ပါ့မလဲ။ အိမ်ထက် ပျော်စရာကောင်းတဲ့နေရာရှိသေးသလား။ အခုကြုံရတဲ့အဖြစ်အပျက်ဟာလဲ အိမ်ကျရင်တဖြည်းဖြည်း မေ့သွားမှာပါပဲ"

"အို. . . ကျွန်မ မသွားချင်ဘူး"

"ကိုယ်စိတ်ထင်ရာလုပ်ချင်တိုင်းလဲ မဖြစ်သေးဘူးလေ။ သားကလေးအတွက်လဲ ရှိသေးတယ်မဟုတ်လား၊ သူ့ကို ဆေးရုံကယူပြီးမွေးစားချင်ပါမလား။ သူ့အတွက် အိမ်နဲ့အိုးနဲ့ရှိပေးရဦးမယ် မဟုတ်လားရှင့်"

သန်းကြည်သည် ငိုင်တွေ၍သွားလေ၏။ တင်းမာသော စိတ်များမှာ ပျော့၍သွားလေသည်။

"ဟုတ်တာပဲလေ။ သူ့အတွက် အိုးအိမ်ရှိဖို့မှဖြစ်နိုင်မယ်"ဟု ပြန်၍ပြောလိုက်လေသည်။

လူ၏ဘဝဖြစ်စဉ်တွင် တစ်ခုသောအဆင့်၌ရပ်နားခဲ့ပါက ဖြစ်မည့်ဘဝလမ်းသည် နောက်တဆင့်တွင်မှ ရပ်နားခြင်းဖြင့် လမ်းပြောင်းသွားရသည်။ လူတိုင်းလူတိုင်းသည် မိမိ၏ကြမ္မာကို မိမိသာဖန်တီးသည်ဟု အချို့က ဆိုကြသည်။



အချို့ကလည်း လူတိုင်း လူတိုင်းသည် ရေစီးတွင် မျောနေသည့် သစ်ရွက်ခြောက်တဲ့သို့လည်းကောင်း၊ လေယူဆောင်ရာ လွင့်ပါရသည့် လဲပွင့်ကဲ့သို့လည်းကောင်း ကံကြမ္မာ၏ဖန်တီးရာကို ခံ၍နေကြရသည်။ လူ့ဘဝဖြစ်စဉ်၌ မိမိရပ်နားလိုသည့် နေရာ၌ရပ်၍မရ။ ကံစီမံထားသည့် နေရာ၌သာ ရပ်နိုင်မည်။ ထိုနေရာတွင် သူ၏ဇာတ်လမ်းသည် စတင်ရန် သူ့အားစောင့်စားနေသည်။ လူသည် ဝတ္ထုရေးဆရာမဟုတ်။ ဝတ္ထုရေးဆရာ ဖန်တီးပြသမှုကပြနေရသည့် ဇာတ်ကောင်ဖြစ်သည်ဟုဆိုကြသည်။

သို့အားဖြင့် ကံကြမ္မာတည်းဟူသော ဝတ္ထုရေးဆရာကြီးသည် သန်းကြည်၏ဇာတ်လမ်းကို တခန်းဖွင့်လိုက်ပြန်သည်။

သန်းကြည်မှာ မီးရထားစီး၍ ခရီးထွက်ရပြန်လေ၏။ ယခုတစ်ကြိမ်ကား ယခင်မန္တလေးမှ ထွက်ခဲ့ရစဉ်ကကဲ့သို့ မဟုတ်တော့ပေ။ သာတောင့်သာယာရှိလှသည်။ မီးရထားလမ်းဘေးဝဲယာရှိ လယ်ကွင်းကြီးများ၊ ချောင်းတလေးမြောင်းကလေးများနှင့် အဝေးတွင် မှိုင်းမှိုင်းညို့ညို့မြင်ရသော တောရိပ်တောင်ရိပ်များသည် လောက၏သာယာကြည်နူးဖွယ်ရှိမှုတို့ကို ဖော်ပြလျက်ရှိပေ၏။ ထို့ထက် သန်းကြည်၏ဘဝကို သာယာစိုပြည်မှုရှိအောင် ဖန်တီးပေးနေသည်မှာ မိမိနှင့်မျက်နှာချင်းဆိုင်ရှိ အိစက်နူးညံ့သော တစ်ယောက်အိပ်ထိုင်ခုံပေါ်ရှိ အပြာရောင်သိုးမွေးစောင်အတွင်းမှ ဖြူဖြူဖွေးဖွေးမျက်နှာကလေးသာ ပေါ်လွင်လျက်ရှိသော ချစ်ရင်သွေးတလေးပင်ဖြစ်ပေ၏။

သူကသာလျှင် သန်းကြည်အဖို့ ချစ်စရာ၊ ယုယစရာ၊ တွယ်တာစရာရှိသည်။ သူကလေးကြောင့်သာလျှင် ဤမီးရထားကြီးကို စီးလျက်ဤခရီးကို ထွက်လာခဲ့ရခြင်းဖြစ်ပေသည်။ သူသာလျှင် ဤခရီးသာမဟုတ်ဘဲ ဘဝလမ်းခရီး၏အဖော်ဖြစ်ပေ၏။

သို့သော် ယခုအကြိမ်မီးရထားစီးလာခဲ့သည်တွင် ယခင်နှင့်မတူဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ခြင်း စိုးရိမ်ခြင်းနှင့် မကင်းပေ၊ ဘယ်နေရာတွင် မိမိခြေလှမ်းများလေမည်နည်းဟု တွေး၍ပူနေရသည်။

မီးရထားဘီးလိမ့်သံမှာ သာမန်ခရီးသွားတို့အဖို့ ကြားနေကျဖြစ်၍ မထူးခြားလှသော်လည်း သန်းကြည်၏ နားထဲ၌မူ "ဂျက်ဂျက်ဂျုတ်ဂျုတ် မသွားနဲ့ နောက်ဆုတ် ဂျက်ဂျက်ဂျုတ်ဂျုတ် မတိုးနဲ့ပြန်ဆုတ်"ဟု ပြောနေသည့်အလား ကြားယောင်မိလေသည်။

သန်းကြည်အဖို့ နောက်ဆုတ်နိုင်ပါမည်လော။ နောက်ကြောင်းကို ပြန်၍ကြည့်လိုက်သည့်အခါ ရက်သားမှုသာ ရှိသေးသော ချစ်ရင်သွေးနှင့် ငွေတစ်ကျပ်သုံးပဲနှစ်ပြားကိုသာ မြင်နေရသည်။

မီရထားဘီးသံမှာ ပြောင်းလဲသွားကာ "ဂျုတ်ဂျုတ်ဂျက်ဂျက် ဆုတ်ဖို့ခက်ခက်။ ဂျုတ်ဂျုတ်ဂျက်ဂျက် ဆုတ်ဖို့ခက်ခက်"ဟု ကြားလာရပြန်တော့သည်။

မီးရထားဝဲယာတွင် လယ်ကွင်းများကိုသာမြင်၍ နေခဲ့ရရာမှ တဲကလေးများ၊ အိမ်ကလေးများကို မြင်စပြုလာလေပြီ။ အရှိန်ကြီးစွာ မောင်းနှင်၍လာသော မီးရထားကြီးသည် တဖြည်းဖြည်းအရှိန်လျော့၍လာလေ၏။ ရထားလမ်းဘေးရှိ အိမ်များမှာ တဖြည်းဖြည်းစိပ်၍လာလေသည်။ မီးရထားလမ်းဘေးမှ လှမ်းမျှော်လျက် အားရွှင်လန်းစွာ ဟစ်အော်ကြသော ကလေးများနှင့် သွားလာနေကြသော လူရိပ်လူခြေများကိုလည်း တွေ့မြင်နေရသည်။

ရှည်လျားစွာ ဆွဲငင်၍မှုတ်လိုက်သော ဥသြသံကိုကြားလိုက်ရပြီးနောက် မီးရထားသည် အရှိန်သတ်ကာ ဘူတာရုံတစ်ခုထဲသို့ ဝင်ပြေးနေပြီကို တွေ့ရသည်၊ သန်းကြည်သည် သံလမ်းဘေးရှိအုတ်ခုံပေါ်၌ တိုင်ထူ၍ဆေးဖြူသုတ်ထားသော ပျဉ်ပြားကြီးပေါ်ကစာလုံးများကို ရွေ့လျားနေသောမီးရထားပေါ်မှ တစ်လုံးချင်းနောက်ပြန်မြင်ရလေ၏။



## သတင်းကျွန်း

သန်းကြည်သည် တခဏမျှမေ့နေသကဲ့သို့ ငေးကြောင်နေရာက "ကုလီရှိသလားအမား။ ကုလီရှိသလားအမား" ဟူသောအသံများ နားထဲသို့ဝင်၍လာမှ မီးရထားရပ်နေပြီကို သတိရလေ၏။

သန်းကြည်မှာ ဘာလုပ်ရမည်ကိုမသိချေ။ သူ၏ ခေါင်းထဲတွင် ပထမဆုံးအရေးတကြီးပေါ်လာသည့် အရာမှာကား သားငယ်ကလေးပင် ဖြစ်သည့်အလျောက် ကမန်းကတန်းပြေး၍ ကလေးကိုထွေးပိုက်ပြီးလျှင် မီးရထားတွဲအပြင်ဘက်သို့ ငေးစိုက်ကြည့်နေမိတော့သည်။

"ဟော. . . တွေ့ပြီ။ ဟိုမှာ ကလေးလည်းပါလာတယ်"

သန်းကြည်သည် အသံကြားရာဘက်သို့ လှမ်း၍ကြည့်လိုက်ရာ မီးရထားစင်္ကြံပေါ်ရှိ လူများအကြားမှ မိမိအားလက်ပြ၍ နှုတ်ဆက်နေသော အသက်၅၀ကျော်ခန့်ရှိ မိန်းမကြီးတစ်ဦးကိုမြင်ရလေ၏။ ထိုမိန်းမကြီး၏မျက်နှာမှာ တိမ်ပုပ်တိမ်မဲများအကြားမှ နေရောင်တောက်ပလင်းလာသကဲ့သို့ ရွှင်ပြုံးစရာကို ယခုမှရှာဖွေတွေ့ရသော အပြုံးဖြင့် နှုတ်ဆက်နေသည်ကို တွေ့လိုက်ရသည်တွင် သန်းကြည်မှာ ထိုမိန်းမကြီးအပေါ်တွင် မြင်လျှင်မြင်ခြင်း ကြည်ညိုခြင်း၊ ချစ်ခင်ခြင်းနှင့် အားကိုးစိတ်ပေါ်လာပြီးလျှင် မီးရထားပေါ်၌ ခံစားခဲ့ရသော ထိတ်လန့်စိုးရိမ်စိတ်များ ပြေပျောက်သွားသကဲ့သို့ အားတက်မိလေ၏။

သန်းကြည်သည် အစ၌ထိုမိန်းမကြီးကိုသာ မြင်မိ၍နောက်မှ ၎င်း၏အနီးက ယောကျ်ားကြီးတစ်ယောက်ကလည်း မိမိကိုကြည့်ကာ လက်ပြနှုတ်ဆက်နေသည်ကို မြင်မိလေ၏။ ယင်းသို့ဆီးကြိုနှုတ်ဆက်နေကြသော လက်များသည် သန်းကြည်အား "လာလော့။ သင်၏ဆိုးညစ်သော ဘဝဟောင်းကိုစွန့်ပစ်၍ ပွင့်လင်းသောဘဝသစ်သို့ လာခဲ့လော့"ဟု ခေါ်၍နေကြသည်နှင့် မခြားလှပေ။

www.burmeseclassic.com

www.burmeseclassic.com



သန်းကြည်သည် ဖဲစွည်းများကိုသယ်ယူရန် လာကြသောကူလီများကို ရထားတွဲပေါ်သို့တက်ရောက်ရန် တံခါးဖွင့်ပေးလိုက်ပြီးနောက် ကလေးကိုပိုက်၍ တွဲပေါ်မှဆင်းခဲ့လေ၏။

ရထားတွဲတံခါးသည်ကား ဘဝဟောင်းမှ ဘဝသစ်သို့ကူးပြောင်းသည့် တံခါးကဲ့သို့ ရထားတွဲပေါ်၌ သန်းကြည်၏ဝိညာဉ်ကျန်ရစ်ခဲ့ပြီး တွဲပေါ်မှဆင်းလာသူမှာ မမြသွေးဖြစ်ပေတော့သည်။

□□□

[၃]

သစ်လွင်ခန့်ညားသော ပက္ကာဒ်မော်တော်ကားကြီးသည် လမ်းမကြီးပေါ်မှ အိမ်ဝင်းထဲသို့ကွေ့ဝင်လိုက်ရာတွင် ကားပေါ်၌ပါလာသော မမြသွေးသည် ဝင်းတံခါးရှိအုတ်တိုင်တစ်ဖက်၌ ချိတ်ဆွဲထားသော နာမည်ဆိုင်းဘုတ်ကလေးကို ဝရှထား၍ကြည့်မိလေသည်။

ဦးဘိုးသင်း

မမြသွေးသည် ထိုအမည်ကိုတွေ့ရမှ မိမိနှင့်မစပ်ဘဲတော်ရသည့် ယောက္ခမနှစ်ဦး၏ အမည်ကိုမျှမသိရဘဲ လိုက်ပါလာခြင်းကို ပြန်တွေးမိပြီး ယခုတွေ့ရပြီဖြစ်၍ တော်ပါသေးရဲ့ဟု မချင့်မရဲပြုံးလိုက်နိုင်ပေ၏။ စင်စစ်သော်ကား ထိုသို့သိထားရန် အရေးမကြီးလှပေ။ "ဖေဖေ၊ မေမေ"ဟု ခေါ်လျှင်ပြီးနေသည်။ မိမိအဖို့မှာ ထိုသို့ပင်ခေါ်ရမည်သာ။ ယခုကားဆိုလျှင် မိမိ၏ဖခင်ရင်းကိုပင် နာမည်မေ့သလောက်ရှိနေပေပြီ။ အတော်ဆိုးစားသူပါမှ မိမိဖခင်မှာ ကိုသာဒင်ဆိုသူဖြစ်ပြီး ၆နှစ်အရွယ်လောက်ကပင် ပျဉ်ဒရယ်သစ်တောသို့ ထင်းတင်ရန်သွားရင်း ငှက်ဖျားနှင့်သေဆုံးသွားခဲ့

www.burmeseclassic.com



သည်ကို ရေးရေးမျှသာ မှတ်မိရ၏။ သို့ဖြစ်၍ မိမိအား သမီးအဖြစ်အသိအမှတ်ပြုထားကြသော ကိုမြင့်ထူး၏ မိဘနှစ်ပါးသည်သာလျှင် မိမိ၏မိဘများဖြစ်ရပေတော့မည်။

အိမ်ဝင်းထဲသို့ မော်တော်ကားမောင်းဝင်လာပြီး ဆင်ဝင်အောက်၌ ရပ်လိုက်မိလျှင်ပင် အသက် ၅၀ခန့်ရှိမိန်းမကြီးတစ်ဦး ဝမ်းသာအယ်လဲ ထွက်ကြိုလေ၏။

"ဟော. . . တူမကြီးပါလာပြီ။ ဟယ်. . . ငါ့မြေးကလေးကလည်း ချစ်စရာကြီးပါလား"

ထိုအဒေါ်ကြီးသည် ကားပေါ်မှဆင်းလာသော မမြသွေး၏ လက်ထဲမှ ကလေးကိုဆီး၍ ပွေ့ယူလိုက်ပြီး ငုံ့၍နမ်းလိုက်သည်။

"အင်း ဒါကတော့ မေမေ၊ ဖေဖေတစ်ဦးဦးရဲ့ ညီမပဲ၊ သူ့နာမယ်မသိရလို့လဲ အရေးမကြီးသေးဘူး၊ ဒေါ်ဒေါ်ခေါ်ရင် ပြီးတာပဲ"ဟု မမြသွေး၏စိတ်ထဲကထားပြီး ပြုံး၍နှုတ်ဆက်လိုက်လေ၏။

ကားပေါ်မှ ဖေဖေနှင့် မေမေတို့ဆက်လက်၍ ဆင်းလာကြပြီးနောက် ဒေါ်ဒေါ်က ကလေးကိုပွေ့လျက် အိမ်ထဲသို့ဦးစွာဝင်လေ၏၊ မမြသွေးသည် ရုတ်တရက် မဝင်ရဲသကဲ့သို့ရှိနေစဉ် အိမ်ထဲမှ ယောကျ်ားပျို တစ်ဦးထွက်လာကာ "လာလေ၊ ဝင်ပါ" ဟုခရီးဦးကြိုပြုသည်ကို တွေ့ရပြန်လေ၏။

ယောကျ်ားပျိုမှာ အသက်အရွယ်အားဖြင့် မိမိနှင့်မတိမ်းမယိမ်းရှိပြီးလျှင် ယခင်ကလည်းမမြင်ဘူး။ မည်သူမည်ဝါမှန်းလည်းမသိသဖြင့် မမြသွေးမှာ မျက်နှာမထားတတ်အောင် ဖြစ်ရ၏။ နောက်မှယောကျ်ားပျို၏ ခင်မင်ရင်းနှီးစွာပြုံးချိုသောမျက်နှာနှင့် မေမေကြီး၏ "သမီးဝင်လေ" ဟူသောအားပေးမှုကြောင့် ဝင်ရဲအောင်ဖြစ်ရပြီးလျှင် ယောကျ်ားပျို၏ နှုတ်ဆက်သောအပြုံးကို ပြန်လည်တုံ့ပြန်ကာ မိမိအားအသင့်လက်ခံနေသော



အိမ်ကြီးထဲသို့ဝင်လိုက်လေ၏။

ယင်းသို့ မျက်နှာချင်းဆုံ၍ ပြုံးလိုက်စဉ်မှာပင် ယောကျ်ားပျို၏ ကြည်လင်လန်းဆန်းသောမျက်နှာ၊ မြင့်မားသော အရပ်အမောင်း၊ ကျယ်ပြန့်သောရင်အုံ စသည်တို့ကို မမြသွေး၏မျက်လုံးများထဲ၌ ဓာတ်ပုံခလုတ်နှိပ်လိုက်မိသည်။

သို့သော် သူကား မည်သူနည်း။ ထိုအိမ်၌ ဖေဖေ၊မေမေတို့ကဲ့သို့ပင် အရေးပါသူတစ်ယောက် ဖြစ်လေရော့သလား။ သူ့အား မည်သည့်အနေမျိုးဖြင့် စကားပြောရမည်နည်း။

သူ့အတွက် မမြသွေးမှာ စိတ်အိုက်သွားရသည်။ အရေးယူအပ်လျက် အရေးမယူမိက မှားလေရော့မည်။ အရေးမယူအပ်ဘဲ အရေးယူမိက ခြေလှမ်းမှားနေခြင်းကို ရိပ်မိကြကာ တခဏချင်းမှာပင် မိမိအကြောင်း ပေါ်သွားတော့မည်ဟု စဉ်းစားမိသည့်အလျောက် သူ့အကြောင်းကို မသိသေးသမျှ သူနှင့်ပတ်သက်၍ အစစအရာရာ သတိထားနိုင်မှ တော်ကာကျမည်ကို သတိပြုလိုက်ရသည်။

မေမေသည် လည်ပင်းမှ ပုဝါကိုချွတ်၍ ကုလားထိုင်တစ်လုံး၏ နောက်မှီပေါ်တွင်တင်လိုက်ရင်း "ကဲ. . . သမီးအမောဖြေပါဦး"ဟု ပြောသဖြင့် မမြသွေးသည် မေမေညွှန်ပြသည့် ဆိုဖာပေါ်တွင်ထိုင်လိုက်ရလေ၏။

အိမ်သားများကား အမောမဖြေနိုင်ကြသေးပေ။ အဒေါ်ကြီး၏ လက်ထဲက ကလေးကို တစ်ယောက်တလဲစီဆွဲ၍ ချီကြကာ မြှူကြ၊ ချော့ကြ ကလေးကိုကြည့်၍ မှတ်ချက်ပြုကြနှင့် အလုပ်များနေကြပေသည်။

နောက်ဆုံးတွင် သားကလေးသည် ယောကျ်ားပျို၏လက်ထဲသို့ ရောက်သွားလေ၏။ သူ့လက်ပေါ်ရောက်ခါမှ ခလေးလည်းကျင်ငယ်စွန့်သေရာ လုံချည်မှာရွှဲနစ်စို၍သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကျွန်တော့်အပေါ်ကျမှဘဲ ဂျိုးဖြူပိုက်က ပေါက်တော့ တာကို ရော့. . . ဒေါ်ဒေါ်ကျော့ကလေးယူပါဦး"

အားလုံးက သဘောကျ၍ ဟက်ဟက်ပက်ပက် ရယ်မောနေကြ လေရာ မမြသွေးမှာလည်း မရဲတရဲရှိလှသော အပြုံးဖြင့်ဝင်၍ ရောလိုက် ရလေ၏။

"မင်းတူကြီးက ရောက်ရောက်ချင်း မင်းကိုအချစ်စမ်းလိုက်တာ ကွဲ့"ဟု အဒေါ်ကပြောရင်း ကလေးကိုလှမ်း၍ယူလိုက်လေ၏။ ယောကျ်ား ပျိုသည်လည်း ရယ်မောကာ ပုဆိုးစကိုဆွဲ၍ လှုပ်ခါလျက် အဝတ်လဲရန် ခပ်သုတ်သုတ်ထွက်သွားလေ၏။

ထိုယောကျ်ားပျိုကား မိမိသားကလေး၏ ဦးလေးတော်မှန်းကို သိရသော်လည်း ဒေါ်ဒေါ်ကျော့၏ သားလော၊ ဖေဖေ မေမေတို့၏သား လောဟု မထင်ရှားသေးပေ။ သို့သော် ဤမျှသဲလွန်စရ၍ ထားလျှင်ပင် တော်လှပြီ။ ယခုအခိုက်အတန့်အားဖြင့်လည်း အနီး၌ရှိနေသဖြင့် သူ့အ တွက်စိတ်အေးနေရပြန်သည်။

"သမီး အဝတ်အစားတွေ လဲဦးမှပဲ"

မေမေ၏စကားကြောင့် မမြသွေးမှာ အနည်းငယ် မျက်နှာမသာ မယာဖြစ်သွားရသည်။ ဆက်လက်၍ "သမီးဘို့ အဝတ်အစားတွေ အသင့် ချုပ်ထားတယ်"ဟု ကြားရမှ မမြသွေးမှာ အဝတ်အစားပြဿနာအတွက် စိတ်အေးသွားပြန်သည်။

"သမီးကိုယ်ထည်လည်း မသိတာနဲ့ ဆရာမကလေးဆီ စာရေးပြီး အတိုင်းတောင်းယူရတယ်"

"အော် . . . ဟုတ်ကဲ့ မေမေပြောမှ ကျွန်မလည်း သတိရတယ်၊ ဆရာမလေးပဲ ကျွန်မကိုယ်ကို အတိုင်းအထွာယူတယ်။ အဲဒီတုန်းက ဘာ လုပ်ဖို့ဆိုတာ ကျွန်မ တွေးလို့မရဘူး၊ ဆရာမကလေးကလည်း ပြောမပြဘူး



မေမေရဲ့"

"အကျီတွေကတော့ အတိုင်းနဲ့ချုပ်ထားတာမို့ တော်မှာပါပဲ၊ လုံချည်တွေသာ သမီးအကြိုက်နဲ့ ကိုယ်မကိုက် မသိရတယ်၊ သမီးက ဘယ် အရောင်မျိုးကြိုက်သလဲ၊ ဖျော့ဖျော့လား လွင်လွင်လား"

"အို . . . မေမေကလည်း ဒုက္ခရှာလို့"

"ပြောပါ၊ သမီးအကြိုက်ပြောစမ်းပါ"

"ပြောရမယ်ဆိုရင်တော့ ကြည်ပြာရောင်ကလေးတွေပဲ အများဆုံး ကြိုက်ပါတယ်"

"တဲ့ . . . ကျွန်တော်မှန်းတာနဲ့ မကိုက်ဘူးလားမေမေ"

မမြသွေးမှာ ရုတ်တရက်လန့်သွားမိ၏။ ပြောလိုက်သူကို ကြည့် လိုက်ရာတွင် စောစောကတွေ့ရသော ယောကျ်ားပျိုဖြစ်ပြီး မိမိတို့အနီး၌ ရပ်နေသည်ကိုတွေ့ရသည်။

"ဒီအရောင်နဲ့ဘဲ သမီးနဲ့လိုက်ပါတယ်"

"ကျွန်တော်က နာမည်နဲ့မှန်းပြီး အလိုက်ရော အကြိုက်ရွေးဝယ် ခဲ့တာ"

"ဟုတ်တယ်သမီးရဲ့ မောင်သက်ဝင်းကိုယ်တိုင် ရွေးတာချည်းပဲ၊ ဒီလိုအကြိုက်ချင်းညီတာပဲ မေမေ သဘောကျသေးတော့တယ်ကွယ်"

မေမေက ပြောရင်း ကျေနပ်သောအပြုံးဖြင့် ပြုံးနေသည်။ မောင် သက်ဝင်း၏မျက်နှာတွင်ကား ရှက်အမ်းအမ်းဖြစ်၍နေသည်။ မမြသွေးမှာမူ မည်သူ၏မျက်နှာကိုမျှ မကြည့်၊ အထူးသဖြင့် မောင်သက်ဝင်း၏ မျက် လုံးများနှင့် မိမိ၏အကြည့် ဆုံမိမည်စိုးရိမ်သကဲ့သို့ ခေါင်းကို ခပ်ငုံ့ငုံ့ကလေး လုပ်၍ ထားရလေသည်။

"အဝတ်အစားလဲပြီးမှပဲ လက်ဖက်ရည်သောက်ကြပါစို့ကွယ်၊ လာ . . . သမီးအခန်းကို သွားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



မေမေ၏ရှေ့ဆောင်ရာသို့ မမြသွေးလိုက်ပါသွားကာ သပ်ယပ် တင့်တယ်စွာ ခင်းကျင်းစီမံထားသော အခန်းငယ်တစ်ခုသို့ ရောက်ရှိသွား လေ၏။ မေမေသည် အလှပြင်ဆင်ဖီးလိမ်းရန် ပစ္စည်းအပြည့်အစုံတင် ထားသော မှန်တင်ဗီရိုစားပွဲကလေးအောက်ထပ်ရှိ အံဆွဲတစ်ခုကိုဖွင့်၍ မမြသွေးဝတ်ရန် အဝတ်အစားများကို ပြလေသည်။

“အဲဒါ သမီးအဝတ်အစားချည်းပဲ”ဟု မေမေက ပြောပြလျှင် အခန်းဝဆီသို့ ရောက်လာသော အခိုင်းအစေမိန်းကလေးအား “လာစမ်း မအေး၊ ညီးမမ ဘာလိုချင်တယ်ဆိုတာ ကြည့်ပြီးလုပ်ပေးလိုက်”ဟု မှာထား ပြီး “သမီး အဝတ်အစားလဲပြီးရင် လက်ဖက်ရည်သောက်ရအောင် အောက်ကိုဆင်းခဲ့ပေတော့”ဟု ပြောကာ အခန်းပြင်သို့ ထွက်သွားလေ သည်။

မမြသွေးသည် အဝတ်အစားများမှာ မိမိကြိုက်သော အသွေး အရောင်များ ဖြစ်နေသည်သာမက အဆင်များမှာလည်း မိမိသဘောကျ ဖြစ်နေလေရာ မောင်သက်ဝင်း၏ စိတ်ကူးယဉ်မှုမှာ လူကိုပင်မမြင်ရဘဲ လျက် သူတစ်ပါး၏အကြိုက် သိတတ်မှုကို ကြိတ်၍ချီးကျူးမိလေ၏။

“သူနာမည်ကတော့ ကိုသက်ဝင်း၊ သူကတော့ ကိုမြင့်ထူးရဲ့ညီ၊ ကိုမြင့်ထူးက မိမိရဲ့လင်၊ မိမိကတော့ မုဆိုးမလို့ အသိအမှတ်ပြုနေကျတဲ့ တစ်ခုလပ်၊ သူကတော့ လူပျို၊ ခယ်မနဲ့ခယ်အို၊ လူပျိုနဲ့တစ်ခုလတ်” မမြ သွေးဦးနှောက်တွင်းမှ တွေးလုံးများသည် ဂျာအေးတို သူ့အမေရိုက်နေကြ လေ၏။ ထိုအခိုက် ကလေးငိုသံကြားလိုက်ရသဖြင့် အတွေးများပျောက်၍ သွားကြသည်။

ဒေါ်ဒေါ်ကျော့သည် မမြသွေး၏သားကလေးကို ချီပွေ့၍ဝင် လာ၏။ မအေးက အငန်းမရဖြစ်သော အမူအရာဖြင့် ကလေးကို ပြေး၍ လှမ်းယူလိုက်၏။



“အို . . . ကျုပ်မြေးကို ညီးတို့လက်တွေနဲ့ မကိုင်ပါနဲ့” ဒေါ်ဒေါ် ကျော့က ကလေးကို မအေး အချီမခံဘဲ ရှောင်တိမ်းလိုက်ပြီးလျှင် မမြသွေး ဆီသို့ ယူသွားလေ၏။

“ကလေး ဆာပြီထင်တယ်၊ ဒေါ်ပါဦး”

ဒေါ်ဒေါ်ကျော့သည် ကလေးကို မမြသွေး၏ လက်ထဲသို့ထည့် လိုက်ပြီးနောက် ပြန်၍ထွက်ခဲ့လေ၏။

မမြသွေးသည် ငိုနေသောကလေးကို ကြည့်လိုက်ပြီးနောက် မအေးအား “မမ ဘာမှမလိုတော့ပါဘူး၊ သွားတော့”ဟု အနီး၌မရှိစေလို၍ လွှတ်လိုက်လေ၏။

သားငယ်နှင့် နှစ်ယောက်ထည်း ကျန်ရှိသည့်အခါမှ မမြသွေး သည် ငိုနေသောသားကလေး၏ မျက်နှာအနီးသို့ ကပ်သည့်တိုင်အောင် ခေါင်းကိုငုံ့ကာ အသံတိုးတိုးဖြင့် “သားအဖို့ ငိုစရာမလိုတော့ပါဘူး၊ သား ရယ်၊ သားရဲ့ဘဝမှာ ပူစရာမရှိတဲ့နေရာကို ရောက်နေပါပြီ”ဟု ပြောပြော ဆိုဆို သားကလေးကို နမ်းရှုံ့ရာက ကိုင်တိုင်မျက်ရည်များမှာမူ လည် ၍လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

|၈|

"မည်တွင်နာမာ ခေါ်စရာကား မောင်ချစ်ဦးအသက်တစ်ရာနှစ် ဆယ်ရှည်စေသော်"

ထိုနေ့ကား မမြသွေး၏ သားတလေးအား နာမည်ပေးကင်ပွန်း တပ်မင်္ဂလာ ဆင်ယင်ကျင်းပသောနေ့ဖြစ်၏။ ဖေဖေ၊ မေမေတို့သည် သား မောင်မြင့်ထူးအတွက် မေ့မေ့ပျောက်ပျောက်ရှိနိုင်ရန်နှင့် ချွေးမချော ကလေး မမြသွေးအား ဆွေပြမျိုးပြဖြစ်စေရန် ရည်ရွယ်လျက် ထိုမင်္ဂလာပွဲ ကို တခမ်းတနားပြုလုပ်လေသည်။

မမြသွေးမှာ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို နှုတ်ဆက်ရ၊ မိတ် ဖွဲ့ရသည်မှာ လက်မလည်နိုင်အောင်ရှိရ၏။ ထိုအိမ်ကို ရောက်လာက တည်းက ယခုလောက် ဧည့်ပရိသတ်များများ တစ်ခါမျှ မမြသွေး မတွေ့ ခဲ့ရသည့်အပြင် ယခုကဲ့သို့လည်း မည်သည့်အခါတမျှ အများအပြားနှင့် မတွေ့ဘူးသဖြင့် မမြသွေးမှာ မိမိအား မိတ်ဆက်ပေးသော လူအများအား မျက်နှာနှင့်နာမည်ကို မှတ်မိရန် အထူးကြိုးစားရလေသည်။



မင်္ဂလာမှုကိစ္စအဝဝပြီး၍ မောင်ချစ်ဦးကို အိမ်ပေါ်သို့ခေါ်တင် သွားကြပြီးနောက် ဧည့်သည်များ တဖြည်းဖြည်း ပြန်သွားကြသည့် တိုင်အောင် ကြွင်းကျန်သော မိတ်ရင်းဆွေရင်းအချို့တို့မှာ အရှိန်မသတ် နိုင်ကြသေးဘဲ ဆက်လက်ပျော်မြူးလျက် ရှိကြလေသည်။

မမြသွေးသည် သားကလေးမောင်ချစ်ဦးကို အိပ်ရာပေါ်၌သိပ်၍ မွှေးမွှေးကလေးပေးပြီး ပြန်၍ဆင်းလာခဲ့ရာတွင် ဧည့်ခန်း၏လက်ဝဲဘက် အဆောင်တွင်းမှ စန္ဒရားလက်ပေါက်စမ်းသည့် အသံနှင့်တကွ လက်ပံပင် ဆက်ရက်ကျသလို ရယ်ကာမောကာ သောသောညံနေသော အသံများကို ကြားရလေ၏။

မမြသွေးသည် ပျော်ရွှင်မဆုံးတရှုံးရှုံး ဖြစ်နေကြသူများကို လှမ်း ကြည့်လိုက်လေသည်။ ပိယာနိုတွင်ထိုင်၍ လက်ပေါက်စမ်းနေသူကတော့ ရီရီတင့်။ သူ့အနားက မျက်မှန်ကလေးနဲ့ဟာကတော့ သူ့ညီမနဲ့တူရဲ့။ မျက် နှာချင်းလည်း ဆင်တယ်။ သူတို့ရဲ့ညာဘက်မှာ ကိုသက်ဝင်းကို လက်ဝဲ သတ်ယာ ခြံရံပူးကပ်ပြီး ထိုင်နေကြသူ နှစ်ဦးကတော့ ဆူဇန်အုန်းနဲ့ ခင်မေယု။ လက်ဝဲဘက်မှာ ပြတင်းပေါက်ကို နောက်မှီယင်း လက်ထဲက သီမွှော်ရည်ကို တစိမ့်စိမ့်သောက်ကာ သူတို့ကို အာရုံစိုက်နေတာကတော့ ကိုသက်ဝင်းရဲ့ ကိုသိန်းဇော် စသည်ဖြင့် မမြသွေးမှာ လူနှင့်နာမည်ကို မှတ်မိဟပ်မိအောင် ပြန်၍စဉ်းစားရသည်။

ရီရီတင့်သည် သီချင်းကြီးတစ်ပုဒ်ကို ကောက်၍တီးလိုက်ပြီး သူ့ ညီမက သီချင်းလိုက်၍ဆိုသည်။ ဆူဇန်အုန်းနှင့် ခင်မေယုတို့ကား သီချင်း ကိုစိတ်ဝင်စားပုံ မရကြပေ။ ကိုသက်ဝင်းအနီး၌ တွတ်တီးပလီနေကြလျက် သူ၏အရေးယူပျူငှာမှုကို အလုအယက်လုပ်နေကြပုံရသည်။ မမြသွေး သည် စိတ်ထဲကမချင့်မရဲ ထွက်လာသောအပြုံးကို မျိုသိပ်လိုက်ရသည်။

ကိုသက်ဝင်းမှာကား သူတို့၏ နှစ်ယောက်ကြားတွင် မတုန် မလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်ကဲ့သို့ရှိသည်။ ကိုသက်ဝင်း၏ တည်ငြိမ်သောအိန္ဒြေ သည် မမြသွေးအဖို့ အတွေးနက်စရာ ဖြစ်ရသည်။ ခေတ်ဆန်သူ မိန်းမပျိုနှစ်ဦး၏ ပလူးပလဲလုပ်မှုကို ပြော့ညွတ်ခြင်းမရှိနိုင်လောက်အောင် ကိုသက်ဝင်းသည် အာသဝေါကင်းသူတစ်ဦး ဖြစ်လေရော့သလား။ သို့မဟုတ် ထိုမိန်းကလေးနှစ်ဦးသည် သာမန်ယောကျ်ားတို့အဖို့ မြင်ရုံနှင့် အငန်းမရ ဖြစ်စေနိုင်ကြပါလျက် ကိုသက်ဝင်း နှစ်သက်သည့်အချိုးအစားထဲက မဟုတ်လေရော့သလား။ သူတို့အား မရိုးသားသော အကြည့်ဖြင့် ငေးစိုက်နေသော သိန်းဇော်မှာ သူတို့၏ အလိုလိုက်၍ အကြိုက်ကိုဆောင်မည့်လက္ခဏာရှိပါလျက် မတုန်မလှုပ် ကျောက်ရုပ်ကိုဝိုင်း၍ နေကြသည်မှာ ရယ်စရာပေပဲ။ ယင်းသို့ မမြသွေး တွေးမိသည်။

ရီရီတင့်၏ စန္ဒရားသံသည် မမြသွေးအား အနီးသို့ချဉ်းကပ်လာရန် ဖိတ်ခေါ်၍နေသည်။ သို့သော် စန္ဒရားအနီးသို့ မမြသွေး ရောက်လာသည်ကို တွေ့ရသဖြင့် မျက်မှန်နှင့်မိန်းကလေးက သတိပေးသကဲ့သို့ ရီရီတင့်၏ပခုံးကိုပုတ်လိုက်ရာ ရီရီတင့်သည် မမြသွေးကို လှည့်ကြည့်ပြီး ရုတ်တရက် အတီးရပ်လိုက်လေ၏။

"အို . . . ဆုံးအောင်တီးလိုက်ပါဦးလေ"ဟု မမြသွေးက လွှတ်ခနဲ ပြောလိုက်သည်။ "တီးပါ နားထောင်လို့သိပ်ကောင်းတာပဲ။ ဒီသီချင်းနာမည်က ဘာတဲ့လဲ ကျွန်မ မကြားဘူးသေးဘူး"

မမြသွေး၏ ပတ်ဝန်းကျင်တဝိုက်တွင် တိတ်ဆိတ်သွားသည်။ ရီရီတင့်က မမြသွေး၏ မျက်နှာကိုမော့ကြည့်ကာ မရွှင်မပြုံးသော အမူအရာဖြင့် "ရေယမုန်ပတ်ပျိုး" ဟုပြောသည်။

အနီးတဝိုက်၌ ရှိသူအားလုံး တိတ်ဆိတ်လျက် ရှိကြသည်ကို မမြသွေး ရိပ်မိသည့် ခဏမှာပင် မမြသွေးသည် မိမိမှာ အမှားတစ်ခုခုကိုတော့ဖြင့် လုပ်မိပြီဟု တွေးလိုက်မိသည်။ မိမိပြောလိုက်မိသည့်စကား



တွင် အမှားပါသွားပြီ။ ဘယ်အချက်မှားသည်ကိုကား ယခုတွေး၍ မရသေးပေ။

မမြသွေးသည် မိမိ၏စကားကို မည်သူတွေများ ကြား၍သွားသည်။ ဧည့်ခန်းတွင် အခြားမည်သူတွေ ရှိနေကြသေးလျက် မိမိကို ဂရုစိုက်ကြပါသနည်းဟု သိလို၍ လှည့်ကြည့်လိုက်ရသည်။

ဧည့်ခန်း၏ လက်ယာထောင့်စွန်းတွင် မေမေသည် ဧည့်သည်နှင့် စကားပြောနေသည်ကို တွေ့ရ၏။ သို့သော် မိမိဖက်သို့ ကြည့်မနေဖြင့် မိမိ၏စကားကို ကြားမိပုံမရချေ။ သိန်းဇော်မှာ စီးကရက်တစ်လိပ် ခတ်မီးခြစ်ဖြင့် မီးညှိနေသဖြင့် သူခေါင်းမှာ ငုံ့၍နေသည်။ သူလည်းမည်မဟုတ်။ ကိုသက်ဝင်း၏ ဝဲယာရှိ သာလိကာမကလေးနှစ်ဦးကို ကြည့်လိုက်ရာတွင်လည်း သူတို့သည် ကိုသက်ဝင်းကလွဲ၍ အခြားဘာမျှ စိုက်နေကြခြင်းမရှိ။ သူတို့လည်းမကြား။

မည်သူမျှ မမြသွေးကို မကြည့်။ မည်သူ၏မျက်လုံးများက သူနှင့်ဆုံ။

ကိုသက်ဝင်းသာလျှင် ခေါင်းကိုခပ်စိုက်စိုက်ထားရာက နဖူးရေများ အတွေးနက်ခြင်းဖြင့် တွန့်ရှုံ့တာ မျက်လွှာကိုလှန်၍ မမြသွေးအား ကြည့်နေလေသည်။

မမြသွေးသည် ကိုသက်ဝင်းနှင့် မျက်လုံးချင်းဆုံမိရာက မိမိ၏ မျက်လွှာကို ချလိုက်သည်။ သို့သော် သူကို မိမိမမြင်ရသော်လည်း သူမျက်လုံးများက မိမိကို ကြည့်နေလျက်ပင် ရှိမည်ကို မမြသွေး အတတ်တွေးမိသည်။

မမြသွေးမှာ ဘာကိုပြောရမည်မသိ။ ပြောစရာလည်း စကားမရှိဖြင့် အခန့်သင့် မနေအားယူလာသော လင်ပန်းထဲမှ လိမ္မော်ရည်တစ်ခွက် သူတော ပါးစပ်ကို အလုပ်ပေးထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရီရီတင့်၏ လက်များသည် စန္ဒရားခလုတ်များကို ကစားလို
ကြပြန်သည်။ သို့သော် စောစောက သီချင်းအဆက်မဟုတ်တော့ဘဲ ဗို
ဆံဆံ သံကြောင်၊ သံဆန်းများကို ထုတ်နေလေသည်။

ဧည့်သည်များ ပြန်၍သွားကြပြီး လူရှင်းသွားကာမှ မမြသွေးလည်
အိမ်ပေါ်သို့ ပြန်၍တက်ခဲ့သည်။ လှေကားအတက်တွင် မမေသည်
မမြသွေးအနီးသို့ ရောက်လာပြီးလျှင် အတူတက်၍ လိုက်လာလေ၏။

"သမီး အိန္ဒြေဆောင်နိုင်တာကို မမေ သိပ်ပြီး ချီးမွမ်းတာ
ဒီလိုနေရာမျိုးမှာ ဒီအတိုင်းပဲ။ ဘာသီချင်း တီးမှန်းမသိသလို ဟန်ဆော
လိုက်ဖို့ပဲရှိတယ်။ မမေလဲ မသိသလိုမကြားသလိုလုပ်နေလိုက်ရတာ

မမြသွေးသည် ခပ်မဆိတ်လုပ်နေရတော့သည်။ ဤအကြိမ် တွင်
နောက်ထပ်အမှားမခံတော့ဟု မိမိကိုယ်ကို သတိပေးလိုက်ရသည်။

"သူတို့တွေကတော့ ဒီသီချင်းကို တမင်တီးကြတာ မဟုတ်ပါဘူ
ဒီအချိန်ဒီနေရာမှာ ဒါကိုတီးလို့ တော်မတော် မစဉ်းစားတတ်ကြလို့
မမေကလည်း ဒီသီချင်းကို ကြားကြားခြင်း သူ့မျက်နှာကိုကွက်ခနဲ မြင်
မြင်လိုက်မိတော့တာပဲ။ အနားမှာ သူရှိနေသလိုလို၊ သူကိုင်တိုင် တီး
သလိုလို ဒီသီချင်းဟာ သားကြီးရဲ့အသည်းစွဲပဲ။ စန္ဒရားကိုင်လိုက်
ဒါကိုပဲ အရင်စပြီးတီးတယ်"

မမေ၏ စကားများသည် မမြသွေး၏နားထဲသို့ တစ်ခွန်းခ
လေးလေးမှန်မှန် ဝင်၍နေလေသည်။

"သားကြီးရဲ့အသည်းစွဲ ရေယမုန်"

ထိုခဏတွင် မီးရထားတွဲထဲက မိန်းမပျိုကို ပြန်၍မြင်ယောင်
သည်။ "မြကစော်ဘွားရဲ့သမီးတွေကို ဂီတသင်ပေးနေတုန်းကပေါ့။ မြင်
တွေ့ကြတာ"ဟူ၍ နားထဲ၌ ကြားယောင်မိသည်။ အော်. . . ကိုမြင့်
ဂီတနှစ်ချိုက်တတ်ပါကလား။

❒❒❒

[၉]

တစ်နေ့၊ တစ်ရက်၊ တစ်ပတ်၊ တစ်လဖြင့် ရက်လကြာ၍လာသော
ခါ မမြသွေးမှာ ထိုအိမ်ကြီးတွင် နေသားကျသွားပြီဖြစ်၍ တစ်သက်လုံး
ဝင် ထိုအိမ်၌ နေလာခဲ့ရသကဲ့သို့ သွားလာလုပ်ကိုင်မှုအဝဝတွင် ရဲတင်း
တ်လတ်စွာရှိလာလျက် မမေဖေဖေတို့ကလည်း လုံးဝဥသုံ အရေးပေး
ားခြင်းကြောင့် အစစအရာရာ သူ့လက်သူ့ခြေသာလျှင် ဖြစ်နေရပေ
ည်။

ယင်းသို့ ဖြူးဖြောင့်နေသော လမ်းခရီးမှာပင် မမျှော်လင့်သော
င်းများ၊ ချိုင့်များ ပေါ်လာတတ်ပေရာ ထိုသို့ပေါ်လာတိုင်း မမြသွေးမှာ
တိထား၍ ခြေလှမ်းရပေ၏။

"အခုဆိုရင် အတော်ပဲ ပြောင်းလဲနေရော့မယ်။ မမေ ငယ်ငယ်
န်းတသာ ရောက်ဖူးတာပါ။ အဲဒီအချိန်ကနဲ့ဆိုရင် သိပ်ပြီးပြောင်းလဲ
တာပဲ မဟုတ်လား"

မမေသည် မမြသွေးကို စူးစိုက်ကြည့်၍ မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်ဖြေတတ်မှာလဲ မလှုပ်ငြိမ်းရယ်"ဟု ဖေဖေကြီးက ကြာ ဖြတ်၍ ဝင်ပြီးလျှင် "မင်းရောက်ဖူးတဲ့ အရွယ်တုန်းက သူမှမရှိသေးတာ ဟိုတုန်းက ဘယ်လိုနေတယ်ဆိုတာ သူသိနိုင်ပါမလား"ဟု ပြောလိုက်၏

"ကိုယ်ကလဲ ဒီကမေးတာ ဒါလောက်လည်း တိတိကျကျပြောနေ မဟုတ်မှန်းလည်း သိရက်သားနဲ့"

"ဟုတ်ကဲ့. . . တစ်နှစ်ထက် တစ်နှစ်တော့ တိုးတက်နေပါတယ် ဟု မမြသွေးက မယုတ်မလွန်သောအဖြေကို ပေးလိုက်လေ၏။

"သမီးနဲ့ ထူးထူးနဲ့ လားရှိုးမှာဘဲ လက်ထပ်ကြတယ်မဟုတ်လား ဟူသော မေမေ၏ နောက်ဆက်တွဲအမေးသည် မမြသွေးကို ချောက်ကြ တစ်ခုနှင့် ရင်ဆိုင်တိုးစေတော့၏။

မမြသွေးက အဖြေမပေးနိုင်မီ ဖေဖေကြီးက ကြားဖြတ်၍ဝင် လို ပြန်လေသည်။ "သူတို့လက်ထပ်တာ မေမြို့မှာမဟုတ်လား၊ သူပေးလို တဲ့စာကို ကျုပ်အခုထက်ထိ မှတ်မိပါသေးတယ်၊ စာထဲမှာ မေမြို့က နေ့ ရက်စွဲနဲ့။ ကျွန်တော်တို့ လက်ထပ်ပြီးကြပါပြီ ဆိုတာအပါသားပဲ"

"လားရှိုးပါရှင့်၊ စာတောင်အိမ်ပေါ်မှာ ရှိနေပါသေးတယ် ကျွန် ယူပြီးပြရမလား။ လားရှိုးစာတိုက်ကတံဆိပ်မှာ အထင်အရှားပါပါ တယ်"ဟု မေမေကြီးက အခိုင်အလုံပြောနေကာ မမြသွေးဖက်သို့လှည့် "ကဲ. . . ဘယ်သူမှန်သလဲ သမီးရဲ့"ဟု မေးလိုက်လေ၏။

မမြသွေး၏ ရှေ့မှောက်တွင် ကြီးမားသော ချောက်ကြီးကို ရေ နေရလေရာ နောက်ကိုလည်းမဆုတ်သာ၊ ရှေ့သို့လည်းမည်သို့ ကျော်လွှ ရမည်ကို မကြံတတ်ရှိလေ၏။ ဖေဖေမေမေနှင့် ကိုသက်ဝင်းတို့ မျက်စိ စုံသည် မိမိအားစူးစိုက်နေကြ၏။ တရားသူကြီး၏ စီရင်ချက်ကို နားစွင့် ကြသည့် 'အမှုသည်များကဲ့သို့ မိမိ၏အဖြေကို ငံ့လင့်မျှော်နေကြသေ လည်း အမှုသည်များက ဘာမှုစိတ်၏လှုပ်ရှားမှုမရှိဘဲ တရားသူကြီးမှာ



လျှင် အဖြေမှားပါက ငါးပါးမှောက်တော့မည့် အရေးကိုတွေးရင်း ရင်ဖိုနေ ရလေ၏။

"ပြင်ဦးလွင်မှာ လက်ထပ်ကြပါတယ်"ဟု မမြသွေးက အရဲစွန့်၍ ဖြေကာ ဆက်လက်၍ "ရုံးမှာလက်ထပ်ပြီးတဲ့နေ့မှာပဲ လားရှိုးကိုသွားကြပါ တယ်။ ကျွန်မထင်တာကတော့ စာကို ပြင်ဦးလွင်မှာရေးပြီး လားရှိုးရောက် မှ စာထည့်ဖြစ်တာ ဖြစ်ပါလိမ့်မယ်" ဟုအဆင်ပြေအောင် ဖြေရလေသည်။

"ကျွန်မပြောတာပဲ မှန်နေတာပဲ မဟုတ်လား"

"ဟားဟား. . . မိန်းမများဟာ ဘယ်တော့မှ အလျှော့မပေးဘူး။ အထွန့်ကလေးတော့ တက်လိုက်ရမှ"ဟု ဖေဖေကြီးက မောင်သက်ဝင်း ဖက်သို့ လှည့်၍ပြောလေသည်။

မောင်သက်ဝင်းမျက်လုံးများက မမြသွေးအပေါ်၌ စူးစိုက်လျက် ပင်ရှိနေသည်။ သူ၏ကြည့်ပုံမှာ မမြသွေးကိုအကဲခတ်လျက် အံ့သြချီးကျူး နေပုံရပေသည်။

မမြသွေးမှာ ဤသို့မောင်သက်ဝင်း၏ အကြည့်ခံနေရသည်ကို မနေတတ်သကဲ့သို့ရှိလာသည့်ပြင် ဖေဖေ၊ မေမေတို့ ဆက်လက်၍ မေးကြ မြန်းကြမည်ကိုပါ စိုးရွံ့မိလေသည်။

"ကျွန်မအိမ်ပေါ် သွားလိုက်ဦးမယ်။ ကလေးငိုသံလိုလိုကြားတယ်" ဟု မမြသွေးက ရုတ်တရက်ဥာဏ်ဆင်၍ပြောကာ ထိုင်နေရာမှ ထခဲ့ရ သည်။

ထိုနောက် ရက်အနည်းငယ်အကြာ အတွင်းမှာပင် ချောက်ပေါက် တစ်ခုကို ရင်ဆိုင်တိုးရပြန်လေ၏။

ထိုနေ့ကား မိုးနှင်းများရွာသွန်းလျက် အပြင်လောကကြီးတစ်ခု လုံးမှာ မှိုင်းမှိုင်းဝေ၍ နေလေသည်။ အိမ်ရှေ့ခန်းထဲတွင် မမြသွေးနှင့်အတူ အိမ်သားအားလုံး ရှိနေကြလျက် မမြသွေးသည် ပြတင်းပေါက်အနီး၌

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ အပြင်သို့ကြည့်၍ နေလေသည်။

"ကျွန်မ ငယ်ငယ်ကတည်းက ဒီလိုမိုးနှင်းမျိုး တစ်ခါမှ မတွေ့ဘူးပါဘူး"ဟု မမြသွေးက အမှတ်မထင် ပြောလိုက်မိလေသည်။

ထိုသို့ပြောလိုက်ပြီးမှ ပြတင်းပေါက်မှန်ပေါ်တွင် အရိပ်ထင်၍နေသော မေမေ၏မျက်နှာကို ကြည့်မိကာ ထိုမျက်နှာပေါ်တွင် အံ့အားသင့်သော အမူအရာရှိလျက် မိမိဖက်သို့လှမ်း၍ မော်ကြည့်နေသည်ကို တွေ့ရလေ၏။ မမြသွေးမှာ မိမိစကားပြော တစ်ချက်မှားသွားပြန်ပြီ၊ ချောက်ရှိသည်ကို ဂရုမထားဘဲ ခြေလှမ်းမိပြန်ပြီဟု သတိရပြီး နားထင်နားရင်း ပူ၍သွားတော့သည်။

"ဟုတ်ရဲ့လားသမီးရဲ့၊ ရှမ်းပြည်နယ်မှာ ဒီလိုမိုးနှင်းမျိုးမတွေ့ရဘူးလား။ ထူးထူးက ရေးလိုက်တာကတော့ သမီးကိုမွေးတဲ့မြို့ဟာ"ဟု စကားကိုအဆုံးမသတ်ဘဲ မမြသွေးက အဖြေသွင်းရန် အဖြည့်ခံထားလိုက်လေ၏။

"မဟုတ်ပါဘူး မေမေ"ဟု မမြသွေးက ကာကွယ်လေသည်၊ သို့သော် နောက်ထပ်လာဦးတော့မည့် မေးခွန်းကို ကြိုတင်မှန်းဆမိကာ ထို အမေးကိုကာကွယ်ရန် ခက်လိမ့်မည်ဟု စဉ်းစားမိလေသည်။

မောင်သက်ဝင်းသည် ရုတ်တရက်ခေါင်းထောင်လိုက်ပြီးလျှင် လေ့ကားဆီသို့နားစွင့်ကာ "မြ ကလေးငိုနေတယ်ထင်တယ်" ဟုပြောလိုက်လေသည်။

"ကျွန်မ အိမ်ပေါ်တက်ပြီး ကြည့်လိုက်အုံးမယ်"

မမြသွေးမှာ ကလေးကယ်ပေ၍သာ တော်တော့သည်ဟု ဝမ်းသာစွာဖြင့် အိမ်ပေါ်သို့ခပ်သုတ်သုတ် တက်ခဲ့လေ၏။ အခန်းထဲသို့ ရောက်သည့်အခါ ကလေးမှာကောင်းစွာ အိပ်မောကျနေသည်ကို တွေ့ရသဖြင့် တွေပြီးစဉ်းစားနေမိသည်။ ကလေးမငိုဘဲ ဘာကြောင့် ကိုသက်ဝင်း



က ပြောပါလိမ့်၊ တကယ်ပဲ ငိုတာကြားရတယ်ထင်လို့ ပြောတာပဲလားဟု စဉ်းစားစရာ ဖြစ်ရတော့သည်။

တစ်နေ့တွင် မမြသွေးသည် ရန်ကုန်မြို့ထဲသို့ ရောက်လာကာ ဒါလဟိုဇီလမ်းတစ်လျှောက် သိမ်ကြီးဈေးအရှေ့ မျက်နှာစာရှိ မှန်ခန်းများ အတွင်း၌ ခင်းကျင်းပြသထားသော ပစ္စည်းများကိုကြည့်ရင်း တဖြည်းဖြည်း လမ်းလျှောက်၍ လာလေသည်၊ မမြသွေးမှာ တစ်စုံတရာဝယ်လို၍ မဟုတ်၊ သူ့အဖို့ ဘာမျှဝယ်ရန်မလို။ သို့သော် အိစမာအပ်ကုမ္ပဏီမှ မေမေမှာထားသော သိုးမွေးချည်များ ဘိလပ်မှရောက်၍လာပြီဟု အကြောင်းကြားလိုက် သဖြင့် မေမေ၏စေလွှတ်ချက်အရ မြို့ထဲသို့ ရောက်လာခြင်း ဖြစ်လေရာ ယင်းသို့ လွတ်လွတ်လပ်လပ် သွားလာရခိုက် သက်နှင်းကျွန်းသို့ပြန်ရန် လော်ကယ်မီးရထားထွက်မည့် အချိန်မှာလည်း လိုနေသေးသည့်အလျောက် နောက်ဆုံးပေါ် အထည်အလိပ်ပစ္စည်းများကို လည်း အာရုံခံရင်း ဝတ်ကောင်းစားလှ ဝတ်ဆင်သွားလာ ဝယ်ခြမ်းနေကြ သူများကိုလည်း ကြည့်ရှုကြည်နူးနေရင်းဆိုသလို အေးအေးလူလူ လမ်း လျှောက်၍ လာခဲ့ခြင်း ဖြစ်ပေ၏။

မမြသွေးအဖို့ သားကလေးချစ်ချစ်အတွက် စိတ်မချနိုင်စရာလည်း မရှိချေ၊ မိမိထက်ပင်ပို၍ ယုယကြည့်ရှုနိုင်မည့်သူများ ရှိ၍နေပေပြီ။ ထို့ကြောင့်လည်း သောကကင်းဝေး စိတ်ချမ်းသာစွာ တစ်ဆိုင်ပြီးတစ်ဆိုင် ကြည့်ရှုရင်း လမ်းလျှောက်နေနိုင်ပေသည်။

ထိုသို့ လျှောက်၍လာစဉ် မိမိ၏နောက်မှ "မြ"ဟု ခေါ်လိုက်သော အသံကို ကြားလိုက်ရလေသည်။ ထိုအသံမှာ ကြည်လင်ရွှင်ပျ၍ ကြား နေကျဖြစ်သည့်အလျောက် မောင်သက်ဝင်း၏ အသံဖြစ်သည်ကို သိရှိသဖြင့် လှည့်၍မကြည့်မီကပင် နှုတ်ဆက်သောအပြုံးကို အသင့်ပြင် လိုက်ရပေ၏။

မောင်သက်ဝင်းသည် ခြေလှမ်းကျဲကျဲလှမ်းကာ မမြသွေး၏ နံဘေး

www.burmeseclassic.com

www.burmeseclassic.com



တွင် ယှဉ်၍ရပ်လိုက်၏။

"မြကို အဝေးကြီးထဲကပင်မြင်ပြီး နောက်ကနေ မြင်ရတာနဲ့ တောင် မှတ်မိတယ်"

"ကိုကိုဝင်း အလုပ်တိုက်က အပြင်ထွက်ပြီး ဘာလာလုပ်တာလဲ"

"လူတစ်ယောက်နဲ့ တွေ့စရာရှိလို့ သွားတွေ့ပြီး ပြန်လာတာ။ မြကကော ဘာကိစ္စလဲ"

"မေမေ မှာထားတဲ့ သိုးမွေးချည်တွေရောက်လာလို့ လာပြီးရွေး တာပါ"

"အခု မြဘယ်ကို သွားဦးမလို့လဲ။ လိုက်ပို့ဖို့လိုသေးလား"

"ဖြေးဖြေးလျှောက်သွားပြီး ဘူတာရုံကနေ သက်နှင်းကျွန်းကို မီးရထားနဲ့ပြန်မှာပဲ"

"ဒါဖြင့်လည်း ရှေ့နားအထိလိုက်ခဲ့ဦးမယ်လေ"

"ဘာလဲ ကိုကိုဝင်းက အလုပ်ကို အချောင်ခိုပြီး အပြင်မှာ ကြာကြာနေရအောင်လား"

"မဟုတ်ပါဘူး မြရယ်။ အပြင်ဆိုတာ တစ်ခါတလေမှ ထွက်ရတာပါ။ ဒါလည်းဖေဖေက တခြားအပြင်လွှတ်စရာလူ မမြင်လို့ ကိုကို့ကို လွှတ်တာ"

နှစ်ယောက်သား တဖြည်းဖြည်း လျှောက်လာရာက ဆိုင်တစ်ဆိုင်ရှေ့တွင် မမြသွေးက ရပ်လိုက်၏။

"လှလိုက်တာနော်"ဟု မမြသွေးကဆိုသည်။

"လှတော့လှပါရဲ့။ ဒါပေမယ့် အဲဒါဘာတွေလဲ"

"အို. . , မသိဘူးလား။ ဒါမိန်းမဝတ်လုံချည်တွေဆိုတာ မေ့သွားပြီလား"

မောင်သက်ဝင်းက ပြုံးပြုံးကြီးလုပ်နေပြီး ဆက်လက်လျှောက်



လာကြရာက ရပ်ကြပြန်လေ၏။

"အခုလို လျှောက်ကြည့်နေရတာလည်း အကောင်းသားပဲ။ ပိုက်ဆံမကုန်တဲ့ ဈေးသွားနည်းတစ်မျိုးပဲနော်"ဟု မောင်သက်ဝင်းက ပြော၏။

"အခုတော့ ကောင်းတယ် ထင်နေဦးမှာပါ။ ကိုကိုဝင်း မိန်းမရပြီးတဲ့နောက်တော့ ဒီဆိုင်တွေအနားဟောင် ကပ်ချင်မှာမဟုတ်ဖူး"

ရှေ့ဆက်၍ လျှောက်လာရာတွင် ဖောင်တိန်များ ခင်းကျင်းပြသထားသော ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာကြလေ၏။ ထိုဆိုင်ရှေ့၌မှာမူ မောင်သက်ဝင်းက ရပ်လိုက်သဖြင့် မမြသွေးပါ ရပ်လိုက်ရ၏။

"ခဏနေပါဦး မြ၊ အခုမြင်မှ ဖောင်တိန်ဝယ်ဖို့လိုနေတာ သတိရတယ် ဆိုင်ထဲဝင်ပြီး ရွေးဝေးစမ်းပါအုံး"

"အို. . . ဖောင်တိန်အကြောင်း မြက ဘာသိလို့လဲ"

"ကိုကိုလဲ မြထက်တိုးပြီးတော့ မသိပါဘူး။ နှစ်ယောက်တိုင်ပင်ဝယ်တော့ မမှားဘူးပေါ့၊ တစ်ယောက်ထဲဆိုရင် ရောင်းတဲ့လူက နှပ်ချလိုက်မှာ"

"ကိုကိုဝင်းများ နှပ်ချလို့ရမှာ၊ တစ်ယောက်ထဲမှ ပျင်းလို့အဖော်လိုချင်တယ်ဆိုလည်း ရှင်းရှင်းပြောပါ" ဟုပြောပြောဆိုဆို ဝင်၍လိုက်သွားလေ၏။

ဆိုင်ထဲသို့ ရောက်ကြသောအခါ ဈေးရောင်းသူနှင့် မောင်သက်ဝင်းတို့သာလျှင် စကားပြောနေကြလျက် မမြသွေးမှာမူ ပါဝင်ရောယှက်ခြင်းမပြုဘဲ ကုလားထိုင်တစ်လုံးတွင် ထိုင်ကာလှမ်း၍ ကြည့်နေလေ၏။

မောင်သက်ဝင်းသည် မိမိရှေ့တွင် ချပြထားသော ဖောင်တိန်များကို တစ်ချောင်းပြီးတစ်ချောင်း ရွေးချယ်ကာ မင်တို့လိုက်၊ ရေးစမ်းကြည့်လိုက် လုပ်နေလေသည်။

ထိုနောက် မမြသွေးဖက်သို့ လှည့်ကာ "ဒီဖောင်တိန် ကြည့်စမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါဦး။ ရေးလို့ ကောင်းမကောင်း” ဟုဆိုကာ ဖောင်တိန်တစ်ချောင်းကို မင်တို့၍ အကြမ်းရေးခြစ်သော စာရွက်ကတ်ကလေးတစ်ခုပါယူလာပြီး မမြသွေး၏ လက်ထဲသို့ထည့်လေ၏။

မမြသွေးသည် အမှုမဲ့ အမှတ်မဲ့ပင် ဖောင်တိန်ကို ယူလိုက်ပြီးနောက် ဖောင်တိန်၏ အလေးအပေါ့ချိန်ဆကြည့်ကာ နှစ်သွားထူသလား၊ ပါးသလား စမ်းသပ်ကြည့်သည့်အနေဖြင့် စာရွက်တတ်ကလေးပေါ်တွင် ရေး၍ကြည့်လေ၏။ ‘သန်း’ ဟူသောအမည်တစ်ခုသည် အပေါ်ဆုံးစာပေါ်တွင် ထင်းခနဲ ပေါ်လာပြီးနောက် ကကြီးကို ဆက်လက်၍ ရေးတော့မည်ပြုပြီးမှ မမြသွေးသည် ရုတ်တရက်သတိရကာ ရပ်လိုက်ရလေ၏။ မမြသွေးမှာ ထိုစာကိုမည်ကဲ့သို့ ရေးလိုက်မိမှန်းပင် မတွေးမိချေ။ ထိုစာရွက်ပေါ်တွင် ဖောင်တိန်တင်လိုက်သည်နှင့် ထိုစာမှာ အလိုလိုပေါ်လာသလိုထင်ရသည်။

“ပေးစမ်းပါဦး စမ်းကြည့်ရအောင်”ဟုဆိုကာ ဆွဲယူလိုက်လေ၏။ မမြသွေးသည် မိမိရေးလိုက်မိသောစာကို ခြစ်ပစ်ရန်လည်းကောင်း၊ အဓိပ္ပာယ်တစ်မျိုးရောက်အောင် ဖြည့်စွက်ပြောင်းလဲရေးရန်သော်လည်းကောင်း အချိန်မရလိုက်ပေ။

မောင်သက်ဝင်းသည် ထိုစာရွက်ပေါ်မှာပင် တစ်ကြောင်းနှစ်ကြောင်းရေးခြစ်ကြည့်လိုက်ပြီးနောက် “ဒါမကြိုက်သေးဘူး။ နောက်တစ်ခုပြပါဦး” ဟုထုတ်ခိုင်းပြန်သည်။

ထိုသို့ပြောပြီး မောင်သက်ဝင်းသည် မှန်ဗီဒိုထဲမှ ဖောင်တိန်တစ်ချောင်းကိုင်၍ နှိုက်နေစဉ် မမြသွေးသည် အနားသို့ကပ်ကာ စာရွက်တတ်ကလေးပေါ်က ‘သန်း’ ဟူ၍ ရေးထားသည့်စာပါလာသော အပေါ်ဆုံးအရွက်ကို ဆွဲထုတ်လိုက်ပြီး လက်ထဲတွင် လုံးချေ၍ မသိမသာ ပစ်ချလိုက်လေသည်။



ထိုသို့လုပ်မိပြီးမှ မမြသွေးမှာ မိမိအလုပ်ထပ်မှားကာ ပို၍ပင်ဆိုးနေသေးသည်ကို တွေးမိတော့သည်။ စောစောကရေးမိသည့်စာကိုကိုသက်ဝင်းမမြင်ရဘဲ နေမည်မဟုတ်။ သူမြင်ပြီးကာမှ မိမိက ထိုစာရွက်ကို ဖျောက်ဖျက်လိုက်ခြင်းသည် သူမသိစေလိုသည့်အကြောင်းရှိ၍ ပြုလုပ်ခြင်းဖြစ်သည်ကို မရိပ်မိရိပ်မိအောင် ပြုလုပ်ရာရောက်နေသည်။ ယခုမှ ‘ယခင်တထက်သာလို့ဆိုး ထိုးသာချလိုက်တော့တကာမ’ ဆိုသည့်အဖြစ်သို့ ရောက်နေပြီကို သိရလေသည်။

ဤအတွင်းမှာပင် မောင်သက်ဝင်းသည် ဖောင်တိန် မလိုချင်တော့သကဲ့သို့ “နေပါစေလေ။ နောက်မှလာပြီး ကြည့်ဦးမယ်”ဟု ဆိုလေသည်။

ထိုသို့ပြောပြီးမှ မမြသွေး၏ မျက်နှာကို တစ်ချက်လှည့်ကြည့်လိုက်ပြီးလျှင် မဝယ်လျှင် မဖြစ်တော့သည့် အနေမျိုးဖြင့် “ကဲလေ အဲဒီဖောင်တိန်ပဲ ယူပါ့မယ်။ အလုပ်တိုက်ကို ပို့လိုက်ပါ”ဟုဆိုကာ မိမိ၏နာမည်နှင့် မိမိဖခင်ကြီး၏ အလုပ်တိုက်လိပ်စာကို ရေး၍ပေးလိုက်လေသည်။

မောင်သက်ဝင်းသည် မည်သည့်ဖောင်တိန်ပင်ဖြစ်ဖြစ် အရေးမကြီးသကဲ့သို့ ပေါ့ပေါ့ဆဆ ပြောလိုက်သည်ကို မမြသွေးအကဲခတ်မိသည်။ သို့ဖြစ်၍ မိမိကို ဖောင်တိန်ရွေးချယ်ပေးရန် မရမကခေါ်ပြီးမှ ဤသို့ပြုမူပုံကို မမြသွေးနားမလည်ဘဲ ရှိရလေတော့သည်။

“ကဲ. . . သွားကြစို့လား” ဟု မောင်သက်ဝင်းက စတင်၍ဆိုလိုက်၏။

ထိုဆိုင်မှအထွက်မှာပင် နှစ်ယောက်သား လမ်းခွဲ၍သွားကြလေသည်။ မမြသွေးမှာ ဘုတာရုံသို့လာခဲ့ရင်း လမ်းတစ်လျှောက်တွင် တွေ့ရမြင်ရသမျှတို့မှာ စောစောကကဲ့သို့ သာယာကြည်နူးစရာ ရှာ၍မရတော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်မှုဟုတ်ချင်း ပြောင်းလဲသွားသကဲ့သို့ ထင်ရလေသည်။

မမြသွေးသည် မောင်သက်ဝင်း၏ အပြုအမူကိုသာ တစိမ့်စိမ့် တွေးမိသည်။ မိမိကို တမင်ထောင်၍ ဖမ်းခြင်းပေလော။ ထိုသို့ကား မဖြစ်တန်ရာ။ မြို့ထဲသို့ မိမိလာလိမ့်မည်ဟု သူသိမထားသဖြင့် မိမိကိုချောင်း၍ စောင့်နေခြင်းမဟုတ်။ မမျှော်လင့်ဘဲ တွေ့ရခြင်း အမှန်ဖြစ်သည်။ ယင်းသို့ ကြိုတင်ပြင်ဆင်ထားခြင်း မဟုတ်စေကာမူ ဓာတ်ပုံတိုက်ဆိုင်ကိုမြင်ရသဖြင့် ရုတ်တရက်အကြံရကာ အကွက်ကောင်းယူလိုက်ခြင်း ဖြစ်ခြင်းဖြစ်မည်။ မည်သူမဆို ဓာတ်ပုံတစ်ခုခုကို ရေးစမ်း၍ကြည့်သည့်အခါ မိမိ၏ နာမည်ကို အရင်ဦးစွာ ရေး၍ကြည့်စမြဲဖြစ်သည်ကို ယခု မိမိပြန်၍စဉ်းစားမိသကဲ့သို့ မောင်သက်ဝင်းသည် ဓာတ်ပုံဆိုင်ကို မြင်လိုက်သည်နှင့် ထိုအချက်ကို စဉ်းစားမိမည်ဖြစ်သည်။ သို့သော် မိမိအပေါ်၌ သကော မကင်းမှု မရှိဘဲနှင့်တော့ ထိုသို့ အမိဖမ်းမည်မဟုတ်။ တနည်းမဟုတ် တနည်းအားဖြင့် မသင်္ကာဖြစ်နေ၍သာ ယခုကဲ့သို့ စမ်းခြင်းဖြစ်ရမည်။ ဆိုင်ထဲသို့မဝင်မိက ဤအချက်ကို တွေးမိလျှင်ကောင်းလေသားဟု မမြသွေးမှာ တွေးရင်းတွေးရင်း စိတ်မကောင်းဖြစ်ရလေသည်။

နောက်နှစ်ရက်ခန့်ကြာသော ညတစ်ညတွင် မောင်သက်ဝင်းသည် သူ၏အပေါ်အင်္ကျီကို ကုလားထိုင်တစ်လုံး၏ နောက်မှီတွင် အမှတ်မဲ့ တင်ထားမိသည်။ အခန်းထဲ၌လည်း မောင်သက်ဝင်းမရှိချေ။ မမြသွေးသည် မိမိ၏စိတ်ထဲ၌ ရန့်မကင်းရှိနေသည့်အတိုင်း ဟုတ်မဟုတ်သိနိုင်ရန် တစ်စုံတစ်ရာ ရေးစရာရှိ၍ ခဲတံရှာသည့်အနေဖြင့် မောင်သက်ဝင်း၏ အင်္ကျီအပေါ်အိတ်ကို နှိုက်ကြည့်လိုက်မိရာ ဓာတ်ပုံတစ်ချောင်း တွေ့ရသည်။ ဓာတ်ပုံပေါ်တွင် မောင်သက်ဝင်း၏ နာမည်ကို စာထွင်းထားသည့်ပြင် အစွပ်မှာ ရွှေဖြင့်ပြုလုပ်ထားသည်။ ထိုဓာတ်ပုံကို မြင်လိုက်ရုံနှင့်ပင် ယခုမှကိုင်သည့် ဖောင်တိန်မဟုတ်။ တရိုတသေကိုင်လာသည့်



ဖောင်တိန်အမျိုးကောင်းတစ်ခု ဖြစ်သည်ကို သိနိုင်လျက် ဘာမျှချွတ်ယွင်းခြင်းမရှိသည်ကို တွေ့ရသည်။

မောင်သက်ဝင်းမှာ စတိုင်လုပ်၍ ဖောင်တိန်နှစ်ချောင်းကိုင်တတ်သည့်အစားမျိုး မဟုတ်သည်ကိုလည်း မမြသွေး သိသည်။ ဟုတ်ပါပြီ။ မိမိအား မောင်သက်ဝင်း မိအောင် ဖမ်းလိုက်ခြင်းဖြစ်သည်။ မိမိကလည်း သူထောင်ထားသည့် ထောင်ချောက်ထဲသို့ ဝင်၍တိုးမိပြီဟု စိတ်ချယုံကြည်လိုက်ပြီးလျှင် ထိုအကြောင်းကြောင့် ရှေ့တွင်တစ်စုံတစ်ရာ ဖြစ်လာလျှင်လည်း အသင့်ခံယူရန် စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်လေ၏။

တစ်နေ့တွင် အိမ်ရှေ့ခန်း၌ ဖေဖေမေမေတို့နှင့်တကွ ဧည့်သည်တစ်ဦး ခေါင်းချင်းဆိုင်၍ တီးတိုးတိုင်ပင်နေကြသည်ကို မမြသွေး တွေ့ရသည်။ မောင်သက်ဝင်းကား ခပ်လှမ်းလှမ်းမှာ ရှိလေသည်။ သူကား သုံးဦးသား စကားပြောနေကြသည့် စကားများကို နားထောင်၍နေပုံမပေါ်။ သူ၏မျက်လုံးများမှာ စူးစိုက်ထားရာ၌ ရှိသည့်အရာဝတ္ထုတို့ကို မြင်ပုံမရ။ သူ၏စိတ်မှာ ကိုယ်မှခွာ၍ ပျံ့လွင့်နေပုံရသည်။

မမြသွေးသည် သားကလေးကို ရေချိုး၊ ပေါင်ဒါရိုက်၊ အဝတ်အစားလဲလှယ်ပြီးလျှင် နို့ချိုတိုက်ကျွေး၍ သိပ်ခဲ့ပြီးနောက် အိမ်အောက်သို့ ဆင်း၍အလာတွင် ထိုသို့တိုင်ပင်နေကြသည်ကို တွေ့ရလေသည်။ ဧည့်သည်ယောက်ျားကြီးသည် သူ၏လက်တွင်း၌ရှိသော စာရွက်များကို ကြည့်၍ ဖတ်ပြနေသည်။ ဖေဖေကား စိတ်ပါဝင်စားစွာ ကိုယ်ကိုရှေ့သို့ညွှတ်ကိုင်းပြီးလျှင် ဖတ်ပြနေသောစကားများကို အာရုံစူးစိုက်၍ နားထောင်လျက်ရှိသည်။

"ဟော. . . ဟိုမှာလာနေပါပြီ"ဟု မေမေကပြောလိုက်ပြီးလျှင် "သမီး ဒီကိုလာပါဦး။ သမီး ကိစ္စတစ်ခုရှိလို့"ဟု လှမ်း၍ခေါ်လိုက်သည်။

ယောက်ျားကြီးသည် ဖတ်နေသည့်စာကို ခေတ္တရပ်၍ မမြသွေး

www.burmeseclassic.com

www.burmeseclassic.com



အား လှည့်ကြည့်သည်။ ထိုလူကြီး၏ မျက်နှာကို မြင်ရသည်တွင် မမြသွေးမှာ ကြောက်ရွံ့သလိုလိုရှိမိကာ ခြေလှမ်းမမှားအောင် ဂရုပြု၍ လျှောက်ခဲ့ရသည်။ ထိုလူကြီးကား မည်သူပါလိမ့်။ စုံထောက်လား၊ တရားသူကြီးလားဟု မမြသွေး၏စိတ်က မေးမိသည်။

"သမီး ဦးကျော်ငြိမ်းကိုသိရဲ့လား"

မမြသွေးသည် ထိုလူကြီး၏ မျက်နှာကို သေသေချာချာပြန်၍ ကြည့်လေသည်။

"ဟုတ်ကဲ့. . . ချစ်ချစ်ကို ကင်ပွန်းတပ်တုန်းက တွေ့ဘူးပါတယ်"

"သမီး ဖေဖေရဲ့ မိတ်ဆွေဝတ်လုံတော်ရကြီးပဲ သမီးရဲ့၊ ဖေဖေ့အလုပ်ကိစ္စရော ကိုယ်ရေးကိုယ်တာ ကိစ္စမှာရော တရားဥပဒေအရေးနဲ့ ပတ်သက်လာရင် ဦးကျော်ငြိမ်းပဲ အမြဲဆောင်ရွက်ပေးရတယ်"ဟု မေမေကပြောပြသည်။

မောင်သက်ဝင်းသည် ကုလားထိုင်တစ်လုံး ဆွဲယူလာပြီးလျှင် မမြသွေးအနီး၌ ချထားကာ "မြ ထိုင်လေ။ ဒီကိစ္စ မြနဲ့ဆိုင်တယ်"ဟု ပြော သည်။

ကြောက်ရွံ့စိုးရိမ်မကင်းသည့် အမူအရာသည် မမြသွေး၏ မျက်နှာပေါ်တွင် ပေါ်၍နေလေသည်။ မိမိအကြောင်းကို သိသွားကြပြီဖြစ်၍ ရှေ့နေရှေ့ရပ်နှင့် တိုင်ပင်ကာ ပြတ်စဲအောင် စီမံနေကြခြင်းပေလားဟု မမြသွေးက တွေးပူရင်း ထိုင်လိုက်သည်။

"ဒီမှာ. . . သမီးရဲ့ အခုကိစ္စဟာ သမီးနဲ့မြေးကြီးမောင်ချစ်ဦးအတွက် နောင်ရေးစိတ်ချရအောင် ဖေဖေရဲ့လုပ်ငန်းမှာ အစုခွဲဝေပေးဖို့ စီမံနေကြတာဘဲ"

မမြသွေးမှာ မိမိစိုးရိမ်မှုနှင့် ကွာချင်တိုင်း ကွာဝေးနေသည်ကို တွေ့ရ၍ အံ့သြနေလေသည်။ သူကြားနေရသည်မှာ ယုံစရာပင်မရှိချေ။



"မူလတုန်းက ဖေဖေ့လုပ်ငန်းရဲ့ အရင်းတစ်ဝက်ကို မောင်သက်ဝင်းနဲ့ မောင်မြင့်ထူးတို့ကို အညီအမျှခွဲဝေပေးထားတယ်။ အခု မောင်မြင့်ထူးဆုံးသွားတော့ သူပိုင်တဲ့အစုကို သမီးနာမည်နဲ့ လွှဲဖို့သာရှိသော်လည်း မြေးကြီးမောင်ချစ်ဦးက ရှိနေပြန်သေးတယ်၊ အဲဒီအတွက် ကျန်တဲ့အရင်း တစ်ဝက်ထဲက လေးစုခွဲပြီး မောင်သက်ဝင်းအတွက်တစ်စု၊ သမီးနဲ့ မြေးကြီးအတွက် သုံးစုခွဲပေးလိုက်တယ်"

သာမန်အားဖြင့် ဆိုလျှင် ဤကိစ္စမှာအတိုင်းမသိ ဝမ်းမြောက်စရာအကြောင်းပင် ဖြစ်သော်လည်း မမြသွေးအဖို့မှာ တဖြည်းဖြည်း ကြောက်စရာကောင်း၍ လာလေသည်။ သူ့အဖို့ သားကလေးအတွက် အရိပ်ခိုရရုံလောက်သာ မူလကရည်မှန်းမှု ရှိထားခဲ့လေရာ ယခုကိစ္စကြီးကို မိမိလက်ခံလိုက်လျှင် တရားဥပဒေအရ ကြီးလေးသော လိမ်လည်ဟန်ဆောင်မှုကြီးကို သိလျက်နှင့် ကျူးလွန်ရာရောက်မည်ဖြစ်၍ တစ်နေ့တွင် မိမိ၏အကြောင်း အမှန်အတိုင်း ပေါ်ပေါက်သွားပါက မိမိ၏အပြစ်မှာပို၍ ကြီးလေးဆိုးဝါး လေတော့မည်ဟု စဉ်းစားမိကာ တစ်ကိုယ်လုံးပူလောင် သကဲ့သို့ဖြစ်လာပြီး ထိုနေရာမှသာ ထ၍ပြေးချင်မိတော့၏။

"ကျွန်. . . ကျွန်မ ဒီအစုတွေကို မယူပါရစေနဲ့။ ဖေဖေ၊ မေမေတို့ ကျွန်မတို့သားအမိနှစ်ယောက်ကို ကျွေးမွေးထားရင် တော်ပါပြီ။ ကျွန်မနာမည်တို မထည့်ပါနဲ့။ ကျွန်မအတွက် အရေးမကြီးပါဘူး"

"သမီးက အရေးမကြီးဘူးဆိုပေမယ့် ဖေဖေတို့မှာ မြေးကြီးအတွက်ကြည့်ဖို့က ရှိသေးတယ်။ ဖေဖေတို့ ရှိနေစဉ်တော့ အရေးမကြီးဘူးပေါ့။ အသက်သွေးခဲ အမြဲမရှိဆိုတဲ့ စကားလည်း ရှိတယ်မဟုတ်လား"

ဤနေရာတွင် ဦးကျော်ငြိမ်းက ကြားဖြတ်၍ "မပြောမပြီး၊ မတီးမမြည် မချည်မမြဲဆိုတာလို ဒီကိစ္စမျိုးဟာ စောစောက ရှင်းအောင်လုပ်ထားမှ တော်ရုံကျတယ် မမြသွေးဟာလည်း အသက်ငယ်ငယ်၊ အရွယ်

www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိသေးတော့ ရှေ့ကိုဘယ်လိုများ ဖြစ်ဦးမယ်ဆိုတာ ပြောလို့ဖြစ်နိုင်တာမဟုတ်ဖူး”ဟု ထောက်လိုက်လေသည်။

မောင်သက်ဝင်းကလည်း တစ်လျှောက်လုံး နားထောင်နေခဲ့ရာဝ “မြ အတွေးလွဲမနေနဲ့၊ ဖေဖေတို့က အရှည်မျှော်ပြီး စီမံပေးနေကြတာ”ဟု တိုက်တွန်းပြောဆိုလေသည်။

“အခုလို စီမံရတာ ဖေဖေတို့ သဘောအတိုင်းချည်းလည်း မဟုတ်ပါဘူး။ မောင်သက်ဝင်းကိုယ်တိုင်က သဘောတူပြီး ဒီအကြံကိုပေးတာ။ သူ့အဖို့ကတော့ ဖေဖေ့အလုပ်ထဲမှာ ကိုင်တိုင်လည်း ဝင်လုပ်နေတဲ့အမြင်ဘောနပ်ဆုအဖြစ်နဲ့ ဘဏ်မှာငွေငါးသောင်း သွင်းထားပြီး ရှိနေလို့ လေးပုံတစ်ပုံပဲယူဖို့ သူကျေနပ်ပြီးသားပါပဲ”

“သမီး ဖေဖေက သူ့မြေးအတွက် စိတ်ချအောင်စီမံပေးတာကို သမီးက ကန့်ကွက်မနေပါနဲ့လေ”ဟု မေမေက ပြောဖြန့်သည်။

မမြသွေးကား ဘာမျှပြန်၍ မပြောသာ။ ငြိမ်သက်စွာပင် နားထောင်၍ နေလိုက်ရလေသည်။

နောက်တစ်နေ့နံနက်တွင် ဖေဖေကြီးသည် ခါတိုင်းကဲ့သို့ မောင်သက်ဝင်းနှင့်အတူ အလုပ်တိုက်သို့ သွားချိန်တွင် မသွားသေးဘဲ အိမ်ရှေ့ခန်းတွင် ထိုင်၍သတင်းစာ ဖတ်နေလေသည်။ မမြသွေး လက်ဖက်ရည်သောက် ဆင်းလာစဉ်ကပင် ဤအတိုင်းတွေ့ရ၍ ထမင်းစားခန်းမှထွက်၍လာသည့်အခါ၌လည်း မသွားသေးဘဲရှိသည်ကို တွေ့ရလေသည်။

“သမီး အဝတ်အစားလဲပြီး ဖေဖေနဲ့မြို့ထဲကို သွားရအောင်”ဟု ဖေဖေကြီးတလှမ်း၍ ပြောလိုက်ပြီးလျှင် “မောင်သက်ဝင်း မင်းဒီနေ့ မီးရထားနဲ့ဘဲ အလုပ်ဆင်းပေတော့”ဟု သားဖြစ်သူဖက်သို့ လှည့်၍ပြောလိုက်၏။

“ချစ်ချစ်ကို နို့မတိုက်ရသေးဘူး ဖေဖေ”



“လိုက်သွားလေ မေမေအာရှိသားပဲ၊ မေမေတိုက်လိုက်ပါ့မယ်” ဟု မေမေကပြောသည်။

“မကြာပါဘူး၊ ခဏပါပဲ”

“ဘာလုပ်စရာ ရှိလို့လဲဖေဖေ”

“မေးမနေပါနဲ့လေ၊ ဟိုကျတော့ သိမှာပေါ့”

မမြသွေးမှာ ထပ်၍ ပြောစရာမရှိတော့ဘဲ အဝတ်အစားလဲ၍ လိုက်ပါသွားရလေ၏။

ပန်းဆိုးတန်းရောက်၍ ကားရပ်လိုက်ရာတွင် မမြသွေးသည် ဘဏ်တိုက်ကြီးတစ်ခု၏ ရှေ့သို့ရောက်နေသည်ကို တွေ့ရလေ၏။ ထို့နောက် ဖေဖေကြီး၏နောက်မှ လိုက်ပါသွားရသည်။

နီနှစ်ရောင်ရှိသော မှန်တံခါးပေါ်တွင် မန်နေဂျာဟု ရေးထားသော အခန်းရှေ့သို့ ရောက်ရာတွင် ဖေဖေကြီးသည် အခန်းစောင့်မင်းစေကလေးကို မိမိ၏နာမည် ကပ်ပြားကလေး ထုတ်ပေးပြီးလျှင် အခန်းတွင်းသို့ ပို့ပေးစေသည်။

မကြာမီ ချက်ချင်းပင် မင်းစေကလေး ပြန်၍ထွက်လာပြီးနောက် ခရုပ်အမောင်း တောင့်တောင့်တင်းတင်း၊ မျက်နှာချိုချို၊ လိပ်ခွံကိုင်း မျက်မှန်တပ်ထားသော မျက်နှာဖြူလူကြီးတစ်ဦး ထတ်ချပ်မကွာ လိုက်ပါလာ၍ ဦးဘိုးသင်းအားထွက်၍ ကြိုလေသည်။

“လာသမီး၊ ဟောဒါဖေဖေရဲ့ မိတ်ဆွေကြီး မစ္စတာဖီးလစ်မာရေး” အခန်းတွင်းသို့ခေါ်ရင်း ဖေဖေကြီးက မိတ်ဆက်ပေးသည်။

“ဖီးလစ် ဟောဒါ. . . ကျုပ်ချာတိတ် မြင့်ထူးရဲ့မိန်းမပဲ။ သူ့အတွက် စာရင်းဖွင့်ချင်တယ်”

မစ္စတာဖီးလစ်မာရေးက မမြသွေးအား ဖော်ရွေစွာနှုတ်ဆက်ပြီးနောက် ကုလားထိုင်တွင်ထိုင်ရန် နေရာပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မစ္စတာမာရေးနှင့် ဖေဖေကြီးတို့ အလုပ်ကိစ္စ အလ္လာပ သလ္လာပ စကားပြောဆိုနေကြရင်း မစ္စတာဖိုးလစ်၏လက်များကလည်း နားလည်ပြီးသား ဖြစ်နေသကဲ့သို့ ပုံစံစာရွက်များပေါ်တွင် လိုအပ်သည့် အရာများကို ရေးထည့်ဖြည့်စွက်နေလေသည်။

"ဟောဒီမှာ လက်မှတ်ထိုးပါ"ဟု မန်နေဂျာက စာရွက်နှင့်ဖော င်တိန်ကိုပါ မမြသွေးအား လှမ်း၍ပေးလိုက်သည်။

မမြသွေးသည် နာမည်ကို သတိထား၍ ရေးလိုက်ရသည်။ နာ မည်လိမ်၍ထိုးမှုဖြင့် အပြစ်ကြီးတစ်ခု ပြုမိပြန်ပြီဟု တွေးမိတာ လက်များ ကို မတုန်အောင် အတော်ပင် ဂရုထားလိုက်ရသည်။

၁၀၀၀၀၀၀။

မမြသွေးမှာ ယနေ့ရက်စွဲဖြင့် သွင်းထားသော ငွေအရေအတွက် ဂဏန်းကို တွေ့လိုက်ရသည်တွင် မျက်လုံးပြူး၍သွားကာ လက်မှတ်ထိုး ထားသော စာရွက်ကို မရဲတရဲပြန်ပေးလိုက်လေသည်။

□□□

[၁၀]

ပြည့်ဝဝန်းစက်သော ငွေလ၏ရောင်ခြည်ဖြင့် သုတ်လိမ်းထား သော အိမ်နောက်ဖေးရှိ ပန်းဥယျာဉ်ကလေးတွင် တစ်ကိုယ်တည်း စဉ်းစား တာ လမ်းလျှောက်နေသော မမြသွေးအဖို့ ကြည်နူးခြင်း ဖြစ်ရသည်။ စိတ်ထဲ၌ တစ်ခါမျှ မတွေ့ဘူးသေး၊ မကြုံဘူးသေးသော လှုပ်ရှားမှုကိုပါ ဖြစ်စေရလေသည်။ သို့သော် ထိုလှုပ်ရှားမှုမှာ လွန်စွာညှဲသက်သိမ်မွေ့လေ ရာ အမည်အားဖြင့် မည်သို့ခေါ်ရမည်ကို မမြသွေး မသိဘဲ ရှိရသည်။ မွှေးကြိုင် ပွင့်လန်းသော ပန်းကလေးအဖြစ်သို့ ရှေ့ရှုလျက် ပထဝီမြေလွှာ ကို ထိုးဖောက်၍ထွက်ရန် ရှင်သန်သောမျိုးစေ့မှ အညှောက်ကလေး ထွက် လာသကဲ့သို့ ထိုလှုပ်ရှားမှုမှာလည်း မမြသွေး၏ အသဲနှလုံးမှ ထိုးဖောက်၍ ထွက်ရန် အားယူနေဆဲ အဆင့်၌ ရှိနေသည်ကိုကား မမြသွေးကိုယ်တိုင် ကောင်းကောင်းသဘောပိုက်မိသည်။

နှင်းဆီချုံကလေးများမှ ကြိုင်သင်းသည့်ပန်းရနံ့သည် လေပြည်ကို စီးလေးခို၍စီးကာ သွားလေရာပါလျက်ရှိသည်။ အတောင်ရှိသည့် ပိုး

www.burmeseclassic.com



ကောင် ငှက်ကောင်ကလေးများသည် ငိုက်မြည်းသည့်အသံဖြင့် အချင်းချင်းပြောကာ ခြင်ယောင်သံနှော၍နေကြ၏။

မမြသွေးသည် သားကလေးချစ်ချစ်ကို သိပ်ရင်းက အိပ်ရာဝင်ရန်လည်း စောလွန်းလျက် ထိုင်၍လည်း စာဖတ်မနေချင်သဖြင့် လူသူကင်းဝေး တိတ်ဆိတ်သည့် ဥယျာဉ်နေရာသို့ ထွက်၍လာခဲ့ခြင်းဖြစ်သည်။

"မြ"

နောက်နားမှကပ်၍ ခေါ်လိုက်သည့်အသံမှာ မမြသွေးအား လန့်ဖျပ်သွားခြင်းကို မဖြစ်စေဘဲ လှည့်၍ကြည့်လိုက်ပြီး အသံရှင်၏မျက်နှာကို မြင်ရမှ အလိုလိုရွံ့ထိတ်သွားမိလေသည်။

စင်စစ်အားဖြင့်ကား မမြသွေးသည် မောင်သက်ဝင်းကို တွေ့လိုက်ရခြင်းကြောင့် လန့်စရာအကြောင်းမရှိပေ။ သို့သော်ထိုနေ့အဖို့မှာ မမြသွေး၏စိတ်ထဲတွင် မောင်သက်ဝင်းနှင့် တွေ့ရမည်ကို ရွံ့သလိုလိုဖြစ်နေသည့်အတွက် ယင်းသို့တွေ့ရာတွင် ရင်ဖိုသွားခြင်းဖြစ်သည်။

"မြကို အိမ်ရှေ့မှာ ရှိမလားလို့ ရှာလိုက်ရတာ။ ကဲလေ မော်တော်ကားမောင်း သင်ရအောင် သွားကြစို့လေ"

ခါတိုင်းမမြသွေးသည် မော်တော်ကားမောင်းသင်ရသည်ကို အလွန်ပျော်ခဲ့သည်။ သင်ခါစ ဖြစ်သည့်အတွက် သာ၍စိတ်ဝင်စားခဲ့သည်။ ယခု ကားမောင်းသင်ရမည်ကို စိတ်ထဲ၌တစ်မျိုးကြီး ဖြစ်မိသည်။

"ညအချိန်ကြီး ကားမောင်းသင်လို့ ဖြစ်ပါ့မလား"

"ဒီအချိန်ဟာ အကောင်းဆုံးပေါ့။ လမ်းပေါ်မှာ အသွားအလာရှင်းနေတဲ့အချိန်ပဲ။ ဒီညဆိုရင် လကလည်းသာသာနဲ့ ဒီထက်ကောင်းဦးမလား"

မမြသွေးသည် ရှောင်တိမ်းရန်ဆင်ခြေကို ရှာသော်လည်းမရချေ။ ကားမောင်းသင်ရန် လုံးလုံးစိတ်မပါဘဲ ရှိနေခြင်းမဟုတ်၍လည်း ငြင်းပယ်



စရာ အကြောင်းရှာမရဘဲ ရှိဟန်တူလေသည်။

"ကဲ. . . ကိုသက်ဝင်း ကားသွားပြီးထုတ်နှင့်မယ်။ မြလိုက်ခဲ့"

မောင်သက်ဝင်း၏ စကားသည် မမြသွေးအဖို့ မလိုက်နာ၍မရသည့် အမိန့်ကဲ့သို့ ရှိရလေသည်။

ခါတိုင်း၌မမြသွေးက မော်တော်ကားလက်လှည့်ဘီးကို ကိုင်၍ မောင်သက်ဝင်းက လီဗာကိုထိန်းပေးကာ မောင်သက်ဝင်း၏ဘေးက ကပ်၍မောင်းခဲ့ရသည်။ ယခုမူ လက်ကိုင်စိတ်ချရပြီဟု ဆိုကာ မမြသွေးကိုယ်တိုင် မောင်းခိုင်းသဖြင့် ယခင်နှင့်မတူဘဲ နေရာပြောင်း၍ ထိုင်ရလေသည်။

လရောင် ဆွတ်ဖျန်းထားသဖြင့် ဖြောင့်တန်းစွာ ဖြူဖွေးနေသော လေးထောင့်ကန်လမ်းပေါ်တွင် သူတို့နှစ်ယောက် မောင်းနှင်လာသော မော်တော်ကားသည် လေညင်းခံထွက်လာသကဲ့သို့ ဖြည်းဖြည်းအိအိ ဘီးလိမ့်လျက်ရှိဘိသည်။ မောင်သက်ဝင်းသည် မမြသွေး၏ကိုင်တွယ်မောင်းနှင်ခြင်းကို စိတ်မချဘိသည့်အလား မမြသွေး၏ကိုယ်ပေါ်ကို ဖိလုမတတ် ပူးပူးကပ်ကပ်ထိုင်ကာ လက်တစ်ဖက်က မော်တော်ကားလက်လှည့်ဘီးကို ခပ်ဖော့ဖော့ထိန်းပေးလျက် အခြားလက်တစ်ဘက်က မမြသွေး၏ကျောနောက်တဝိုင်းပတ်လျက် အမှီပေါ်တွင် တင်ထားလေသည်။

ရာသီဥတုကား သာယာလှပါပေ၏။ အေးမြလတ်ဆတ်သော လေကလေးကား မော်တော်ကား အရှိန်ကြောင့် တဟူးဟူးရှိလေသည်။ သို့ပါလျက် မမြသွေးမှာ ခါတိုင်းကားမောင်းရသည်နှင့်မတူ အသက်ရှူကြပ်သလိုလို၊ အိုက်စပ်စပ်ရှိသလိုလို ဖြစ်မိသည်။ တစ်ချက်တစ်ချက် မော်တော်ကားစောင်းသဖြင့် မောင်သက်ဝင်းနှင့်ကိုယ်ချင်းထိမိ ဖိမိသည့်အခါတွင် မမြသွေးမှာ လုံးလုံးမမောင်းတတ်ဘဲ ရှိသွားရသည်။

"ကိုကိုဝင်း ဒီကပဲလှည့်ပြီး ပြန်ကြစို့လား"

www.burmeseclassic.com

www.burmeseclassic.com



"စောပါသေးတယ် မြရဲ့"

"မတော်လို့ ချစ်ချစ်နိုးနေရင်ခက်မယ်"

"အော် . . . ဟုတ်သားဘဲ"

အပြန်တွင် မောင်သက်ဝင်းက ကားကိုမောင်းလာခဲ့သည်။

မမြသွေးကရှေ့တန်းတွင် အတူတူထိုင်သော်လည်း ခပ်ခွာခွာ လိုက်၍ လာလေသည်။ မော်တော်ကားမှာ မနှေးမမြန် မှန်မှန်မောင်းနေ သည်။

"မြ ဘာမှစကားမပြောဘဲ ငြိမ်ချက်သားကောင်းလှချည်လား"

"လကလေးက သာလွန်းလို့ ကြည်နူးစရာ မြင်ရတာတွေကို အာ ရုံစိုက်နေလို့ပါ"

"ကိုဝင်းတော့ လသာတာကိုလည်း အာရုံမစိုက်ပါဘူး။ ကိုဝင်း အာရုံစိုက်တာ တစ်ခုပဲရှိတယ်။ ပြောပြရမလား"

မမြသွေးသည် ဘေးသို့စောင်းငဲ့၍ မောင်သက်ဝင်း၏ မျက်နှာကို ကြည့်လိုက်သည်။ ယင်းသို့ကြည့်ရာ မျက်လုံးချင်းဆုံမိသည့် တစ်ခဏတွင် မောင်သက်ဝင်း ပြောလိုသည့် စကားများကို နားလည်ပြီး ဖြစ်သကဲ့သို့ မျက်နှာပျက်၍ သွားလေ၏။

"နေပါစေ ကိုကိုဝင်းရယ်။ နေပါဦး။ မပြောပါနဲ့"

"ကိုဝင်းဘာမှလည်း မပြောရသေးဘဲနဲ့။ ပြောမယ့်စကားကို မြသိ နေပြီလား။ ဟုတ်လား။ မြက မပြောပါနဲ့ဆိုပေမယ့် ကိုဝင်းကတော့ ပြော တော့မှာပဲ။ မြနားမထောင်ချင်လည်းမနေရဘူး။ ဇွတ်အတင်း ပြောရတာ တော့ ဝမ်းနည်းပါတယ်။ ဒါပေမယ့်လည်း ဒီစကားကို ထုတ်မပြောလို့ မဖြစ်တော့ဘူး"

မမြသွေးသည် ထိတ်လန့်ကြောက်မက်ဖွယ်ရာကြီးကို တွေ့နေ သည့်အလား ကိုယ်ကလေးကို တစ်ဖက်သို့ ယိမ်းညွတ်လျက်မျက်



ကလေး ကလယ်ကလယ်နှင့် မောင်သက်ဝင်းကို ကြည့်နေလေ၏။

"ကိုဝင်းလေ ဒီစကားမျိုးပြောရမှာကို သိပ်ကြောက်တယ်။ ဒါပေ မယ့်စိတ်ထဲမှာ အရင်ကမဖြစ်ဘူးတာတွေ အသစ်အသစ် ဖြစ်ဖြစ်လာ တယ်။ ချစ်စိတ်ရည်းစားစိတ်ဆိုတာ အရင်တုန်းက မရှိခဲ့ဘူး။ အခုတော့"

"မဟုတ်သေးပါဘူး ကိုကိုဝင်းရယ်။ နေပါဦး အခုမပြောပါနဲ့ဦး။ အခုအခါပြောဖို့လည်း အချိန်မဟုတ်သေးပါဘူး"

"အခုဟာ ပြောရမယ့်အချိန်ဘဲ။ ပြောရမယ့်ညဘဲ။ ပြောရမယ့် နေရာဘဲ။ နောက်အနှစ်တစ်ရာနေကြရတောင် ဒီညမျိုးတွေ့ရမှာ မဟုတ် ဘူး။ မြကို ကိုဝင်းချစ်နေပြီ"

"ကိုကိုဝင်း" မမြသွေး၏အသံမှာ တောင်းပန်ခြင်း၊ တားဆီးခြင်းကို ဖော်ပြနေသည်။ သူ့စိတ်ထဲတွင် အိမ်ကိုသာမြန်မြန် ရောက်ချင်တော့ သည်။

"ကိုဝင်း ချစ်တာကို ဖွင့်နဲ့ပြီးတော့လည်း မပြောတတ်ဘူး"

"ကိုကိုဝင်း မြပြောနေတာ မရတော့ဘူးလား။ ဒီစကားကို အခု ပြောရမှ ဖြစ်မှာလား။ မြကို အချိန်ပေးပါ သုံးလေးလလောက်"

"မြပြောနေတာ ကိုဝင်းစကားကိုပြန်ပြီး ရုပ်သိမ်းခိုင်းနေတာ လား။ မဖြစ်နိုင်တော့ဘူး မြရယ်။ ပြောပြီးမှ မရုပ်သိမ်းနိုင်တော့ဘူး။ ထိန်းမ ထားနိုင်တော့ဘူး မြရဲ့"

"မြဟာ အချစ်ဆိုတာ တစ်ခါမှ"ဟု မမြသွေးက ဝမ်းပန်းတနည်း စကားစလိုက်ပြီးမှ သတိရ၍ ရုတ်တရက်ရပ်လိုက်ရ၏။

မောင်သက်ဝင်းသည် မမြသွေးကို ထူးထူးခြားခြား ကြည့်မိလေ သည်။ မမြသွေးကမူကား ရှေ့ကိုမျက်နှာမူ၍ ခေါင်းကိုခပ်စိုက်စိုက်ထား တာ မောင်သက်ဝင်း၏ စကားရပ်နေခိုက် တွေတွေကြီးလုပ်၍ နေလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားသည် အိမ်ဝင်းထဲသို့ တွေ့၍ဝင်လာကာ တားရုံ အနားတွင် ရပ်လိုက်သည်။

"မြ အိမ်ထဲဝင်တော့မယ်"

မောင်သက်ဝင်းသည် ကားပေါ်မှဦးစွာ ဆင်းနှင့်သော မမြသွေးကို ကားပေါ်မှလှမ်း၍ "ကိုဝင်းကို မစောင့်နိုင်တာ ကိုတ်စားမှာ ကြောက်လို့လား"ဟု မေးလိုက်သည်။

"ကိုက်စားမှာ ကြောက်လို့တော့ မဟုတ်ပါဘူး"

"ဒါဖြင့် ဖက်နမ်းမှာ စိုးလို့လား"

မမြသွေး၏မျက်နှာမှာ မခို့တရို့ရှိပြီးလျှင် "ကိုကိုဝင်း ဖက်နမ်းမှာ ကိုမစိုးရိမ်ဘူး။ ဒါပေမယ့်"ဟု ပြောရာက အသံကိုနှိမ့်ချကာ "မြကိုယ်က ကိုကိုဝင်းကို မွှေးမွှေးပေးမိမှာစိုးလို့"ဟု လေသံတိမ်နုံ့မျှ ပြောပြောဆိုဆို အိမ်ထဲသို့ သုတ်သုတ်ကလေး ဝင်ပြေးလေတော့၏။

□□□

[၁၁]

နံနက်ခင်းနှင်းသိပ်စအချိန်ကလေးတွင် မမြသွေးသည် ပြတင်းပေါက်ဆီမှ ကမ္ဘာလောကကြီးကို လှမ်း၍ကြည့်ရသည်မှာ ရှုမငြီးစရာပင် ဖြစ်တော့၏။ ပြည့်စုံလုံခြုံမှုနှင့်တကွ အေးချမ်းသာယာစွာ နေရခြင်းသည် မမြသွေးအား လောကဓာတ်၏သာယာမှုတို့ကို ပြည့်ဝစွာ အရသာခံစားနိုင်စေ၏။ မိမိထက်ဦး၍ သားကလေးချစ်ချစ်က အိပ်ရာမှ နိုးနှင့်ကာ "အူဝဲ"နှင့် အသံပေးနေခြင်းကို တွေ့ရသည်မှာ မမြသွေး၏ ဟဒယနှလုံးတွင်ဝင်၍ စောင်းသံညည်းနေသကဲ့သို့ ကျေနပ်နှစ်သိမ့်စရာ ဖြစ်ရ၏။ သားငယ်ကို အိပ်ရာထဲမှ ကောက်၍ချီပြီးလျှင် ပြတင်းပေါက်ဆီသို့သွားကာ ဇာလိုက်ကာကလေးကိုဖယ်၍ သာယာသောလောကကြီးကို ပြရသည်မှာလည်း မမြသွေးအဖို့ စိတ်ချမ်းသာစရာတစ်မျိုး ဖြစ်ရပေ၏။ ယင်းသည်ကား ချစ်ချစ်အတွက် မိမိရှာဖွေဖန်တီးပေးရသော လောကကြီးဖြစ်သည်ကို ချစ်ချစ်အား ပြရခြင်းပင် ဖြစ်ပေသည်။

နံနက်ဦး၏ နေရောင်ခြည်များသည် ရှည်လျား၍ ရွှေဖြင့်အတိ

www.burmeseclassic.com

www.burmeseclassic.com



ပြီးသော တံမြက်စီးကြီးဖြင့် အိမ်ရှေ့ရှိ လမ်းမကြီးပေါ်တွင် အမှိုက်လှဲနေသကဲ့သို့ တလှုပ်လှုပ်ရှိနေသည်။ နံနက်စာရှာရန် ထွက်လာကြသည့် ဘဲငန်းများသည် လမ်းမကြီးဘေးမှ စည်းကမ်းသေဝပ်စွာ စီတန်းချီတက်လျက်ရှိကြသည်။ မမြသွေးသည် ချစ်ချစ်၏ လက်ကလေးတစ်ဖက်ကို ကိုင်၍ လှုပ်ရင်း ဘဲငန်းများကို "လာ လာ"ဟု ချစ်ချစ်ကိုယ်စား ခေါ်၍ပေးရသည်။ စိတ်ရောကိုယ်ပါ အေးချမ်းသာယာမှုကို ရရှိပြီးဖြစ်နေသော မမြသွေး၏မျက်နှာသည် နံနက်ခင်း၏ လတ်ဆတ်ကြည်လင်လာခြင်းနှင့် ယှဉ်ပြိုင်ကာ အနိုင်ယူလျက် ရှိနေတော့သည်။

ထိုနောက် မျက်နှာသစ် ချစ်ချစ်နှင့် မိမိကိုယ်ပါ အဝတ်အစားလဲနှစ်ယောက်စလုံး မွှေးပြန့်သန့်ရှင်းအောင် ပြုပြင်ပြီးလျှင် လက်ဖက်ရည်သောက်ရန် ဆင်းခဲ့ကြသည်။

မေမေက သူ့မြေးကြီးအား လှမ်း၍ယူလိုက်ပြီး မြှောက်ချီ၍ မြှူလိုက်သည်။

"ငါ့မြေးကြီး ဆာပြီလား ရော့"

မေမေသည် ဘီစကစ်တစ်ချပ်ကိုယူ၍ ချစ်ချစ်အား ပေး၏။

ဘာမျှမပူပင်ရ၊ အချိန်တန်လျှင် ပွဲရံအသင့် ဆွေနှင့်မျိုးနှင့် တင့်တင့်တယ်တယ် သိုက်သိုက်ဝန်းဝန်း နေရသော မမြသွေးမှာ မြေးအဖွားကို ကြည့်၍ ပီတိဖြစ်နေရသည်။

ထိုအခိုက်တွင် မအေးသည် မမြသွေးအား စာတစ်စောင်လာ၍ ပေး၏။ စာပေးစာယူပြုရခြင်း အလုပ်သည်ကား အိုးနှင့်အိမ်နှင့် အတည်တကျရှိမှုကို အသိအမှတ်ပြုသည့်လက္ခဏာ တစ်ရပ်ပင်ဖြစ်ရပေသည်။

မမြသွေးဟူသော အမည်နှင့်တကွ လိပ်စာကို စာအိတ်ပေါ်တွင် တွေ့ရသည်။ တစ်ခါက ထိုသို့တွေ့ရသည်ကို မမြသွေး၏ စိတ်ထဲတွင် ထိတ်လန့်ခြင်း ဖြစ်ခဲ့ရသည်။ ယခုကား ထိုသို့မဖြစ်တော့ပေ။ ဤအမည်



မှာ မိမိ၏အမည်ပင် ဖြစ်သည်။ ယခင်က အခြားနာမည်တစ်ခုခု ရှိနေခဲ့သလိုလို အောက်မေ့ရသော်လည်း မမှတ်မိသလောက် ဖြစ်နေပေပြီ။ ထိုနာမည်မှာ ပိုင်ရှင်ကင်းမဲ့ကာ မထင်မရှား လွင့်ပါးပျောက်ပျက်သွားလေပြီ။

မမြသွေးသည် လက်ထဲက စာအိတ်ကို ဖွင့်လိုက်သည်။ ဘာမျှမပါ။ ဘာမျှ ရေးထားသည်ကိုမမြင်။ ဗလာစာရွက်ခေါက်ကလေးကိုသာ တွေ့ရသည်။ "စာရွက်ချင်းများ မှား၍ထည့်လိုက်မိလေရော့လား။ နေဦး ဒီဘက်က ကြည့်ဦးမယ်"

စာရွက်ခေါက်ကလေးကို လှန်၍ကြည့်လိုက်ရာ စက္ကူအဖြူသား၏ အလယ်တွင် ထင်းခနဲနေသော စာလေးလေးလုံးသာ တွေ့ရလေသည်။

"မင်း ဘယ်သူလဲ"

မမြသွေးမှာ ထိုစာလေးလုံးကို တွေ့လိုက်ရသည်တွင် မျက်လုံးပြူးသွားသည်။ မြှုပ်နှံထားခဲ့သော အလောင်းကောင်ကြီး ယခုမှ မြေပုံထဲမှ ထလာကာ သရဲခြောက်ခံရသကဲ့သို့ ရှိမိသည်။

မမြသွေးသည် မိမိ၏ အမူအရာပျက်သွားသည်ကို မေမေမြင်သွားလေရော့သလားဟု ပူပန်သတိရကာ မျက်လုံးလှန်၍ ကြည့်လိုက်သည်။

"အို . . . ငါ့မြေးကြီးကလည်း လက်ထဲကမုန့်တို ကုန်အောင်စားပါဦး။ ကုန်တော့ နောက်ထပ်ပေးမယ်။ အားလုံး ချစ်ချစ်စားဖို့ချည်းပဲ။ ငါ့မြေးက လိမ္မာလိုက်တာ"

မေမေသည် ချစ်ချစ်ကို ဂရုစိုက်၍နေသည်။ မိမိအား ကြည့်၍မနေသည်ကို တွေ့ရသဖြင့် မမြသွေးမှာ အနည်းငယ်စိတ်သက်သာရာ ရသွားသည်။ သို့သော် ထိုစိတ်သက်သာမှုမှာ တစ်ခဏမျှသာ ခံစားလိုက်ရသော သုခကလေးတစ်ခုမျှသာ ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ နံနက်ခင်းသာယာမှုသည် တစ်နေ့နှင့်တစ်နေ့ မတူတော့ချေ။ တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်လာလေသည်။ နံနက်ဦး၏ ရွှေအဆင်းရှိသော ရောင်ခြည်သည် လမ်းမကြီးပေါ်သို့ ထိုးဆင်းလှုပ်ရှားလျက်ရှိပါ၏။ ဘဲငန်းများသည်လည်း စည်းကမ်းသေဝပ်စွာ စီတန်းချီတက်လျက် နံနက်စာရှာဖွေနေကြ၏။ သို့သော် ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းမျှော်ကာ ကြည့်ရှုတွေ့မြင်ရသော လောကကြီးမှာ အသွင်တစ်မျိုးပြောင်းနေသည်။ ချစ်ချစ်အဖို့ မိမိကြိုးပမ်းတည်ဆောက်ထားသော ကမ္ဘာကြီးသည် ကြေမွပျက်စီးရန် အားယူလျက် အက်၍၊ အက်၍ လာနေလေပြီလော။

မမြသွေးအဖို့ အိပ်ရာမှနိုးလာရသည်မှာပင် ကြည်လင်လန်းဆန်းခြင်းမရှိပေ။ သူတစ်ပါး၏ အိမ်၊ သူတစ်ပါး၏ အိပ်ရာတွင် ကျူးကျော်ဝင်ရောက် အိပ်စက်ရသူ၏ ချောက်ချားမှုမျိုး ခံစားရသည်။ ချစ်ချစ်သည် အိပ်ရာမှ ဦးစွာနိုးနှင့်၍ "အုဝဲ" ဟု ကြည်ကြည်လင်လင် အသံပေးနေသည်ကိုပင် ငိုသံပေလားဟု လန့်ဖျပ်စိုးရိမ်မိသည်။

သားအမိနှစ်ယောက် မျက်နှာသစ်၊ အဝတ်အစားလဲ၍ မွှေးကြိုင်သန့်ပြန့်စွာ ပြုပြင်ရသည်မှာလည်း ပျော်ရွှင်စရာမကောင်းလှတော့ပေ။ နေ့စဉ်နှင့်အမျှ ကြိမ်ဖန်များစွာ တက်ရောက်ဆင်းသက်၍ လာခဲ့ရသော လှေကားကြီးကို ယခုဆင်းလာခဲ့သည်မှာ ခြေကို ရဲရဲမလှမ်းဝံ့သကဲ့သို့ ရှိနေရသည်။

ထမင်းစားခန်းရှိ လက်ဖက်ရည်စားပွဲတွင် မမေ၏မျက်နှာကို ကြည်ကြည်လင်လင်ပင် တွေ့ရသည်။ မှည့်ဝန်းရွှန်းစိုသော သစ်သီး၏အဆင်းကဲ့သို့ နူးညံ့ခြင်း၊ ကြင်နာခြင်းတို့ဖြင့် ပြည့်ဝရွှန်းစိုဝါဝင်းသော ဒမမေ၏မျက်နှာမှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှလေသည်။ ဖြူစပြုလာသောဆံပင်နှင့် လျော့အိလာသော အသားအရေသည် ကြည်ညို



ထိုက်သောအသွင်ကို ဆောင်နေသည်။ မမေ၊ မမြသွေး အလွန်ချစ်သော မမေကိုပင် မမြသွေးမှာ မမေဟုခေါ်ရန် မရဲသကဲ့သို့ရှိလာသည်။

"သမီး။ လာလေ ဘာလုပ်မလို့ရပ်ပြီး ငေးနေတာလဲ။ မမေ့မြေးကြီးဆာလှရောမယ်"

မမြသွေးသည် ရှေ့သို့တိုးပြီးလျှင် ချစ်ချစ်အား မမေ၏ဘေးရှိ ကုလားထိုင်မြင့်မြင့်ကလေးပေါ်သို့ တင်ပေးပြီးလျှင် မမေနှင့် မျက်နှာချင်းဆိုင်ရှိ မိမိထိုင်နေကျနေရာတွင် ထိုင်လိုက်သည်။ ယင်းသို့ ထိုင်လိုက်ရာတွင် မူးနောက်သွားသကဲ့သို့ ရှိပြီးမျက်စိများကို စုံမှိတ်၍ ထားလိုက်ရသည်။

စင်စစ်အားဖြင့် မမြသွေးသည် တစ်စုံတစ်ရာကိုပင် ခကြည့်ဝံ့သဖြင့် မျက်စိပိတ်ထားလိုက်ရခြင်း ဖြစ်လေသည်။ သို့သော် ထိုသို့အမြဲပိတ်ထား၍လည်း မဖြစ်သေးပေ။ ခေတ္တမျှသာ မျက်လုံးပိတ်ထားနိုင်ပြီး ပြန်၍ဖွင့်ရသည်။ မမြသွေး မကြည့်ဝံ့သည့်အရာမှာ မျက်လုံးပိတ်ထားစဉ်သာ ပျောက်၍ရသည်။ ပြန်၍ဖွင့်လိုက်သည့်အခါ ရှိမြဲနေလေသည်။ ထိုမကြည့်ဝံ့သည့်အရာကား စားပွဲပေါ်ရှိ ပန်းစိုက်အိုးကလေးကိုမှီ၍ ထောင်ထားသည့် လေးဒေါင့်စာအိတ်ရှည်ကလေးသာလျှင် ဖြစ်တော့သည်။

"မကြည့်နဲ့၊ ဒါကိုမစဉ်းစားနဲ့၊ ဒီအထဲဘာပါသလဲ ဆိုတာမသိချင်နဲ့၊ အစ်တယ်လဲမသိချင်ဘူး မဟုတ်လား" ဟု မမြသွေးသည် ထိုစာအိတ်ကို ရှုစိုက်မိအောင် မနည်းကြိုးစား စိတ်တင်းထားရသည်။

"သမီး ညကကောင်းကောင်း မအိပ်ရဘူးလား၊ မျက်နှာမကြည်လင်နဲ့"

"ဟုတ်ကဲ့ ညကစာကြည့်တာ နည်းနည်းညဉ့်နက်သွားလို့ပါ"

"ဒါဖြင့် နွားနို့ချည်းပဲ များများသောက်လိုက်"

မမြသွေးမှာ စာအိတ်ရှည်ကလေးကို မမြင်ချင်၍လည်းမရ ရှောင်ရှားလို၍လည်းမဖြစ်၊ လက်ဖက်ရည်ကရားကိုသော်လည်းကောင်း၊ မုန့်ကို

www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း လက်လှမ်းတိုင်းလှမ်းတိုင်း မိမိလက်နှင့်စာအိတ်မှာ ထိ၍ထိ၍ နေတော့သည်။ သို့ဖြစ်၍ မိမိအတွက်စာ တစ်စောင်ရှိနေမှန်း သိပါလျက် ယူ၍မကြည့်ဘဲ ရှောင်လွှဲနေခြင်းမှာ စာအိတ်ကိုဖောက်၍ ကြည့်မိသည်ထက်ပင် ဆိုးလိမ့်မည်ဟု တွေးမိ၏။

စာအိတ်ကလေးသည် မမြသွေး၏ နွေးထွေးလေးလံသော လက် များအကြားတွင် တရှုံ့ရှုံ့မြည်ကာ တဖြန်းဖြန်းအနားစုတ်၍ သွား၏။ ယ အကြိမ်၌လည်း စာလေးလုံးသာပါလျက် စာလုံးများမှာမူ ပြောင်းလဲ လာလေသည်။

"မင်း ဘယ်ကလဲ"

မမြသွေးမှာ ဟစ်၍သာ အော်လိုက်ချင်တော့သည်။ စာရွက်က လေးကို ကိုင်ထားသည့် လက်တစ်ဖက်သည် ကုလားထိုင်ဘေးသို့ တွဲ လောင်းကျသွားကာ လက်သီးများကို တင်းကြပ်စွာဆုပ်ထားရသည်။ အော် ၍ မငိုနိုင်သဖြင့် မျိုသိပ်ကြိတ်မှိတ်ထားရသော ဒေါသသည် ရင်တွင်း၌ လှိုက်၍လှိုက်၍ တက်လေသည်။ ထိုဒေါသကို ပြေစေရန် လက်တွင်း၌ စက္ကူဖြူဖြူကလေးကို လုံး၍လုံး၍ မွှန်မွှန်ညက်ညက်ဖြစ်အောင် ကြိတ်ချေ ပစ်ရလေတော့သည်။

ချစ်ချစ်အဖို့ တည်ဆောက်ထားသော ကမ္ဘာလောကကြီးသည် အက်၍အက်၍ ကွာစပြုသည်ကို မမြသွေး၏ မျက်စိထဲတွင် ပေါ်၍လာ လေသည်။ နံနက်ခင်း၏ သာယာခြင်းကား ကင်းမဲ့ခဲ့လေပြီ။ မမြသွေးအ နေ့စဉ်နေ့တိုင်း မိုးလင်းသွားမည်ကိုသာ ကြောက်ရွံ့မိသည်။ မိုးလင်းလှ ချစ်ချစ်ကို လက်ဖက်ရည်တိုက်ရမည်။ လက်ဖက်ရည်စားပွဲသို့ ရောက် တော့မည်။ မိမိနာမည်ပါရှိသော စာကိုတွေ့ရတော့မည်ဟု အမြဲတွေး၍ သာပူနေရလျက် စာကိုမတွေ့ရသည့်အခါမှ စိတ်သက်သာရသည်။

နံနက်ခင်းတွင် သာယာခြင်းသည် လုံးဝကင်းမဲ့လျက် ညဖက်တွ



သဏ္ဌာန်ကင်းမဲ့သော မှောင်ရိပ်ကြီးများသည် မမြသွေး၏ ပတ်ဝန်းကျင်မှ အား၍တွား၍လာနေကြလျက် မမြသွေး၏ တစ်ကိုယ်လုံးကို ရစ်ပတ် သွေးလုံး ဖုံးအုပ်ပစ်လိုက်မည် တကဲကဲဟန်ပြင်၍ နေကြလေသည်။

မမြသွေးသည် နံနက်လင်းတိုင်း ညကကောင်းစွာ အိပ်မပျော် ဖြစ် ရသည်ကို သတိရသည်။ ထိုသို့ အိပ်၍မပျော်ခြင်းကို သတိရတိုင်း အိပ် ပျော်ရသည့်အကြောင်းကိုပါ စဉ်းစားမိသည်။ အိပ်မပျော်ခြင်းသည် မြသွေးအဖို့ အဆန်းမဟုတ်တော့ပေ။ အိပ်လျှင်မပျော်ဘဲ ရှိရမည်ကဲ့သို့ ဖြစ်ခဲ့သည်။

ယင်းသို့စိတ်၏ချောက်ချား ညှဉ်းပန်းမှုသည် တဖြည်းဖြည်းနှင့် အပ်ပိစပြု၍လာလေသည်။ တင်း၍ခံနေသည့်စိတ်မှာ ပွန်းပြုတ်လာရ သည်။ ဦးနှောက်သွေးကြောများသည် တင်းပြတ်တော့မည့်အခြေသို့ တစ် ထက်တစ်နေ့ တိုးနေသည်။ မမြသွေးသည် အသက်အန္တရာယ်ကိုပင် ခိမ်ရသည့် အခြေသို့ နီးကပ်၍လာသည်ကို တွေးမိသည်။ သူ့အဖို့ ဤ တိုင်းဆက်လက်၍ ဒဏ်ခံနိုင်စရာမရှိတော့ပေ။

ဤဝေဒနာသည် စာရောက်လာသည့်အခါ၌ ခံစားလိုက်ရခြင်း တ်။ စာတစ်စောင်နှင့် တစ်စောင်အကြားတွင် လာမည့်စာကို စောင့် ရင်း ခံစားနေရသည့် ဝေဒနာဖြစ်သည်။ စောင့်စားနေရသည်မှာ အ တ်ကြာ၍နေလေလေ ဝေဒနာမှာပို၍ တိုးလာလေလေ ဖြစ်ရသည်။ ည်ပင်းကို ဓားတင်၍ဖြတ်သဖြင့်ခံရသည့် ဝေဒနာမှာ တခဏတာမျှသာ သည်။ ဝင့်ကာဝင့်ကာ ချိန်ရွယ်နေသည့် ဓားသည် လည်ပင်းပေါ်သို့ ရောက်မီ စိတ်ထဲ၌ ခံစားရသောဝေဒနာသည်ကား ကြာရှည်လှသကဲ့ မြသွေးမှာ ခံစားနေရလေသည်။

မမြသွေးမှာ ထိုဝေဒနာကြီးကို ခံစားနိုင်စွမ်း မရှိတော့ပေ။ နောက် စောင်သာ ရောက်လာရင်တော့ တစ်ခုခုဖြစ်ရတော့မှာဘဲ။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်တော့ မလာပါစေနဲ့ဟူ၍သာ ဆုတောင်းနေရရှာသည်။

မမြသွေးသည် သူ့မျက်နှာကို မှန်ထဲ၌ ကြည့်လိုက်သည်။ သို့ကြည့်ခြင်းမှာ လှချင်၍ အလှဂုဏ်တက်၍ ကြည့်မိခြင်းမဟုတ်ဘဲ စိတ်ညှဉ်းပန်းမှုဒဏ်ရာဒဏ်ချက်ကို စူးစမ်းခြင်းပင်ဖြစ်သည်။ မှန်ထဲ၌တွေ့ရသောမျက်နှာကလေးမှာ နွမ်းနယ်ဖျော့ယော်လျက်ရှိသည်။ ပြည့်လျှမ်းဖြိုးမောက်သည့် မျက်နှာမှာ ညှိုးချောက်လာသည်။ မန္တလေးက ထွက်မလာမီတပိန်ပါးကြုံလှီသည့် မျက်နှာသို့ပြန်၍ ဆင်းနေသည်ကို တွေ့ရသည်။ မျက်ကွင်းများညိုလျက် မျက်လုံးများမှာလည်း တောက်ပခြင်း ယုတ်လျော့နေသည်။ မျက်နှာပေါ်တွင် အားကုန်ခမ်းခြင်းနှင့် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ပြနေတော့သည်။

မမြသွေးသည် အဝတ်အစားလဲ၏။ ထို့နောက် ချစ်ချစ်ကိုလည်း အဝတ်လဲပေးပြီးလျှင် သူ့အားပွေ့ချီ၍ အိမ်ပေါ်မှဆင်းခဲ့၏။ ထမင်းစားခန်းကား နံနက်တိုင်းကဲ့သို့ပင် နှစ်လိုဖွယ်ရှိလှသည်။ သွန်းလုပ်စ ရွှေဒင်္ဂါးနှင့် အလားတူသော တတ်သစ်နေဝန်း၏ ရောင်ခြည်များသည် ဇာပြတင်းမှ သွန်ဆင်းလျက်ရှိကြသည်။ သင်းပျံ့သော ကော်ဖီရနံ့သည် မီးကင်၍ ထောပတ်သုပ်ထားသည့် ပေါင်မုန့်အနံ့နှင့် တွဲယှက်ကာ အခန်းတွင်း၌ ဝေ့၍နေလေသည်။ မေမေအလွန်နှစ်သက်သည့် သစ္စာပန်းများသည် စားပွဲအလယ်ရှိ ပန်းစိုက်အိုးကလေးထဲမှ ယိုးဒယားဟန်ဖြင့်ကြွလျက်ကလျက် နေသကဲ့သို့ ရှိတော့သည်။ စားပွဲတွင် ထိုင်လျက်ရှိသောမေမေ၏မျက်နှာပေါ်တွင် ကြည်လင်ရွှန်းစိုခြင်းနှင့်တကွ အိမ်ကြီး၏ ရိုးငြိမ်သာယာမှုသည် အရောင်ဟပ်လျက်ရှိလေသည်။ မမြသွေးအဖို့ ဤစည်းစိမ်ကလေးများက အသုံးတော်ခံရန် ကြိုဆိုနေကြသည်။

"သည်စည်းစိမ်ကလေးကိုဖြင့် ခံစားပါရစေရှင်။ မြလက်ထဲက လမယူကြပါနဲ့။ ဖျက်ဆီးမပစ်လိုက်ကြပါနဲ့။ မြခံစားပါရစေ"ဟူ၍ မမြသွေး



တ်ထဲကကြိတ်၍ တိုးလျှိုးမိသည်။

ထိုခဏမှာပင် မမြသွေးအားကြိုဆိုနေသည့် စည်းစိမ်အလယ်တွင်သွေးအား နှိပ်စက်ရန်စောင့်နေသော စာအိတ်ရောက်နေပြန်သည်ကိုလေသည်။ ယခုအကြိမ် တွေ့ရသည်၌ ထိုစာသည် ပန်းအိုးကို ကျောတ် ခြေတစ်ဖက်ချိတ်၍ရပ်ကာ မမြသွေးကိုကြည့်၍ သရော်နေသည်ချဉ်မုန်းစရာ တွေ့နေရပေသည်။ ထိုစာသည် လူတစ်ယောက်သာမှု မမြသွေးသည် အတင်းပြေးသွားပြီး သရော်သော မျက်နှာကိုဆယ်ချောင်းဖြင့် သွေးချင်းချင်းထွက်အောင် ကုပ်ခြစ်မိပေလိမ့်မည်။

"နောက်တစ်စောင်သာ ရောက်လာရင်တော့ တစ်ခုခုဖြစ်ရမှာပဲ"ဟု မမြသွေး ကြောက်ရွံ့ခဲ့သောစာ ယခုရောက်ရှိနေလေပြီ။

မမြသွေးသည် စိတ်အနိုင်နိုင်တင်းကာ စာပွဲဆီသို့လျှောက်သွားည်။ မေမေ၏နံဘေးရှိ ကုလားထိုင်ရှည်ကလေးပေါ်တွင် ချစ်ချစ်ကိုးလိုက်ပြီးလျှင် မိမိထိုင်နေကျနေရာသို့ မမြသွေးရောက်လာလေည်။

ရှောင်လွှဲ၍မရဘဲ ရင်ဆိုင်ရမည့်အရာကို ရဲရဲသာတွေ့လိုက်မည်ဟု မမြသွေးသည် ပန်းအိုးမှီနေသည့်စာကို ထပ်၍ကြည့်လိုက်။ သို့ကြည့်လိုက်ရာတွင် မမြသွေးသည် မိမိ၏မျက်စိများကိုပင် မယုံသွားသည်။ မိမိရှေ့၌ ရှိနေသည့်စာမှာ စာအိတ်ဒေါင့်၌ ပုံနှိပ်ထားစာများနှင့် ဒေါ်မြသွေး ဟုနာမည်တပ်ထားသည်ကို တွေ့ရခြင်းအားကုန်တိုက်တစ်ခုမှ ဝေငှသော စာဖြစ်သည်ကို သိရပေသည်။

ယခုမှ မမြသွေးမှာစိတ်အေးသွားကာ ထိုစာအိတ်ကလေးကို၍ယူလိုက်သည်။ သို့ယူလိုက်သည်နှင့်တပြိုင်နက် ထိုစာအိတ်နောက်တစ်စောင်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြသွေး။

စာအိတ်ပေါ်ကနာမည်သည် မိမိအားအသံနက်ကြီးနှင့် ခေါ် လိုက်သကဲ့သို့ မမြသွေး၏တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွားတော့ သည်။ မမြသွေးသည် ထိုစာကိုဆွဲယူပြီး အိမ်ပေါ်သို့ ပြေးတက်သွားချင် မိတော့သည်။ သို့သော် ထိုသို့စာကို ဖွင့်မကြည့်ဘဲယူပြီး တိမ်းရှောင်သွား လျှင် မသိစေချင်၍ လျှို့ဝှက်လိုသည့်သဘောကို မေမေရိပ်မိသွားပေမည်။ ထိုစာကို မေမေ့ရှေ့မှောက်တွင် ဖွင့်ဖောက်ဖတ်ကြည့်၍ ဘာမျှမဖြစ်နိုင် ယခင်ကလည်း ကြည့်ခဲ့ဘူးပြီ၊ မည်သူမျှလည်း ချောင်းမကြည့်၊ မည်သူ ကမျှလည်း အမေးအမြန်းမထူ။ စာကိုဖွင့်ဖတ်ပြီး စာပွဲပေါ်တွင် ချထားပ ခဲ့သည့်တိုင်အောင် ယူ၍ကြည့်မည်မဟုတ်။

မမြသွေးသည် မေမေ့အား တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဟော. . . ကုန်သွားပြီမရှိတော့ဘူး။ ချစ်ချစ်ဗိုက်ထဲ ရောက် သွားသလား"ဟု မေမေကမြေးကလေးအားပြောကာ လက်ဝါးနှစ်ဘက်ကို လှန်ကာ၊ ပြန်ကာလုပ်၍ပြနေသည်။

မမြသွေးသည် စာကိုယူလိုက်ပြီး ကော်နှင့်ပိတ်ထားသည့်အဖုံး ကို လက်ညှိုးထိုးသွင်း၍ ခွာလိုက်သည်၊ ထွက်လာသည့်စာရွက်တစ်ခုလုံး တွင် စာတစ်ကြောင်းပင်ပါပြန်သည်။ ယခုအကြိမ်၌ စာလုံးရေတိုးလာ သည်။

"မင်း ဘာလာလုပ်တာလဲ"

မမြသွေး၏ရင်ထဲမှာ ကြပ်ခဲ တစ်ဆို့၍လာသည်။ အသက်ရှူ လည်း ပြင်းပြလျှင်မြန်လာသဖြင့် မနည်းမှန်အောင်ကြိုးစားရသည်။ နံနံ ခင်း၏ လေညှင်းသည် ကွယ်ပျောက်ကာ တစ်ခန်းလုံးအလုံပိတ်ထားသ ကဲ့သို့ အသက်ရှူကြပ်လာလေသည်။ မမြသွေးမှာ စိတ်ကိုချုပ်တည်းထိန်း သိမ်း၍ မရနိုင်တော့ပေ။

"မဖြစ်ဘူး။ ငါဒီအခန်းထဲက အမြန်ဆုံး ထွက်ပြေးမှ သက်သာ



ယ်။ နေလို့မရတော့ဘူး"

မမြသွေးသည် ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။

"မြ ကော်ဖီမသောက်တော့ဘူးလား"

"သောက်ပါမယ်၊ အိမ်ပေါ်မှာ မေ့ကျန်နေတာတစ်ခုရှိလို့"ဟု မြသွေးသည် အသံကိုငြိမ်အောင် မနည်းကြိုးစား၍ပြောကာ မိမိမျက်နှာ ကို ကြာကြာမမြင်ရအောင် ကိုယ်ကိုချာခနဲလှည့်လိုက်ရာ ကုလားထိုင် တက်စွန်းကိုပင် တိုက်မိသည်။

မမြသွေးသည် အိမ်ပေါ်သို့ ခပ်သုတ်သုတ် တက်သွားပြီးလျှင် မိမိ အခန်းထဲသို့ ပြေးဝင်၍ တံခါးပိတ်လိုက်ရသည်။

ကြာမြင့်စွာ တောင့်ခံထားခဲ့ရသော ရေကာတာကြီးမှာ ထိုးဖိ နေသော ရေလုံး၏ဒဏ်ကိုမခံနိုင်တော့ဘဲ ကျိုးပေါက်ခဲ့ရလေပြီ။ ပေါက် ထွက်လာသည့် အရာများကား မျက်လုံးမှစီးကျသော မျက်ရည်များလားဟု မြသွေးထင်မိသည်။ မဟုတ်ပါ။ မှန်ထူ၍ဘာကိုမျှ မမြင်တော့ဘဲ က ထောင်ကတမ်းထွက်လာသော ဒေါသပင်ဖြစ်သည်။

မမြသွေးသည် မမြင်ရသောရန်သူကို ထောင်းထုရိုက်နှက်ရသ ကဲ့သို့ အခန်းနံရံကိုပြေးပြီး လက်သီးဆုပ်နှစ်ခုစလုံးဖြင့် တအုန်းအုန်း ထုနှက်မိတော့သည်။

"ဟင်. . . ရှင်ဘယ်သူလဲ။ ဒီစာတွေ ရှင်ဘယ်ကပေးနေတာလဲ။ ဘာပြုလို့ ကျွန်မကို ရင်ဆိုင်ရအောင် ထွက်မလာတာလဲ။ ရှင်ယောကျ်ား ယောက်ျားယောက်ဖြစ်ရင် ထွက်လာပါလား။ ရှင်ဘာပြုလို့ ပုန်းလျှိုး ဝှက်လျှိုး နေနေရတာလဲ။ ရှင့်ကိုကျွန်မ ပြန်ပြီးတော့ပြောစမ်းပါရစေလား"

ဒေါသကို ဖွင့်ထုတ်လိုက်ရသဖြင့် မမြသွေးမှာ ရင်တွင်း၌ရှင်း သကဲ့သို့ရှိသော်လည်း ဒေါသတွေ အစွမ်းကုန်ထွက်ပြီးသည့်နောက် ခင်း မောဟိုက်သွားကာ အသက်ရှူပြင်းထန်လျက် ရှိရသည်။ ဒေါသ၏

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် သန္နိဋ္ဌာန်တစ်ခုကိုပြုလိုက်သည်။ မမြသွေးအဖို့မှာ တွန်းလှန်ရန် တစ်လမ်းသာရှိသည်။ ထိုလမ်းအတိုင်းသာလျှင် မမြသွေး ပြုလုပ်ရပေမည်။

□□□

|၁၂|

"ဒေါင်"

အောက်ထပ်ရှိ တိုင်ကပ်နာရီမှ တစ်ချက်တည်းမျှသာ တီးခတ်လိုက်သော အသံဖြစ်သော်လည်း ညအချိန်ဖြစ်သည့်အတွက် မမြသွေး၏ နားထဲတွင် ထင်ရှားစွာကြားလိုက်ရသည်။

ချစ်ချစ်တား အိပ်ပျော်လျက်ရှိလေ၏။ သို့သော် မမြသွေးကား မှေးမှိန်စွာ မီးထွန်းလျက်ရှိသည့် အခန်းထဲတွင် လူးလာပြန်ခေါက် လျှောက်လျက်ရှိကာ ဗီဒိုအံဆွဲထဲမှ အဝတ်အစားများကို ဆွဲ၍ဆွဲ၍ထုတ်ပြီးလျှင် ကုလားထိုင်တစ်လုံးပေါ်၌ အဖုံးဖွင့်၍တင်ထားသော ခရီးသွား သားရေအိတ်ကြီးထဲသို့ ထည့်သွင်းလျက်ရှိနေ၏။ ဤသားရေအိတ်ကြီးမှာ သည့်အိမ်ကြီးသို့လာစဉ်က မီးရထားပေါ်တွင် ပထမဆုံးအကြိမ်သုံးခဲ့ရသော သေတ္တာဖြစ်၍ ယခုတဖန်ထပ်မံ၍ သုံးပြန်ရဦးတော့မည်။

သည်အဝတ်အစားများကို သေတ္တာထဲသို့ထည့်ပြီး၍ အချို့ကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



၍ထုတ်ကာ မူလနေရာသို့ ပြန်၍ထားလေ၏။ မမြသွေးအဖို့မှာ ကိုယ်ပို
ပစ္စည်းဟူ၍ အိပ်ရာပေါ်တွင် နှစ်ချိုက်စွာအိပ်ပျော်နေသော သားကလေ
နှင့် မှန်ဗီဒိုပေါ်တွင်တင်ထားသော စက္ကူထုပ်ကလေးထဲက အကြွေတ
ကျပ်သုံးပဲနှင့် နှစ်ပြားသာလျှင်ဖြစ်၏။ ထိုအရာနှစ်ခုကလွဲ၍ မိမိ၏ခါးပေ
က အဝတ်အစားကိုပင် မိမိအပိုင်မဟုတ်သကဲ့သို့ အခြားဘာတစ်ခု
ကိုယ်ပိုင်မရှိပေ။ သို့သော်မရှိလျှင် မဖြစ်သလောက်ကိုတော့ဖြင့် ယူသွာ
ပေမည်။

အထူးသဖြင့် ချစ်ချစ်အတွက် အဝတ်အစားများကိုသာ ရွေ
ချယ်၍ယူ၏။ သည်ဟာလောက်အထိတော့ဖြင့် သူတို့ပြောကြမည် 
ဟုတ်။ ဂရုပြုကြမည်မဟုတ်။ စင်စစ်အားဖြင့်လည်း ချစ်ချစ်ကို မိမိ
သလောက် သူတို့ကလည်း ချစ်သားဘဲဟု မမြသွေး၏စိတ်ထဲ၌ သဘော
ပိုက်မိ၏။ မိမိအတွက်မူကား မရှိလျှင်မဖြစ်သလောက်မျှကလေးသာ 
လေသည်။ မမြသွေးအဖို့မှာ ဤပစ္စည်းများထက် အရေးကြီးလှသော
သူ၏လောကကြီးတစ်ခုလုံးမှာ အက်၍ အက်၍ ကွဲကာပျက်သုဉ်းသွားခဲ့
ပြီဖြစ်သည့်နောက် ဤပစ္စည်းလောက်ကိုတော့ဖြင့် နမြောတသနေ
မရှိတော့ပေ။

တနည်းအားဖြင့်လည်း မမြသွေးမှာ သူ့အတွက် အဝတ်အစား
ရွေးချယ်နေရန် အချိန်မရှိပေ။ အချိန်ဖင့်နှေး ကြန့်ကြာနေခြင်းအားဖြ
သူ၏အကြံအစည်တွင် အနှောင့်အယှက် အဖျက်အဆီးပေါ်လာရန်သာ
ရှိသည်။

မမြသွေးသည် သေတ္တာကို မြန်မြန်ပိတ်၍ သားရေခါးပတ်ကြ
များကိုဆွဲ၍ တင်းလိုက်ပြီးလျှင် မှန်ဗီဒိုဆီသို့ ထ၍သွားလေ၏။ ဗီဒိုအေ
တွင် ပိုက်ဆံအိတ်ကလေးရှိရာ ထိုအိတ်ကလေးထဲမှ သော့နှင့်ငွေစများ
ထုတ်သွန်၍ ဗီဒိုပေါ်တွင် စုပုံထားလိုက်ပြီးလျှင် စက္ကူထုပ်ထဲက တစ်ကျ



သုံးပဲနှင့် နှစ်ပြားသောအကြွေတို့ကိုသာ ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်၏။

ထိုနေရာမှ ခုတင်ဆီသို့ လျှောက်သွားပြီးလျှင် ပုံ့ပုံ့ကလေးအိပ်နေသော သားကလေး၏နဖူးကို နှာခေါင်းနှင့်ထိရုံမျှထိကာ နမ်းရှုပ်လိုက်လေ၏။

"လူကလေး ခဏနေဦးနော်၊ မေမေအခုပဲ ပြန်လာပြီးခေါ်မယ်။ မေမေတစ်ယောက်ထည်းနဲ့ လူကလေးရော၊ သေတ္တာကြီးရော လှေကားအဆင်းမှာ သယ်နိုင်မှာမဟုတ်ဖူး၊ သေတ္တာကို အရင်ပို့လိုက်ဦးမယ်"ဟု စိတ်ထဲကကြိတ်၍ မှာကြားနေသည်။ ထိုနောက်မှ ကိုယ်ကိုဆန့်တန်းလိုက်ကာ "လူကလေးနဲ့ မေမေနဲ့ တခြားသွားကြမယ်၊ ဘယ်လဲလို့တော့ မပြောနိုင်သေးဘူး၊ ဘယ်ဖြစ်ဖြစ် ဂရုမစိုက်ပါဘူးကွယ်။ ရောက်မိရောက်ရာသွားကြမယ်။ လမ်းမှာ တစ်ယောက်ယောက်နဲ့တော့ တွေ့မှာပါပဲ"ဟု ဆက်၍ပြောမိပြန်သည်။

အချိန်မှာ တစ်ချက်ခွဲလေပြီ။

မမြသွေးသည် အခန်းတံခါးကို အသာအယာတွန်းဖွင့်၍ ကြမ်းပေါ်တွင် ခြေဖော့၍နင်းကာ သားရေအိတ်ကြီးကို ဆွဲ၍ထွက်ခဲ့ပြီးလျှင် လှေကားထစ်များကို ဖြည်းဖြည်းနင်း၍ ဆင်းခဲ့လေ၏။ မမြသွေး၏အမူအရာမှာ သားရေအိတ်ကို မနိုင့်တနိုင်ဆွဲသယ်လာရသကဲ့သို့ ထင်ရပေသည်။ စင်စစ်သော်ကား သားရေအိတ်ကြီးက ဤမျှလေးလှမည်မဟုတ်ပေ။ မမြသွေး စိတ်နှလုံးများကသာလျှင် တစ်ကိုယ်လုံးကို ဆွဲချထားသကဲ့သို့ လေးနေခြင်းသာ ဖြစ်ပေမည်။

ထိုသို့ လှေကားမှ တစ်လှမ်းနှစ်လှမ်းမျှ ဆင်းလိုက်သည်နှင့် တပြိုင်နက် မမြသွေးသည် ရုတ်တရက်ရပ်လိုက်လေ၏။ လက်ထဲက သားရေအိတ်ကိုလည်း လှေကားထစ်ပေါ်မှာပင် ဖြည်းဖြည်းချထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ကား မီးလင်းလျက်ရှိပြီး အိမ်ရှေ့ခန်းတွင် ရပ်နေသူ နှစ်ဦးကို မြင်တွေ့ရလေသည်။ သူတို့နှစ်ဦးကား ဖေဖေကြီးနှင့် ဆရာဝ ဒေါက်တာဘသော်တို့ ဖြစ်ကြတာ မည်သည့်စကားမျှ မပြောဘဲ တွေဝေ နေကြသည်။ လှေကားပေါ်က တစ်ထစ်နှစ်ထစ်ဆင်းမိမှ သူတို့ စကားသံများ ပေါ်လာလေ၏။

"တဲ. . . ကျွန်တော်ပြန်မယ်၊ ဦးဘိုးသင်းလည်း တရေးရအောင် အိပ်လိုက်ပါဦး။ သူ့အတွက် အခုအချိန်မှာတော့ စိုးရိမ်စရာမရှိတော့ ဘူး။ ပြန်ပြီး ကောင်းလာပါလိမ့်မယ်"ဟု ဒေါက်တာဘသော်ကပြောရင် စားပွဲပေါ်မှ ဆရာဝန်ကိုင်ဆေးအိတ်ကို ဆွဲယူလိုက်ပြီးလျှင် "တစ်ခုတော့ တယ်။ သူ့ကိုစိတ်လှုပ်ရှားစရာ ဘာတစ်ခုမှမဖြစ်စေဖို့ အရေးကြီးပါတယ် အဲဒါတော့ အထူးဂရုစိုက်ဖို့ ဦးရဲ့တာဝန်ပါပဲ"ဟု မှာကြားလေသည်။

"ဒီအတွက်တော့ စိတ်ချပါ"ဟု ဖေဖေကြီးက ပြန်၍ပြောလိုက်၏

ဖေဖေကြီးသည် ဆရာဝန်ကို အပြင်သို့ရောက်အောင် လိုက်၍ ပို့ပြီးနောက် ပြန်၍ဝင်လာကာ အိမ်ရှေ့တံခါးကို ပိတ်လိုက်ပြီးလျှင် မ သွေးရပ်လျက်ရှိသည့် လှေကားဆီသို့ လှည့်၍လာလေ၏။ မမြသွေးသည် ဖေဖေကြီးလှေကားပေါ်သို့ တက်၍မလာမီ ကြိုတင်ဆင်းကာ လှေကာ ရင်းတွင် အတွေ့ခံလိုက်၏။ သားရေအိတ်မှာကား လှေကားပေါ်တွင်က ရစ်ခဲ့၏။

"အော်. . . သမီးပါလား"ဟု ဖေဖေကြီးက မမြသွေးကို လှ ကြည့်လိုက်ရင်း ပြောလိုက်၏။ သူ၏စကားသံမှာ လေးလံထိုင်းမှိုင်းလျ အချိန်မတော် မမြသွေးကို တွေ့လိုက်ရသော်လည်း အံ့သြသည့်အမူအ ကို မပြချေ။ သူ၏မျက်နှာတွင် သောကရောက်လျက်ရှိသည့် အရိပ်လ က္ခဏာကိုသာ တွေ့ရလေသည်။

"ဘယ်သူဘာဖြစ်လို့လဲ၊ မေမေလား"



ဦးဘိုးသင်းသည် ခေါင်းကိုအေးဆေးစွာ ညိတ်လိုက်ပြီးလျှင် "အင်း. . ညဦးတ အိပ်ရာဝင်ကြပြီးမှ သူ့ရောဂါပြန်ပြီးထလာတယ်။ ဆရာဝန်ရောက်နေတာ တစ်နာရီခွဲလောက် ရှိသွားပြီ။ အချိန်တော်ကလေး သူရောက်လာပေလို့ ရောဂါလည်း မြန်မြန်ပြန်ပြီး ကျသွားတယ်။ အစက များဖြင့်"

"အို. . . ဒီလိုဆို ဖေဖေကလည်း ကျွန်မကို ဘာဖြစ်လို့"

"သမီးကို ဘာလုပ်ဖို့ ဖေဖေအနှောင့်အယှက် ပေးနေရမှာလဲ၊ သမီးလည်းဘာမှ လုပ်နိုင်မှာမဟုတ်ဖူး။ လိုလည်းမလိုပါဖူး။ သမီးမှာ က လေးအတွက်နဲ့ တစ်နေ့လုံးမအားရဖူး မဟုတ်လား။ အိပ်တဲ့အချိန်ကလေး မှာ ကောင်းကောင်းအနားယူဖို့ လိုတာပေါ့"ဟု ဖေဖေကြီးကပြော၍ ခေတ္တမျှ တွေဝေနေပြီးမှ တဖန်ပြန်၍စကားကိုဆက်ကာ "ပြီးတော့လည်း ဒီရောဂါဟာ အခုမှအဆန်းမဟုတ်ပါဘူး။ ဖြစ်နေတာကြာပြီ။ ထူးထူးတို့ကို မမွေးခင်ကတည်းက"ဟု ပြောလေ၏။

"မြ ဒါကိုမသိဘူး။ ဖေဖေတို့ကလည်း ပြောမပြကြဘဲကို။ အခုန် ရောဂါ တဖြည်းဖြည်းဆိုးလာသလား"

"ဒီရောဂါမျိုးဟာ အသက်ကြီးလာလေ ပျောက်ဖို့ခဲယဉ်းလာရေ ပဲ"

မမြသွေးသည် လှေကားရင်းရှိ လှေကားတိုင်ထိပ်ပွတ်လုံး ကလေး ကို လက်တစ်ဖက်တင်ကာ ခေါင်းကလေးငုံ့ရင်း တွေဝေငေးမှိုင် သွားရေ သည်။

ဦးဘိုးသင်းသည် မမြသွေးကို စိုက်ကြည့်နေပြီးမှ မမြသွေး၏ပခုံး ကလေးကို အသာအယာပွတ်သပ်ကာ "သူနေကောင်းသွားမှာပါ သမီး ရယ်။ သူကျန်းမာဖို့ရာ သမီးနဲ့ဖေဖေတို့ ဂရုစိုက်ကြရမှာပေါ့ မဟုတ်လား" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကျန်းမာဖို့ရန်မိမိ၌လည်း တာဝန်ရှိသည်ဟူသော ဖေဖေကြီး၏စကားကြောင့် မမြသွေးမှာ မသိမသာ တုန်တုန်ယင်ယင်ဖြစ်သွားမိတော့၏။

"သမီးတို့ ဘယ်လိုလုပ်ရမလဲ ဖေဖေ"

"သူ့ကို စိတ်ညစ်စရာ စိတ်မချမ်းသာစရာတစ်ခုမှ မဖြစ်ရအောင် သမီးတို့၊ ဖေဖေတို့က ဝိုင်းပြီးကာကွယ်ထားကြရမှာပေါ့။ သမီးနဲ့ ချစ်ချစ်ဟာ သူ့အတွက် အားတိုးဆေးကြီးလို ဖြစ်နေတယ်။ မောင်မြင့်ထူး မရှိတဲ့နောက် သမီးနဲ့ချစ်ချစ်တို့ ရှိနေလို့သာပေါ့"

မမြသွေးမှာ မနက်ဖြန်မနက်အရေးကို တွေးလိုက်မိသည်။ ယခုည မိမိတို့ထွက်သွား၍ မနက်တွင်မေမေက မိမိနှင့်သူ့မြေးကြီးကိုမေးလျှင် ဖေဖေမှန်ရာကို ထုတ်ဖော်ပြောရပေတော့မည်ဟု တွေးမိ၏။ မမြသွေးမှာ စကားကိုမပြောနိုင်။ မိမိ၏ ခြေထောက်များကိုသာ ငုံ့၍ကြည့်နေမိသည်။ သို့ရာတွင် ခေါင်းထဲ၌ အတွေးနက်နေသည့်အတွက် မျက်စိရှေ့ရှိ မည်သည့်အရာဝတ္ထုကိုမျှ မြင်၍မရပေ။ အကယ်၍သာ မိမိသည်နောက် ငါးမိနစ်ကြာမှ ဆင်းခဲ့မိမည်ဆိုလျှင် ဆရာဝန်ရှိတော့မည် မဟုတ်၍ မည်သူနှင့်မျှ အောက်ထပ်တွင် တွေ့ရမည်မဟုတ်တော့ဘဲ မိမိအပေါ်၌ မေတ္တာကရုဏာမိုး စွေဖြိုးရွာခဲ့သမျှတို့ကို ကျေးဇူးဆပ်သောအနေဖြင့် ဤအိမ်ကြီး၏ ကြေကွဲဝမ်းနည်းဘွယ်ရာဖြစ်မှုကို ဖန်တီးပစ်ခဲ့ပေတော့မည်။ မေမေဟူ၍ ခေါ်စရာတစ်ဦးတည်းသာရှိသူကို မိမိသတ်ပစ်ရာ ရောက်ပေတော့မည်။

မမြသွေးသည် လေးလေးကြီး သက်ပြင်းချလိုက်လေတော့သည်။ ယင်းသို့ သက်ပြင်းချလိုက်ခြင်းသည် မနက်ကအစီအစဉ်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက်၊ တိမ်းရှောင်၍မဖြစ်နိုင်မှုကို လက်ခံလိုက်နာရန် ဆုံးဖြတ်ချက်ပင် ဖြစ်ပေတော့သည်။



"ဒီအတွက်လည်း သိပ်ပူမနေပါနဲ့။ မေမေကလည်း သမီးတို့ကို သူ့အတွက်နဲ့ ဘာမှဒုက္ခပေးချင်တာ မဟုတ်ဘူး။ အသိတောင် ပေးချင်တာမဟုတ်ဘူး။ သမီးတို့ ပျော်ပျော်နေတာမြင်ရရင် သူ့မှာစိတ်ချမ်းသာနေတယ်။ သူ့ရောဂါ သက်သာတယ်။ ကဲ. . . သမီးအိပ်ပျက်မယ်။ အိမ်ပေါ်တက်ကြစို့"

"အော်. . . ဖေဖေ အောက်ထပ်က မီးပိတ်လိုက်ပါဦးလား"

မမြသွေးသည် မိမိနှင့်အတူ ဖေဖေကြီးတက်၍ လိုက်ပါလာလျှင် မိမိ၏သားရေအိတ်ကြီးကို လှေကားပေါ်တွင် တွေ့သွားမည်စိုးသဖြင့် မိမိကိုယ်တိုင်လုပ်အပ်သည့်အလုပ်ကို ဖေဖေကြီးအားခိုင်းလိုက်ရသည်။ ဖေဖေ ကြီးကလည်း တစ်ညလုံးမီးအလင်းထွန်းထား၍ မိမိတို့အဖို့ ဘာမျှဖြစ်လောက်သည့်အရာ မဟုတ်သော်လည်း မမြသွေး အလိုဆန္ဒကို လိုက်လျော၍ ခလုတ်မီးပိတ်ရန် ပြန်၍ လှည့်သွားလေသည်။

BURMESE CLASSIC .com

မမြသွေးသည် လှေကားပေါ်သို့ မြန်မြန်ပြန်၍တက်ကာ သားရေအိတ်ကြီးကိုဆွဲပြီး အခန်းထဲသို့ပြန်၍ ဝင်ရလေတော့၏။

"လူလေး မေမေတို့ မသွားတော့ဘူး။ ဘယ်နည်းနဲ့မှ သွားလို့မဖြစ်တော့ဘူး။ မေမေရဲ့ စစ်ပွဲကြီးကို ဒီနေရာကနေပြီး မေမေတစ်ယောက်ထဲ ခုခံတိုက်ခိုက်ရတော့မယ်။ မေမေငိုချင်တာတောင် ဖွင့်ပြီးမငိုရဲဘူး။ မေမေ့မှာ အားလည်းမရှိတော့ဘူး။ ဒါပေမယ့် လူလေးရဲ့မျက်နှာဟာ မေမေ့မှာ တစ်အားပါပဲကွယ်"

မမြသွေးသည် သားကလေးအားကြည့်ရင်း စိတ်ထဲကပြောမိကာ ပန်းလျှနွမ်းရိစွာဖြင့် အိပ်ရာပေါ်တွင်ခွေ၍ လှဲလိုက်ရတော့သည်။

ယင်းသို့ မိုးစင်စင်လင်းမှ အိပ်ရာမှနိုးတော့၏။ နိုးသည်နှင့်စာကိုသာ စိတ်စောမိသည်။ သို့သော် မည်သည့်စာမျှ မလာပေ။

နောက်တစ်နေ့လည်း မလာ၊ နောက်တစ်နေ့လည်း မလာ။ ရက်

www.burmeseclassic.com

www.burmeseclassic.com



မှလသို့ တူးလာခဲ့လေပြီ။ စာမှာရှုတ်တရက် ပြတ်သွားသည်။ တစ်လမှနှစ်လထဲသို့ ဝင်လာသည့်တိုင်အောင် စာမလာတော့ပေ။

မမြသွေး၏ စစ်ပွဲကြီးမှာ မတိုက်ရဘဲ နိုင်လိုက်ပြီလောဟု ထင်ရသည်။ သို့သော် ဤအတိုင်း မည်သည့်နည်းနှင့်မျှ ပြီးသွားမည်မဟုတ်သည်ကို ကောင်းစွာ မမြသွေးရိပ်မိသည်။ မောင်ထဲမှရန်သူသည် သူ့အလိုကျအမျိုးမျိုးနှိပ်စက်နိုင်ရန် တိုက်ပွဲပရိယာယ်ပြောင်း၍ စစ်ဆင်ရန် အားယူနေခြင်းမျှသာ ဖြစ်ပေလိမ့်မည်။ ယခုအခြေအနေမှာ ပြင်းထန်သော လေမုန်တိုင်းကြီးမကျရောက်မီ ငြိမ်သက်နေခြင်းမျိုးနှင့် တူပေသည်။

"သမီး တနင်္ဂနွေနေ့မှာ မေမေ့မွေးနေ့လာပြီး ကျတယ်။ နှင်းဆီကုန်းလူအိုရုံမှာ အဘိုးအဘွားတွေကို အကျွေးအမွေးအလှူအတန်း လုပ်ဦးမယ်"ဟု မေမေက မမြသွေးအား ပြောပြလေသည်။

မမြသွေးထံသို့ စာမရောက်သည်မှာ ကြာ၍လာလေပြီ။

"မြရေ ကိုဝင်း အော်စတင်ကားလေးတစ်စင်း ထုတ်လာတယ်။ ဒါမှ မြရော ကိုဝင်းရော သွားစရာရှိရင် လွယ်လွယ်ကူကူ သွားနိုင်မယ်။ ဖေဖေ့ကားကြီးနဲ့ဆိုတော့ နေရာတကာတိုင်း သွားလို့မဖြစ်ဘူး မဟုတ်လား"ဟု မောင်သက်ဝင်းတ မမြသွေးအား ပြောပြသည်။

ယခုအထိ နောက်ထပ်စာမလာတော့ပေ။

သို့သော် မရှင်းသော ပြဿနာကြီးကား ရှိမြဲရှိနေပေသေးသည်။ သည်စာတွေကို ဘယ်သူက ပေးတာလဲ။ ဘာရည်ရွယ်ချက်နဲ့ ပေးတာလဲ။ ဘာအဓိပ္ပာယ်လဲ စသည်ဖြင့် တွေးစရာများစွာ ရှိနေပေသည်။

သည်ကိစ္စမျိုးမှာ သည်လောက်နှင့် ပြီးပျောက်ရပ်စဲသွားမြဲ မဟုတ်ပေ။ အစရှိလျှင် အဆက်ရှိရမည်။ မဆက်လိုသည့် ကိစ္စဖြစ်လျှင်မူလကတည်းက စမည်မဟုတ်။ စမိ၍ ဆက်မိလျှင် အဆုံးရှိရမည်။ ဆုံးလျှင်ကား ကြီးမားကြောက်မက်ဖွယ် ရက်စက်လှသော အဆုံးမျိုးဖြင့် အဆုံး



သတ်လေမည်လော။

မည်သို့ဖြစ်စေကာမူ အခိုက်အတန့်အားဖြင့် မမြသွေးလုံခြုံမှုတည်မြဲမှုကလေးများသည် တခဏပြန်၍ ရောက်လာကြပြန်လေသည်။ သို့သော် ဤတည်မြဲလုံခြုံမှုမှာ တစ်ခါကပြင်းထန်စွာလှုပ်ချောက်ခြင်းခံရသည့်အတွက် ယခုပြန်၍ပေါ်လာရာတွင် ယခင်ကလို ရဲရဲတင်းတင်း ဝင်ရောက်မလာကြဘဲ မျှော့သွေးစမ်းသလို ပေါ်၍ပေါ်၍ လာကြတော့သည်။

နံနက်ခင်း၏ သာယာခြင်းကို မြင်စပြုရပြန်လေပြီ။

□□□

www.burmeseclassic.com

www.burmeseclassic.com

## |၁၃|

မမြသွေးသည် သားကလေးချစ်ချစ်အား လက်တွန်းပုခက်လှည်းကလေးတွင်ထည့်၍ တွန်းရင်း ညနေခင်းလမ်းလျှောက်လေ့ရှိသည့်အတိုင်း ချစ်ချစ်ကို ရေချိုး၊ ဝတ်ကောင်းစားလှ လဲလှယ်ပေးပြီးသည်နှင့် လမ်းထွက်ရန် အိမ်ပေါ်မှ ဆင်း၍လာခဲ့လေ၏။

ထိုသို့ဆင်း၍လာရင်း လှေကားပေါ်မှနေ၍ အိမ်ရှေ့ခန်းသို့ လှမ်းကြည့်လိုက်ရာ မောင်သက်ဝင်း အလုပ်မှပြန်၍ရောက်နှင့်နေလျက် မေမေနှင့်အတူ အိမ်ရှေ့ခန်းတွင် ထိုင်၍နေသည်ကို တွေ့ရလေ၏။

"မြ ရေ"

"မေမေ"

မမြသွေးသည် မေမေ့အနီးသို့ ချဉ်းကပ်သွားရာ မောင်သက်ဝင်းသည် နေရာမှထ၍ မမြသွေး၏ လက်ထဲမှ ချစ်ချစ်ကို လှမ်း၍ယူလိုက်၏။

"သမီးနဲ့ မောင်သက်ဝင်းနဲ့ မြို့မကျောင်းကပွဲကို သွားကြည့်ကြ။ ဖေဖေ လက်မှတ်ဝယ်ထားတယ်"



"မြ ကြည့်ချင်ပါတယ်လို့ ဖေဖေ့ကို မပူဆာမိပါကလား မေမေ"

"သမီး ပူဆာလို့တော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ရုံပုံငွေအလှူပွဲအတွက်ဆိုပြီး တစ်နေ့က အလုပ်တိုက်ကို လက်မှတ်လာရောင်းသွားလို့ ဖေဖေဝယ်လိုက်ရတယ်။ ဝယ်ထားပြီးမေ့နေလို့ ဒီကနေ့ပဲ လက်မှတ်ယူလာခဲ့တယ်။ ဒီနေ့ကြည့်ဖို့ လက်မှတ်ပဲ"

မမြသွေးသည် မျှော်လင့်ထားသည့်အရာမဟုတ်သည့်အတွက် မည်သို့ပြန်၍ ပြောရမည်ကို ရုတ်တရက်မစဉ်းစားတတ်သကဲ့သို့ ရှိသွားသည်။ နောက်မှ "ဒီညပဲဆိုတော့ အချိန်က နီးလွန်းအားကြီးနေတယ်။ သည်းဘာမှ ပြင်ဆင်ထားပြီးသား မရှိဘူး"ဟု မသွားလိုသောဆန္ဒကို သိုက် လေ၏။

"လက်မှတ် အသင့်ရှိနေပြီပဲ။ ဘာကိုပြင်ဆင်စရာ လိုသေးသလဲ။ ဝတ်အစားလဲပြီး သွားရုံပဲ"

"မြ မလိုက်လို့ မဖြစ်ဖူးလား"

"ဘယ်သူမှ မသွားလည်း ဖြစ်တာပေါ့သမီးရယ်။ ပွဲကြည့်ချင်လို့ တ်မှတ်ဝယ်လိုက်တာမှ မဟုတ်ပဲ။ အလှူအဖြစ်မို့ ဝယ်လိုက်တာ။ ဒါပေ ယ့် ဒီလိုပွဲမျိုး၊ ဒီလိုနေရာမျိုးဟာ သွားလို့ ပြုလို့ ဂုဏ်ရှိတာမို့ သမီးကို မင်သွားစေချင်လို့ ပြောနေတာ"

မေမေ၏ဆန္ဒမှာ မမြသွေးအဖို့ အမိန့်နှင့်မခြားပေ။ မမြသွေး ည် မေမေ၏စိတ်ကို ထိခိုက်မည့်အရာမှန်လျှင် မည့်သည့်အရာမဆို ှောင်ရှားမည်။ ကာကွယ်ပေးရမည်။ မေမေ၏အလိုကို လိုက်နာရမည်။ ဖြစ်၍ မမြသွေးမှာ ရည်ရွယ်ချက်လည်း မရှိသည့်တိုင်အောင် မငြင်း နိုင်တော့ပေ။

"ဟုတ်ကဲ့ သွားပါမယ် မေမေ"ဟု ဖြေလိုက်ရ၏။

"မင်းကိုယ်တိုင် ကားမောင်းလို့တော့မဖြစ်ဘူး။ ကားကိုအစောင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိဖို့လိုတယ်၊ ဒရိုင်ဘာကို ခေါ်သွား၊ နောက်ပြီး မြကို ကောင်းကော
ကြည့်ပြီး ခေါ်သွားနော်"

မမြသွေးနှင့် မောင်သက်ဝင်းတို့သည် ဝတ်ကောင်းစားလှ
ဆင်၍ ကားနောက်ပိုင်းတွင် ယှဉ်တွဲ၍ လိုက်ပါလာကြသည်။ နှစ်ယော
စလုံး ရှိုးတိုးရှန်းတန်း ဖြစ်နေကြလေသည်။ ယခင်က မမြသွေးကို အ
မောင်းသင်ပေးစဉ် ပူးပူးကပ်ကပ် ယှဉ်တွဲထိုင်ခဲ့ရာ၌ ဘာမျှမဖြစ်ခဲ့ကြ
ယခုမှ တစ်ယောက်နှင့်တစ်ယောက် ပထမဆုံးအကြိမ် တွေ့ကြရဘူးသ
သို့ အသစ်အဆန်းဖြစ်နေကြလေ၏။

လမ်းတစ်လျှောက်လုံး တစ်ယောက်ကိုတစ်ယောက် စကာ
ပြောမိကြဘဲ ငြိမ်သက်စွာ လိုက်ခဲ့ကြပြီး ဂျူဗလီဟောသို့ ရောက်တာ
မောင်သက်ဝင်းက စကားစတင်ပြောဖြစ်လေ၏။

"ကြည့်စမ်း မီးတွေထွန်းထားတာ မလှဘူးလား"

"သိပ် စည်ကားတာပဲနော်"

"အိမ်မှာချည်း တကုပ်ကုပ်နေရပြီး တစ်ခါတစ်လေ အခုလိုထွေ
ရတော့ စိတ်ထဲမှာ ပြောင်းလဲမသွားဘူးလား"

"တစ်မျိုးကြီးဘဲ"

မမြသွေးမှာ ယခုမှမဟုတ်၊ အိမ်မှထွက်လာစကတည်းကပင် တ
မျိုးကြီး ဖြစ်၍လာခဲ့လေသည်။

ဂျူဗလီဟောအတွင်းသို့ နှစ်ယောက်သား ယှဉ်တွဲ၍ဝင်လာကြ
တွင် ပရိသတ်ထဲက မိမိတို့နှစ်ဦးအား စိုက်၍ကြည့်နေကြသည်။ သူတို့
မျက်နှာများကို မြင်ရသည်တွင် သာ၍ပင်တစ်မျိုးကြီးပဲ ဖြစ်မိလေသည်
မမြသွေးမှာ မိမိတို့အတွက် သီးသန့်ထားသည့်နေရာသို့ ရောက်သည့်တို
အောင် မည်သူ၏မျက်နှာကိုမျှ မကြည့်ရဲ။ မိမိ၏မျက်နှာကိုလည်း ခပ်ငုံ
ကလေးထားကာ လျှောက်လာခဲ့ရလေသည်။



တဖြည်းဖြည်းနှင့် နေသားကျသွားပြီးနောက် ပဒေသာကပွဲများ
တစ်ခန်းပြီးတစ်ခန်း ပြောင်းလာရာတွင် မမြသွေးသည် ပွဲထဲတွင် စိတ်ဝင်
စားလာကာ၊ ရယ်စရာအခန်းများတွင် နှစ်နှစ်ခြိုက်ခြိုက်ပင် ရယ်မောမိလေ
၏။ မောင်သက်ဝင်းကသော်လည်းကောင်း၊ မမြသွေးကသော်လည်း
ကောင်း ကပြသူတို့၏အမူအရာ၊ အဝတ်အစား၊ အခမ်းအနားများကို ဝေ
ဖန်ခြင်းဖြင့် စောစောကရှိခဲ့သည့် ရှက်ကြောက်စိတ်များ လွင့်စင်ကာ
ကြည်ကြည်လင်လင် ရှိလာကြ၏။

သို့နှင့် အားလပ်ချိန်သို့ ရောက်ရှိလာလေသည်။

"မြ အပြင်လိုက်ဦးမလား"

"မလိုက်တော့ဘူး"

မောင်သက်ဝင်း အပြင်သို့ ထွက်သွားပြီးသည့်နောက် မမြသွေး
သည် ကပွဲအစီအစဉ်စာအုပ်ကလေးကိုလှန်လှောကာ ဇာတ်လမ်းအ
ကြောင်းအရာများကို ဖတ်ရှုနေလေ၏။ ခဏမျှအကြာတွင် မိမိဘေးရှိနေ
ရာလွတ်တွင် လူပြန်ရောက်လာသည်ကို တွေ့ရသဖြင့် "ကိုကိုဝင်း၊ မြန်လှ
ချည့်လား" ဟုပြောမည်ပြုကာ မျက်နှာလှည့်လိုက်လေ၏။

အစွယ်ဖွေးဖွေး၊ အမွေးစုတ်ဖွားဖွား၊ အသားမဲမဲသရဲကြီးတစ်
ကောင် မိမိ၏ဘေး၌ ဝင်၍ထိုင်နေသည်ကို တွေ့ရလျှင် မမြသွေးမှာ
ဤမျှ ကြောက်လန့်တုန်လှုပ်သွားမည်မဟုတ်ပေ။ ယခုမူ မိမိဘေး၌
ဝင်ထိုင်သူ၏မျက်နှာကို မြင်လိုက်ရသည်တွင် လန့်၍အော်လိုက်တော့မည်
လုပ်ပြီးမှ မနည်းသတိထားလိုက်ရလေသည်။ မမြသွေးတစ်ကိုယ်လုံးမှာ
တဆတ်ဆတ်တုန်နေလျက် မျက်လုံးများမှာ ပြူးနေတော့သည်။ သို့သော်
ထိုမျက်လုံးများသည် မမြသွေးအလွန်ကြောက်မိသူ၏မျက်နှာပေါ်မှ ခွာမရ
ဘဲရှိရလေသည်။

"ဘလှရီအောင်လေ။ မှတ်မိသေးရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



မမြသွေးမှာ မေ့မျောလဲကျမသွားအောင် ဘုရားတ၍နေလိုက်ေ
သည်။ ယခုအခိုက်အတန့်မှာပင် မောင့်သက်ဝင်းပြန်လာလျှင် ကောင်း
မည်ဟု မမြသွေး၏စိတ်ထဲ၌ တောင့်တကာ တံခါးပေါက်သို့လှမ်း၍ မျှော်
မိသည်။ မောင်သက်ဝင်း ထွက်၍သွားသည်မှာ တအောင့်ကလေးမျှသာ
ရှိသေးရာ ယခုမှအပြင်သို့ ရောက်စရှိပေလိမ့်ဦးမည်။

ဘလှအောင်သည် မမြသွေး၏ အဖြေကိုစောင့်နေသည်။ သို့သော်
မမြသွေးက ဘာမျှလည်းမဖြေ၊ ဘာမျှလည်း ပြန်မပြော။ မိမိတို့အား
မည်သူတွေက ကြည့်နေကြပါသနည်းဟု ဝဲယာလှည့်၍ အကဲခတ်လိုက်
သည်။ ပရိတ်သတ်များမှာ ဝင်ထွက်သွားလာ ရှုပ်ယှက်ခတ်ကာ မည်သူတို
မျှ ဂရုမစိုက်နိုင်ပေ။

သွေးမှာ ပရိသတ်ဗိုလ်ပုံအလယ်တွင် ဆူပူလှုပ်ရှားသွားေ
မည့် အပြောအဆို၊ အပြုအမူကို မပြုလုပ်ရဲပေ။ တစ်စုံတစ်ရာဖြစ်သွား
လျှင် တစ်သက်လုံးဖုံးလာခဲ့သော အတိတ်က အဖြစ်ကို ဖော်ထုတ်လိုက်ရာ
ရောက်ချေတော့မည်။ သို့ဖြစ်လျှင် ရှေ့ကိုမှမမြသွေးဆက်၍ မတွေ့ရဲတော့
ချေ။ လောလောဆယ် ဖြစ်ပေါ်လာသော ကိစ္စကြီးကို အမြန်ဆုံးပြီးပြတ်
ရှင်းလင်းသွားအောင် မည်သို့ပြုလုပ်ရမည်ကိုသာ အကြံထုတ်ရလေသည်။

"ဒါလောက် စဉ်းစားရရင် မှတ်မိရောပေါ့"

မရှောင်နိုင်၊ မရှားနိုင်သည့် ဤနေရာမျိုး၊ ဤအချိန်မျိုးကိုမှ ရွေး
၍လာရောက်တွေ့ခြင်းမှာ အကြံပိုင်လှပါပေသည်ဟု မမြသွေး၏စိတ်ထဲမှ
မှတ်ချက်ပြုလိုက်မိလေသည်။

"ဟုတ်ကဲ့။ တွေ့ရတာဝမ်းသာပါတယ်။ နောက်မှ တွေ့ကြသေး
တာပေါ့။ ဒီအထဲမှာ လူတွေများလွန်းလို့အိုက်ပြီး အသက်ရှူကျပ်နေတာ
ဘဲ။ အပြင်သွားလိုက်ပါဦးမယ်"

မမြသွေးသည် ဘလှအောင်ကိုရှောင်၍ ထွက်သွားခြင်းမဟုတ်ပေ



ရှောင်၍ရနိုင်မည်မဟုတ်ဟု သိထားသည့်အလျောက် အပြင်ထွက်၍
သွားရန် ဘေးလူများကြား၍ကောင်းအောင် ပြောဆိုလိုက်ခြင်းမျှသာ ဖြစ်
လေရာ၊ ဘလှအောင်မှာ အကင်းပါးသူဖြစ်သည့်အလျောက် မမြသွေး
နောက်က လိုက်၍သွားလေသည်။

ဂျူဗလီဟော အပြင်ဖက် လူအနည်းငယ်ရှင်း၍ အုန်းငှက်ပျောပင်
အရိပ်ရှိရာ နေရာအောက်သို့ရောက်သည်တွင် မမြသွေးသည် ရပ်တန့်
လိုက်ပြီးလျှင် နောက်မှလိုက်လာသည့် ဘလှအောင်ဖက်သို့ လှည့်၍ရဲတင်း
စွာ ရင်ဆိုင်လိုက်လေ၏။

"ရှင်ကျွန်မကို စွန့်ပစ်ခဲ့ပြီ မဟုတ်လား။ ငွေငါးကျပ်တန်ကလေး
တစ်ချပ်ပေးပြီး စွန့်ပစ်လိုက်ပြီးမှ အခုရှင်ဘာလာလုပ်တာတုန်း။ ရှင်နဲ့
ကျွန်မနဲ့ မဆိုင်တော့ဘူး"

"ကျုပ် မရှင်းတာကလေးတွေ ရှင်းချင်လို့ပါပဲ။ အသက်ရှင်နေသူ
တစ်ယောက်ရဲ့ မိန်းမဟာ သေသွားတဲ့လူတစ်ယောက်ရဲ့ မိန်းမဖြစ်သွား
တာ ဆန်းလွန်းလို့"

"ဒီကိစ္စကို ကျွန်မ ရှင်းနေဖို့ မလိုပါဘူး။ ရှင် ဘာလိုချင်လဲ။ ဒါကို
မြန်မြန်ပြောစမ်းပါ။ ကျွန်မ ကြာကြာစကားပြောနေဖို့ အချိန်မရှိဘူး"

"အခုပဲ ကျုပ်ပြောပြီးပြီးမဟုတ်လား။ မရှင်းရင် ထပ်ပြောဦး မယ်။
လွန်ခဲ့တဲ့နှစ် ဝါဆိုလဆန်း ၁၂ရက်နေ့မှာ ကိုမြင့်ထူးဆိုတဲ့ လူတစ်
ယောက်ဟာ မိန်းမတစ်ယောက်နဲ့ ပြင်ဦးလွင်မှာ လက်ထပ်တယ်။ ဒီအချိန်
မှာ မင်းနဲ့ ကျုပ်ဟာ လင်မယားအဖြစ်နဲ့ မန္တလေးမှာ ရှိနေကြတယ်။
တစ်ချိန်ထဲမှာ မင်းနှစ်နေရာ မရှိနိုင်ဘဲ ဘယ့်နှယ်ကြောင့် ကိုမြင့်ထူးရဲ့
မိန်းမဖြစ်နေရတာတုန်း"

မမြသွေးမှာ ငိုင်၍သွားလေ၏။

"ကျွန်မဆီကို စာတွေပေးနေတာ ရှင်ပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ပေးတာပဲ။ ဒီလိုပေးရတာ တခြားကြောင့်မဟုတ်ဘူး။ ကျုပ်ရှိတယ်၊ ကျုပ်သိတယ်ဆိုတာကို တစ်ချက်ထဲ အကြောင်းပြလိုက်ရင် မင်းလန့်ပြီး ဒုက္ခဖြစ်မသွားစေချင်လို့၊ လန့်စရာရှိတောင် ခံနိုင်ရည်ရှိအောင် ကြိုတင်ပြီး အစပျိုးပေးရတာ"

"ရှင်ဘာရည်ရွယ်ချက်နဲ့ ဒီလိုလိုက်လုပ်နေတာလဲ"

"ကျုပ်ပြောပြမယ်။ မင်းမန္တလေးက ထွက်သွားတဲ့ညမှာ မင်းစီးသွားတဲ့ ရထားမှောက်တယ်ဆိုတာ သိရတော့ မင်းသေသလား၊ ရှင်သလား သိရအောင် ကျုပ်လိုက်လာပြီးကြည့်တယ်။ ဒါလောက်တော့ မင်းအပေါ်မှာ ကရုဏာရှိပါသေးတယ်။ ကိုယ်ဝန်ဆောင်မိန်းမ ခပ်ငယ်ငယ်သေတဲ့အထဲမှာ ပါသွားတယ်ကြားရတော့ ကျုပ်မင်းအတွက် အတော်လေးစိတ်မကောင်းဖြစ်ခဲ့မိတယ်။ ဒါပေမယ့် သေပြီးတဲ့နောက် မထူးတော့ပါဘူးဆိုပြီး ကျုပ်မင်းအလောင်းကို ကြည့်ခွင့်လည်း မတောင်းတော့ပါဘူး။ သေသူဟာ ကျုပ်မိန်းမပါပဲလို့ တိုင်ချက်ပေးခဲ့တယ်။ ဒီအတွက် မင်းဒီလိုအဖြစ်ရောက်ရတာ ကျုပ်ကိုတောင် ကျေးဇူးတင်ဖို့ ကောင်းသေးတယ်"

ဘလှအောင်သည် စီးကရက်တစ်လိပ်ကို ခပ်အုပ်အုပ်တလေး မီးညှိ၍ဖွာလိုက်ကာ စကားကိုဆေးလိပ်ငွေ့များနှင့် ရောယှက်၍ထုတ်ရင်း ဆတ်လက်ပြောပြန်လေသည်။

"ဒီနောက် ဟိုဟာကြားရ၊ ဒီဟာကြားရနဲ့ မင်းအကြောင်းတစ်စွန်းတစ်စ သတင်းရတာနဲ့ ဟုတ်မဟုတ်သိချင်လို့ လိုက်လာပြီး စုံစမ်းနေတာကြာပြီ။ စုံစမ်းလို့မင်းရဲ့ နောက်ပိုင်းအဖြစ်အပျက်ကို ကြားရတဲ့အခါ ကျုပ်ခေါင်းထဲမှာ ရှုပ်သွားတယ်"

"ဒါတွေဟာ ရှင့်အပူမဟုတ်ပါဘူး။ ရှင်နဲ့ ကျွန်မနဲ့ ဘာမှမတော်တော့ပဲဟာ"

"မင်းနဲ့ ကျုပ်နဲ့ဟာ မခေါ်ချင်လည်း နေလို့ရတယ်၊ မတော်ချင်



ည်း နေလို့ရတာတော့ ဟုတ်ပါရဲ့။ ကလေးကိုတော့ဖြင့် မတော်ချင်လို့ ရဘူး"

"ရှင် ရူးနေသလား။ ဒါမှမဟုတ်"

"ဟဲဟဲ. . . ရူးတယ်၊ မရူးဘူးဆိုတာ နောင်တော့ သိရမှာပေါ့လေ။ ကားတွေကို ဒီနေရာမှာရပ်ပြီး ပြောနေလို့လည်း မဖြစ်သေးပါဘူး။ းလပ်ချိန်တ စေ့တော့မယ်"

မမြသွေးမှာ ဘလှအောင်၏စကားကို ကြက်သီးမွေးညင်းထမိသ၏။

"အရေးရှိရင် မင်းဆီကို တယ်လီဖုန်းဆက်လိုက်မယ်"ဟု ဆိုကာ လှအောင်သည် အိတ်ထဲက မှတ်စုစာအုပ်ကလေးတစ်ခုကို ထုတ်၍ ရက်မီးရောင်ဖြင့်ကြည့်ကာ "တူး၊ အိတ်၊ နိုင်း"ဟု ဖတ်ပြလိုက်လေ၏။

မမြသွေးလည်း ဘာမျှမပြောတော့ဘဲ ချာကနဲလှည့်၍ထွက်လာ ခြေလှမ်းငါးလှမ်းမျှ လှမ်းမိရာတွင် မောင်သက်ဝင်းနှင့် ပက်ပင်းပါးမိလေ၏။

"ဟော. . . မြ၊ ကိုဝင်း ရုံထဲမှာမတွေ့လို့ လိုက်ရှာလိုက်ရတာ"

"မြထိုင်နေရင်း ခေါင်းထဲမှာ မူးနောက်နောက် ငြီးစီစီကြီးဖြစ်ပြီး ထဲမှာမနေနိုင်လို့ လေရှူရအောင် အပြင်ထွက်ပြီးလာခဲ့ရတယ်"

"အပြင်မှာ မြအသိနဲ့ တွေ့နေတယ်ထင်တယ်"

မမြသွေးသည် မျက်နှာပျက်မသွားအောင် မနည်းကြိုးစားဟန်ဆောင်လိုက်ရလေသည်။

"ဟုတ်ကဲ့။ ရှမ်းပြည်နယ်က အသိတစ်ယောက်နဲ့ လာတွေ့နေယ်"

"ကဲလာ၊ အထဲပြန်ဝင်ကြစို့။ ပွဲပြန်စတော့မယ်"

"မြ မကြည့်ချင်တော့ဘူး။ ခေါင်းသိပ်မူးတာဘဲ။ ပြန်ဝင်ရင်ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွားလိမ့်မယ်"

"မြ ပြန်ချင်ပြီလား"

မမြသွေးက ခေါင်းညိတ်လိုက်၏။

"ပြန်ပြီး စောစောအိပ်လိုက်ရရင် သက်သာသွားလိမ့်မယ်"

"ဒါဖြင့်ရင်လည်း ပြန်ကြတာပေါ့လေ၊ မြရဲ့မိတ်ဆွေကို နှုတ်ဆ[...]ဦးမလား"

"အို. . . အရေးမကြီးပါဘူး"

"တဲ. . . သွားကြစို့"

မမြသွေးသည် ဘလှအောင်လိုက်လာမည်ကို ကြောက်ရွံ့[...]မောင်သက်ဝင်း၏လက်ရုံးကို ကိုင်တွယ်အားပြုလျက် လိုက်ပါလာခဲ့[...]၏။

"မြ မူးမယ်။ ဖြည်းဖြည်းလျှောက်၊ လက်ကိုလည်း မြဲမြဲကိုင်ထား[...]နော်" ဟု မောင်သက်ဝင်းက သတိပေးလေသည်။

ooo

[၁၄]

မမြသွေးမှာ သူတစ်ပါးဖြားယောင်းရာ ပါလွယ်သည့် စိတ်ထားနုနယ် မလိမ်မိုးမလိမ္မာအရွယ်တွင် ဘလှအောင်လှည့်စားမှုကို ခံခဲ့ရပြီးနောက် ဒုက္ခကိုအဖော်ပြုပြီး ဘဝသစ်သို့ရှေ့ရှု ထွက်လာခဲ့ရသည်။ ထိုသို့ထွက်ခွာလာရင်းက လမ်းခရီးတွင် အေးမြသောအရိပ်ကလေးတစ်ခုကို ခိုမိသည်။ ထိုသို့အရိပ်ခိုကာ အပန်းဖြေခိုက် မိမိ၏ညစ်နွမ်းသောအတိတ်က ဘဝကြီးသို့ ပြန်၍မရောက်ရအောင် တစ်ကိုယ်တည်းအားခဲ ကြိုးပမ်းနေရစဉ်မှာပင် မိမိ၏ဆိုးဝါးသော ကံကြွေးမှာ ပေးဆပ်ခဲ့ပြီးသော အဖြစ်ဆိုးမှုနှင့် မကြေသေးသတဲ့သို့ ကြမ္မာကောင်ကြီးပေါ်၍ လာပြန်ပေပြီ။

မမြသွေးသည် ဘလှအောင်ကိုတွေ့ခဲ့ရသည့်ညမှစ၍ တယ်လီဖုန်းခေါ်သံကြားရမည်ကို အချိန်ရှိသရွေ့ လန့်ဖျပ်နေရ၏။ မမြသွေးသည် မိမိ၏ဟန်အမူအရာ ပျက်နေသည်ကို မည်သူမျှမရိပ်မိစေရန် ကြိုးစားပါသော်လည်း မေမေသည်လည်းကောင်း၊ ဖေဖေသည်လည်းကောင်း၊ မောင်သက်ဝင်းသည်လည်းကောင်း ဒေါ်ဒေါ်ကျော့သည်လည်းကောင်း၊ အ

www.burmeseclassic.com

www.burmeseclassic.com



ယုတ်သဖြင့် အစေခံမိန်းကလေး မအေးသည်လည်းကောင်း၊ သူတို့၏ မျက်လုံးများသည် မိမိအား သက်မကင်းသကဲ့သို့ အကဲခတ်နေကြသည် ဟု စိတ်ထဲ၌ ထင်နေရလေသည်။

"တရင် ရင် ရင် ရင်"

မမြသွေးမှာ ခေါင်းနပန်းကြီးသွားတော့သည်။ တယ်လီဖုန်း ခေါင်းလောင်းကြီးသံ စတင်၍ကြားလိုက်ရသည်နှင့် မည်သူ့ထံမှဖြစ်မည်ကို သိနှင့်ပြီးသားဖြစ်သော်လည်း မိမိထင်သည့်အတိုင်း မဟုတ်ပါစေနှင့်ဟု ၍သာ ကြိတ်လျက်ဆုတောင်းရင်း တယ်လီဖုန်းခွက်ထားရာသို့ သုတ်သုတ် ကလေး လှမ်းခဲ့ရသည်။

ထိုကဲ့သို့ သွက်လက်စွာလှမ်းခဲ့ရခြင်းမှာ နားထောင်လိုလှ၍ မဟုတ်ဘဲ၊ တစ်ဦးတစ်ယောက်က ဦးစွာကောက်ယူနားထောင်လိုက်မိမည်ကို စိုးရိမ်ခြင်းကြောင့်ဖြစ်ပေ၏။

ကံအားလျော်စွာ ထိုအချိန်တွင် မောင်သက်ဝင်းနှင့် ဖေဖေကြီး တို့အိမ်၌ မရှိကြချေ။ မေမေမှာလည်း အိမ်ပေါ်ထပ်၌ ရှိနေရာ တယ်လီ ဖုန်းခေါ်သံကြားသဖြင့် ဆင်း၍အလာတွင် "ဒီမှာ မြရှိတယ်မေမေ၊ မြနား ထောင်လိုက်ပါ့မယ်"ဟု လှမ်း၍ပြောဆိုကာကွယ်လိုက်ရကာ တယ်လီဖုန်း ခွက်ရှိရာသို့ ရောက်သွားလေသည်။

မမြသွေးသည် တယ်လီဖုန်းကိုကောက်၍ နားထောင်လိုက်သည် နှင့် မည်သူ၏အသံဖြစ်သည်ကို ကောင်းစွာကျက်မိလေသည်။

"အခုပြောနေတာ မမြသွေးလား"

"ဟုတ်ပါတယ်"

"ကျုပ် ဘလှအောင်လေ၊ သိရဲ့မဟုတ်လား"

မမြသွေးသည် ဖြေစရာမလိုသကဲ့သို့ ငြိမ်သက်စွာပင် နေလိုက် သည်



"ဒီမှာ မင်းအနားမှာ မင်းပြောမယ့်စကားတွေ ကြားရမယ့်သူ ရှိနေသလား"

"ကျွန်မ ရှင်တွေ့ကရာမေးတာတွေ ဖြေမနေနိုင်ဘူး။ တယ်လီ ဖုန်းပြန်ချလိုက်မယ်"

"ဒီလိုလည်း မလုပ်နဲ့လေ၊ ကျုပ်ထပ်ပြီး မခေါ်ဘဲနေမလား၊ မရမ နေအောင်း ကျုပ်ခေါ်နေမှာပဲ၊ အဲဒါမှ ပိုဆိုးလိမ့်မယ်။ မင်းနားမထောင်ဘဲ တစ်ယောက်ယောက်က ဝင်နားထောင်ရင် ကျုပ်ဘယ်သူလဲ၊ ဘာကြောင့် နားမနေ ခေါ်နေရတာလဲဆိုတာ ဖြေနေရမှာပေါ့"

မမြသွေးသည် တက်ကြွလာသော ဒေါသလေးကို ကြိတ်ချေရသ ကဲ့သို့ ဟီးတစ်ချက်ချလိုက်၏။

"မင်းနဲ့ကျုပ်နဲ့ တယ်လီဖုန်းထဲကနေပြီး စကားများများ ပြောနေလို့ မဖြစ်ဘူး၊ မပြောတာပိုကောင်းတယ်၊ အဲဒါကြောင့် မင်းကို ကျုပ်တွေ့ ချင်တယ်၊ ဒီညမှာပဲ တွေ့ချင်တယ်၊ ကျုပ်ဒီအနီးအနားတဝိုက်မှာပဲ ရှိနေတယ်၊ မင်းလာနိုင်မယ်ဆိုရင် ကျုပ်အခုရှိနေတဲ့နေရာကို ပြောလိုက် မယ်"

"မဖြစ်နိုင်ဘူးရှင့်၊ အချိန်မတော်ဘူး"

"ဒါဖြင့်ရင် မနက်ဖြန်"

"ကျွန်မ တယ်လီဖုန်းချလိုက်မယ်"

"ကျုပ် စကားဆုံးအောင် နားထောင်ပါဦး၊ မနက်ဖြန် မြို့ထဲကို လာခဲ့ပါ၊ ဝိတိုရိယ ဟိုတယ်ကနေပြီး ကျုပ် စောင့်နေမယ်၊ နှစ်ချက်ထိုး ရောက်လာခဲ့ပါ"

ဘလှအောင်သည် မမြသွေး၏အဖြေကိုစောင့်ကာ ခေတ္တရပ် နေလိုက်၏။

"ဘယ့်နှယ်လဲ အဖြေမပေးတော့ဘူးလား၊ ကျုပ် ဒီအဖြေရမှချင်း

www.burmeseclassic.com

www.burmeseclassic.com



ထပ်တလဲလဲ ခေါ်နေမှာပဲ"

မမြသွေးသည် အတန်ငယ်တွေ၍နေပြီးမှ စိတ်မပါတပါဖြင့် "ကောင်းပါပြီ"ဟု နောက်ဆုံးအဖြေ ပေးလိုက်ရလေ၏။

မေမေသည် မမြသွေး တယ်လီဖုန်းယူ၍ နားထောင်နေသဖြင့် အောက်ထပ်သို့ ဆင်းမလာသော်လည်း အိမ်ပေါ်သို့ မမြသွေးတက်လာသည့်အခါတွင် မမြသွေးကို လှမ်း၍ကြည့်လိုက်၏။

မမြသွေးသည် တစ်ကြိမ်တစ်ခါမျှ မိမိကိုယ်ရေးကိုယ်တာနှင့် ပတ်သက်၍ တယ်လီဖုန်းလာလေ့မရှိ၊ အိမ်အရေးကိစ္စနှင့် မဆိုင်ဘဲလည်း ပြောဆိုအသုံးချလေ့မရှိရာ၊ မေမေက မမေးမြန်းသည့်တိုင်အောင် ပြောဖို့ရာ ရှိနေသကဲ့သို့ စိတ်ထဲက ယူဆလိုက်လေသည်။

"ကိုဘလှအောင်ဆိုတဲ့ လူတစ်ယောက်ဆီကမေမေ၊ တစ်နေ့တုန်းက ကိုကိုဝင်းနဲ့ကျွန်မတို့ ဂျူဗလီဟောမှာ တွေ့ကြပါတယ်၊ သူက ကျွန်မခေါင်းမူးပြီး အိမ်ပြန်လာတာသိလို့မေးတာဘဲ"

"စိုးရိမ်ရှာဟန်တူတယ်၊ အဲဒီလို စေတနာထားတတ်တဲ့ လူဟာ လူကောင်းပဲ"

မေမေ၏စကားမှာ မမြသွေးအား သရော်လိုက်သကဲ့သို့ ရှိလေတော့သည်၊ လူကောင်း၊ တကယ့် သူတော်ကောင်းကြီးဟု မေမေထင်မိအောင် မမြသွေးကလည်း မှုသားသုံးမိပေသကိုး။

မမြသွေးမှာ အခိုက်အတန့်အားဖြင့် ဘလှအောင်၏အနှောင့်အယှက်မှ သက်သာရာရစေရန် အေးရာအေးကြောင်းစကားကို ပြောလိုက်သော်လည်း မနက်ဖြန်တကယ်တန်းတွေ့ရမည့် အရေးကို တွေးလိုက်မိသည့်အခါ ရင်တဖိုဖိုနှင့်ရှိနေရလေသည်။ မနက်ဖြန် နှစ်ချက်ထိုးအချိန်အထိမူကား မိမိအား ဘာမျှ ဘလှအောင်လုပ်နိုင်ဦးမည် မဟုတ်ပေ။ နှစ်ချက်ထိုးချိန်က ကျော်သွားပါမူ မိမိသွားရောက် အတွေ့မခံပါက



နောက်ထပ် အနှောင့်အယှက် ပေးဦးမည်မှာမလွဲပေ။ အကယ်၍ အတွေ့ခံလိုက်ပါကလည်း နောက်ထပ် အနှောင့်အယှက်ပေးမည်မဟုတ်ဟု စိတ်မချ ရပေ။ သို့ဖြစ်ရကား ဘလှအောင်၏ အနှောင့်အရှက်ကို တစ်ခါတည်း ပြီးပြတ်သွားအောင် ပြုလုပ်ပစ်နိုင်မည့် နည်းလမ်းကို ရှာကြံမှသာ စိတ်ချမ်းသာမှု ကို ရနိုင်ပေတော့မည်။

ဘယ်ကဲ့သို့ လုပ်ရပါမည်နည်း။ မမြသွေးသည် ဤကိစ္စကို မောင်သက်ဝင်းအား ဖွင့်၍မပြောလျှင် မဖြစ်တော့ဟုတွေးမိ၏။ တစ်အိမ်လုံးတွင် မောင်သက်ဝင်းကလွဲ၍ မည်သူ့အားမျှ အသိပေး၍ မတော်သည်ကို စဉ်းစားမိ၏။ မောင်သက်ဝင်းအား ပြောပြအကူအညီ တောင်းခြင်းအားဖြင့် မိမိ၏အကြောင်းရင်းကို သိသွားသည့်အတွက် မိမိ၏ရှေ့ရေးသည် တစ်မျိုးတစ်မည် ပြောင်းလဲသွားစရာ ရှိနိုင်စေကာမူ မိမိအပေါ်၌ဆိုးဝါးယုတ်မာစွာ ပြုကျင့်ခဲ့သော ဘလှအောင်၏ လက်ခုပ်တွင်းကတော့ဖြင့် လွတ်မြောက်ခွင့် ရပေလိမ့်မည်။ မိမိ၏အခြေအနေမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွား၍ မည်မျှကြီးမားသော ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ရစေကာမူလည်း လူတကာ၏ကဲ့ရဲ့ခြင်း ကင်းစင်သန့်ရှင်းသောအဖြစ်ဖြင့် မိမိ၏ ခန္ဓာဝန်ကို ဆောင်ကျဉ်းစရာလမ်းရှိပေလိမ့်မည်။ ညစ်နွမ်းသောဘဝဟောင်းကိုတော့ဖြင့် ပြန်၍မရောက်ရအောင် တိုက်ဖျက်ရမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဖေဖေကြီးနှင့် မောင်သက်ဝင်းတို့သည် အပြင်သို့သွားနေရာမှ ပြန်၍ရောက်လာကြပြီးနောက် ဖေဖေကြီးနှင့် မေမေတို့ စောစောအိပ်ရာဝင်ကြ၍ ဒေါ်ဒေါ်ကျော့လည်း အိပ်ရာဝင်တော့မည်ဖြစ်၍ ဘုရားရှိခိုးလျက်ရှိ၏။ မောင်သက်ဝင်းမူကား မဂ္ဂဇင်းတစ်အုပ်ကိုဖတ်လျက် အောက်ထပ်မှာပင် ကျန်ရစ်ခဲ့၏။

မမြသွေးသည် အိမ်ပေါ်မှ ဆင်းလာပြီးလျှင် မောင်သက်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



အနီး၌ရပ်လိုက်ရာ မောင်သက်ဝင်းမှာ ထိုသို့ မမြသွေးဘယ်အခါမျှမလာ ဘူးသဖြင့် ရုတ်တရက်သော် လန့်ဖျပ်အံ့ဩသွားပြီးမှ မျက်နှာကိုပြင်၍ပြုံး လျက် "မြ မအိပ်သေးဖူးလား"ဟု မေးလိုက်၏။

မမြသွေးသည် ဘာမျှအဖြေမပေးဘဲ မောင်သက်ဝင်းအနီးရှိ ခုံ ဖာတစ်ခုပေါ်တွင် ဝင်ထိုင်လိုက်ပြီးလျှင် မိမိပြောရမည့်စကားကို ရုတ် တရက်အထွက်ရခက်သလို မောင်သက်ဝင်းကိုသာ စိုက်ကြည့်နေမိ၏။ လှုပ်ရှားလာသော မျက်လုံးများသည် မောင်သက်ဝင်း၏စိတ်ကို လှုပ်ရှား သွားစေတော့၏။

"ကိုကိုဝင်းကို မြဖွင့်ပြောချင်တာရှိလို့"

မောင်သက်ဝင်း၏မျက်နှာမှာ ပို၍ ပြုံးရွှင်သွား၏။

"ကိုဝင်းမေးထားတဲ့ စကားလေးကို အခုမှဘဲ အဖြေပေးဖို့ ဆုံးဖြတ် လိုက်ပြီလား"

မောင်သက်ဝင်း၏ စကားကိုကြားလိုက်ရသည်တွင် အကူအညီ တောင်းလိုလာသည့် မမြသွေးမှာ အမဲခြောက်တောင်းနေသည့်လူနှင့် တွေ့ရသကဲ့သို့ ဖြစ်သွားကာ စကားကို မဆက်တတ်အောင်ဖြစ်ရလျက် ကြောင်ကြောင်ကြီး ကြည့်နေမိလေ၏။

"မြရဲ့အဖြေကို ကိုဝင်းမျှော်ခဲ့တာကြာပါပြီ မြရယ်၊ အခုကြားရ တော့မှာဖြစ်ရင်လည်း ဝမ်းသာစရာအဖြေကိုသာ ကြားပါရစေမြရယ်၊"

အခုမှ မမြသွေးမှာ ခက်နေတော့သည်။ မိမိပြောလိုသည်မှာ တခြား၊ မောင်သက်ဝင်း ပြောစေလိုသည်မှာတခြား ဖြစ်ရသည်ထက် မောင်သက်ဝင်း၏စကားမှာ မိမိ၏အချစ်ကို မျှော်လင့်နေခြင်း ဖြစ်သည့်အ တွက် မိမိပြောရမည့်စကားကို သာ၍ပင် အပြောရခက်နေတော့သည်၊

မမြသွေးမှာ ယောကျ်ားဟူသော သတ္တဝါတစ်မျိုးကိုလန့်၍ အချစ် စိတ်ကုန်ခမ်းသည့်ဘဝသို့ မရောက်သေးသမျှ တစ်စုံတစ်ယောက်သော



သူ၏အချစ်ကို လက်ခံမည်ဆိုလျှင် မောင်သက်ဝင်း၏ အချစ်ကိုသာလျှင် မြတ်မြတ်နိုးနိုး လက်ခံရပေမည်၊ အမှန်အားဖြင့်ဆိုလျှင် ဤကိစ္စတွင် မိမိကရွေးချယ်နေစရာပင် မဟုတ်ပေ။ မိမိကဲ့သို့ ဂုဏ်သိမ်သေးနုတ်သူတစ် ဦးအား မောင်သက်ဝင်း၏မေတ္တာကို ခံယူခြင်းသည်အမြတ်ဆုံးသော လာဘ်ကြီးတစ်ခုပင် ဖြစ်ရပေလိမ့်မည်။ ပြည့်စုံသာယာမှုမှာ တည်မြဲပေ တော့မည်၊ သို့သော် မောင်သက်ဝင်းသည် မိမိ၏ဇာစ်မြစ်ကို သိသွားလျှင် မိမိအပေါ်၌ ယခုကဲ့သို့ မေတ္တာရှိနိုင်ပါမည်လော။

မမြသွေးမှာ ယခုပင် ခက်၍နေတော့သည်၊ ဘလှအောင်၏ အကြောင်းကို မိမိပြောပြကာ အကူအညီတောင်းရန် မဖြစ်တော့ပေ။ မိမိ အပေါ်၌ မောင်သက်ဝင်းတည်ဆောက်ထားသော အချစ်ဗိမာန်ကြီး ပြိုကွဲ သွားမည်ကို စိုးရိမ်လာသည်။ မောင်သက်ဝင်းဖက်က ကြည့်လျှင်လည်း မိမိအဖြစ်ကိုသိရသဖြင့် သူ၏အချစ်မှာ တုံလျှပ်ရေထင်၍ ရွှေသမင်အ လိုက်မှားမိသဖြင့် ရှုံးရသည့် အဖြစ်မျိုးသို့ရောက်ရှိကာ နှလုံးကြေကွဲမှုကို လည်း မဖြစ်စေလိုပေ၊ ပြောမပြတော့ဘဲ မောင်သက်ဝင်း၏ သည်းပူဆာ လောင်နေသောအဖြေကို ပေးဖို့ရန်မှာလည်း ဘလှအောင် ပေါ်ပေါက်လာ သည့်အတွက် ယခင်ကထက် ယခုပို၍ ခက်နေပြန်လေတော့သည်၊

ထို့ကြောင့် မမြသွေးမှာ ဖွင့်ပြောစရာရှိလို့ဟု မိမိစတင်လိုက်မိ သည့်စကားနှင့် အဆင်ပြေအောင် မည်သို့ဆက်ရပါမည်နည်းဟု အကြံ ထုတ်ရလေ၏။

"ပြောမယ်ဆိုတာ ပြောပါတော့ မြရယ်၊ မျှော်ရတာလည်း မောလှ ပါပြီ"

"မြ ကားမောင်းသင်စက ကိုကိုဝင်းပြောတဲ့စကားကို အဖြေပေးဖို့ အဲဒီကတည်းက မြ အဖြေရှာခဲ့ပါတယ်"

မောင်သက်ဝင်းသည် မမြသွေး၏စကားကို နားစိုက်၍နေကာ

www.burmeseclassic.com

www.burmeseclassic.com



အသက်ကိုပင် ပြင်းပြင်းမရှူဘဲနေရသည်။

"အဖြေဟာ ကိုကိုဝင်းစိတ်ထဲမှာ ဖြစ်ပွားမှု၊ မြစိတ်ထဲမှာ ဖြစ်ပွားမှု လောက် အပေါ်မှာသာ အမှီပြုနေတယ်ဆိုရင်တော့ ချစ်ရင်ချစ်တယ်၊ မချစ်ရင် မချစ်ဖူးလို့ လွယ်လွယ်ကလေး ဖြေလိုက်ရုံပါပဲ၊ ဒါပေမယ့် မြနဲ့ ကိုကိုဝင်းအဖို့မှာတော့ အဖြေဟာ တခြားအကြောင်းအရာတွေ အများကြီး ကို ထည့်ပြီးစဉ်းစားစရာ ရှိနေတဲ့အတွက် အခုထက်ထိ အဖြေမှန်ကို ရှာလို့ မရသေးဖူးဆိုတာ မြပြောချင်တာပါပဲ"

"ဒါဟာ ကိုဝင်းမေးနေတာကို ဖြေနေတာမှ မဟုတ်ဘဲ။ ဆင်ခွေ ရန်ရှောင် ပြောနေတဲ့စကားပါ။ မြမှာ စဉ်းစားစရာ ဘာအကြောင်းတွေ ရှိသလဲ။ ပြောစမ်းပါဦး"

မမြသွေးသည် စဉ်းစားပြီးမှ "ကိုကိုဝင်းနဲ့ မြဟာမတူဘူး"ဟု ပြောလိုက်၏။

"မြ ဘာကိုဆိုချင်တာလဲ။ ကိုဝင်းက လူပျို၊ မြက အပျိုမဟုတ်လို့ ဆိုချင်သလား။ အဲဒါ ဘာဖြစ်သလဲ၊ ဒီလိုဆိုရင် မချစ်ရဘူးလို့ ဘုရားတ တားမြစ်ထားသလား။ မြဟာ တစ်ခုလပ်မကလို့ ဆယ်ခုလပ်ဘဲဖြစ်နေပါ စေ ကိုဝင်းချစ်တာဘဲ။ တစ်ခုလပ်တာ၊ မလပ်တာကို ကိုဝင်းရွေးနေတာ မဟုတ်ဘူး။ ပြီးတော့ တေးထပ်တွေ၊ ကဗျာတွေထဲမှာ တစ်ခုလပ်ကို အမွန်းတင်ရေးထားလို့ ဖောက်ပြန်တဲ့အာရုံမျိုးနဲ့ ချစ်တာလဲမဟုတ်ဘူး၊ ကိုဝင်းရဲ့အချစ်ဟာ သန့်ရှင်းတဲ့အချစ်ပါ"

"ကိုကိုဝင်းရဲ့ အချစ်ကို မြယုံပါတယ်။ သန့်ရှင်းတယ်ဆိုတာလည်း သိပါတယ်၊ ဒါပေမယ့်"

"ယုံပါတယ်ဆိုတဲ့နောက် ဒါပေမယ့် နေစရာရှိသေးသလား မြ ရယ်၊ အဖြေတစ်ဝက်ပေါ်နေပြီပဲ"

"ဒီလိုရှိတယ်၊ ဖေဖေ မေမေတို့ရဲ့ ကျေးဇူးတရားဟာ မြအပေါ်မှာ



ခင်မတန်မှကြီးမားပါတယ်။ ဒီကျေးဇူးတွေကို မသိတတ်ရာလည်း ရောက်သွားမှာစိုးတယ်"

"မြပြောနေတဲ့ စကားတွေကို တစ်ခုနဲ့တစ်ခု ကိုဝင်းဘယ်လိုမှ ဆက်စပ်လို့မရဘူး၊ ဖေဖေ၊ မေမေတို့ ကျေးဇူးရှိတာဟာ ရှိတာပဲ၊ ဒါဘာ ဖြစ်သလဲ၊ ဒါဟာ ကျေးဇူးတင်ခံရအောင် တမင်ကျေးဇူးပြုထားတာလည်း မဟုတ်ဘူး၊ မိဘရဲ့ တာဝန်တစ်ရပ်အနေနဲ့ ပြုစုထားခြင်းပဲ။ ဒါလည်း သတ်နိုင်၊ စွမ်းနိုင်လို့ အခုလိုပြုစုရတာ။ ဒါနဲ့ ဘာဆိုင်သလဲ"

"တမင်ပြုစုထားတဲ့ ကျေးဇူးရှိလို့ ကိုယ့်အချစ်နဲ့ကိုယ်ကို အပ်နှင်း ပြီး ကျေးဇူးဆပ်တဲ့ သာဓကတွေရှိခဲ့ဘူးတယ် မြရဲ့အချစ်ကို အပ်နှင်းမယ် ဆိုရင် မေမေတို့ရဲ့ကျေးဇူးကို တမင်ပြုထားတဲ့ ကျေးဇူးအဖြစ်မျိုးရောက် အောင် ပြုရာကျမယ်။ မြရဲ့ အချစ်ဟာလည်း မှုမမှန်တဲ့အချစ်ဖြစ်မယ်။ ကိုကိုဝင်းအဖို့လည်း မြအချစ်ကိုခံယူရတာဟာ"

မမြသွေးမှာ ဆင်ခြင်ပေးစရာရလျှင် ဖြီးရောဟူသော သဘော ဖြင့်သာ ပြောနေရလေသည်။ မိမိ၏စကားများမှာ အမြီးအမောက်တည့်မ တည့်၊ သဘာဝယုတ္တိရှိမရှိကို တွေးမနေအားပေ။ ခေါင်းထဲ၌ ပေါ်လာသမျှ ခွဲထုတ်လိုက်ရ၏။

မောင်သက်ဝင်းအဖို့မှာကား မမြသွေး နောက်ဆုံးပြောလိုက် သည့်စကားသည် ခေါင်းထဲတွင်ရှုပ်ထွေးသွားကာ နားရှင်းအောင် မနည်း ကြိုးစား၍ ပြန်လှန်စဉ်းစားရလေသည်။

"မေမေတို့ ကျေးဇူး၊ ကိုဝင်းရဲ့အချစ်ဟာ သန့်ရှင်းတယ်ဆိုတာ သိရရင်ပြီးတာပဲ၊ ဒီစကားတွေကို ပြောနေဖို့လည်း မလိုပါဘူး။ တကယ်လို့ မြမှာ ဖော်မပြနိုင်တဲ့ အကြောင်းတစ်ခုခုရှိနေလို့"

"အို . . . မြမှာ ဘာမှလျှို့ဝှက်တာမရှိပါဘူး"ဟု မမြသွေးသည် အိုးမလုံ အုံပွင့်ကာ လျှင်မြန်စွာဖုံးဝှက်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဝင်း ပြောလိုက်တဲ့စကား လွန်သွားရင် ခွင့်လွှတ်ပါနော်"

"ဒါ. . . လွန်တဲ့စကား မဟုတ်ပါဘူး"ဟုပြောပြီး မမြသွေးသည် တွေဝေသွားပြန်လေ၏။

မောင်သက်ဝင်းသည် တစ်စုံတရာကို နက်နက်နဲနဲ စဉ်းစား သကဲ့သို့ ရှိနေပြီးမှ "မြ အဖြေကို အခုမပေးနိုင်သေးဘူး ဆိုပါတော့၊ ဖြင့် မြဘာပြောချင်လို့ လာတာလဲ"ဟု မေးလိုက်၏။

"မြ အခုလို အဖြေမပေးဘဲနေတာကို ကိုကိုဝင်းအထင်မလွဲ မြရဲ့အချစ်ကို အပ်မယ်ဆိုရင်လဲ မြစိတ်ထဲမှာ သန့်သန့်ရှင်းရှင်းနဲ့ အပ်နိုင် တဲ့အခါကျမှ အဖြေပေးဖို့၊ ဒါမှမဟုတ်လို့ ကိုကိုဝင်းရဲ့အချစ်ကိုငြင်းပ ရင်လည်း ကိုကိုဝင်းလက်ခံကျေနပ်နိုင်လောက်အောင် အထောက်အထာ ပြည့်စုံတဲ့အခါမှ ပြောရဖို့ အချိန်ဆိုင်းပါဦးလို့ ပြောချင်တာပါပဲ၊ အခု တော့ဖြင့် မြရင်ထဲမှာ အလိုလို မရှင်းမလင်းကြီးဖြစ်နေတယ်"

"ဘယ်လောက်ကြာအောင် ဆိုင်းရဦးမှာလည်း မြရဲ့"

"မကြာခင်ပဲ အဖြေဟာ အလိုအလောက် ပေါ်လာလိမ့်မယ် ဒါမှမဟုတ် မြကိုယ်တိုင်လည်း အဖြေပေးချင် ပေးပါလိမ့်မယ်၊ ဒါပေမယ့် အခုစောင့်ခဲ့ရသလောက်တော့ ကြာတော့မယ်မဟုတ်ပါဘူး"ဟုပြောရင်း မမြသွေးသည် ထိုင်ရာမှထလိုက်၏။

မောင်သက်ဝင်းသည် မမြသွေး၏ မျက်နှာကို တွေတွေကြီးစိုက် ကြည့်နေကာ "မြ သဘောတစ်ခုပါပဲလေ"ဟု ဝမ်းနည်းသံပါပါနှင့်ပြော လျက် တဖြည်းဖြည်းခွာသွားသော မမြသွေးကို မျက်စိတဆုံးကြည့်နေ လေ၏။

□□□

[၁၅]

နေမြင့်လေ အရှူးရင့်လေ ဆိုဘိသကဲ့သို့ မမြသွေးမှာ နေမြင့်လာ လေ ဘလှအောင် ချိန်းဆိုထားသည့်အချိန်ဖက် ကူးလာလေလေ စိတ် နောက်ချင်မိတော့၏။

အကူအညီကား ဘယ်မှာမှမမြင်။ ရနိုင်သည့် အကူအညီမှာ သည်း တောင်းရန်ခက်နေလေသည်။ ကိုယ်ခင်းခဲ့မိသည့်ဇာတ်ကို ကိုယ် ရှင်းရတော့မည်ဖြစ်ရာ ဘလှအောင်ကို မြန်မြန်တွေ့လိုက်မှ မြန်မြန် တစ် ခန်းသိမ်းနိုင်လိမ့်မည်ဟု တွေးဆဆုံးဖြတ်လိုက်ရလေတော့သည်။

"မေမေ မြ ဒီနေ့မြို့ထဲသွားမလို့။ ချစ်ချစ်အတွက် ကိုယ်လိမ်း ပေါင်ဒါလည်း သူဗူးမှောက်ပစ်လိုက်လို့ ကုန်သွားပြီ။ ဂရိုက်ဝါတာတို့၊ ဘက်စ တိုးရီးယားတို့လည်း ဝယ်ရဦးမယ်"

"မြကိုယ်တိုင် မသွားဘဲ ဖြစ်နိုင်ရင်လည်း ဖေဖေ့အလုပ်တိုက်ကို ဘယ်လီဖုန်းဆက်ပြီး မှာလိုက်ပါလား။ တစ်ယောက်ယောက်လွှတ်ပြီး ဝယ် ပေးလိုက်လိမ့်မပေါ့။ သမီးသွားရတာ ပင်ပန်းနေမယ်"

www.burmeseclassic.com

www.burmeseclassic.com



"စကောဈေးထဲမှာလည်း လုံချည်အဆင်ဆန်းတွေ ဘိလပ်က ရောက်လာတယ်လို့ သတင်းစာထဲမှာ ကြော်ငြာတွေ့ရလို့ အဲဒါလည်း သွားကြည့်ချင်လို့ပါ"

"ကောင်းသားပဲ။ မေမေ့ဖို့လည်း အော်ဒီကလုံးရေမွှေးတစ်ပုလင်း ဝယ်ခဲ့လေ။ ဒါထက် သမီးသွားရင် ကားလေးယူသွား။ ကိုယ်တိုင်တော့ မမောင်းနဲ့။ မြို့ထဲမှာရှုပ်တယ်။ ဒရိုင်ဘာခေါ်သွားမှ ဖြစ်မယ်"

"အော. . . မေမေ ဒရိုင်ဘာတစ်ယောက် နောက်ထပ်ငှားထားသလား။ မြတောင် မသိဘူး"

"ငှားထားတာ သိပ်မကြာသေးဘူး သမီးရဲ့။ အလုပ်ရှိလို့တော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ဘယ်အခါမဆို လိုရမယ်ရ ရှိအောင်လို့"ဟု မေမေကပြောပြပြီးလျှင် အစေခံမိန်းကလေးအား "မောင်မြဟန်ကို သွားပြီးခေါ်လိုက်စမ်း"ဟု အမိန့်ပေးလိုက်လေသည်။

ရောက်လာသော ဒရိုင်ဘာအသစ်မှာ ဝတ်စားပုံနှင့်တကွ ရုပ်ရည်လက္ခဏာမှစ၍ ဒရိုင်ဘာအဆင့်အတန်းနှင့်မတူ။ ပညာတတ်လူငယ်တန် အတန်းအစားထဲကမလေးဟု ထင်မှတ်ရလောက်သူ တစ်ယောက်ဖြစ်သည်ကို မမြသွေး အကဲခတ်လိုက်မိလေသည်။

"မောင်မြဟန်. . . မင့်မမ မြို့ထဲကို သွားလိမ့်မယ်။ ကားအသင့်ပြင်ထား"

"ကောင်းလှပါပြီခင်ဗျာ"

မမြသွေးသည် ကားနှင့် မြို့ထဲသို့ထွက်လာပြီးနောက် အချိန်စောသေးသည်နှင့် မဂိုလမ်းသို့ ဦးစွာသွား၍ ချစ်ချစ်အတွက် ကိုယ်လိမ်းပေါင်ဒါနှင့် ဆေးများ မေမေ့အတွက် အော်ဒီကလုံး စသည်တို့ကိုဝယ်ပြီးလျှင် နှစ်နာရီတိတိ အရောက်မှန်း၍ ပန်းဆိုးတန်းရှိ ဝိတိုရိယဟိုတယ်သို့ ထွက်ခဲ့လေ၏။



ဟိုတယ်ရှေ့တွင် မော်တော်ကားဆိုက်လိုက်ပြီးနောက် မမြသွေးသည် ဒရိုင်ဘာအား စောင့်ရန်မှာကြားပြီးလျှင် ဟိုတယ်ထဲသို့ ဝင်သွားလေ၏။ ဘလှအောင်ကား ဟိုတယ်ထဲတွင် အသင့်စောင့်စားလျှက် ရှိနေလေသည်။

"လာ. . . အခန်းထဲကို သွားကြမယ်"ဟု ဘလှအောင်က ပြောကာ သီးသန့်အခန်းတစ်ခုထဲသို့ ရှေ့ဆောင်ကာ ခေါ်သွားလေသည်။

"ကဲ. . . ထိုင်"

"ကိုဘလှအောင်. . . ရှင် ဒီလိုလုပ်နေလို့တော့ မဖြစ်ဘူး။ တစ်ခါတည်းနဲ့ အပြီးအပြတ်ပြောလိုက်စမ်းပါ။ ရှင် ဘာကိုလိုချင်တာလဲ။ ရှင် ဘယ်အပေါက်ချိုးနေတာလဲ. . . ပြောပါ"

"ဒီမှာ မမြသွေး၊ ကျုပ်နဲ့တွေ့ရလို့ မင်း စိတ်မချမ်းသာစရာ မရှိပါဘူး။ မင်းကိုမင်း စိတ်မချမ်းသာအောင် ဖန်တီးနေတာ၊ မင်းနဲ့ ကျုပ်နဲ့ ကိစ္စမှာ မင်းနဲ့ကျုပ်နဲ့ နှစ်ယောက်တည်းပဲ သိတဲ့လူရှိတယ်။ ဒီကိစ္စကို ကျုပ်က ပြန်မဖော်ဘဲ ဒီတွင်ပဲပြီးထားလိုက်မယ်ဆိုရင် မင်းအဖို့ ဘာပူစရာရှိသလဲ"

"ရှင် ဒါကိုပြောဖို့ ကျွန်မကိုခေါ်တာလား"

"ဒါလည်းပြောချင်လို့ပဲ။ နောက်ပြီးတော့ ဒီလိုရှိတယ်။ ကျုပ်အကြောင်းလည်း မင်းသိတယ်အတိုင်း ကျုပ်ဟာ ငွေကိုရေလိုသုံးနေတဲ့ လူတစ်ယောက်ပဲ။ ငွေဟာ ကျုပ်အဖို့မှာ မရှားဘူး။ ဒါပေမယ့် တစ်ခါတစ်ခါတော့လည်း အကြပ်အတည်းဆိုတာ ရှိတတ်တာပဲ။ ကစားဝိုင်းကလပ်မှာ ရှုံးတဲ့အခါလည်းရှုံး။ ဟိုဒင်း၊ ဒီဒင်းကုန်တာလည်း ကုန်ပေါ့လေ။ အခုလောလောဆယ်မှာတော့ဖြင့် ကျုပ်ဟာ ဒီအကြပ်အတည်းနဲ့ တွေ့နေတယ်။ အဲဒါကြောင့် ကျုပ်ရဲ့ အခက်အခဲဖြစ်နေတာကို မင်းကူညီနိုင်မလားလို့။ ဒီတစ်ကြိမ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မဆီက ငွေညှစ်နေတာပေါ့လေ"ဟု မမြသွေးသည် မနှစ်မြို့သည့် အမူအရာမျိုးဖြင့်ပြောကာ "ရှင်တို့လို လူစားမျိုးတွေ ထောင်အပြင်ဘက်မှာ ရှိနေသေးတာ အံ့ဩပါရဲ့" ဟု ရှုံ့မဲ့ကာ ပြောလိုက်လေသည်။

ထိုသို့ ပြောလိုက်သည်ကို မနာသည့် အမူအရာဖြင့် ဘလှအောင်က နှစ်ခြိုက်စွာ ရယ်လိုက်လေသည်။

"မင်းမှာ သူများနဲ့မတူတဲ့ အခြေအနေမျိုးကို ရောက်နေတယ်၊ ဒီအခါမျိုးမှာတော့ဖြင့် ကျုပ်လိုတာလေးကို မဖြည့်စွမ်းနိုင်စရာ မရှိပါဘူး၊ ကျုပ်တို့လို လူစားတွေဟာ ငွေလိုတဲ့အခါ မင်းလိုဟာမျိုးကိုပဲ လိုက်ရှာကြရတာပဲ"

"ရှင်အခုလို ငွေညှစ်နေတဲ့ စကားတွေဟာ ရှင် ဒုက္ခဖြစ်သွားအောင် ကျွန်မလုပ်ရင် ဖြစ်တယ်ဆိုတာ သိရဲ့လား"

"မင်းလုပ်တာ မလုပ်တာ၊ ဖြစ်တာ မဖြစ်တာ ကျုပ်ဘာမှမပြောလိုဘူး"ဟု ဆိုပြီးနောက် ဘလှအောင်ကလက်သုံးချောင်းထောင်၍ အခြားလက်ညှိုးဖြင့် တစ်ချောင်းချင်း ထောင်ကာ "မင်းကြိုက်ရာရွေးဖို့ အချက်သုံးချက်ပြောမယ်။ တစ်အချက်က မင်းဟာ ဘယ်သူပါဘဲဆိုတာကို မင်းကိုယ်တိုင်သူတို့ကို ပြောပြဖို့၊ နှစ်အချက်က ကျုပ်ကိုယ်တိုင် သူတို့ဆီသွားပြီး ပြောပြဖို့။ သုံးအချက်ကတော့ ဘာမှမပြောပဲ အခုအတိုင်း နေသွားကြဖို့။ အဲဒီလိုအခုအတိုင်း ပိုနေမြဲ ကျားနေမြဲ ဖြစ်စေချင်ရင် ကျုပ်ပြောတဲ့အတိုင်း ကျုပ်ကို အကူအညီပေးရမယ်။ ဒီလိုလိုက်နာရင် ဒီကိစ္စကြီးကို တစ်ခါတည်း ဖြတ်လိုက်ပြီး နောက်ထပ်ကျုပ်လည်း ဘာမှမပြောတော့ဘူး"

မမြသွေးမှာ အသက်ကိုကြိုးစား၍ မှန်မှန်ရှူနေရလေသည်။ ဘလှအောင်က ခေါင်းကိုဖြည်းညင်းစွာ ရမ်းခါရင်း ဆက်လက်၍ ပြော



ဖြန်လေသည်၊ "မင်းမျက်စိထဲမှာတော့ ကျုပ်ကို လူဆိုးလူယုတ်အဖြစ် ယောက်လို့ မြင်နေမှာပဲ၊ ကျုပ်တကယ်တန်း ယုတ်မာချင်ရင် ဟောဒီခင်းဗာလေးဟာ ခင်ဗျားတို့ရဲ့ချွေးမမဟုတ်ဘူးလို့ ရဲရဲကြီး ပြောနိုင်တယ်၊ ဒါမှမဟုတ် မင်းရဲ့စကားထဲက ပေါ်လာအောင်၊ မင်းကိုယ်မင်း စွပ်စွဲမိရက်သားဖြစ်အောင် ကျုပ်လုပ်နိုင်တယ်၊ ကျုပ်ဟာ မင်းရဲ့အသိတစ်ယောက်အနေနဲ့ မင်းဆီကို အလည်လာပြီး သူတို့ရှေ့မှာ မင်းတို့လက်ထပ်တဲ့ အကြောင်းတွေ လျှောက်မေးလိုက်ရင် မင်းရဲ့အလိမ်ဟာ အကုန်လုံးပေါ်သွားလိမ့်မယ်"

ဘလှအောင်၏စကားကို မမြသွေးမှာ မငြင်းနိုင်ချေ၊ အာမဆိုဘလှအောင် လုပ်မည်ဆိုက လုပ်နိုင်နေသည်။ သူ့အဖို့အရာရာ ကြိုတင်စီစဉ် စဉ်းစားဇယားချထားပြီးသား ဖြစ်သည်၊ မမြသွေးမှာ ရှောင်ကွင်းမရလွတ်ပေါက်မရှိစေရအောင် ခရေစေ့တွင်းကျ စုံစမ်းထားပြီးသားလည်းဖြစ်သည်၊ ယခင်က ပေးလိုက်သည့် စာသုံးစောင်မှာ ယခုတဲ့သို့ ရင်ဆိုင်တိုက်ပွဲကြီးမဆင်မီ စိတ်ဓာတ်ပျော့ညံ့လာအောင် စိတ်ဓာတ်တိုက်ပွဲ၊ သွေးလန့်စေသည့်တိုက်ပွဲ ပရိယာယ်များပင် ဖြစ်တော့သည်။

"မင်း လေးလေးနက်နက် စဉ်းစားကြည့်ပါ၊ ဒီကိစ္စဟာ မင်းကိုညှဉ်းနေတဲ့ အလုပ်ပဲလို့ထင်ရင် မင်းမှားမှာပဲ။ အမှန်တော့ ကျုပ်ပြောတဲ့စကားကို လိုက်နာခြင်းဟာ မင်းအတွက်စိတ်ချရအောင် အာမခံထားတာနဲ့ အတူတူပဲဆိုတာ မင်းနားလည်စေချင်တယ်"

မမြသွေးအဖို့မှာ လက်နက်ချအညံ့ခံရတော့မည့် အခြေသို့ ရောက်နေတော့၏။

"ကျွန်မမှာ ငွေမရှိဘူး ကိုဘလှအောင်"

"ဟားဟား၊ ဘဏ်မှာ ကိုယ့်နာမည်နဲ့ ငွေတစ်သောင်းသွင်းထားသူက ငွေမရှိဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



မမြသွေးမှာ မိမိ၏ ငွေရေးကြေးရေး အခြေအနေကိုပင် ဘလှ အောင် စုံစမ်းထားပြီးဖြစ်နေသည်ကို တွေ့ရ၍ မငြင်းတွယ်နိုင်ဘဲ ဖြစ် ပြန်သည်။

"ဘဏ်မှာ ရှိတာပဲ။ ကျွန်မ လက်ထဲမှာပါလာတာမှ မဟုတ်ဘဲ ငွေထုတ်ပြီးမှရတော့မှာပေါ့။ ဒီအချိန်ဘဏ်လည်း ပိတ်သွားပြီ"

"ချက်ထုတ်ပေးလိုက်ရင် ပြီးတာပဲ။ ကျုပ်ဆီမှာ ဖောင်တိန်ရှိ တယ်၊ ရော့။ မင်းဆီမှာ ချက်စာအုပ်ပါလာမှာပဲ။ ဒီကိစ္စဟာ ခဲယဉ်းတဲ့ အလုပ်မဟုတ်ပါဘူး။ ချက်လက်မှတ်ပေါ်မှာ ဦးဘလှအောင်ကို ငွေတစ် ထောင်ပေးလိုက်လို့ ရေးလိုက်ရင်ပြီးတာပဲ"

"ငွေတစ်ထောင်လား"

"သဘောကို ပြောပြနေတာပါ။ ဒီလိုရေးပြီး မင်းလက်မှတ်ထိုးရုံ ပဲ။ ရက်စွဲပါ တပ်ချင်လည်း တပ်လိုက်ဦး"

"ဒီလိုတော့ မပေးနိုင်ဘူး"

"ဒီလိုကို ပေးရမယ်။ ငွေသားပေးတာလည်း ကျုပ်မလိုချင်ပါဘူး။ ကျုပ်နာမည်မပါဘဲ ဘယ်သူမဆို ထုတ်ယူနိုင်တဲ့ လက်မှတ်မျိုးလည်း မလို ချင်ဘူး"

"ဘယ်ဖြစ်မလည်း ကိုဘလှအောင်။ ကျွန်မတို့နာမည်တွေ တွေ့ ကုန်ကြမှာပေါ့"

"ဘယ်သူမှ ဒါတွေ ဂရုစိုက်ကြည့်နေကြမှာ မဟုတ်ပါဘူး။ ဘဏ် မှာ နေ့စဉ်နဲ့အမျှ ချက်လက်မှတ်တွေ တစ်ပုံကြီးလာနေတာ ဒါတစ်ခုမှ ငွေ ပြီး ဂရုစိုက်မိကြမှာ မဟုတ်ပါဘူး။ ဒီငွေဟာ ကိုမြင့်ထူးရဲ့ အကြွေးရှိနေလို့ ပေးရတဲ့ သဘောမျိုး ဖြစ်နိုင်တာဘဲ"

"ဘာပြုလို့ ရှင်ချက်လက်မှတ်ကို လိုချင်ရတာလည်း"

"ကျုပ်ဟာ ရှင်းရှင်းလုပ်ချင်တယ်။ ငွေရရင် ပြီးတာမဆိုပေမယ့်



မဖြစ်သေးဘူး။ ကျုပ်ကို ငွေပေးလိုက်ရတယ်ဆိုတာ မင်းမှာအထင်အရှား သက်သေပြစရာရှိအောင်လို့ မင်းဘက်က ညှာပြီးပြောနေတာ။ နောက်ဆုံး ဒီသက်သေခံပြပြီး ကျုပ်ကိုငွေညှစ်မှုနဲ့ မင်းအရေးယူမယ်ဆိုရင် ယူနိုင်တာ ကို ကျုပ်သိတယ်၊ ဒါပေမယ့် ဒီအချိန်အထိတော့ မလုပ်ရဲသေးဘူးဆိုတာ ကျုပ်နားလည်လို့ ချက်ကိုယူတာပဲ"

ခေတ္တမျှအကြာတွင် အပြည့်အစုံ ရေးသွင်းပြီးသား ချက်လက် မှတ်နှင့် ဖောင်တိန်ကို မမြသွေးက ဘလှအောင် လက်ထဲသို့ ထည့်လိုက် တော့၏။

□□□

www.burmeseclassic.com

www.burmeseclassic.com

## [၁၆]

မမြသွေးသည် ဘလှအောင်ကို ငွေပေးလိုက်ပြီးသည့်နောက်တွင် အနှောင့်အယှက်ပေါ်မလာသည်ကို တွေ့ရသဖြင့် သူကတိစကားနှင့် ညီပေသည်ဟု အောက်မေ့လျက် အတော်ကလေး စိတ်လက်ဝမ်းသာဖြစ်မိသည်။ မိမိ၏စည်းစိမ် သုခခံစားရမှုသည် တည်မြဲရပေတော့မည်။ ဤသို့ဖြစ်လျှင် မိမိကိုယ်တိုင်ကပင် မေတ္တာတိမ်းညွှတ်နေပြီဖြစ်သော မောင်သက်ဝင်း၏ တောင့်တမှုကို ပြည့်ဝအောင် ဖြည့်စွမ်းနိုင်ရန် မဝေးတော့ ပြီဟု တွေးတောကြည်နူး မိလေတော့သည်။

တစ်နေ့ပျောက် တစ်နေ့ရောက်၊ တစ်နေ့နောက်က တစ်နေ့လိုက်ကာ တစ်လကုန်ခဲ့ပြီးသည့်တစ်နေ့တွင် ဘဏ်မှပို့နေကျ လစဉ်ရှင်းတန်းတစ်စောင် မမြသွေးထံသို့ ရောက်၍လာလေသည်။ မမြသွေးသည် ဘဏ်တွင်သွင်းထားသော ငွေမှာယုတ်လျော့သွားခြင်းကို မသိစေရအောင် ရှင်းတန်းကို အိမ်သူအိမ်သားတို့၏ မျက်ကွယ်တွင် ဖွင့်၍ကြည့်ရလေသည်။ သို့ကြည့်လိုက်ရာတွင် ဘဏ်၌ သွင်းထားသည့်ငွေတစ်သောင်းမှာ တစ်ပြား



တစ်ချပ်မျှ မထုတ်ရသေးသည်ကို တွေ့ရသဖြင့် အံ့အားသင့်၍ သွားလေတော့သည်။ ဘလှအောင်သည် ငွေတစ်ထောင်အပ္ပတပြင်း တောင်းပြီးမှ ဘာကြောင့် ယခုထက်ထိ ငွေထုတ်မယူသေးသည်ကို မမြသွေးမှာ မစဉ်းစားတတ်အောင် ဖြစ်ရသည်။

မမြသွေးမှာ စိုးရိမ်မကင်း ဖြစ်လာရပြန်သည်။ မည်သည့်အကြောင်းရှိ၍ သို့မဟုတ် ရည်ရွယ်ချက်ရှိ၍ ယင်းသို့ငွေထုတ်မယူဘဲ နေသည်ကို သိချင်လာသည်။ ထိုကဲ့သို့ သိဖို့ရန်မှာ ဘလှအောင်နှင့်တွေ့ရမှသာ ဖြစ်ပေမည်။ သူနှင့်တွေ့နိုင်ဖို့ရန် မည်သည့်နေရာဌာနတွင် လိုက်လံရှာဖွေရမည်ကို စုံစမ်းမထားမိပေ။ သူနှင့်အဆက်အသွယ် ရရန်မှာသူ့ထံက တယ်လီဖုန်းဆက်မှသာ ဖြစ်နိုင်ပေမည်။ သို့ဖြစ်၍ မမြသွေးသည် ယခင်က မိမိအားခေါ်မည်ကို ကြောက်ရွံ့ခဲ့မိသော တယ်လီဖုန်းခေါ်သံကိုသာ စောင့်မျှော်နေမိသည့်အဖြစ်သို့ ရောက်ရပြန်လေ၏။

တစ်ခုသောညတွင် မမြသွေးတို့ နေထိုင်ရာ တိုက်ကြီးနှင့် အတော်ကွာလှမ်းသော နေရာတစ်ခုရှိ သစ်ပင်အောက် မှောင်ရိပ်ထဲတွင် ထိုးဆိုက်ထားသော ကားကလေးတစ်စင်းရှိရာသို့ အသက်နှစ်ဆယ်ရှိ မိန်းမတစ်ယောက် ခပ်သုတ်သုတ်လျှောက်၍ လာနေ၏။ ထိုမိန်းကလေးကား မမြသွေးပင် ဖြစ်လေသည်။ မကြာမီကပင် မမြသွေးထံသို့ ဘလှအောင်ထံမှ တယ်လီဖုန်းရောက်လာပြီး ထိုနေရာသို့ လာရောက်ရန် ချိန်းခဲ့လေသည်။

"ရှင် ဒီလိုလုပ်နေတာ ကျွန်မ မခံနိုင်ဘူး။ ရှင်ကျွန်မကို ဘယ်လိုလုပ်မယ် ကြံနေတာလဲ"

"ဗျာ၊ ကျုပ်ဘာလုပ်ရ သေးလို့တုန်း"

"ကျွန်မပေးလိုက်တဲ့ ချက်ကို ရှင်ဘာပြုလို့ မသုံးသေးတာလည်း။ ငွေထုတ်တဲ့စာရင်းထဲမှာ မတွေ့ရဘူး။ ရှင်ဘာလုပ်ဖို့ ဒီလက်မှတ်ကို သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ထားတာလည်း၊ ပြောစမ်း"

"ကျုပ် ဒီငွေကို မလိုချင်လို့ပေါ့"

မမြသွေးမှာ အတော်ပင် ခေါင်းရှုပ်သွားလေသည်။ ဘလှအောင်၏ အကြံကို တွေးတော၍ မရနိုင်ဘဲရှိရသည်။

"ဒါဖြင့်ရင် ကျွန်မကို ဒီလက်မှတ်ပြန်ပေးပါ။ နောင် ရှင်ငွေအသုံး လိုတဲ့အခါ ဒီငွေထက်မက ပေးပါ့မယ်"

"တိုးပေးတာကိုလည်း ကျုပ်မလိုချင်ဘူး။ ဘယ်လောက် ပေးတာကိုမှ ကျုပ်မလိုချင်ဘူး။ ရှင်းရှင်းပြောရရင် ကျုပ်ဟာ လက်ဝေခံမနေချင်ဘူး။ ပေးမှ ရတာကို မလိုချင်ဘူး။ မပေးဘဲ ကျုပ်အပိုင်ဖြစ်ရတာကိုသာ လိုချင်တယ်"

မမြသွေး မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြစ်သွားတော့သည်။

"ကျွန်မ နားမရှင်းဘူး။ ရှင်ဘာပြောနေတာလဲ"

"ဟောဒီမှာ မင်းပေးတဲ့ချက်"ဟုဆိုကာ ဘလှအောင်သည် အင်္ကျီအိတ်ထဲသို့နှိုက်၍ စာအိတ်တစ်ခုကို ထုတ်လိုက်လေသည်။

"ဟောဒီ စာအိတ်ထဲမှာ ချက်လက်မှတ်ရှိတယ်။ ဒီစာအိတ်ကို စာတိုက်ကနေပြီး ပို့လိုက်မယ်။ ဒါပေမယ့် မင်းဆီတော့မဟုတ်ဘူး။ ဘယ်သူ့ဆီလည်းဆိုတာ ဟောဒီစာအိတ်ပေါ်က လိပ်စာကို ဖတ်ကြည့်။ နေဦး နေဦး၊ ကျုပ်လက်ထဲက ဆွဲယူလို့တော့ မရဘူး။ အဲဒီကနေကြည့်"

ဦးဘိုးသင်း

နယူးဘားမား ကော်ပိုရေးရှင်း၊

ရှပ်ဖရစ်လမ်း၊ ရန်ကုန်မြို့။

"အို . . . ဘာလို့ ရှင်ဒီလို လုပ်ရမှာတုန်း"

"အဲဒီစာကို မင်းဖြတ်ပြီးမယူနိုင်အောင် အလုပ်တိုက်ကို ပို့လိုက်မယ်။ ဒီစာကို ညဘက်ထည့်ရင် မနက်ဖြန်နေ့ခင်း စာဝေတဲ့အချိန်မှာ



ဦးဘိုးသင်း လက်ထဲကို ရောက်သွားမယ်။ ဟောဟိုရှေ့နားက လမ်းထောင့်မှာ စာတိုက်ပုံးရှိတယ်။ ဒါပေမယ့် မင်းကိုညာတာတဲ့သဘောနဲ့ ဒီညမထည့်သေးဘူး။ မနက်ဖြန်ညမှ ထည့်မယ်။ တကယ်လို့ မနက်ဖြန်ညရှစ်နာရီမထိုးခင်လောက်မှာ အဲဒီစာတိုက်ပုံးနားကို မင်းလာပြီး စောင့်နေမယ်ဆိုရင် ဒီစာဟာ စာတိုက်ပုံးထဲကို မရောက်ဘူး။ မလာလို့ ဒီအချိန်ကတစ်မိနစ် လွန်တာနဲ့တပြိုင်နက် ဒီစာဟာ ပုံးထဲရောက်သွား ပြီးသားပဲ"

"ဘာလုပ်ဖို့ ကျွန်မကို ထပ်ခေါ်ရပြန်တာလဲ။ ရှင်နောက်ထပ် ကျွန်မကို မနှောင့်ယှက်ပါဘူးဆိုလို့ ငွေလည်းပေးလိုက်ပြီးပြီ မဟုတ်လား"

"မင်းနဲ့ကျုပ်နဲ့ တရားသူကြီးတစ်ယောက်ဆီ သွားစရာရှိလို့။ ကျုပ်တို့သူ့ရှေ့မှာ စာချုပ်လက်မှတ်ထိုးပြီး လက်ထပ်ဖို့ စီစဉ်ထားတယ်"

"ဘာ"

"ရုံးမှာဆိုရင် လူမြင်သူမြင်မို့ မင်းအဖို့ခက်ခဲနေမှာစိုးလို့။ ဘယ်သူမှ မသိရအောင် အခုလိုစီစဉ်ထားတာ။ ဒီတရားသူကြီးနဲ့ ကျုပ်နဲ့ တရုတ်တလပ်မှာ အသိဖြစ်ကြလို့ ဒီအကြောင်းကို ပြောထားပြီးပြီ"

"ရှင် ကျွန်မကို နှိပ်စက်ချင်သေးတယ်ပေါ့လေ"

"မင်းကို ကျုပ်ဘာမှ မနှိပ်စက်ဘူး။ မင်းဟာမင်း ကင်းကင်းရှင်းရှင်းနေနိုင်တယ်။ မင်းကို တရားဝင်မယားဖြစ်တယ် ဆိုနိုင်ရုံလောက် စာချုပ်ပေတဲ့နဲ့ လက်ထပ်တဲ့ သဘောပဲ။ မင်းဟာ ကျုပ်ရဲ့တရားဝင်မယား ဖြစ်လာရင် ကျုပ်ကို ဘက်မပြန်နိုင်ဘူး။ တရားစွဲလို့ မဖြစ်ဘူး။ အခုကျုပ်ပြောနေတာတွေ မင်းကောင်းကောင်းနားရှင်းမှာ မဟုတ်သေးလို့ သဘောပေါက်အောင် ပြောရလိမ့်ဦးမယ်။ မင်းမေမေကြီးနဲ့ ဖေဖေကြီးဟာ ကြာကြာနေကြရမှာ မဟုတ်ဘူး။ အဖွားကြီးဆိုရင် နေ့လား၊ ညလားဆိုတာလို ရောဂါတစ်ချက်ဖိလိုက်ရင် ကိစ္စချောပြီးသားပဲ။ အဖိုးကြီးဆိုရင်လည်း အဖွားကြီးသေရင် သူလည်းမကြာဘူး။ ရှေ့ဆင့်နောက်ဆင့် လိုက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ။ အဲဒါလောက် သူတို့ဟာ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်ကြီးနေကြတာ။ သူတို့ သေရင် ဒီပစ္စည်းတွေကို မင်းနဲ့ သက်ဝင်းနဲ့ ခွဲယူကြရမှာ။ ဒါပြောလို့ လန့်မသွားနဲ့၊ နားထောင်ပါဦး။ ဒီလိုမင်းရတဲ့ ပစ္စည်းတွေဟာ မင်းနဲ့ မင်းယောကျ်ားပဲ ဆိုင်ရမယ် မဟုတ်လား။ အဲဒါကြောင့် ကျုပ်မင်းရဲ့ ယောကျ်ားအဖြစ်နဲ့ တရားဝင်နေရရင် တော်ပြီ။ အဖိုးကြီး အဖွားကြီးသေအောင် တစ်နှစ်ဘဲ စောင့်ရ၊ စောင့်ရ၊ နှစ်နှစ်သုံးနှစ်ဘဲ စောင့်ရ၊ စောင့်ရ ကျုပ်စောင့်မယ်။ အရေးကြီးတာက မင်းရတဲ့ပစ္စည်းထဲက လင်ယောကျ်ားအဖြစ်နဲ့ ရပိုင်ခွင့်ရှိတာကို ကျုပ်ရရင်ပြီးတာပဲ။ မင်းအဖို့လဲ ပုံမှားရိုက်ပြီး ရထားတဲ့ပစ္စည်းကို ဘာမှ နှမြောနေစရာမလိုဘူး။ အခုလိုနေရတာပဲ တော်လှပြီ။ အခုလိုနေရတာလည်း ကျုပ်ကြောင့်ပဲ။ ဒီချက်လက်မှတ်နဲ့စာ အဖိုးကြီးလက်ထဲရောက်သွားရင် ဒီလိုတောင် မင်းနေရတော့မှာ မဟုတ်ဘူး။ အို မင်းနားကို လက်နဲ့ပိတ်ထားလို့ မကြားရုံပဲ ရှိမယ်။ ကျုပ်ကတော့ မလုပ်ဘဲနေမှာ မဟုတ်ဘူး။ အဲဒါပဲ။ မနက်ဖြန်ည ရှစ်နာရီမထိုးခင်သာ စာတိုက်ပုံးနားမှာလာပြီး စောင့်နေပေတော့။ မင်းပြန်နိုင်ပြီ။ ဒါပေမယ့် သတိထား၊ လမ်းလျှောက်ရင်း မူးဝေပြီးလဲသွားဦးမယ်။ နောက်ပြီးတော့ မနက်ဖြန်နောက်မကျအောင် နာရီလည်း အချိန်မှန်အောင် တိုက်ထားဦး”

ဘလှအောင်အကြဲကား ဤတွင်မှ လုံးလုံးလျားလျား ပေါ်လာလေတော့သည်။

မမြသွေးမှာ လွန်ခဲ့သောသုံးနှစ်ခန့်က မိမိ၏မဆင်ခြင် မစဉ်းစားစိတ်အလိုလိုက်၍ မိုက်မှားမိခဲ့သော အပြစ်၏ဒဏ်ကို ယခုခံစားနေရလေပြီ။ အကယ်၍သာ ထိုအချိန် ထိုအခါက ဘလှအောင်၏ညွှတ်ကွင်းထဲသို့ မကျရောက်ရအောင် မိမိကိုယ်ကို မိမိထိန်းသိမ်းခဲ့ပါမူ ဤအဖြစ်မျိုးသို့ ရောက်ရမည် မဟုတ်ဟု တွေးမိသည်။ သို့သော် မမြသွေးသည် အတိတ်



ကို စမြုံ့ပြန်၍ မနေအားပေ။ အနာဂတ်ကိုလည်း လှမ်း၍မမျှော်နိုင်။ လက်ငင်းပေါ်၍လာသည့် အခက်အခဲကိုသာလျှင် လတ်တလော ရှင်းလင်းအေးငြိမ်းသွားစေရန်ကိုသာ အာရုံပြုလျက် မည့်သည့်နည်းနှင့် ရှင်းလင်းရစေကာမူ ရှင်းဖို့ရန် အသင့်ပြင်ထားရလေသည်။

မမြသွေးအဖို့ အားလုံးအရေးထက် ကျေးဇူးရှင်မေမေ၏ ကျန်းမာမှုမှာ အရေးကြီးဆုံးဖြစ်လျက် မေမေ့အား စိတ်နှလုံးထိခိုက်စေမည့် အရာမှန်သမျှ တာကွယ်ရပေမည်။ မတတ်သာလျှင် အသက်ကိုပင်စွန့်၍ ကာကွယ်ရမည်။ ယခုဘလှအောင်၏ လက်ထဲတွင်ရှိသည့် မိမိတို့နှစ်ဦး၏ နာမည်ပါနေသော ချက်လက်မှတ်သည် ဖေဖေကြီး၏လက်ထဲသို့ ရောက်လျှင် မိမိ၏အလိမ်မှာ ပေါ်တော့မည်ဖြစ်ကာ တစ်အိမ်လုံး၏ စိတ်မချမ်းသာမှု ဖြစ်ရတော့မည်။ သို့ဖြစ်လျှင် မေမေ၏စိတ်ကိုထိခိုက်ကာ ရောဂါထလာမည်ဖြစ်ပြီး ဤတစ်ကြိမ်ရောဂါပြန်၍ထလျှင် စိုးရိမ်ရသည်ဟု ဆရာဝန်၏ စကားအရ မေမေကို မိမိသတ်ရာရောက်တော့မည်။ ထိုကိစ္စကိုသာလျှင် မမြသွေးမှာ အရေးကြီးဆုံး ပူပင်နေရသည်။

ထိုချက်လက်မှတ် ဦးဘိုးသင်းလက်ထဲသို့ ရောက်မသွားစေဖို့ရန်မှာ ဘလှအောင်၏ စကားကို နာခံခြင်းမှလွဲ၍ အခြားနည်းလမ်းမမြင်တော့ပေ။ မောင်သက်ဝင်း၏ အကူအညီတောင်းမည်ဆိုပါကလည်း မေမေ မသိရဘဲ ဘလှအောင်၏ရန်ကို ပယ်ရှားနိုင်စေကာမူ မိမိနှင့်မောင်သက်ဝင်း ကွဲရပေတော့မည်။ ဘယ်နည်းနှင့်မျှ မိမိအပေါ်တွင် မောင်သက်ဝင်းက ကြည်ဖြူနိုင်တော့မည် မဟုတ်။ ယင်းသို့ဖြစ်လျှင် မိမိ၏စိတ်မချမ်းသာမှုထက် သားကလေးချစ်ချစ်အတွက် တည်ဆောက်ထားသော ကမ္ဘာကြီးမှာ လုံးဝပြိုပျက် ကြေကွဲသွားရပေတော့မည်။ မမြသွေးအဖို့မှာ နွံတွင်းက လွတ်မြောက်အောင် ရုန်းကန်ထွက်ရင်းက အသူတရာနက်သော ချောက်ကြီးထဲသို့သာ ထိုးကျဖို့ရန် ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မမြသွေး၏ အသိဉာဏ်ရှိသမျှကလေးများက ဤမျှလောက်သာ စဉ်းစားတော့သည်။ နောင်ခါလာ နောင်ခါချေး လတ်ငင်းအေးလျှင် ပြီး ရောဟု နှလုံးပိုက်မိသည်။ လက်ငင်းအေးမှုမှာ ဘလှအောင်စီမံရာကို လိုက်နာရန်သာ ရှိလေသည်။

မော်တော်ကားရှေ့မှ ထွက်နေသည့် ဖြူဖွေးဖြောင့်တန်းသော မီးစွယ်ကြီးနှစ်ချောင်းသည် စိုက်ချည်တစ်ခါ၊ မော့ချည်တစ်လှည့်ဖြင့် မှောင်ထုကြီးကို တစ်လွှာချင်း ဖွာဆွ ထိုးကော်ပစ်ကာ ရှေ့သို့သာ အစဉ် တစိုက် တိုးနေလေသည်။ ကားပေါ်တွင် ပါလာသူနှစ်ဦးကား တိတ်ဆိတ် ငြိမ်သက်လျက် ရှိကြသော်လည်း အတွေးဖြင့် နစ်မွန်းမေ့ပျောက်မနေကြ ဘဲ တစ်ယောက်နား တစ်ယောက် ရှိနေကြသည်ကို ကောင်းစွာ သတိရှိနေ ကြလေသည်။ မော်တော်ကားရှေ့မီးမှ အရောင်ကြောင့် လမ်းဘေးဝဲယာ တွင် မထင်မရှား မြင်ရသော သစ်ပင်များမှာ လည်၍ လည်၍ ကျန်ရစ်ကြ လေသည်။ တစ်ခါတစ်ရံ လမ်းဘေးတွင် သစ်ပင်များကို မတွေ့ရဘဲ ဝဲယာ တွင် ပိန်းပိတ်၍ မှောင်လျက်ရှိရာ အဝေးမှ မီးခွက်ကလေး တလက်လက် ကို မြင်ရသဖြင့် လယ်ကွက်များအား ကျော်လာမိကြပြီကို သတိပြုမိကြ သည်။ တစ်ချက်တစ်ချက်တွင် အမှောင်ထဲရှိ ကုလားတဲများဆီမှ ဗုံသံကလေးများက လေထဲတွင် ပါ၍လာကြ၏။

မော်တော်ကား၏အရှိန်မှာ တစ်နာရီလျှင် မိုင်လေးဆယ်ထက် နည်းပုံမရသော်လည်း ကားထဲတွင် ပါလာသူတို့မှာကား နာရီပေါင်းများစွာ ကြာမြင့်ခဲ့ပြီဟု ထင်ယောင်မိကြသည်။ အချို့နေရာတွင် လမ်းမကြီးမှ ဘေးဖယ်၍ ထွက်သွားသော လမ်းခွဲများကို တွေ့ရသော်လည်း မော်တော် ကားမှာမူ လမ်းကျယ်အတိုင်း လိုက်၍သာနေလေသည်။ ထိုသို့လမ်း အကျယ်အတိုင်း မောင်းလျက်ရှိသော်လည်း ကတ္တရာစေးခင်းထားသော လမ်းကြီးမှာ ကျောက်လမ်း မြေနီလမ်းအဖြစ်သို့ ရုံဖန်ရံခါ ပြောင်းလဲသွား



သည်လည်းကောင်း၊ လမ်းမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲ ကွေ့သည့်နေရာ တွင်ကွေ့၊ ချိုးသည့်နေရာတွင် ချိုးလိုက်သည်ကိုလည်းကောင်း တွေ့ရ သည်။ ထိုသို့ ကွေ့ချိုးလိုက်သည့် နေရာများတွင် မော်တော်ကားမီးရောင် ဖြင့် ခြံဝင်းကြီးများကိုလည်းကောင်း၊ အိမ်အဆောက်အဦများကို လည်း ကောင်း တွေ့မြင်လိုက်ရသည်။ အကွေ့များနေရာတွင် လမ်းဘေးမှတ်တိုင် တစ်ခုကို ကားမီးထိုးလိုက်မိက ကုတ်ကိုင်းလမ်းဟူ၍ ရေးထားသောစာကို ဖတ်လိုက်ရသည်။

ထိုလမ်းအတိုင်း အတန်ကြာမောင်းနှင်လာခဲ့ပြီး နောက်လမ်း တစ်ဖက်သို့ ချိုးသွားပြီးလျှင် အလင်းရောင်နည်းသော လမ်းကျဉ်းကလေး တစ်ခုသို့ဝင်၍ အောက်ထပ်တွင် မီးလင်းနေသောတိုက်အိမ်တစ်ခု၏ ခြံဝင်းပေါက်ဝတွင် မော်တော်ကား ရပ်လိုက်လေသည်။ သို့ကားရပ်လိုက် သော်လည်း ကားပေါ်၌ပါလာသူနှစ်ဦးစလုံး မလှုပ်မရှားဘဲ တအောင့်မျှ ထိုင်နေမိကြသည်။

ထို့နောက်ကားပေါ်မှ ယောကျ်ားတစ်ယောက်ဆင်းလာပြီးလျှင် "ကဲရောက်ပြီ" ဟုဆိုလိုက်သော်လည်း ကားထဲမှ လှုပ်ရှားခြင်းမရှိသဖြင့် "လာလေ မမြသွေး၊ ကျုပ်နဲ့လိုက်ခဲ့၊ အိမ်ပေါ်မှာ စောင့်နေကြတယ်" ဟု ထပ်၍ပြောလိုက်လေသည်။

မမြသွေးသည် ပြန်၍မဖြေ၊ တုတ်တုတ်မျှ မလှုပ်။

"ဒါမျိုးတွေ လုပ်မနေစမ်းပါနဲ့တော့၊ မြန်မြန်ပြီးရင် မြန်မြန် ပြန်ရ တာပဲ မဟုတ်လား၊ ဒါမှမဟုတ် မဝင်ဘူးပြန်မယ်ဆိုရင်လည်း အခုပြန်ပို့ လိုက်မယ်၊ ကဲ ပြော"

"ကျွန်မ ဘာမှမပြောလိုဘူး"

ဘလှအောင်သည် မော်တော်ကားတံခါးကို ဆောင့်တွန်း၍ပိတ် လိုက်ပြီးနောက် "ကဲ မင်းနေချင်နေဦး၊ ကျုပ်တို့ ရောက်တဲ့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားပြောလိုက်ဦးမယ်။ မင်းစိတ်ကို တင်းထားစမ်းပါ" ဟုဆိုကာ အိမ်ဝ ထဲသို့ ဝင်၍သွားလေ၏။

မမြသွေး၏ နားထဲတွင် ဘလှအောင်၏ ဖိနပ်သံများကို တစ်ချ ချင်းကြားရလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေလေ တစ်ချက် တစ်ချက် မိမိနားမှကပ်၍ ပျံသွားသော လင်းနို့တောင်ပံခ လိုက်သည့် လေသည် မမြသွေးကို စိမ့်ခနဲ ဖြစ်သွားစေတော့သည်။

ယခုနေ ကားမောင်းပြီးထွက်ပြေးလျှင် ကောင်းမလားဟု မ သွေး၏စိတ်ထဲ၌ တွေးမိသည်။ သို့သော်ပြေး၍ မလွတ်နိုင်မည်ကို သိ သာ ဘလှအောင်က စိတ်ချ၍ ထားခဲ့ခြင်းဖြစ်သည်ကို တွေးမိပြန်သည် ထွက်ပြေး၍ မဖြစ်နိုင်သည်ကိုလည်း ကိုယ်တိုင်သိနေသည်။ ပြေးဖို့ တော်သည့်အချိန်မှာ လွန်ခဲ့ပြီ။ ထိုအချိန်မှာ မနေ့ညကလည်းမဟုတ် အိမ်ပေါ်မှဆင်းရန် တစ်ကြိမ်ကြံမိစဉ်ကလည်း မဟုတ်။ မီးရထားပေါ် ပါလာစဉ် မီးရထားဘီးများက နောက်ဆုတ်ရန် သတိပေးနေစဉ်က လျှင် ပြေးဖို့ရှိနေသည်။ ယခုမူကား မိမိမှာပြေးမလွတ်နိုင်အောင် တုပ် နှောင်ပြီးသား ဖြစ်နေလေပြီ။

မမြသွေးသည် အိမ်ဆီသို့ လှမ်းကြည့်လိုက်သည်။ ပွင့်နေသော အိမ်ရှေ့တံခါးဝတွင် ရပ်နေသူနှစ်ဦးကို အိမ်တွင်းမှအလင်းရောင် ခံထား သည့်အတွက် မဲမဲအရိပ်သဏ္ဌာန်များဖြင့် မြင်ရသည်။

"အချိန်အတော်ပဲ။ ဒီမှာလည်း အသင့်ရှိကြပြီ"ဟု မိန်းမ တစ်ဦး၏လေသံကို ကြားရသည်။ ထိုနောက်သဏ္ဌာန်တစ်ခုက အိမ် သို့ ဝင်ရောက်ကွယ်ပျောက်သွားပြီး အခြားသဏ္ဌာန်တစ်ခုမှာ အပြင် လှည့်ထွက်၍ တံခါးဝမှ ပျောက်သွားပြီးလျှင် ဖိနပ်သံများကို ကြားရ သည်။

"လာ မမြသွေး"



မမြသွေးသည် နေရာမှမခွာချင်သကဲ့သို့ မော်တော်ကားထိုင်ခုံ အစွန်းကို လက်နှစ်ဖက်နှင့် တင်းကြပ်စွာ ဆုပ်ထားမိသည်။

"ဒါတော့ ကျွန်မ မလုပ်ပါရစေနဲ့။ လုပ်လို့ မဖြစ်နိုင်ဘူး"

"ဒီဟာကို ပြောလည်းပြီးပြီ မဟုတ်လား။ မနေ့ညက ပြောလို့ သဘောတူပြီးကြမှပဲ"

မမြသွေးသည် မိမိမျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လိုက်ပြီး-နောက် ချက်ခြင်းပင် ပြန်၍ဖွင့်ကာ "ကျွန်မ မလုပ်နိုင်ဘူး"ဟု ငြင်းနေလေ၏။

"လာစမ်းပါ။ အချိန်တွေ ဖြုန်းမနေစမ်းပါနဲ့"

"ကျွန်မကို မသနားတော့ဘူးလား ကိုလှရယ်"

"ဟားဟား၊ ကိုလှတွေ၊ ဘာတွေနဲ့ မျက်ရည်ခံထိုးမနေပါနဲ့။ ကျုပ်စိတ်ထဲမှာ ပိုင်းဖြတ်ပြီးသားတစ်ခုကို ဘယ်လိုမှ ပြင်လို့မရဘူး"

မမြသွေးမှာ ကြောက်ရွံ့တုန်လှုပ်လျက် မော်တော်ကားဒေါင့်ထဲတွင် ကျုံ့၍နေလေ၏။ ဘလှအောင်က မော်တော်ကားတံခါး ဘောင်ပေါ်တွင် လက်နှစ်ဖက်တင်ကာ ကားတွင်းသို့ကြည့်ရင်း ထပ်၍ရယ်လိုက်ပြန်သည်။

"ဒီလက်ထပ်ရမယ့် ကိစ္စကို ဘာကြောက်စရာ ရှိသလဲ။ မင်းမှာ အရင်နာမည်နဲ့လည်း လင်မရှိတော့ဘူး။ အခုနာမည်နဲ့လည်း လင်ရှိနေတာ မဟုတ်ဘဲနဲ့ ဘာပြုလို့ လက်မထပ်နိုင်ရမှာတုန်း။ နောက်ပြီးတော့ အခုလက်ထပ်ရမယ့် ကိစ္စဟာလည်း မင်းကိုကျုပ်က စွဲလွန်းလို့၊ မက်လွန်းလို့လည်း မဟုတ်။ မင်းကို ကျုပ်မရရမက ယူချင်လို့လည်း မဟုတ်။ လက်ထပ်ပြီးတဲ့နောက် မင်းမခွဲနိုင်၊ မခွာရက်တဲ့ အိမ်တံခါးပေါက် အရောက် ပြန်ပို့လိုက်မှာပဲ။ မင်းကို ကျုပ်ပေါင်းဖို့ မဟုတ်ဘူး။ ဒီကိစ္စဟာ စာရွက်ပေါ်မှာ လက်ထပ်တဲ့ကိစ္စ။ ကဲ ရှင်းပလား"

www.burmeseclassic.com

www.burmeseclassic.com



ဘလှအောင်၏ စကားများသည် မမြသွေး၏မျက်နှာကို လက်သီးနှင့် ခွပ်ထိုးလိုက်သကဲ့သို့ ထင်မှတ်ရကာ မမြသွေးသည် မိမိ၏မျက်လုံးများကို လက်ဖြင့်ကာ၍ ထားလိုက်မိ၏။

ဘလှအောင်က တံခါးကိုဆွဲ၍ ဖွင့်လိုက်လေသည်။

"ဟိုမှာ စောင့်တဲ့လူတွေက စောင့်နေရပြီ၊ မင်းဒီလိုလုပ်နေတာ ပို့ဆိုးမယ်"

ဘလှအောင်သည် မြသွေးအပေါ်၌ တင်းမာစ ပြုလာလေ၏ မမြသွေး၏ ခုခံငြင်းဆန်နေခြင်းသည် သူ၏ဒေါသကို မီးမွှေးပေးလိုက်လေသည်။

"ဟေ့ မင်းကိုဆံပင်ဆွဲပြီးအထဲတော့ မခေါ်သွားဘူး၊ ဒါမျိုးလု... လို့လည်း မတန်ဘူး။ မင်းအခု မလိုက်ဖူးဆိုရင် ချက်ခြင်းကျုပ်အိမ်ထဲ... ဝင်သွားပြီး မင်းမေမေဒေါ်လှငြိမ်းဆီကို မင်းနဲ့ငါဒီမှာ ရှိနေတယ်၊ ဘာဖြ... ကြတယ် ဆိုတာကို တယ်လီဖုန်းဆက်လိုက်ရုံပဲ ရှိတယ်။ ပြီးရင် မင်း... ပြန်ပို့လိုက်မယ်။ ဟိုကျမှ မင်းကို သူတို့လက်ခံရင်ခံ၊ မခံချင်နေ၊ ဖြစ်... တာဖြစ်။ ကျုပ်အလုပ် မဟုတ်ဘူး၊ မင်းအလုပ်ပဲ" ဟုဆိုပြီးနောက် ကာ... ထဲသို့ ကိုယ်တစ်ပိုင်းဝင်ကာ "ကျုပ်မျက်နှာကို သေသေချာချာ ကြည့်စ... မင်းကို ကြည့်စားနေတယ်များ မှတ်သလား" ဟုပြောလိုက်၏။

ဘလှအောင်၏ မျက်လုံးများကို ကြည့်ရသည်မှာ အလွန်ကြော... စရာ ကောင်းလှလျက် သူ့ပြောသည့်စကားများမှာ အတည်ပြောခြင်းဖြ... သည်ကို ထိုမျက်လုံးများပေါ်၌ ပေါ်လွင်နေသည်၊

တခဏမျှအကြာတွင် ဘလှအောင်သည် ချာခနဲလှည့်ကာ ... တော်ကားအနီးမှ ခွာလျက် အိမ်ကြီးဆီသို့ လျှောက်သွားလေ၏။ သူ၏... သံများမှာ ယခင်ကထက် သွက်လက်လျင်မြန်ကာ အာရုံရှေ့စော်နေမှု... ဖော်ပြနေသည်။



"ကိုလှ ကိုလှ" မမြသွေးသည် ဘလှအောင်ကိုခေါ်ရင်း ကားပေါ်မှ ဆင်း၍ လိုက်ရလေသည်။

ဘလှအောင်သည် မိမိအား ခေါ်နေသည်ကို ကြားရသော်လည်း ရပ်ဘဲ အိမ်ထဲသို့ တန်းတန်းမတ်မတ်ကြီး ဝင်သွားပေရာ မမြသွေးမှာ အပြေးကလေးလိုက်၍ ဝင်ရလေ၏။

အိမ်ထဲသို့ ရောက်သောအခါတွင် ဘလှအောင်သည် တယ်လီဖုန်းကောက်၍ ကိုင်တော့မည်ပြုနေသည်ကို တွေ့ရသဖြင့် မမြသွေးမှာ ပြေးသွားပြီး ဘလှအောင်၏ လက်ရော၊ တယ်လီဖုန်းခွက်ကိုပါ မိမိ၏လက်များနှင့် ဖိနှိပ်ထားရလေသည်။

"ဒီလိုတော့ မလုပ်ပါနဲ့၊ မေမေသေလိမ့်မယ်"

ဘလှအောင်သည် အိမ်ထဲတွင် ဝဲယာကိုကြည့်ပြီး မမြသွေး၏ မျက်နှာကို ကြည့်လိုက်သည်။ မမြသွေး၏ လည်ချောင်းထဲမှာ တစ်ဆို့ကြပ်ခဲနေသဖြင့် ပြောမည့်စကားတစ်ခွန်းမှာ မထွက်နိုင်ရှိနေသည်ကို တွေ့ရသည်။

ဘလှအောင်သည် တစ်ချက်လှည့်ပတ် ကြည့်လိုက်ပြီးလျှင် "မင်းတစ်ခါထဲ ဆုံးဖြတ်လိုက်ပြီလား"ဟု မေးလိုက်သည်။

မမြသွေး၏ မျက်လုံးထဲတွင် မျက်ရည်များဝဲလျက်ရှိရာ ယိုဖိတ်၍ မကျစေရန် မျက်လုံးများကို ပိတ်လိုက်ပြီး မျက်တောင်ကလေးများ ...င်းထားရာက ခေါင်းညိတ်သည်နှင့်မခြား ဦးခေါင်းကလေးကို စိုက်၍ချလိုက်လေသည်။

ဘလှအောင်၏လက်သည် တယ်လီဖုန်းခွက်ကို လွှတ်လိုက်ပြီးလျှင် မမြသွေး၏ လက်မောင်းတစ်ဖက်ကို ချိတ်လိုက်လေသည်။ ထိုနောက် ခန်းစီးကလေးချထားသော အခန်းတစ်ခုဆီသို့ မမြသွေးကို ခေါ်သွားလေသည်၊ မမြသွေးမှာ အိပ်မက်မက်ပြီး ထ၍လမ်းလျှောက်နေသူ

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ ဘလှအောင်၏ ခေါ်ဆောင်ရာသို့ အလိုက်သင့်ပါသွားကာ မိမိတို့ လက်ထပ်ပေးရန် စောင့်နေကြသူများရှိရာ အခန်းထဲသို့ ဝင်လိုက်ရ တော့သတည်း။

ဘဘဘ

[၁၃]

မမြသွေးသည် ဘာကိုမျှမမှတ်မိချေ။ ဖြစ်ပျက်သမျှ အလုံးစုံတို့မှာ အိပ်မက်ကဲ့သို့ပင် ဖြစ်လေသည်။ စိတ်ထဲ၌ကား အာရုံတစ်ခုတည်းသာ ရှိနေသည်။ ထိုအာရုံကား ဘလှအောင်ကို သတ်ရန်အကြံပင် ဖြစ်တော့သည်။

ဘလှအောင်ကို သတ်ပစ်မှလည်းဖြစ်မည်။ မမြသွေးအဖို့မှာ ဤ တစ်လမ်းသာ ရှိတော့သည်။ ယခင်ကမူ မမြသွေးသည် သမင်မကလေး ကဲ့သို့ သေနတ်တရွယ်ရွယ်နှင့် လိုက်နေသော မုဆိုး၏ရန်မှ လွတ်အောင် ရှောင်ရှားပြေးလွှားပုန်းအောင်းဖို့လောက်သာ စိတ်ကူးမိခဲ့သည်။ ထိုကဲ့သို့ လည်းကြိုးစား၍ ကွင်းရှောင်ကာ လွတ်အောင်ပုန်းခဲ့သည်။ သို့သော် ပြေး ၍မလွတ်တော့ဘဲ ချောင်တွင်ပိတ်၍ မိနေပြီဖြစ်လေရာ သေနတ်စာ အဖြစ်သို့ အရောက်မခံလိုလျှင် မုဆိုးကိုပြန်၍ ပက်ရန်သာ ရှိနေတော့ သည်။ ထိုသို့ပြန်၍ ပက်ရမည့်အလုပ်မှာ ဘလှအောင်ကို သတ်ပစ်ရမည့် အလုပ်ပင်ဖြစ်သည်။ သူ့ကို သုတ်သင်လိုက်မှ အေးမည်။ သတ်ရမည့် အလုပ်မှာလည်း သူတစ်ပါးလက်ချက်နှင့်မဟုတ်ဘဲ မမြသွေးကိုယ်တိုင် သတ်မှ ဖြစ်နိုင်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန်ကားပေါ်တွင် နှစ်ဦးသားတိတ်ဆိတ် ငြိမ်သက်လျက် ပါလာ ကြလေသည်။ တစ်ဦးကိုတစ်ဦး စကားမပြောကြ၊ ပြောရန်လည်း မ ပြောစရာလည်း မရှိပေ။

ဘလှအောင်အဖို့မှာ မိမိ၏အကြံအောင်မြင်ပြီဖြစ်၍ နှစ်သိ ကြည်နူးကာ တစ်ချက်တစ်ချက် လေကလေးများပင် ချွန်လိုက်မိသည် မမြသွေးအဖို့မှာကား မလှုပ်နိုင်၊ မရှားနိုင်ဘဲ မျက်စိကိုစုံမှိတ်ကာ စဉ်း ရင်း လိုက်ပါခဲ့ရသည်။ သူ့စိတ်ထဲတွင် လက်ထပ်ပြီး ပြန်လာခဲ့ရသည် မထင်။ အသုဘမှ ပြန်လာရသလို ထင်မိသည်။ ထိုအသုဘကား မိမိ ကြီးစွာ မျှော်လင့်ထားမိသောဘဝကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရခြင်းပင် ဖြစ် သည်။

ထိုသို့ဆုံးရှုံးခဲ့ရသော ဘဝကိုပြန်၍ ရဖို့ရန်မှာ ဘလှအောင် သတ်ပစ်မှ ဖြစ်တော့မည်။ ဤကိစ္စမှာ ယခုသွေးပူနေတုန်း ပြုလုပ်ပါမှ အောင်မြင်နိုင်လိမ့်မည်။ ကြာ၍ သွေးအေးသွားလျှင် မိမိ၏စိတ်ကူး မျိုးတစ်မည်ပြောင်းသွားနိုင်သည်။ တစ်ဆင့်ထက်တစ်ဆင့် တက်လာ ဘလှအောင်၏ အနှောင့်အယှက်မှာလည်း နောက်ထပ်တိုး၍ လာပေ မည်။ သို့ဖြစ်၍ ယခုပင် သတ်မည်။ မိုးမသောက်မီ၊ အလင်းရောင်မပေါ် အတွင်း သတ်မည်ဟု မမြသွေးစိတ်ထဲ၌ ဆုံးဖြတ်လိုက်လေတော့သည်

လူတစ်ယောက်ကို ဘယ်လိုသတ်ရမည်နည်း။ ဤနေရာတွင် က အလွယ်တကူပြုလုပ်၍ ဖြစ်နိုင်မည့် နည်းလမ်းကိုမမြင်။ ကားမော နှင်လာလျက်ရှိသော လမ်းမကြီးမှာ ညီညာဖြောင့်စင်းလျက် ရှိရကား ယ နေ ကားမောင်းသည့် လက်ကိုင်ကို အတင်းဆွဲလှည့်လိုက်စေကာမူ ကာ မှောက်နိုင်။ ဘာမျှမဖြစ်နိုင် လမ်းအဆင်း လမ်းအကွေ့မျိုး တွေ့ရမှ ဖြစ်မည်။ ကားမောင်းနေသည့် အရှိန်မှာလည်း မှန်မှန်ပဲ ဖြစ်လေရာ ကားလက်ကိုင်ကို ဆွဲ၍ခမ်းလိုက်လျှင် လမ်းဘေးဖတ်တောထဲသို့သာ ကာ



ဝင်သွားပေလိမ့်မည်။ သို့မဟုတ် ဓာတ်တိုင်တစ်ခုခုနှင့် ဝင်၍ဆောင့်မည်း သို့သော်လည်း အရှိန်မပြင်းထန်သဖြင့် မိမိတို့မှာ ကားထဲတွင် ခလောက် ဆန်၍ သွားရုံမှတစ်ပါး တစ်စုံတစ်ရာ ဘေးဥပဒ်ဖြစ်နိုင်ကြမည် မဟုတ် ပေ။

အကယ်၍ ချောက်ထဲသို့ ကားထိုး၍ ကျသွားအောင် လုပ်၍ ဖြစ်နိုင်သည့်နေရာကို တွေ့ရစေဦးတော့ မမြသွေးမှာ ဘလှအောင်နှင့်တွဲ၍ မသေချင်။ ဘလှအောင် တစ်ယောက်တည်းကိုသာ သေစေချင်သည်။ သူ့အဖို့မသေချင်သေး။ တွယ်တာစရာ သားကလေးချစ်ချစ် ရှိနေသည်။ မေတ္တာနှောင်ကြိုး ငြိနေသည့် မောင်သက်ဝင်းရှိနေပြန်သည်။ သည်ဟာ များအတွက် လူ့ဘဝ၌ နေချင်သေးသည်။ တကယ့် အချစ်အရသာကို ခံစားချင်သေးသည်။ ရှေးကနှင့်မတူ ခြားနားသော မိမိ၏ဘဝသစ်ကို ထူ ထောင်ချင်သေးသည်။ ထိုသို့ ဖြစ်နိုင်ရန်မှာ ဘလှအောင်တစ်ယောက် တည်းကိုသာ ဖျောက်ဖျက်ပစ်မှဖြစ်မည်။ သို့သော် ယောကျ်ားတစ်ယောက် ကို မိန်းမတစ်ယောက်က သတ်ဖို့ရန်မှာမလွယ်။ အထူးသဖြင့် ဘလှအောင် လို ဉာဏ်များသော လူတစ်ယောက်ကို သတ်ပစ်ဖို့ရန်မှာ သာ၍ပင်မလွယ် ပေ။

အလွယ်ဆုံးမှာ မိမိ၌ လက်နက်တစ်ခုခုရှိမှသာ ဖြစ်နိုင်မည်။ ယခု နေ သေနတ်တစ်လက်သာပါလာရင် ကောင်းမှာပဲဟု တွေးလိုက်မိသည်။ ထိုသို့တွေးရင်း ဖေဖေကြီး၏ ခြောက်လုံးပြူးကို ပြေး၍ မြင်ယောင်မိလေ သည်။ ဘယ်နေရာ၌ရှိသည်ကို မမြသွေးအမှတ်ပြုမိသည်။

ခြောက်လုံးပြူးထဲကို လက်ညှိုးကလေး ကွေးသွင်းပြီး မောင်းတံ ဆွဲဖြုတ်လိုက်ရုံနှင့် ထာဝရအေးချမ်းမှုကို ရနိုင်ပေမည်ဟု မမြသွေးတွေး လိုက်သည်။

မမြသွေးသည် အတွေးတွင် နစ်မွန်းလျက်ကားပေါ်၌ ပါလာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာကို လွန်မြောက်၍ မည်သည့်နေရာသို့ ရောက်နေသည်ကို ဂရုမထားမိချေ။ မော်တော်ကား ရပ်လိုက်ပြီး ကားတံခါးဖွင့်သံကို ကြားရမှ သက်န်းကျွန်းသို့ ပြန်၍ရောက်နေသည်ကို သိရလေသည်။

ယခုရောက်သည့်နေရာမှာ သစ်ပင်ကလေးများ အုပ်လျက်ရှိသည့် လမ်းမှောင်ကလေးတစ်ခု ဖြစ်ပြီးလျှင် အိမ်နှင့်တစ်လမ်းခွဲလောက် ဝေးလေသည်။ ဘလှအောင်သည် မိမိတို့အား သိမြင်မသွားနိုင်ရန် အိမ်နှင့် ခပ်လှမ်းလှမ်းတွင် မမြသွေးအား ချပေးခြင်းဖြစ်ပေသည်။

ဘလှအောင်သည် မမြသွေးအား ဘာမျှမပြောဘဲ မော်တော်ကားတံခါးကို ဖွင့်ပေးလိုက်ခြင်းအားဖြင့် "ဆင်းတော့"ဟု ဆိုလိုက်သည့် အရိပ်နိမိတ်ကို ပြလိုက်ခြင်း ဖြစ်ပေသည်။ မမြသွေးသည် ရုတ်တရက်မဆင်းသေးဘဲ လက်ပတ်နာရီကို ကြည့်လိုက်သည်။ အချိန်မှာ ဆယ်နာရီမထိုးသေးချေ။

"ကျွန်မရှင်နဲ့ အတူတူမလိုက်ရဘူးလား"

"ဘာလုပ်ဖို့လဲ"ဟု ဘလှအောင်က ပမာမခန့်ပြောလိုက်၏။ "မင်းကို ကျုပ်မလိုချင်ဘူး။ မင်းလက်ထဲကို ရောက်လာရမယ့်ပစ္စည်းလောက်ပဲ လိုချင်လို့ မင်းကိုလက်ထပ်တာ။ မင်းအရင်အတိုင်း နေမြဲနေရုံပဲ။ ကဲ. . . မင်း အင်မတန်မက်နေတဲ့ အိမ်ကြီးကို ပြန်နိုင်ပြီ"

"ရှင့်ကို ကျွန်မတွေ့ချင်ရင် ဘယ်မှာလာပြီးတွေ့နိုင်မလဲ"

"ကျုပ်ဒီနားတဝိုက်မှာ အမြဲရှိမယ်။ မင်းကျုပ်ကို လိုက်ရှာနေဖို့ မလိုဘူး။ မင်းဆီကို မကြာမကြာ ကျုပ်အကြောင်းကြားနေမှာပဲ။ ကျုပ်ပျောက်သွားမှာကိုတော့ မင်းမပူနဲ့။ မင်းပျောက်သွားမှာကိုလည်း ကျုပ်မစိုးရိမ်ဘူး။ မင်းဒီအရပ်က လစ်သွားမယ်ကြံရင် မင်းဒုက္ခဖြစ်ပြီးသားပဲ။ မင်းဟာ ကျုပ်မိန်းမ။ ကလေးဟာ ကျုပ်ကလေးဆိုတာ တရားဝင် သက်သေခံအထင်အရှားနဲ့ ကျုပ်ပြနိုင်နေပြီ"



မမြသွေး၏ မျက်နှာမှာ ပူထူ၍သွားလေသည်။ သို့သော် ဘလှအောင်ပြောသည့် စကားများသည် မမြသွေးအဖို့ အရေးမဟုတ်တော့ချေ။ တစ်လမ်းကျော်လောက်တွင်ရှိနေသော ခြောက်လုံးပြူးကို သွား၍ယူလာပြီး ဘလှအောင်ကို ပြန်၍တွေ့ရန်သာ အာရုံပြုမိလေသည်။

သို့ဖြစ်၍ မမြသွေးသည် ကားပေါ်မှဆင်းရင်း "ရှင်ဒီမှာ ခဏစောင့်နေပါဦးလား။ ရှင့်မှာ ငွေလိုနေရင် ကျွန်မနဲ့ တွေ့တဲ့အထိ စောင့်မနေရအောင် ကျွန်မငွေပေးလိုက်ဦးမယ်။ အိမ်ကိုသွားပြီး ပြန်လာရုံလောက်တလေး ကြာမှာပဲ"ဟု ပြောလိုက်၏။

"မင်းပေးတဲ့ငွေကို ကျုပ် မလိုချင်ဘူး။ ဒီငွေတွေဟာ ကျုပ်ပိုင်တဲ့ငွေ။ တစ်နေ့ကျရင် လုံးခန့်၊ ခဲခန့် ကျုပ်လက်ထဲရောက်လာမယ့် ငွေကို မင်းက အရစ်ကျပေးနေဖို့ မလိုဘူး။ ကျုပ် နေနိုင်ပါတယ်။ ဒုက္ခမရှာပါနဲ့"

မဖြစ်တော့ဘူး။ ယခုညတွင်းချင်း သတ်ပစ်မှ၊ နောက်တစ်နေ့မကူးမီ သတ်ပစ်မှဖြစ်မည်ဟု မမြသွေးစိတ်ထဲက ပြောနေလေသည်။ ကြာလျှင် စိတ်ပြောင်းသွားမည်။ သွေးအေး၍ သတ္တိနည်းသွားမည်။ အန္တရာယ်ကြီးကို ကြာကြာလွယ်၍ မထားဘဲ အမြန်ဆုံးခွဲစိတ်ကုသပစ်မှ ချမ်းသာရာရတော့မည်။

ယခုည ဘလှအောင် ဘယ်ကိုသွားသွား မတွေ့တွေ့အောင် လိုက်ရှာမည်။ တွေ့ရာ နေရာတွင် သတ်ပစ်မည်။ မိမိဘဝပင် တုံးချင်တုံးပါစေ။ လူမြင်ကွင်းမှာပင် သတ်ပစ်ရရင်လည်း သတ်ရပစေ။ သူ့ကိုတော့ လူ့ပြည်မှာ မထားဟု မမြသွေးကသန္နိဋ္ဌာန်ချလိုက်သည်။

"ကဲ အိမ်ပြန်ပြီး ပျော်ပျော်အိပ်ပေတော့။ ဒီမင်္ဂလာဆောင်ဟာ ခဲပေါက်မယ့် သူမရှိပါဘူး။ ဟဲ ဟဲ"

မော်တော်ကားသည် မမြသွေး၏ဘေးမှ တရွေ့ရွေ့ ထွက်ခွာသွား၏။ မမြသွေး၏ မျက်လုံးများသည် တဖြည်းဖြည်း [illegible]သွားသော

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားနောက်မီး အနီကလေးနှင့် မှတ်ပုံတင်နံပါတ်ကိုသာ စိုက်၍ ကြည့်နေမိလေသည်။

အာ၊ ၆၉၈၄

မော်တော်ကား မီးနီတလေးသည် မမြသွေး၏ မျက်စိအောက်မှ ကွယ်ပျောက်၍ သွားသော်လည်း မှတ်ပုံတင်နံပါတ်များမှာတား မမြသွေး၏မျက်စိထဲတွင် စွဲ၍ကျန်ရစ်လေတော့သည်။

မမြသွေးသည် အိမ်သို့ပြန်ခဲ့ရာတွင် မိမိအနီးက တစ်ဦးတစ် ယောက်ကပ်၍လာသည်ဟု ထင်မိသည်။ သို့သော် မည်သူမျှ မဟုတ်ပေ၊ မိမိ၏အရိပ်ကို မိမိလန့်နေခြင်းသာ ဖြစ်လေသည်။ အိမ်ရှေ့တံခါးတွင် ရပ်လိုက်မိသည့်အခါ မိမိထက်ဦး၍ တစ်ဦးတစ်ယောက် ထိုနေရာသို့ ရောက်နေသည်ကို တွေ့ရသည်။ မိမိလှုပ်ရှားတိုင်း သူလည်းလိုက်၍ လှုပ် လေသည်။ သေချာစွာကြည့်မှ ထိုလှုပ်ရှားသူမှာ မှန်ထဲရှိမိမိ၏ အရိပ်ပင် ဖြစ်၍ နေလေသည်။

မမြသွေးသည် တံခါးကိုတွန်းဖွင့်လိုက်ရာ ပိတ်၍မထားဘဲ စေ့၍ ထားသည်ကို တွေ့ရသည်။ အိမ်အောက်ထပ်တွင် မီးတစ်လုံးသာ လင်းနေ လျက် မည်သူမျှမရှိချေ။

ဤအချိန်ကား မေမေအိပ်ရာဝင်နေကျ အချိန်ပင် ဖြစ်ပေသည်၊ ဖေဖေကြီးမှာ အလုပ်သမားများ သပိတ်ကိစ္စ ပေါ်နေသည့်အတွက် အလုပ်တိုက်တွင် အရေးတကြီး အစည်းအဝေးရှိနေသဖြင့် အတော်ညဉ့်နက်မှ ပြန်လာလိမ့်မည် ဖြစ်သည်ကို မမြသွေးသိထားပြီး ဖြစ်လေသည်၊ မောင်သက်ဝင်းက မမြသွေးထွက်မလာမီကပင် အပြင်သို့ သွားနေသည်၊

မမြသွေးသည် အိမ်တွင်းသို့ရောက်ပြီးမှ အိမ်ထဲသို့မဝင်ရဲသကဲ့သို့ ဖြစ်နေလေသည်။ မမြသွေးသည် မကြာမီကမိတ်ဆွေဖြစ်သော အသိ တစ်ယောက်က ဘုရားကိုးဆူ ပူဇော်သဖြင့် ဖိတ်ခေါ်ထားသည်ဟု မေမေ့



အားပြောကာ ထွက်လာသည်ကို ပြန်၍တွေးမိသည်၊ ယခုမိမိပြန်လာရာတွင် အပြင်ဘန်းအားဖြင့် သာမန်ဝင်ထွက်သွားလာဟန်မျိုး ရှိသော်လည်း မေမေသိလျှင် ခွင့်လွှတ်ရန်ခဲယဉ်းသော အပြစ်ကြီးတစ်ခုကို ကျူးလွန်လျက် ပြန်၍ ရောက်လာခြင်းပင်ဖြစ်ရာ ထိုသို့အပြစ်ရှိနေသဖြင့် ထိုအိမ်ကြီးထဲသို့ပြန်၍ ဝင်ထိုက်ပါသေးသလားဟု လိပ်ပြာမသန့် ဖြစ်နေလေသည်။

ယခုပြန်လာခြင်းမှာ ဘာအတွက်ပြန်လာသည်၊ ဘာလုပ်ရန် ပြန်လာသည်ကို မမြသွေးကိုယ် မမြသွေး ကောင်းစွာသိသည်။ ထိုအိမ်ကြီးမှာ မိမိနှင့် မဆိုင်တော့ပြီ၊ မိမိမှာ အိမ်လည်းမရှိ၊ အချစ်လည်း မရှိ၊ ရင်သွေးလည်း မရှိ။ မိမိ၏ ကမ္ဘာလောကကြီးမှာ ကြေမွပျက်စီးသွားခဲ့လေပြီ။ သားကလေးချစ်ချစ် ကြီးလာ၍ မိမိအကြောင်းကို သိရသည့်တစ်နေ့တွင် သားကလေး၏အချစ်ကို ဆုံးရှုံးရပေတော့မည်။ ဘလုအောင်နှင့် လက်ထပ်သည့်စာချုပ်ကိုလည်း လက်မှတ်ထိုးလိုက်သည့် အချိန်ကစ၍ မိမိမှာ မောင်သက်ဝင်း၏ အချစ်ကို စွန့်ခဲ့ရပြီ၊ ဤအိမ်ကြီးနှင့်တကွ ဖေဖေ၊ မေမေတို့နှင့်တကွ ပြတ်စဲခဲ့ရလေတော့သည်။

ဤအရာအားလုံးကို လူတစ်ယောက်တည်းက ဖျက်ဆီးလိုက်ခြင်းပင် ဖြစ်သည်။ သူသည်မိမိအား တစ်ကြိမ်တည်းနှင့် အားမရဘဲ နှစ်ကြိမ်ဖျက်ဆီးခဲ့ပြီ၊ မိမိ၏ တစ်သက်အတွင်းမှာပင် နှစ်ပြန်ဆုံးရှုံးပျက်စီးအောင် ပြုခဲ့သည်။ သန်းကြည်အဖြစ်နှင့် တစ်ကြိမ် မိမိ၏ဘဝကို အညွန့်တုံးစေခဲ့သည်၊ ယခုတဖန် မမြသွေး အဖြစ်မှာပင် မိမိ၏ သာယာသောဘဝကို နှစ်မွန်းစေပြန်သည်။

နောက်ကိုတော့ဖြင့် ဘယ်သူ့ကိုမှ သူမနှိပ်စက်မဖျက်ဆီးနေရတော့ဘူးဟု မမြသွေး၏ စိတ်ထဲ၌ ပိုင်းဖြတ်လေတော့သည်။

မမြသွေးသည် စာရေး စာဖတ်သည့် အခန်းထဲသို့သွားပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ခါတ်မီးကို ဖွင့်လိုက်သည်။ ထို့နောက် စာရေးစားပွဲအံဆွဲများကို တစ်ခုပြီး တစ်ခု ဆွဲဖွင့်ကာ ခြောက်လုံးပြူးကို ရှာလေသည်။ ဖွင့်လိုက်တိုင်း၊ ဖွင့်လိုက်တိုင်း စာရွက်များနှင့် အခြားအရာဝတ္ထုများကိုသာ တွေ့ရ၍ မိမိအလိုရှိသည့် လက်နက်ကိုကား ရှာ၍မတွေ့ရပေ။ သို့သော်အရေးရှိက အလွယ်တကူရနိုင်ရန် ထိုအခန်းထဲမှာပင် သေနတ်ထားသည်ကို မမြသွေး အမှတ်ထားမိသည်။

သို့ဖြစ်၍ ဖေဖေကြီးတစ်ဦးတည်း အသုံးပြုသည့် စားပွဲကြီးကို ရှာဖွေမွှေနှောက် ပြန်လေသည်။ ပထမသော် လယ်ကျာစာအုပ်များ၊ အလုပ်နှင့် ပတ်သက်သည့် ပစ္စည်းများကိုသာ တွေ့ရသည်။ ထို့နောက်မှ အောက်ဆုံးအံဆွဲ၏ စာရင်းစာအုပ်များ နောက်ဖက်ထဲမှ ပြောင်လက်သော အရာတစ်ခုကို တွေ့ရလေသည်။

မမြသွေးသည် ဤတစ်ကြိမ် ပထမဦးဆုံး ခြောက်လုံးပြူးသေနတ်ကို မြင်ရဘူးခြင်းဖြစ်ပေသည်။

ခြောက်လုံးပြူးကလေးမှာ ဘာမျှအစွမ်းသတ္တိမရှိ၊ အဆိပ်မရှိသည့် အရာဝတ္ထုကလေးတစ်ခုကဲ့သို့ မမြသွေး၏မျက်စိထဲတွင် မြင်နေရသဖြင့် ဤမျှသေးငယ်သော အရာဝတ္ထုကလေးတစ်ခုက လူတစ်ယောက်၏ အသက်ဇီဝိန်ကို ပြုတ်နိုင်ပါ့မလားဟု မမြသွေးမှာ သံသယဖြစ်မိသည်၊ သို့သော် ပြောင်လက်သော သတ္တုအရိုးဖြူဖြင့် ပြုလုပ်ထားသော ထိုအရာဝတ္ထုကလေး၏ မျှော့ကြောင်းထိုးထားသည့် ဆုံကလေးမှ သေမင်း၏တမန်များ ကိန်းအောင်းပုန်းဝှက်ရာ ဖြစ်သည်ကိုကား မမြသွေးနားလည်မိသည်၊ သို့ဖြစ်၍ မမြသွေးသည် ထိုသေနတ်ကလေးထဲ၌ သေမင်း၏တမန်များ ပါမပါကိုသိရန် လက်ဖနောင့်ဖြင့် သေနတ်ဒင်ကို ဆောင့်ကြည့်လိုက်သည်၊ မမြသွေးသည် ခြောက်လုံးပြူး မကိုင်တွယ်တတ်သော်လည်း မောင်းကို လက်နှင့်မထိလျှင် ကျည်ဆံမထွက်နိုင်ဟု နားလည်ထားသဖြင့်



ဆိုနေရာကို မထိရအောင် သတိထားရသည်။ ကံအားလျော်စွာ ကျည်ဆံထုတ်သည့် ဆုံလည်ကလေးကို ဖြုတ်သည့်ခလုတ်ကို လက်ဖနောင့်နှင့် ထိလိုက်မိသဖြင့် ဆုံလည်ကလေးဘေးသို့ အန်၍ ထွက်လာလေသည်။ သို့သော် မည်းနက်ပြောင်လက်နေသည့် အခန်းကလေးများထဲ၌ ကျည်ဆံတစ်ခုမျှ မတွေ့ရပေ။

မမြသွေးသည် အံဆွဲကိုထပ်၍ မွှေနှောက်လိုက်ပြန်၏။ သို့ရှာဖွေရာတွင် စောစောက အရာမဝင်ဟု ထင်မိ၍ ဘေးဖယ်ထားမိသော စက္ကူသေတ္တာတလေးထဲတွင် ဂွမ်းများခံ၍ ထည့်ထားသော ကျည်ဆံခေါင်းပုကလေးငါးခုကို တွေ့ရလေသည်။ ဤတွင်မှ တစ်ခုပြီးတစ်ခု ခြောက်လုံးပြူး ကျည်ဆံအခန်းကလေးများထဲသို့ထည့်ကာ အခန်းတစ်ခုကိုမူ အလွတ်အတိုင်းထားလျက် ဆုံလည်ကလေးကို ပြန်၍ပိတ်လိုက်လေ၏။

ထိုနောက် မမြသွေးအဖို့ ဒုတိယအရေးအကြီးဆုံးအရာမှာ ဘလှအောင်နေသည့် နေရာသို့ လိုက်ဖို့ရန် ဖြစ်ပေသည်။ သို့သော် ထိုနေရာကို မမြသွေးမသိရ။ ဘလှအောင်ကို မေးသော်လည်းမရခဲ့ချေ။ ဘလှအောင်နှင့် ပတ်သက်၍ အနီးဆုံးသဲလွန်စမှာ မော်တော်ကား နံပတ်သာဖြစ်၏။ ဤကားနံပတ်ကို သတိရလိုက်သည်တွင် မမြသွေး၏ ဦးခေါင်းထဲ၌ စောစောက မမျှော်လင့်မိသော စဉ်းစားဉာဏ်ဝင်၍ လာလေသည်။ သို့ဖြစ်၍ မမြသွေးသည် တယ်လီဖုန်းကို ကောက်ယူလိုက် ပြီးလျှင် မော်တော်ယာဉ် ရဲအဖွဲ့ကို စွန့်စားပြီး ကြေးနန်းဆက်လိုက်လေသည်။

“မော်တော်ကားနံပါတ်၊ အာ၊ ၆၉၈၄ ရဲ့ ပိုင်ရှင်နဲ့နေရပ်ကို မသိရဘူးလားရှင်”

“အခုမေးနေတာ ဘယ်သူလဲ။ ဘာကိစ္စ ရှိလို့လဲ။ ဒီလို မေးဖို့နဲ့ ကျုပ်တို့မှာ ဖြေနိုင်ခွင့်မရှိဘူး”

“ကျွန်မ ကုတ်တိုင်းကပါ”ဟု မမြသွေးသည် နေရပ်ကိုလှဲ၍ ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးနောက် "ရုပ်ရှင်အပြန်မှာ ဘတ်စ်ကားမရဘဲ ဖြစ်နေလို့ ဒီကားနဲ့ လူကလိုက်ပို့တယ်။ အဲဒီကားပေါ်မှာ သော့တွဲတစ်ခုပါသွားလို့ပါ။ သူ့နံပါတ်နဲ့ နေရပ်ကိုလည်း မမေးမိလိုက်ဘူး"ဟု ပြန်ပြောလိုက်၏။

"ခင်ဗျား ဘယ်သူလဲ။ ဘယ်က စကားပြောနေတာလဲ"

မမြသွေးသည် တယ်လီဖုန်းလမ်းညွှန်စာအုပ်ကိုလှန်၍ ကုတ်ကိုင်းမှ အိမ်တစ်အိမ်၏ လိပ်စာကို ဖတ်ပြလိုက်မိလေသည်။

တစ်ဖက်မှ အတန်ကြာ ငြိမ်သက်နေပြီးမှ "မနက်ဖြန်မှပဲ စစ်ဆေးပြီး အကြောင်းကြားလိုက်ပါ့မယ်" ဟု အသံပေါ်၍ လာလေ၏။

"ဒီညသိဖို့ အရေးကြီးနေပါတယ်။ ဒီသော့မရရင် အိမ်ထဲကို ဝင်ဖို့ခက်နေလို့ပါ"

"တယ်လီဖုန်း ခဏကိုင်ထားပါဦး၊ စုံစမ်းလိုက်ဦးမယ်"

မမြသွေးသည် တယ်လီဖုန်းကို ကိုင်၍စောင့်နေလေရာ အတန်ကြာသည့်တိုင်အောင် ဘာမျှမကြားရသဖြင့် မိမိအားမဖြေလို၍ တယ်လီဖုန်းချထားလိုက်ပြီလောဟု စိုးရိမ်မိသည်။ သို့သော် တစ်ဖက်မှ အချင်းချင်း ပြောဆိုသံ၊ လှုပ်ရှားသံများကို တစ်ချက်တစ်ချက်ကြားရသဖြင့် မျှော်လင့်အားတက်မိလေသည်။

"ဟဲလို၊ ကားပိုင်ရှင်နာမည်က ကိုဘလှအောင်လို့ ဆိုတယ်။ အီဒင်လမ်း၊ နံပါတ် ၁၂၀ မှာနေတယ်"

"ကျေးဇူးတင်ပါတယ်"

မမြသွေးသည် လိုရင်းကိစ္စပြီးနေသဖြင့် စကားမရှာဘဲ တိုတိုနှင့် ဖြတ်လိုက်လေသည်။

မမြသွေးသည် မိမိပြုလုပ်ရမည့် အမှုအတွက် ကြောက်လန့်စိတ်လည်းမပေါ်။ စိတ်လှုပ်ရှား နေခြင်းလည်းမရှိ။ ဒေါသလည်း ထွက်မနေဘဲ အိပ်မွေ့ချပြီး စေခိုင်းလိုက်သူကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် လျှောက်၍လုပ်



နေတော့သည်။ သို့နှင့်မမြသွေးသည် မော်တော်ကားရုံသို့ ရောက်၍လာခဲ့သ၏။

ကားရုံထဲတွင် မောင်သက်ဝင်း ကားကလေးရှိနေသည်ကို တွေ့သဖြင့် ကားပေါ်သို့တက်၍ နောက်ပြန်ဆုတ်ထွက်ပြီးလျှင် ကားပေါ်မှဆင်းတာ မော်တော်ကားရုံကို တံခါးပြန်၍ ပိတ်ရလေသည်။ ထိုနောက်ကားပေါ်သို့ ပြန်တက်ပြီးလျှင် လမ်းပေါ်သို့ရောက်သည့်တိုင်အောင်နောက်ပြန်ဆုတ်ထွက်၍ လမ်းပေါ်သို့ရောက်မှ ကားကို လှည့်လိုက်လေသည်။

မမြသွေးသည် အချိန်ကိုမကုန်လွန်စေလိုသဖြင့် အမြန်မောင်းလိုသော်လည်း မိမိကိုယ်ကို စိတ်မချသေးသဖြင့် မှန်မှန်ပင်မောင်းခဲ့ရလေသည်။ ကားကလေးမှာ အထစ်အငေါ့မရှိ ချောမောညင်သာစွာ ပြေးလျက်ရှိနေသည်ကို မြင်ရခြင်းအားဖြင့် ကားမောင်းနေသူမှာ မောင်းတတ်ဖြစ်သည်ဟု ထင်နိုင်စရာမရှိ။ ကျွမ်းကျင်ပြီးသားဖြစ်သူတစ်ဦး မောင်းနှင်နေသည်နှင့် မခြားသောကြောင့် ထိုကားမောင်းနေပုံမှာ ထူးခြားလှသည်ဟု ချေပြ၍ ကြည့်လောက်စရာမရှိချေ။

အီဒင်လမ်းမှာ အနည်းငယ်မှောင်ကျသော လမ်းတစ်လမ်းဖြစ်သည့်ပြင် ထိုအချိန်တွင် အိမ်တိုင်းတံခါးပိတ်ထားပြီ ဖြစ်သောကြောင့် သာ၍ပင် မှောင်လေသည်။ ထိုလမ်းထဲသို့ ကားမောင်းနှင်၍ ဝင်လိုက်မိသည့် ခဏ၌ မမြသွေးသည် ဘလှအောင်၏ အိမ်ရှေ့သို့ရောက်အောင် ကားမောင်းသွား၍ မတော်သည်ကို စဉ်းစားမိ၏။ ထိုကားကိုမောင်း လျက် အိမ်တိုလိုက်၍ရှာနေလျှင် လူမသင်္ကာစရာသို့ ဖြစ်နိုင်ပေလိမ့်မည်ဖြစ်၍ ကားတိုမှောင်ကျသည့်နေရာ တစ်နေရာတွင် ရပ်ထားခဲ့ပြီးနောက် ခြေလျင် လျှောက်၍ အိမ်နံပါတ်များကို လိုက်လံကြည့်ရှုလေသည်။ ခြောက်လုံးပြူးလေးကား လက်ဆွဲအိတ်ထဲတွင်ပါ၍ လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပြီး ထိုအိမ်ကလေးမှာ နှစ်ထပ်အိမ်ဖြစ်၍ အောက်ထပ် ဂိုဒေါင်ဖြစ်လေသည်။ အိမ်တစ်ဖက်တွင်ကား စက်ရုံတန်းလျားကြီးတ ဖြစ်ပြီးလျှင် တစ်ဖက်၌ကား ကွက်လပ်ဖြစ်၏။ အိမ်ကလေးမှာ အ ပင် ဟောင်းနွမ်းနေပြီကို တွေ့ရလေသည်။

မမြသွေးသည် ဝဲယာသို့ လှမ်းမျှော်ကြည့်လိုက်ရာ ခပ်ဝေးဝေ လမ်းဓာတ်မီးကလေးတစ်လုံးမှတစ်ပါး အခြားမည်သည့် အလင်းရောင် မျှမတွေ့ရသဖြင့် ရဲရဲတင်းတင်းပင် အိမ်ပေါ်ထပ်သို့တက်သော လှေ တံခါးဆီသို့ ချဉ်းကပ်လိုက်လေသည်။

ထိုနောက်တံခါးကိုလက်နှင့် ကိုင်လိုက်ရာတွင် ပိတ်၍မထ သည်ကို တွေ့ရသဖြင့် များစွာအံ့အားသင့်သွားလေ၏။ သို့တွေ့ရ မိမိလာမည်ကိုသိ၍ တံခါးမပိတ်ဘဲ ထားလေရော့သလားဟု ထင်မိသ သို့မဟုတ် တစ်ဦးတစ်ယောက် အပြင်သို့ ခေတ္တထွက်သွားသဖြင့် တံခါး ထားခဲ့လေရော့သလား ဟုလည်းတွေးမိသည်။

ထိုတံခါးကို ဆွဲ၍ဖွင့်ကာ လှေကားပေါ်သို့ တက်မည်ပြုရာ အပေါ်ထပ်၌ အလင်းရောင်ခပ်မှိန်မှိန်ရှိနေသည်ကို တွေ့ရသဖြင့် သွေးသည် စမ်းတဝါးဝါးလုပ်မနေရဘဲ ထိုအလင်းရောင်ကို အားပြု၍ ကားပေါ်သို့ တက်နိုင်ခဲ့လေသည်။

အိမ်ပေါ်သို့ရောက်သောအခါ အိမ်ရှေ့ခန်းတွင် ဘယ်သူ့မျှ သွေး မတွေ့ရ။ ခန်းဝင်ပစ္စည်းဆို၍လည်း ပြည့်ပြည့်စုံစုံမရှိ။ အိမ်ရှေ့ အလယ်တွင် စားပွဲကလေးတစ်လုံးနှင့် ကုလားထိုင်အနည်းငယ်မျှ တွေ့ရသည်။ စားပွဲပေါ်တွင်ကား ပြာခွက်ထဲ၌ ငြိမ်းသတ်ထား စီးကရက် တိုကလေးတစ်ခုမှာ မီးအကုန်လုံးမသေသေးသဖြင့် တငွေ့ လောင် လျက် မီးခိုးကလေးတလွန့်လွန့်တက်နေပြီး ထိုပြာခွက်အနီး သောက်လက်စ အရက်ခွက်ကလေးတစ်ခွက်ကို တွေ့ရလေသည်။



အခန်းနံရံတစ်နေရာတွင် ညဦးက ဘလှအောင် ဝတ်ဆင်လာသည့် အပေါ်အင်္ကျီချိတ်ထားသည်ကို တွေ့ရသည်။

မမြသွေးသည် လက်ဝွှေ့အိတ်ကလေးထဲမှ ခြောက်လုံးပြူးကို ထုတ်လိုက်ပြီးလျှင် အရေးရှိလျှင် ပစ်နိုင်ရန်အသင့်ကိုင်၍ ထားလိုက်လေ၏။ ထိုသို့ ခြောက်လုံးပြူးကို အသင့်ချိန်ရွယ်ကာ အတန်ကြာရပ်နေမိသည့်တိုင်အောင် မည်သူမျှ ပေါ်မလာသဖြင့် မီးအလင်းရောင်ရှိနေသည့် အိမ်တွင်းခန်းဆီသို့ ဆက်လက်၍ လျှောက်သွားလေသည်။ မမြသွေးသည် ခုနစောစောကနှင့် မတူတော့ဘဲ ရင်ထဲ၌တထိတ်ထိတ် ခုန်စပြုနေ၏။ ခြောက်လုံးပြူးကိုင်ထားသော လက်မှာလည်း အနည်းငယ် တုန်နေသလားဟု သူ့စိတ်ထဲ၌ ထင်မိလေသည်။ သို့သော် ခြေလှမ်းများကား တစ်ချက်မျှ မမှားဘဲ အိပ်ခန်းဆီသို့ မှန်မှန်ကြီး လျှောက်၍သွားနိုင်လေသည်။

"ကိုဘလှအောင် ရှင့်မယားလာနေပြီလေ။ လာကြည့်ပါဦး" ဟု မမြသွေး၏ ပါးစပ်မှ မချိမဆံ့ထွက်လိုက်၏။ သို့သော် အခန်းတွင်းမှ လှုပ်ရှားခြင်းကို မတွေ့ရချေ။

မမြသွေးသည် အခန်းထဲသို့ ဆက်၍ဝင်မိသည့်တိုင်အောင် မည်သူ့ကိုမျှမတွေ့ရချေ။ ထို့နောက် ဖရိုဖရဲဖြစ်နေသည့် ခုတင်ကို သေသေချာချာ ကြည့်လိုက်သည့်အခါမှ မိမိဝင်လာသည်ကို အတွေ့မခံရအောင် ခုတင်တစ်ဖက်သို့ စောင်းလိမ့်၍ချကာ ပုန်းအောင်းနေပုံရသော ဘလှအောင်၏ လက်တစ်ဖက်သည် ခုတင်စွန်းမှ ထွက်ပေါ်နေသည်ကို တွေ့ရလေ၏။ ထိုလက်မှာအိပ်ရာခင်းကို ဆုပ်ကိုင်ဆွဲထားသဖြင့် အိပ်ရာခင်းမှာ အမြှောင်းအမြှောင်းစု၍ တွန့်နေသည်ကို တွေ့ရ၏။ ဘလှအောင်မှာ တစ်ကိုယ်လုံးပျောက်အောင် မပုန်းကွယ်နိုင်ဘဲ လက်ကလေးကျန်နေခဲ့ရာ မိမိဝင်လာသဖြင့် ဆက်လက်မလှုပ်ရှားဘဲ ငြိမ်သက်နေဟန်တူသည်ဟု မမြသွေး၏ စိတ်ထဲက ထင်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘလှအောင် ရှင်ပုန်းနေလို့ လွတ်မယ်ထင်သလား"

မမြသွေးသည် ခြောက်လုံးပြူးကို မြဲစွာဆုပ်ကိုင်လျက် ခုတင်နောက်ဖက်က လှည့်၍သွားလေ၏။ သူ့တစ်ကိုယ်လုံးကား နတ်ပူးသကဲ့သို့ရှိလေသည်။

ဘလှအောင်ကား မလှုပ်ရှားချေ။ တစ်ကိုယ်လုံးမှာ ကြမ်းပေါ်တွင်ရှိ၍ လက်တစ်ဖက်သာလျှင် အိပ်ရာခင်းကို ဆွဲထားကာ မမြသွေးအား ကျောပေးလျက် ငြိမ်သက်နေလေသည်။

"ရှင် ဒီလောက်တောင် ငွေလိုချင်တာ ရှင့်ကို တစ်သက်လုံးငြိမ်းငြိမ်းနေရအောင် ကျွန်မပေးလိုက်မယ်"

ပြောပြောဆိုဆိုမမြသွေးသည် မျက်စိမှိတ်ပြီး ခြောက်လုံးပြူးမောင်းကို ဆွဲချလိုက်လေ၏။ ခြောက်လုံးပြူးထဲမှ ထွက်သွားသည့်အသံမှာ မမြသွေးအားထိတ်လန့်သွားစေ၏။ ထိုသို့မောင်းကိုဆွဲချလိုက်သည့် အချိန်မှာပင် မမြသွေးလက်ကို တစ်ဦးတစ်ယောက်က လှမ်း၍ဆွဲလိုက်သကဲ့သို့ လက်ရမ်း၍သွားသည်ကို သတိပြုမိလေသည်။

မျက်စိကို ပြန်၍ဖွင့်လိုက်သောအခါ ဘလှအောင်မှာ စောစောကအတိုင်းပင် မလှုပ်မရှား ဖြစ်နေသည့်အတွက် မမြသွေးမှာ အံ့အားသင့်သွားလေတော့သည်။ ဤတွင်မှ မမြသွေးသည် ဘလှအောင်၏အနီးသို့ကပ်၍မိမိဖက်သို့ လှည့်အောင်ပခုံးကို ဆွဲလိုက်ရာ တစ်ကိုယ်လုံးအလိုက်သင့် ပါလာပြီး မိမိဖက်သို့လန်၍ လဲကျလာသဖြင့် မမြသွေးမှာ မျက်လုံးပြူးသွားလေ၏။ ဘလှအောင်ကား သေနေလေပြီ၊ သို့သော် သူ၏အံကြိတ်ထားသောပါးစပ်မှာ စပ်ဖြဲဖြဲကြီးရှိလျက် မိမိကိုသရော်နေသည့် အမူအရာပေါ်နေသေးသည်။

မမြသွေးသည် မိမိ၏ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာတွင် ခုတင်ခေါင်းရင်းဖက်က ကြေးဝါပွတ်လုံးမှာ ပိန်ချိုင့်နေလျက် ထိုခေါင်း



ရင်းဖက်နံရံတွင် အပေါက်တစ်ခုဖြစ်သွားသည်ကို တွေ့ရလေ၏။

မမြသွေးမှာ မစဉ်းစားတတ်အောင် ဖြစ်၍သွားလေသည်။ မိမိဝစ်လိုက်၍ ဘလှအောင်သေသွားခြင်းလော သို့မဟုတ်မိမိ၏ ခြောက်လုံးပြူးကျည်ဆံမှာ လူကိုချော်လွဲပြီး ခုတင်ခေါင်းရင်းကိုထောက်၍ နံရံကိုထိမှန်လေသလောဟု မဝေခွဲနိုင်။

"မြ သတ်ရတာမဟုတ်ဖူး။ မြမသတ်ဖူး" ဟူ၍ကား စိတ်ထဲက ပြောနေမိသည်။ "မြလာမိတာ မှားပြီ။ မြလာဖို့တောင် မလိုတော့ဘူး"

မမြသွေးသည် ဘလှအောင်အနီး၌ နေရသည်ကို ကြောက်သကဲ့သို့ နောက်ဆုတ်နောက်ဆုတ်နှင့် တဖြည်းဖြည်းရွေ့ခွာခဲ့လေ၏။ သို့သော် စပ်ဖြဲဖြဲကြီးဖြစ်နေသော ဘလှအောင်၏မျက်နှာကို မိမိ၏မျက်လုံးများက လွှဲဖယ်၍မရ၊ ထိုပါးစပ်ကြီးမှ "ဘယ်သွားမယ်ကြံတာလဲ" "လာခဲ့"ဟု ခေါ်နေသကဲ့သို့ မမြသွေး စိတ်ထဲ၌ထင်ရလေသည်။

ထိုသို့ နောက်ဆုတ်နောက်ဆုတ်နှင့်လာရင်း လူတစ်ယောက်နှင့် ဝင်၍တိုးမိသည်ကို သိရသဖြင့် လန့်ပြီးအော်လိုက်မည်အပြု မိမိ၏ပါးစပ်ကို လက်တစ်ဖက်ဖြင့်ပိတ်ပြီး အခြားလက်တစ်ဖက်က ခြောက်လုံးပြူးကိုင်သည့်လက်ကို ဖမ်းချုပ်ခံရလေ၏။

"မြ"

အသံကိုကြားရခြင်းအားဖြင့် မောင်သက်ဝင်းဖြစ်သည်ကို သိရ၍ မမြသွေးသည် အော်ဟစ်ရုန်းကန်ရန် အားမထုတ်တော့ဘဲ ငြိမ်သက်၍ နေလိုက်လေ၏။ ထိုအခါမှ မောင်သက်ဝင်းသည် မမြသွေး၏ပါးစပ်တွင် ပိတ်ထားသည့်လက်ကို လွှတ်လိုက်ပြီးလျှင် မမြသွေးလက်ထဲက ခြောက်လုံးပြူးကိုယူလိုက်၏။

မမြသွေးသည် ခြောက်လုံးပြူးကို အသာတကြည်နှင့်ပင် ပေးလိုက်၏။ သို့သော် မောင်သက်ဝင်းအား လှည့်၍မကြည့်ဘဲ ကျောပေးမြဲ

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသဖြင့် မောင်သက်ဝင်းက မမြသွေး၏ ပခုံးကိုဆွဲ၍ လှည့်လိုက်ရသည်။ သို့အားဖြင့် မျက်နှာချင်းဆိုင်မိရာတွင် မမြသွေးသည် မောင်သက်ဝင်းကိုကြည့်လိုက်ရာ သူ၏ရင်ပတ်သည် မောက်လိုက် ကျလိုက်ဖြင့် လျှင်မြန်စွာ အသက်ရှူနေလျက် စိုးရိမ်ကြီးမားလှသော မျက်နှာဖြင့် သူ့လက်ထဲရှိသေနတ်အား စိုက်ကြည့်နေသည်ကို တွေ့ရလေ၏။

"ဒါ မြယူလာသလား၊ မြဒီကို ဘာလုပ်ဖို့လာတာလည်း။ ဒီအချိန်ကြီးမှာ ဘာအတွက်ကြောင့် လာရတာလဲ။ ကိုဝင်းမေးတာကို ပြောစမ်းပါ"

မမြသွေးပြောမည့် စကားများသည် လည်ချောင်းထဲတွင် ရှေ့တိုးနောက်ငင်ဖြစ်နေပြီးမှ အတန်ကြာမှ ပွင့်ထွက်လာလေတော့သည်။

"သူ့ကိုသတ် သတ်ဖို့လာတာ"ဟု ပြောလိုက်ပြီးသည်နှင့် တပြိုင်နက် မမြသွေးသည် မောင်သက်ဝင်း၏ ရင်ခွင်ထဲသို့ကိုယ်ကို ထိုး၍အပ်ကာ အင်္ကျီရင်ဖုံးကို ဆွဲကိုင်လျက် အသနားခံသည့် အမူအရာမျိုးဖြင့် မောင်သက်ဝင်း၏မျက်နှာကို မော့်၍ကြည့်လေ၏။

"ဒါဖြင့် သူ့ကို မြ ပစ်သတ်လိုက်တာပေါ့"

"မဟုတ်ဖူး၊ မဟုတ်ဖူး၊ မြမသတ်ရပါဘူး၊ သူများက အရင်လက်ချက်ဦးသွားတာ"

"ဒါပေမယ့် ဒီသေနတ်က ယမ်းနံ့ထွက်နေတယ်၊ အခုပဲ ပစ်လိုက်တဲ့ သေနတ်ပဲ"

"မြတော့ ပစ်လိုက်တာပဲ၊ ဒါပေမယ့် သူ့ကိုမမှန်ဘူး"

"အင်း"ဟု မောင်သက်ဝင်းက ဆွဲဆွဲငင်ငင်သက်ပြင်းကိုချကာ သေနတ်ကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေသည်။

"မြ ဒီအိမ်ပေါ်က မြန်မြန်ဆင်းသွား၊ မြကို ဒီနေရာမှာ ဘယ်သူမှ မတွေ့မှဖြစ်မယ်။ လမ်းပေါ် အမြန်ဆုံးရောက်အောင် ပြေးတော့"



မမြသွေးသည် မောင်သက်ဝင်း၏ ရင်ခွင်ထဲမှခွာ၍ ဘာမျှလည်း မပြော သွားလည်းမသွားဘဲ တွေ၍ရပ်နေ၏။

"သွားလေ၊ သွားလေ၊ ဘာလုပ် ရပ်နေတာလဲ၊ မြကို တစ်ယောက်ယောက်က တွေ့သွားရင် ဘာဖြစ်သွားလိမ့်မယ်ဆိုတာ မသိဖူးလား"

"မြ မသွားဘူး၊ မြကို ကိုကိုဝင်းတွေ့သွားမှတော့ဖြင့် မထူးတော့ဘူး၊ မြဟာ ကိုကိုဝင်းမသိရအောင်၊ မပါရအောင်ရှောင်ခဲ့တာပဲ။ ဒါပေမယ့် အခုလာတွေ့နေရပြီ။ ကိုကိုဝင်းသိမှာ မြစိုးရိမ်မိခဲ့တယ်။ ကိုကိုဝင်း မုန်းမှာ ပူခဲ့တယ်၊ အခု မြအဖို့ အရေးကြီးဆုံးဖြစ်တဲ့သူက တွေ့နေပြီဖြစ်တဲ့နောက် မြရှောင်နေဖို့ မလိုတော့ဘူး၊ ဘယ်သူပဲလာလာ လာကြပစေတော့"

"မြဘာတွေ လျှောက်ပြောနေတာလဲ မြဟာ ကိုယ့်ကိုကိုယ် ဘာဖြစ်ဖြစ် ဂရုမထားပေမယ့် မေမေ့ကို စဉ်းစားဖို့ရှိတယ်၊ ဒီကိစ္စအတွက် မေမေ ဘာဖြစ်သွားမလဲဆိုတာ မသိဘူးလား၊ မြဒီကိုလာတာ ဘလှအောင်ကို သတ်ရအောင်လာတာ မဟုတ်ဖူး၊ မေမေကိုသတ်ရအောင်လာတာနဲ့ အတူတူပဲ၊ မေမေ့ကို မချစ်ဘူးလား၊ မသနားဘူးလား"

"မေမေ့ကို မြချစ်လို့"ဟုဆိုရာမှ မမြသွေးမှာ စကားကိုမဆက်နိုင်ဖြစ်နေ၏။

"ကဲ ဒါဖြင့်သွား၊ အခု ဘယ်သူမှရောက်မလာတုန်း မြန်မြန်သွား၊ အနီးအနားက သေနတ်သံမကြားဘဲနေမှာတော့ မဟုတ်ဘူး၊ ဘာကြောင့် ပြေးမလာကြတာလည်း မသိဘူး"

"ကိုကိုဝင်း မြကို မကာကွယ်ချင်ပါနဲ့တော့ ကိုကိုဝင်းရယ်၊ မြဟာ ကိုကိုဝင်းရဲ့ အကာအကွယ်ကို မခံထိုက်တော့ပါဘူး"

"မြ ကိုဝင်းစကားကို နားမထောင်ရင် အတင်းပွေ့ပြီး ဆွဲခေါ်သွားရလိမ့်မယ်၊ ဒီစကားတွေကို နောက်မှပြောပါ၊ ဒီမှာ ကြာကြာမနေပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို မောင်သက်ဝင်းသည် လက်တစ်ဖက်ဖြင့် မမြသွေး၏ပါးစပ်ကို ရစ်ပတ်၍ပိတ်ကာ ကိုယ်ကလေးကို သိမ်းကျုံးပွေ့ချီပြီးလျှင် အိမ်ပေါ်မှသယ်၍သွားလေ၏။ လှေကားရင်းသို့ရောက်မှ မမြသွေးကို လက်ထဲမှချလိုက်ရာ ထိုအခါ၌မူ မမြသွေးသည် ဘာမျှ ငြင်းဆန်တွန်းလှန်ခြင်း မပြုတော့ဘဲ ရပ်နေလိုက်လေသည်။

"နေဦး အပြင်ကိုကြည့်လိုက်ဦးမယ်"

မောင်သက်ဝင်းသည် တံခါးကိုတွန်း၍ ခေါင်းပြူကာ လမ်းပေါ်သို့ကြည့်လိုက်ပြီး လူရိပ်၊ သူရိပ်ကို မတွေ့ရမှ "ကဲ လာမြ။ မော်တော်ကားကို လမ်းထိပ်မှာ ထားခဲ့တယ်မဟုတ်လား။ အဲဒီကို သွားမယ်"

မမြသွေးမှာ မည်သည့်နည်းနှင့် ဤအကြောင်းကို မောင်သက်ဝင်းသိနေပါသနည်းဟု စဉ်းစားမနေအားပေ။ "လာ ကိုဝင်းနဲ့ တပ်ပြီးလိုက်ခဲ့"ဟု ပြောသည့်အတိုင်း လိုက်နာကာ မောင်သက်ဝင်း၏ လက်ရုံးတစ်ဖက်ကို ဆွဲကိုင်အားပြုလျက် အိမ်ရိပ်ကိုကပ်၍ လျှောက်ခဲ့ရလေ၏။

မမြသွေး၏စိတ်ထဲတွင် မော်တော်ကားဆီသို့ ရောက်အောင်အတော်လျှောက်နေရသည်ဟု ထင်မိလေသည်။ သို့လျှောက်၍လာရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။ မည်သူမျှလည်း သူတို့ကိုမမြင်။ ကြောင်တစ်ကောင်သာလျှင် သူတို့၏ရှေ့မှနေ၍ လမ်းကိုဖြတ်ကာ ပြေးလေသည်။ မမြသွေးသည် ရှုတ်တရက်လန့်ပြီး မောင်သက်ဝင်း၏လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

ထိုနောက် လမ်းထိပ်သို့ရောက်၍ တစ်ဖက်သို့ကွေ့ချိုးလိုက်သည်နှင့် မော်တော်ကားကို တွေ့ကြရလေ၏။ မောင်သက်ဝင်းသည် တံခါးကိုဖွင့်ပေး၍ မမြသွေးကိုတက်စေပြီးနောက် တံခါးပြန်ပိတ်ကာ ကားဘေးတွင် ရပ်နေလေ၏။

"ရော့ ဒီမှာသော့။ အိမ်ကို အမြန်ဆုံးရောက်အောင် ပြန်ပေး



တော့"

"ဟင့်အင်း. . . မြတစ်ယောက်ထဲတော့ မပြန်ဘူး။ ကိုကိုဝင်းပါလိုက်မှပြန်မယ်။ ကိုကိုဝင်း ဘယ်သွားမလို့လဲ။ ဘာလုပ်မလို့လဲ"

"ဘာလုပ်ဖို့ ရှိသေးတယ်ဆိုတာ မြမသိသေးဘူးလား။ ဒီအမှုထဲမှာ မြပါမနေရအောင် လုပ်ရမယ်။ ဟိုအိမ်ပေါ်ပြန်သွားပြီး မြနဲ့ပတ်သက်တဲ့ ခြေရာလက်ရာအားလုံး ဖျောက်ဖျက်ရမှာ"ဟု မောင်သက်ဝင်းက ပြောပြီးလျှင် "အဲဒါကြောင့် ကိုဝင်းကိုလည်း ပြောပြစမ်းပါဦး။ ဒီလူဟာ မြကိုဘာလုပ်နေတာလဲ။ ဘာလုပ်တယ်ဆိုတာပဲ သိချင်တယ်။ ဘာ့ကြောင့်ဆိုတာတော့ သိရအောင် မေးနေဖို့အချိန်မဟုတ်လို့ မမေးဘူး"ဟု ဆိုလိုက်၏။

"သူ ကျွန်မဆီက ငွေတောင်းတယ်"

"ပေးလိုက်ရသလား၊ ဘယ်နှစ်ခါလဲ"

"တစ်ခါထဲ ပေးလိုက်ရပါသေးတယ်"

"ငွေသားလား၊ ချက်လား"

"ချက်ထုတ်ပေးလိုက်ရတယ်။ ဒါပေမယ့် သူထုတ်မသုံးဘဲ သိမ်းထားတယ်"

ဤသို့ ပြောလိုက်သည့် စကားသည် မောင်သက်ဝင်းအား စိုးရိမ်ထိတ်လန့်သွားစေသည်ကို သူ၏အမူအရာအားဖြင့် မမြသွေး အကဲခတ်လိုက်မိ၏။

"နောက်ပြီး ဘာပေးလိုက်ရသေးလဲ"

"ဒါဘဲ ဘာမှတော့ မပေးရသေးပါဘူး။ သူ့ဆီကိုလည်း တစ်ခါမှ စာမရေးပါဘူး"

"ဒါပဲလား။ သေချာရဲ့လား။ စဉ်းစားပါဦး"

"အော်. . . အခုမှသတိရတယ်။ ဂျူဝလီဟောမှာ တွေ့ကြည့်တုန်း

www.burmeseclassic.com

www.burmeseclassic.com



က အိမ်ကတယ်လီဖုန်းနံပါတ်ကို သူ့မှတ်စုစာအုပ်ထဲမှာ ရေးထားတယ် ဆိုတာ သိရတယ်၊ နောက်ပြီးတော့"

"နောက်ပြီးတော့ ဘာလဲပြောလေ ကြောက်မနေပါနဲ့"

"ဒီကနေ့ပဲ ကုတ်ကိုင်းက တရားသူကြီးတစ်ယောက်အိမ်မှာ သူနဲ့ မြလက်မှတ်ထိုးပြီး လက်ထပ်တဲ့စာချုပ် ရှိနေသေးတယ်"

မောင်သက်ဝင်းလည်း မိမိလုပ်ရန် ကြံရွယ်ထားသည့်အရာကို လုပ်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ခြင်းကို သူ၏မျက်နှာက ပြနေသည်၊

"ကဲ. . . မြပြန်တော့၊ အိမ်ကို ရောက်အောင်ပြန်"

မောင်သက်ဝင်း၏စကားထဲ၌ အမိန့်သံပါရှိနေသည်။ သို့သော် မမြသွေးသည် ခေါင်းငုံ့၍ လိုက်နာခြင်းမပြုဘဲ စိုးရိမ်သည့်အမူအရာဖြင့် မောင်သက်ဝင်းကို ဆွဲထားကာ "ကို ကိုကိုဝင်း ဘာလုပ်မလို့လဲ" ဟုမေး၏။

"ဟိုအိမ်ကို သွားမယ်၊ မသွားလို့ မဖြစ်ဘူး"

"မသွားနဲ့ကိုကိုဝင်း မသွားနဲ့၊ ကိုကိုဝင်းကို တွေ့သွားရင် ကိုကိုဝင်း အမှုပတ်နေလိမ့်မယ်"

"အဲ့ခက်တာပဲ၊ ဒီအမှုမှာ မြပါမနေရအောင် လုပ်ဖို့လိုတယ်၊ သူ့ကို မြမသိဘူး၊ မမြင်ဘူးဆိုတာ ဖြစ်ရမယ်၊ သူ့လက်ထဲက ချက်ရယ်၊ မှတ်စုစာအုပ်ရယ်၊ လက်ထပ်စာချုပ်ရယ် ပြန်ယူပြီး ဖျက်ဆီးပစ်ရလိမ့်မယ်၊ သူ့ကို ဒီနေရာမှာ မတွေ့ရအောင် ဖျောက်ဖျက်ပစ်နိုင်ရင် သာပြီး ကောင်း သေးတယ်။ ဒါမှ သူဟာ ဘယ်သူမှန်းဘယ်ဝါမှန်းမသိရရင် သူနဲ့ပတ်သက် တာတွေကို မီးခိုးလျှောက်ပြီးလိုက်နေမှာ မဟုတ်တော့ဘူး"

"ကိုကိုဝင်းရဲ့စကားကို မြနားထောင်ပါ့မယ်။ ဒါပေမယ့် ဒီစာရွက်တွေ ကိုကိုဝင်းသွားယူလို့ ရလာပြီးတဲ့နောက် ဒီနေရာက မြန်မြန်ရှောင်ပြေးနိုင်ဖို့ လိုတယ်မဟုတ်လား၊ ဒီလိုဆိုတော့ ကားရှိမှဖြစ်မယ်၊ ဒါကြောင့်



မြစောင့်နေမယ်၊ ကိုကိုဝင်းနဲ့မှပဲ အတူတူသွားမယ်"

မောင်သက်ဝင်းသည် ခေတ္တစဉ်းစားနေလိုက်၏။

"ဒါဖြင့်ရင် မြဒီမှာပဲနေ ဒီကစောင့်ကြည့်နေ လှုပ်လှုပ်ရှားရှား ဖြစ်တာ တွေ့ရရင် ကိုဝင်းကို စောင့်မနေနဲ့၊ တစ်ခါထဲသာ ကားမောင်း ပြေးပေတော့၊ ဒါမှမဟုတ်လို့ ဘာမှမဖြစ်ဘူးဆိုရင် ဟိုအိမ်ရှေ့ကိုကြည့် ဓာတ်မီးခြစ်ဖျတ်ကနဲ ခြစ်လိုက်တာမြင်ရရင် ကားကိုမီးမဖွင့်ဘဲမောင်းလာ။ ကိုဝင်း အချက်ပေးလိုက်မယ်။ နားလည်ပြီလား"

မမြသွေးသည် ခေါင်းညိတ်လိုက်၏၊ စိတ်ထဲကမူ တစ်စုံတစ်ရာ ဖြစ်လျှင် ကားမောင်းပြေးရန်ပြောခြင်းကို မလိုက်နာလိုပေ။ မောင်သက် ဝင်းကို ထားပစ်ခဲ့ပြီး ဘယ်နည်းနှင့်မျှ ထွက်ပြေးမည်မဟုတ်ဟုသာ မြန်၍ ပြောလိုက်ချင်လှလေသည်။

"မှာထားတာ စိတ်ချပါရစေနော်" ဟုဆိုကာ မောင်သက်ဝင်း သည် မမြသွေး၏အပြောကို စောင့်မနေတော့ဘဲ အိမ်ဆီသို့ထွက်သွားလေ ၏။ မမြသွေးသည် မောင်သက်ဝင်းကို ကြည့်နေရာမှ ဝါးနှစ်ပြန်လောက် အကွာမှာပင် မောင်သက်ဝင်း၏သဏ္ဍာန်မှာ မှောင်ရိပ်ထဲတွင် ပျောက် ကွယ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## [၁၈]

စောင့်မျှော်ခြင်းသည် တစ်မိနစ်ကို တစ်နာရီဟု ထင်ရစေသည့်အတိုင်း မမြသွေးမှာလည်း မောင်သက်ဝင်း၏ အချက်ပြခြင်းကို မြင်ရခဲမြင်ရခဲနှင့် ဖြစ်နေရသည်။ ယခုနေ မောင်သက်ဝင်းကို တွေ့သွားကြရင်တော့ဟု ဆက်၍မတွေးရဲအောင်ပူမိသည်။

ထိုနောက် ဖျတ်ခနဲတစ်ချက်မျှ လက်သွားသော ဓာတ်မီးခြစ်မှ အလင်းရောင်ကို မြင်လိုက်ရသည်။ မျက်စိတမှိတ်အတွင်း လင်း၍ပျောက်ကွယ်သွားသော အရောင်ဖြစ်စေကာမူ မမြသွေးသည် ကောင်းစွာမြင်ရသဖြင့် မော်တော်ကားကို စက်နှိုး၍ လမ်းထဲသို့ မောင်းဝင်လာခဲ့လေသည်။

မော်တော်ကားမှာ တအိအိလိမ့်နေသဖြင့် ဘီးသံကို မကြားရပေ။ ညင်သာစွာလှုပ်ရှားနေသော စက်သံလောတ်သာ တိုးတိုးမျှကြားနိုင်ပေသည်။ မော်တော်ကားသည် အိမ်ရှေ့သို့ ရောက်သည်နှင့်တပြိုင်နက် မှောင်ရိပ်ထဲမှ မောင်သက်ဝင်း ထွက်ပေါ်လာပြီးလျှင် ကားတံခါးကိုဆွဲဖွင့်၍ ဖြေးဖြေးမောင်းလျက်ရှိသော ကားထဲသို့ဝင်လိုက်လေသည်။ မောင်သက်ဝင်းသည် ကားတံခါးကို ပြန်၍ပိတ်လိုက်လျှင် အသံထွက်သွားမည်ကိုသိ၍ တံခါးကိုလက်နှင့်ကိုင်၍ဆွဲကာ ကားလမ်းထဲက ချိုးထွက်မိ



ကြသည့်အခါမှ တံခါးကိုပိတ်လိုက်လေ၏။

"စိတ်ချတော့ အားလုံးပါလာပြီ"

မမြသွေးဟာ ဘာမျှပြန်၍မပြောဘဲ ငြိမ်သက်တိတ်ဆိတ်စွာ ကားကို မောင်းနေလေသည်။ မမြသွေး၏ စိတ်ထဲ၌ကား မိမိ၏အဖြစ်အပျက်အကြောင်းအရာအားလုံးကို မောင်သက်ဝင်းအား ဖွင့်ဟ၍ပြောမှဖြစ်တော့မည်။ မပြော၍မပြီး သူမမေးမီက ပြောမှကောင်းမည်ဟု တွေး၍လာခဲ့သည်။

မောင်သက်ဝင်းသည် မမြသွေး၏ တိတ်ဆိတ်ပုံကို သတိပြုမိ ကာ တစ်စုံတရာပြောရန် အကြံရှိနေသလော၊ မိမိ၏ အမေးကိုစောင့်နေသလောဟု အကဲခတ်ရင်း တိတ်ဆိတ်စွာပင် နေလိုက်လေသည်။

"ကိုကိုဝင်း"

မမြသွေးသည် မောင်သက်ဝင်း၏ နာမည်ကိုခေါ်ရင်း ကားကို ရပ်လိုက်သည်။

"မြ ဘာဖြစ်သလဲ"

မမြသွေး၏ မျက်နှာမှာ အသနားခံသကဲ့သို့ မောင်သက်ဝင်း၏ မျက်နှာကို မော်၍ကြည့်နေလေသည်။

"ကျွန်မကို မြလို့မခေါ်ပါနဲ့တော့ ကိုကိုဝင်းရယ်" မမြသွေးက ဝမ်းနည်းသံဖြင့်ပြောရာက "ကျွန်မ ကိုကိုဝင်းကို ပြောစရာရှိနေတယ်၊ ဘယ်လိုစပြီး ပြောရမလဲဆိုတာ စဉ်းစားလို့လည်းမရဘူး"ဟု မြွေးအား လေးလေးကြီး အသက်ရှုရှိုက်၍ ထုတ်လိုက်ရသည်။

"မြ ခဲခဲယဉ်းယဉ်းပြောဖို့ ကြိုးစားနေတဲ့စကားကို ကိုဝင်းရိပ်မိတယ်၊ ကိုဝင်း သိပါတယ်။ မြဟာ မမြသွေး မဟုတ်ဖူး။ ကိုကိုထူးရဲ့နှမ မဟုတ်ဘူးဆိုတာ ပြောချင်တယ် မဟုတ်လား"

လမ်းတွင် လူသွားလူလာကင်း၍ နေသော်လည်း မိုးအေးသည်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချသည့်ဆိုင်များကား မီးလင်းလျက်ရှိကြ၍ တစ်ခါတစ်ရံရင်ဆိုင် မောင်းလာသော မော်တော်ကားတစ်စင်းတလေကို တွေ့ရလေသည်။ ထို နောက်တွင်ကား ကမ္ဘာကြီးသည် အသက်ကင်းမဲ့နေသကဲ့သို့ မိမိတို့ တစ်ပါး ဘာမျှလှုပ်ရှားခြင်းကို မတွေ့ရပေ။ အလင်းရောင်ဟူ၍ တောင် ကင်မှကြယ်ကလေးများနှင့်၊ တစ်ခုနှင့်တစ်ခု အလွန်ကွာလှမ်းလှသော လမ်းမီးတိုင်မှ မီးရောင်သာတွေ့ရလေသည်။

မမြသွေးမှာ ကြက်သေသေသွားကာ မောင်သက်ဝင်း၏ မျက် လုံးများကို စိုက်ပြီးကြည့်မိသည်။ သို့ကြည့်ရာတွင် မောင်သက်ဝင်းသည် မိမိအားကြည့်မနေဘဲ ကားရှေ့တည့်တည့် မှန်တံခါးကို ဖောက်ထွင်းကာ အမှောင်ထဲသို့စိုက်ကြည့်ရင်း ပြောနေသည်ကို တွေ့ရသည်။

"မြ ပြောဖို့မလိုပါဘူး။ ကိုဝင်း သိပြီးသားပါ။ မြရောက်လာပြီး လေးငါးပတ်အကြာကတည်းက ကိုဝင်းသိတယ်"

မမြသွေးသည် ကြက်သီးထသကဲ့သို့ တစ်ကိုယ်လုံးတုန်လှုပ်သွား ရာ ဝမ်းနည်းလှိုက်ဖိုကာ ရှိုက်သံကလေးများ ထွက်၍လာတော့၏။

"ကိုကိုဝင်း ကျွန်မကို မြလို့ခေါ်တိုင်း၊ ခေါ်တိုင်းဟာ ကျွန်မ မိန်းမ လိမ်၊ မိန်းမညာလို့ ခေါ်နေသလိုသာ ကျွန်မနားထဲမှာ ကြားနေရတာပဲ ကျွန်မ ကိုကိုဝင်းနဲ့အတူ အိမ်ကိုပြန်လို့ မဖြစ်နိုင်တော့ဘူး။ တကယ့် မြ သွေးဟာ မီးရထားပေါ်မှာ ကိုထူးနဲ့အတူသေသွားပြီ။ ကျွန်မဟာ မမြသွေး မဟုတ်ဘူး။ လူယုတ်မာတစ်ယောက်ရဲ့ လှည့်ဖျားတာခံခဲ့ရတဲ့ အဖိုးမတန် တဲ့ မိန်းကလေးတစ်ယောက်ပါ။ အဲဒီလူဟာ ဘယ်သူလည်းဆိုတော့"

မောင်သက်ဝင်းသည် မမြသွေး၏ပါးစပ်ကို လက်နှင့်ပိတ်လိုက် သည်။ သို့သော် ဘလှအောင်၏အိပ်ခန်းထဲတွင် တွေ့ရစဉ်ကကဲ့သို့ အတင်းပိတ်ခြင်းမျိုး မဟုတ်ဘဲ ညင်ညင်သာသာ ပိတ်ပင်လိုက်ခြင်းသာ ဖြစ်ပေသည်။



"ဒါတွေ ကိုဝင်းမသိချင်ဘူး မကြားချင်ဘူး။ ကိုဝင်း စိတ်ထဲမှာ ရှိတာကို မြနားမလည်နိုင်သေးဘူးလား"

မောင်သက်ဝင်းသည် မိမိစိတ်ထဲက ဖြစ်နေသမျှတို့ကို မမြသွေး ယုံကြည်အောင် မည်သို့လုပ်၍ ပြရပါမည်နည်းဟု ပြစရာရှားသကဲ့သို့ ဟိုကြည့် သည်ကြည့် လုပ်နေလိုက်သည်။ ထိုနောက်မှ မမြသွေးကို အားမ လိုအားမရ ကြည့်နေမိသည်။

"မြဆိုတဲ့ တခြားမိန်းကလေးတစ်ယောက် ရှိနေလို့တော့ ဘာထူး တာလိုက်လို့၊ တခြားမြဆိုတာ ကိုဝင်း ဘယ်တုန်းကမှလည်း မသိဘူး။ ဖြူသလား မဲသလား မြင်ဖူးတာလည်း မဟုတ်ဘူး။ မြနှစ်ယောက်ရှိ နေလည်း ဘာဖြစ်သလဲ။ လောကမှာ ခင်ဆိုတာလည်း အသင်္ချေနဲ့ အနန္တ တင်ဆိုတာတွေလည်း အသင်္ချေနဲ့ အနန္တရှိကြတာပဲ။ ဒါပေမယ့် ခင်ကိုချစ်တဲ့ လူတိုင်းဟာ သူ့ခင်ကိုသာ သူချစ်တာပဲ။ သူ့ခင်သာ ခင်မှတ် တယ်။ ကမ္ဘာလောကကြီးမှာ သူ့ခင်ကလွဲရင် ဘယ်သူမှမရှိဘူး။ ကိုဝင်းမှာ လည်း ဒီအတိုင်းပဲ။ မြဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ကိုဝင်းရဲ့ဘဝကို အဖော်ပြုရအောင် တစ်နေ့သောအခါမှာ ပေါ်ပေါက်ခဲ့တယ်။ အဲဒီမြဟာ ကမ္ဘာတစ်ခုလုံးမှာ ကိုဝင်းရဲ့ တစ်ခုတည်းသောမြဖြစ်တယ်။ ကိုဝင်းဟာ နာမည်ကိုချစ်တာ မဟုတ်ဘူး။ လူကိုချစ်တာ"

မောင်သက်ဝင်း၏စကားကို မမြသွေးသည် တစိမ့်စိမ့်နားထဲသို့ သွတ်သွင်းနေရာက "ဒါပေမယ့် ဒီမိန်းကလေးဟာ သူများရင်ခွင်ထဲမှာ အရင်နေခဲ့ပြီးမှ ကလေးတစ်ယောက်ပိုက်ပြီး ကိုဝင်းဆီရောက်လာတာဆို တော့"

"အို. . . မြမသိပါဘူး။ မြဘယ်တော့မှလည်း သိမှာမဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ မြဟာ မြကိုချစ်နေတဲ့ ယောက်ျားဟုတ်ရ တော့ မသိဘူး၊ ချစ်နေတဲ့ ကိုဝင်းသာသိတာ၊ ကိုဝင်းသိတဲ့မြဟာ ကိုဝင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခင်က မရှိခဲ့သေးဘူး။ ကိုဝင်းနဲ့တွေ့မှ ကိုဝင်းချစ်တဲ့ မြဟာ ကမ္ဘာလောကကြီးထဲမှာ ပေါ်ပေါက်လာတာ။ ကိုဝင်းစပြီးချစ်တဲ့ အချိန်ကမှ အဲဒီမြဟာ စပြီးဖြစ်ပေါ်လာတာ။ ဒီအရင်မရှိခဲ့ဘူး။ ကိုဝင်းရဲ့ အချစ်ဟာ သူနဲ့စခဲ့ပြီး ကိုဝင်းရဲ့အချစ်ဆုံးတဲ့တစ်နေ့မှာ ကိုဝင်းရဲ့ မြဟာလည်း ကွယ်ပျောက်သွားမှာပဲ။ ဘယ်အချစ်မဆို ဒီအတိုင်းပဲ။ ကိုဝင်းရဲ့ အချစ်ဟာ ဟောဒီ မြပဲ။ ကိုဝင်းအတွက် ကိုဝင်းဖန်ဆင်းထားတဲ့ မြဟာလည်း ဟောဒီမြပဲ။ ဟောဒီမြကို ဟောဒီတားပေါ်မှာ ဟောဒီကိုဝင်းက ဟောဒီလို ပွေ့ပြီး ဟောဒီလို ဟောဒီလို ဟောဒီလို"

မမြသွေးသည် မောင်သက်ဝင်း၏ လက်တွင်းဝယ် အလိုက်သင့်ပါကာ မောင်သက်ဝင်း၏အယုအယကို ပြုံးသမျှငြိမ်နေရလေသည်။

"ကိုဝင်းချစ်သူလေးရဲ့ နာမည်ဟာ ကိုဝင်းအဖို့တော့ မြလို့ခေါ်တယ် ကိုဝင်းရဲ့ချစ်ခြင်းဟာ တခြားနာမည်ကို မသိဘူး။ မြရဲ့အတိတ်ဟာ ကိုဝင်းအဖို့ ဟာလာဟင်းလင်းကြီးဖြစ်ပြီး ကိုဝင်းနဲ့တွေ့ရတဲ့ အချိန်ကမှသာ ဥပပတ်ပဋိသန္ဓေတည်သလို ပေါ်လာတာပဲ"

မောင်သက်ဝင်း၏ လက်များသည် မမြသွေးအား တအားကြုံးပွေ့လိုက်ပြန်လေသည်။ မမြသွေးမှာ မိမိအနီးသို့ မောင်သက်ဝင်း၏ မျက်နှာကပ်၍လာတိုင်းလာတိုင်း တစ်ကိုယ်လုံးသိမ့်ခနဲသိမ့်ခနဲ ဖြစ်သွားမိသည်။

ထိုအချိန်တွင် နှစ်ဦးစလုံး ကမ္ဘာလောကကြီးကိုမေ့၍ နေကြသည်။ ခန္ဓာကိုယ်နှစ်ခုရှိလျက်နှင့်ပင် တစ်ကိုယ်ထည်း တစ်လုံးထည်း တစ်စိတ်ထည်း ဖြစ်နေကြတော့သည်။

"အချစ်ဟာ ကိုဝင်းရဲ့မြပဲ ဒီနာမည်ကို ကိုဝင်းပေးတာ ဒီနာမည်တစ်ခုပဲ ကိုဝင်းခေါ်မယ်"

"ကိုကိုဝင်း ကိုကိုဝင်းဟာ မြရဲ့အကြောင်းတွေကိုလည်း သိရက်



သားနဲ့ အခုထိချစ်နေသေးတာ"

"ချစ်တယ် မုန်းတယ်ဆိုတာ လွယ်လွယ်လေးနဲ့ ပေါ်လာတာ မဟုတ်ဘူး။ လွယ်လွယ်လေးနဲ့ ပျောက်သွားနိုင်တာ မဟုတ်ဖူး၊ လူ့ဘဝဟာ ဒီအတိုင်းပဲ။ တဖြေးဖြေးတစ်စတစ်စ ဖြစ်ရတာမျိုးချည်းပါဘဲ။ မြရောက်လာပြီး မကြာခင်ဘဲ ကိုဝင်းစိတ်ထဲမှာ မသတ်ာဖြစ်မိတယ်။ အဲဒီလို မသက်ာတာဘယ်တော့မှ သေချာသလဲတော့ မပြောတတ်ဖူး။ ဖောင်တိန်ဝယ်တုန်းကစပြီး ရိပ်မိတယ်လို့ ထင်တာဘဲ"

"အဲဒီနေ့မှာပဲ ကိုကိုဝင်းဟာ မြကိုမုန်းမိမှာပဲနော်"

"အဲဒီတုန်းက မြကိုမမုန်းမိဘဲ ကိုဝင်းကိုသာ ကိုဝင်းမုန်းမိတယ်။ မြကိုတစ်ပတ်ရိုက်ပြီး ခေါ်မိတာပဲ မုန်းမိတယ်။ မုန်းရုံသာမကဘဲ စိတ်ထဲမှာ စိုးရိမ်မိလိုက်သေးတယ်။ မြထွက်ပြေးမှာကိုပဲ ကိုဝင်းလန့်နေခဲ့ရတယ်။ ကိုဝင်းသိနေပြီ ဆိုတာကိုလည်း မြကို သိပ်ပြောချင်တာပဲ။ ဒီလိုပြောလိုက်လို့ မြကိုအားပေးရာမရောက်ပဲ မြကြောက်လန့်ပြီး ထွက်ပြေးမှာစိုးလို့ မပြောခဲ့ရဘူး။ ဒီအကြောင်းကို လျှို့ဝှက်ထားဖို့ဟာ မြထက် ကိုဝင်းမှာပိုပြီး အရေးကြီးနေမိတယ်"

မမြသွေးသည် ငြိမ်သက်စွာ နားထောင်နေရသည်။ မမြသွေး၏ ငြိမ်သက်မှုကြောင့် မောင်သက်ဝင်းက ဆက်၍ပြောရပြန်လေသည်။

"ဒီအကြောင်း ဖော်လိုက်ရင် ကိုဝင်းတစ်ယောက်တည်း စိတ်မချမ်းသာဖြစ်ရလို့ ကိစ္စမရှိသေးဘူး။ လူတွေအများကြီးနဲ့ ပတ်သက်နေတယ်။ အထူးသဖြင့် မေမေ့အတွက် စဉ်းစားစရာဖြစ်နေတယ်။ မေမေ့မှာ ကိုကိုထူးအတွက် စိတ်နှလုံးကြေကွဲရပြီးတဲ့နောက် ထပ်ပြီးစိတ်မချမ်းမသာဖြစ် မှာကို ကိုဝင်းမခံနိုင်ဘူး။ မေမေသေမှာ မုချပဲ။ ဒီနောက်မှာ မြဟာ ဘယ်လိုအကြံနဲ့ ဒီရောက်လာသလဲ သိရအောင် ကြိုးရှည်နဲ့လှန်ထားခဲ့တယ်။ ကြိုးမှ တစ်ကြိုးထဲမဟုတ်ဘဲ ဆက်ဆက်ပြီး အရှည်ကြီးလှန်ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မြရဲ့ မကောင်းတဲ့စေတနာဟာ တစ်ခုမှပေါ်မလာဖူး။ ဒါပေမယ့် ကိုဝင်းမှာသာ မြကိုလှန်ထားတဲ့ ကြိုးနဲ့ရစ်ပတ်မိပြီး ကြာလေ၊ ကြာလေ မလွတ်နိုင် မရုန်းနိုင်ဖြစ်ခဲ့ရတယ်"

"မြအတွက် အစုခွဲပေးတာ၊ ဘဏ်မှာ ငွေသွင်းထားတာဟာ မြရဲ့ သဘောရင်းကို သိရအောင်စမ်းတာပဲ၊ တကယ်လို့ မြဟာ ငွေကို မက်မောမှုနဲ့လိမ်ရအောင် လာတာဖြစ်ရင် ဒီအစုစာချုပ်-ဘဏ်စာရင်းတွေကို ဖျက်ပစ်ဖို့ မခဲယဉ်းဘူး။ မြဟာ ကိုကိုထူးရဲ့ဇနီး မမြသွေး မဟုတ်ဘူးဆိုတာကို ဖော်လိုက်ရုံပဲ။ ဒီနေရာမှာ ဥပဒေနဲ့ အချစ်မတူဘူး။ အချစ်က လူကိုသာ အရေးထားတယ်။ ဥပဒေဟာ နာမည်ကိုသာ အဖိုးထားတယ်။ ဒါပေမဲ့ မြရဲ့ သဘောဖြူစင်မှုနဲ့ မြဟာ ကိုယ့်ရင်သွေးကလေးအတွက် စိတ်ချရမှု လုံခြုံမှု ရချင်ရှာလို့ အခုလို အရဲစွန့်နေရမှန်း သိရတဲ့အခါကစပြီး ကိုဝင်းမှာ ကြင်နာဆပွား သနားပိုရတာ မေတ္တာတွေ ယိုဖိတ်လာပြီး မြကို လက်လွှတ်လိုက်ရမှာပဲ ပူမိတယ်။ မြရဲ့အချစ်ကို ကိုဝင်းအပိုင်ရဖို့ ကိုဝင်းလက်ထဲက ဘယ်သူ၊ ဘယ်ကံကြမ္မာမှ ဆွဲငင်မယူနိုင်ရအောင် တားကွယ်ဖို့ ကိုဝင်း စိတ်ပိုင်းဖြတ်လိုက်တယ်။ ကိုဝင်းအပါးက မြမခွာရတော့ဘူး။ မြကို ကိုဝင်းဘေးမှာ အမြဲထားပြီး ကိုဝင်းရဲ့ ဇနီးအဖြစ်နဲ့ ပိုင်ပိုင်ကြီး ချစ်ရတော့မယ် မဟုတ်လား မြရဲ့"

မမြသွေးသည် ပြုံးပြုံးကြီးလုပ်ကာ ခေါင်းကလေးကို ညင်သာစွာ ညိတ်ရာက မိမိ၏မျက်နှာဆီသို့ တိုး၍လာသော မောင်သက်ဝင်း၏မျက်နှာကို ကြည့်ရာ၊ [illegible]က်သလို မျက်လုံးများကို မှေးမှိတ်၍ ထားလိုက်လေ၏။

ထိုနောက်မှ မောင်သက်ဝင်းက "အိမ်ကို မြပြန်လိုက်မယ် မဟုတ်လား" ဟု မေးလိုက်၏။

"ကိုကိုဝင်းရဲ့ မြဟာ ကိုကိုဝင်း ခေါ်ရာကို လိုက်ရမှာပဲ"



မောင်သက်ဝင်းသည် မမြသွေးနှင့် နေရာလဲကာ မော်တော်ကားကို စက်နှိုးလိုက်လေ၏။

ချစ်သူနှစ်ဦးတို့မှာ ပျော်၍မဆုံး ရမ်း၍မဆုံးဘဲ ပြုံးရွှင်ကြည်နူးနေကြလေတော့သည်။ ဤသို့ နေရသည့်ဘဝသည် ထာဝရတည်မြဲပါစေတော့ဟူ၍လည်း စိတ်ထဲက ဆုတောင်းမိကြလေသည်။

သက်နိုးကျွန်းရှိ အိမ်ကြီးသို့ ပြန်ရောက်ကြပြီး မော်တော်ကားကို ရပ်လိုက်သည်နှင့် တပြိုင်နက် နှစ်ယောက်စလုံး အိမ်ကြီးကိုကြည့်၍ ထိတ်လန့်သွားကြလေသည် မမြသွေး၏ စိတ်ထဲမှာ မီးဟုန်းဟုန်းတောက်လောင်နေသည့် အိမ်ကြီးကို မြင်ရသကဲ့သို့ ဖြစ်နေလေသည်။ တစ်အိမ်လုံးမှာ အပေါ်ထပ် အောက်ထပ် နှစ်ထပ်စလုံး မီးများထွန်းထားရာ ဤအချိန်ကြီးတွင် အနေတကြီး အကြောင်းရှိ၍သာ တစ်အိမ်လုံး မီးဖွင့်ထားသည်ကိုတွေးမိကာ အိမ်ပြတင်းမှလင်းနေသော အရောင်သည် ပြတင်းမှထွက်နေသော မီးတောက်မီးလျှံများကဲ့သို့ မမြသွေးစိတ်ထဲ၌ ထင်နေရသည်။

မောင်သက်ဝင်းမှာလည်း ကြက်သေသေပြီး အိမ်ကြီးကို ကြည့်နေမိလေသည်။ ယင်းသို့ ကြည့်နေရာတွင် အိမ်ရှေ့၌ ဆိုက်ကပ်ထားသော မော်တော်ကားတစ်စင်းကို တွေ့ရ၍ ကြက်ခြေနီ အမှတ်အသားကို တွေ့လိုက်ရသည်တွင် တစ်ကိုယ်လုံးထူပူကာ စိုးရိမ်ထိတ်လန့်သွားလေတော့သည်။ မောင်သက်ဝင်းသည် မြင်နေရသော ကြက်ခြေနီအမှတ်ကို အရိုးနှစ်ချောင်းကြက်ခြေခတ်ထားသော သေမင်းတံဆိပ်ဟု ထင်မိလေတော့သည်။

"ဒေါက်တာလူရွှေ ရောက်နေပါလား" ဟု မောင်သက်ဝင်း၏ ပါးစပ်မှ ထွက်သွားပြီး ကားပေါ်မှ လျှင်မြန်စွာ ဆင်းလိုက်၏။ မမြသွေးကလည်း မောင်သက်ဝင်းနောက်က ထပ်ချပ်မကွာ လိုက်ပါရလေသည်။

"ဒီမှာဒီလိုဖြစ်နေကာ ကိုဝင်းတို့ကတော့ ဘာမှမသိဘဲ ပျော်နေ

www.burmeseclassic.com

www.burmeseclassic.com



မိကြတယ်" ဟု မောင်သက်ဝင်း ပါးစပ်မှ ထွက်လာသည့် ဝမ်းနည်းသံကို မမြသွေး ကြားလိုက်ရသည်။

နှစ်ဦးသား အပြေးအလွှားအိမ်ထဲသို့ ဝင်သွားကြရာတွင် မျက်စိမျက်နှာပျက်နေသော ဒေါ်ဒေါ်ကျော့ကို အဝင်ဝတွင် တွေ့ကြရလေသည်။ ဒေါ်ဒေါ်ကျော့က စကားတိုးတိုးပြောစေလိုသည့် အမူအရာဖြင့် မိမိ၏နှုတ်ခမ်းကို လက်ညှိုးဖြင့် တန့်လန့်ဖြတ်၍ ပြလေသည်။

"၁၁ နာရီခွဲလောက်ကတည်းက ဆရာဝန်ခေါ်ထားရတယ်" ဟု ဒေါ်ဒေါ်ကျော့က ပြောပြကာ "ဒီနေ့မှပဲ မင်းတို့နှစ်ယောက်ကလည်း အပြင်ထွက်မိကြတယ်" ဟု ဆိုလိုက်သည်။

မမြသွေးမှာစိတ်ထဲ၌ ဟစ်ငိုနေရတော့သည်။ မေမေ ဘယ်လိုနေသလဲဟု မမေးရဲ၊ မေးလိုက်လျှင် ကြားရမည့်အဖြေကို ကြောက်ရွံ့နေမိသည်။ မောင်သက်ဝင်းမှာလည်း ဘာပြောရမည်ကို မသိသကဲ့သို့ ကြောင်၍နေလေသည်။ ထိုနောက်မှ နှစ်ယောက်သား ငြိမ်သက်စွာ အိမ်ပေါ်သို့ တက်လာခဲ့ကြလေသည်။

အပေါ်ထပ် အိမ်ရှေ့ခန်းတွင် ဒေါက်တာလှရွှေနှင့် ဆရာမတစ်ယောက်ကို တွေ့ကြရလေသည်။

"မေမေ အိပ်နေသလား" ဟု မောင်သက်ဝင်းက မေးလိုက်၏။

"ဝတ်လုံဦးကျော်ငြိမ်းကို ခေါ်ပြီးတော့ စကားပြောနေတယ်၊ ဘာတွေ မှာနေသလဲတော့ မသိဘူး၊ နာရီဝက်ရှိသွားပြီ၊ ရောဂါအခြေအနေအရ စကားမပြောစေချင်ပေမယ့် မရဘူး၊ ခေါ်ပေးဖို့ အတင်းပူဆာနေတဲ့အတွက် ခေါ်ပေးရတာပဲ။ ဆရာလည်း စိတ်မချလို့ ဆယ်မိနစ် တစ်ကြိမ် သွေးစမ်းနေရတယ်"

"ရောဂါ သိပ်ဆိုးနေသလား ဆရာ" ဟု မမြသွေးက မရဲတရဲ မေးလိုက်၏။



မောင်သက်ဝင်းကို ကြည့်လိုက်ရာတွင် စိုးရိမ်ပူပန်ခြင်းဖြင့် တုန်လှုပ်နေသော မျက်နှာကို တွေ့ရသည်။

"နောက်နှစ်နာရီက မကျော်မချင်းတော့ ရဲရဲတင်းတင်း ကတိမပေးနိုင်သေးဘူး။ ဒီတစ်ခါ ရောဂါပိုဆိုးတာတော့ အမှန်ပဲ။ ဖြစ်ခဲ့သမျှထဲမှာ အဆိုးဆုံးပဲ ဆိုပါတော့လေ"

မမြသွေး၏ စိတ်ထဲမှာ ဒီတစ်ခါတော့ဖြင့် နောက်ဆုံးပဲဟူ၍ တထစ်ချ ယူဆလိုက်လေတော့သည်။ သို့ဆုံးဖြတ်လိုက်မိသည်နှင့် တပြိုင်နက် မျက်ရည်များလည်၍လာကာ မဆည်နိုင်တော့ဘဲ တရှုံ့ရှုံ့ငိုမိလေတော့သည်။

"ဒီလိုမလုပ်နဲ့လေ" ဟု ဆရာဝန်က မမြသွေးကို သတိပေးရလေ၏။ "ဒါ ငိုဖို့အချိန် မဟုတ်သေးပါဘူး။ လူမမာ ကြားသွားရင် မကောင်းဘူး"

ဆရာဝန်နှင့် မောင်သက်ဝင်းတို့သည် မမြသွေးကို ကုလားထိုင်တစ်လုံးဆီသို့ ခေါ်၍သွားကြရလေ၏။

တစ်အိမ်လုံး တိတ်ဆိတ်၍နေတော့သည်။ မောင်သက်ဝင်း၊ မမြသွေးနှင့် ဆရာဝန်တို့မှာလည်း စကားတစ်ခွန်းမျှ မပြောကြဘဲ မေမေကြီး အခန်းဆီသို့သာလျှင် မျက်စိစိုက်၍ ကြည့်နေကြလေသည်။

များမကြာမီ အခန်းတံခါး ပွင့်လာပြီးလျှင် ဝတ်လုံဦးကျော်ငြိမ်း ထွက်၍လာသည်ကို တွေ့ကြရလေသည်။

ဦးကျော်ငြိမ်းသည် အခန်းဝ၌ တွေ့ရသော ဆရာမလေးကို "သူတို့ ရောက်ကြ" ဟု စကားစလိုက်ပြီးမှ မောင်သက်ဝင်းနှင့် မမြသွေးတို့ကို မြင်လိုက်သဖြင့် မေးမည့်စကားကို တစ်ဝက်မှဖြတ်ပြီးလျှင် မမြသွေးအနီးသို့ ချဉ်းကပ်သွားလေသည်။

"မင်းကို တွေ့ချင်လို့တဲ့" ဟု ဦးကျော်ငြိမ်းက ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်သက်ဝင်းသည် အခန်းထဲသို့သွားရန် ခြေလှမ်းပြင်လိုက်ရာတွင် ဦးကျော်ငြိမ်းက "မင်းကို ခေါ်တာမဟုတ်ဘူး၊ မမြသွေးကို တွေ့ချင်တာ" ဟု တားတားလိုက်၏။

"အခန်းထဲမှာ မင်းနဲ့ တစ်ယောက်ထဲ တွေ့ချင်တယ်လို့ပြောတယ်၊ မင်းတို့ ပြန်လာကြပြီလားဆိုတာ ခဏခဏ မေးနေတယ်"

မမြသွေးသည် ကုလားထိုင်မှ ထလိုက်ရာ ဆရာဝန်က တားတားလိုက်ပြန်လေသည်။

"ခဏနေဦး၊ ဆရာသွားပြီး သွေးစမ်းကြည့်လိုက်ဦးမယ်"

မမြသွေးနှင့် မောင်သက်ဝင်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ မောင်သက်ဝင်းက အနည်းငယ်ပြုံးကာ "မြကို ခေါ်တွေ့တာဟာ ကိုဝင်းကို ခေါ်တွေ့တာနဲ့ အတူတူပါပဲ. မေမေပြောချင်တာ ရှိနေတယ်" ဟု ဆိုလေ၏။

ခဏမျှအကြာမှာပင် ဆရာဝန်ပြန်၍ ထွက်လာလေသည်။

"တစ်မိနစ် နှစ်မိနစ်ထက်တော့ ပိုပြီး မကြာပါစေနဲ့" ဟု ဆရာဝန်က မမြသွေးကို မှာကြားပြီးလျှင် ဦးကျော်ငြိမ်းသို့ တစ်ချက်မျှ ကြည့်ပြီးနောက် "အဲဒါပြီးရင် လူမမာကို ကောင်းကောင်းအနားယူဖို့ လုပ်ကြရလိမ့်မယ်" ဟု ပြောလိုက်လေသည်။

ထိုနောက် အခန်းထဲသို့ မမြသွေး ဝင်သွားလေသည်။

"သမီး မြ" တည်ငြိမ်အေးဆေးသော ခေါ်သံကို မမြသွေး ကြားရသည်။

ခုတင်အနီးသို့ မမြသွေး ကပ်ရောက်သွား၏။ မေမေ၏မျက်လုံးများသည် ခုတင်ဘေး၌ ရပ်နေသော မမြသွေးကို လှန်၍ကြည့်လိုက်သည်။ မေမေ၏အကြည့်မှာ ဘူတာရုံမှာ ပထမဆုံး တွေ့ရစဉ်က အကြည့်နှင့် မခြားပေ၊ ကြင်နာတတ်သောအကြည့် မျက်ခမ်းဝတွင် အပြုံးကလေးများ ရစ်ဝိုင်းနေသော အကြည့်မျိုးပင် ဖြစ်လေရာ မမြသွေး၏ ရင်ထဲတွင်



နင့်ခနဲ ဖြစ်မိပေသည်၊ သို့နှင့် မမြသွေးသည် ခုတင်ဘေးတွင် ဒူးထောက်၍ ချလိုက်လေသည်။

မေမေ၏ အားနည်းလှသော လက်တစ်ဖက်သည် မမြသွေးဆီသို့ လှမ်းကာ မမြသွေး၏ နဖူးဆံစကလေးကို သပ်ယပ်ပေးလေသည်။ ထိုနောက်လက်ကို ပြန်၍ရုတ်သိမ်းလိုက်ရာ မမြသွေးက မေမေ၏လက်ကို ယုယစွာ ကိုင်ထားမိလေသည်။

"သမီးကို ခွင့်လွှတ်ပါမေမေ။ မေမေ့အပေါ်မှာ မြတကယ်ချစ်ပါတယ်၊ အမှန်ပါပဲ၊ မေမေယုံအောင် မြပြချင်ပါတယ်။ မေမေဟာ မြရဲ့ တကယ့်မေမေ၊ မြရဲ့ မေမေအရင်း တစ်ယောက်ပါပဲ"

"ယုံအောင် ပြောနေစရာမလိုပါဘူး။ မေမေ သိပြီးသားပါ၊ သမီးကိုလည်း မေမေ ချစ်တာပါပဲ။ မေမေ့အချစ်ဟာ သမီးက ချစ်တယ် ဆိုတာ သိတယ်၊ ဒါကြောင့်လည်း မြဟာ မေမေရဲ့ သမီးကလေးပဲ" ဟု မေမေက ပြောပြီးနောက် နုံးညံ့သောလေသံဖြင့် "မြကို မေမေ ခွင့်လွှတ်ပါတယ်။ မေမေ့ရဲ့သမီးလေးကို မေမေ ခွင့်လွှတ်ပါတယ်"

မမြသွေးမှာ မေမေ့ရှေ့တွင် မျက်ရည်မကျမိအောင် အနိုင်နိုင် ကြိုးစားရလျက် ရင်ထဲတွင် ဆို့၍ဆို့၍သာနေတော့သည်။

"သမီး မောင်သက်ဝင်းကိုယူပါ၊ သူ့အတွက် သမီးတစ်ယောက်ပဲ ဂိတ်ချတယ်၊ သမီး သူ့ကိုယူမယ် မဟုတ်လား"

"မေမေ ပြောသမျှ သမီးနာခံပါ့မယ်"

မေမေသည် ဝမ်းမြောက်သည့် အမှတ်အသားကို ပြသည့်အလား မမြသွေး၏ လက်တစ်ဖက်ကို မိမိ၏လက်ဖြင့် ဆုပ်လိုက်လေသည်။

"သမီးတို့ နှစ်ယောက်အတွက် ဝတ်လုံဦးကျော်ငြိမ်းနဲ့ တိုင်ပင်ပြီး မေမေ စာတစ်စောင် ရေးထားတာ ခေါင်းအုံးအောက်မှာ ရှိတယ်"

မမြသွေးသည် ခေါင်းအုံးအောက်က စာအိတ်ရှည်တစ်ခုကိုယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေသည်။

"အဲဒါကို သိမ်းထား။ ဘယ်သူမှ မပြနဲ့။ သမီးတို့ နှစ်ယောက်နဲ့သာဆိုင်တယ်။ မေမေ မရှိတော့မှ ဒီစာကို ဖောက်ကြည့်ကြ။ အင်မတန်အရေးတကြီး တစ်စုံတရာကြုံလာမှ ဒီစာကို ဖောက်ကြည့်ပါ။ သမီးတို့လိုချင်လိုလိမ့်မယ်ထင်လို့ ဒီစာ ပေးခဲ့တာပဲ"

မမြသွေးရင်ထဲ၌ တစ်ဆို့နေခြင်းကို မျိုသိပ်ထားရသည်မှာ ပင်ပန်းနွမ်းနယ်အောင် ဖြစ်လာသကဲ့သို့ သက်ပြင်းချလိုက်မိသည်။

"မေမေ့ကို နမ်းစမ်းပါ သမီးရယ်။ မေမေတော့ သမီးကို မနမ်းနိုင်တော့ဘူး"

မမြသွေးသည် မေမေ၏နဖူးကို အသာအယာကလေး နမ်းလိုက်လေသည်။

"ကဲ သွားတော့သမီး။ မေမေလည်း သွားတော့မယ်"

မမြသွေးသည် ရင်ထဲ၌ ဆို့နေသဖြင့် စကားမထွက်နိုင်တော့ချေ။ မေမေ၏ မျက်နှာကိုသာ အားရပါးရတဝကြီး စိုက်ကြည့်လိုက်ပြီးနောက် ခေါင်းကလေး ငုံ့လိုက်ပြီးလျှင် လှည့်၍ထွက်လာခဲ့ရလေသည်။

မမြသွေးသည် ယခုအချိန်အထိ ကိုယ်ရောစိတ်ပါ တစ်ချက်မျှ မနားရသေးဘဲ ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သည့်တိုင်အောင် အိပ်၍မရတော့ပေ။ တစ်အိမ်လုံးလည်း မည်သူမျှ မအိပ်ကြရချေ။ တစောင့်စောင့်နှင့်ပင် ရှိနေကြရလေသည်။

တောင်းကင်ရှိ ကြယ်ကလေးများမှာ တစ်လုံးပြီးတစ်လုံး ကွယ်ပျောက်စပြုလာလေပြီ။ အရှေ့၏ ရွှေပြေးအလင်းရောင်သည် အရှေ့ဆီမှ အမှောင်ကို တစ်စတစ်စ ဖြိုခွင်းလျက် ရှိနေပေ၏။

မမြသွေးသည် အလင်းရောင် မြန်မြန်ပေါ်လာပါစေတော့ဟု ဆုတောင်းရင်း အရှေ့ကိုသာ မျှော်နေမိသည်။



ထိုညမှောင်အတွင်း၌ ဖြစ်ပျက်ခဲ့သမျှတို့သည် မမြသွေးအား ချောက်ချားစေသဖြင့် ထိုအမှောင်ကြီး မြန်မြန်ပပျောက်ပါစေတော့ဟု ဆုတောင်းရခြင်းဖြစ်လေသည်။

အရှေ့တက်ပြီဟု ကြွေးကြော်လိုက်သော ကြက်ဦးတွန်သံနှင့် တကွ ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံများလည်း ပေါ်ထွက်လာကြပေပြီ။ မမြသွေးမှာမူကား ပြတင်းပေါက်တွင် မတုန်မလှုပ်ရပ်ကာ နီရဲလာသော ရွှေ့လောကဓာတ်ကို စိုက်၍ကြည့်နေမိလေသည်။

စိုးရိမ်သောကမှုမှ ကင်းဝေးရသူတို့အတွက် အရှေ့ဦးသည် ကြည်နူးစရာပင် ဖြစ်ရသော်လည်း မမြသွေးအဖို့မှာ နီရဲသောရောင်ခြည်များကို ကြည့်ရင်း သွေးအိုင်ကြီးကို မြင်နေရသလို ထင်မိကာ မကြည့်ရဲဘဲ မျက်နှာလွှဲလိုက်ရလေသည်။

ထိုသို့လှည့်လိုက်ရာတွင် အိပ်ရာမှ နိုးနေသော သားကလေး ချစ်ချစ်ကို တွေ့ရလေသည်။ ချစ်ချစ်သည် အိပ်ရာပေါ်တွင်မှောက်ရင်း ကြည်လင်သော မျက်လုံးကလေးများဖြင့် မိမိကိုလှမ်းမျှော်ကြည့်၍ကာ ပြုံး၍နေသည်ကိုတွေ့ရသည်။ မမြသွေးမှာ ဤတစ်ခါတွင်မူ သားကလေးကို ပြန်၍မပြုံးနိုင်ရှာ။ မမြသွေး၏နှုတ်ခမ်းများသည် ယခုအချိန်တွင် အပြုံးကို မဆောင်နိုင်။ အငိုကိုသာ ကြိုဆိုနေကြလေပြီ။

မမြသွေးသည် သူ့တစ်သက်တွင် အချစ်စစ် အချစ်မှန် နောက်ဆုံးတွေ့ရပြီ ဖြစ်သော်လည်း သန်းကောင်ယံ၏အချစ်ကို ညဦးယံက ဆိုးဝါးသောအဖြစ်နှင့် မိုးသောက်၏ကြေကွဲဖွယ်ရာအဖြစ်တို့က ပူးညပ်၍ ဖျက်ဆီးလျက် ရှိကြတော့သည်။

အပြင်လောကဓာတ်ကြီး တစ်ခုလုံးသည် တဖြည်းဖြည်းလင်းစပြုလာလေပြီ။ ကြယ်ကလေးများသည် တစ်လုံးပြီးတစ်လုံး ကွယ်ပျောက်သွားရာက နောက်ဆုံးကြယ်ကြီးတစ်လုံးသည် ဖျတ်ခနဲ ကွယ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ထိုအခါ အခန်းအပြင်ဘက်မှ တံခါးခေါက်သံကို မမြသွေး ကြားလိုက်ရသည်။ မမြသွေးသည် တောင့်တင်းနေသော ခြေများကို အနိုင်နိုင်သယ်ကာ တံခါးဆီသို့ လျှောက်သွားပြီး ဖွင့်ပေးလိုက်ရသည်။

အပြင်ဘက်၌ ရပ်နေသူကား ဖေဖေကြီးပင် ဖြစ်ပေသည်။ သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်လျက် အားနည်းနုံးချိနေခြင်းကို ပြနေလေသည်။

"မြ မေမေ ဆုံးပြီ"

အားလျော့နေသော ဖေဖေကြီး၏အသံမှာ လေသံမျှလောက်သာ ရှိလေသည်။ "အခုပဲ ဆုံးသွားပြီ။ ဖေဖေလည်း ဘယ်ပြေးရမှန်း ဘာလုပ်ရမှန်းလည်း မသိတော့ဘူး။ ဘယ်သူ့ကို ပြေးပြောရမှန်းလည်းမသိတော့ဘူး။ ဘယ်သူ့ကို ပြေးပြောရမှန်း မသိလို့ ဒီပဲလာပြီး ပြောရတော့တာပဲ"

ဤလိုသာ ဖေဖေကြီး ပြောလိုက်နိုင်သည်၊ အခြားဘာကိုမျှ မလုပ်နိုင်၊ ငိုင်တိုင်တိုင်ကြီးဖြစ်ကာ ပျော့စိ ပျော့နင်း ရပ်တွေနေရှာလေတော့သည်။

မမြသွေးမှာလည်း အလုံးဆို့ပြီး မတ်တတ်ကြီး မှေ့နေသကဲ့သို့ ကြက်သေသေနေလေတော့သည်။

"အော်. . . ဖေဖေ ဖေဖေ သူ့စိမ်းပြင်ပြင် တစ်ယောက်ကို သမီးမှတ်နေရှာတဲ့ ဖေဖေ၊ အသက်ကြီးကာမှ ဒုက္ခတွေ့နေရှာပြီ" ဟု မမြသွေးမှာ-ဤသို့သာလျှင် စိတ်ထဲကနေပြီး ဖေဖေကြီးကို အားပေးရတော့သည်။

□□□

[၂၀]

ရွှက်ဟောင်းဝါကြွေကျ၍ မြေခလျက်ရှိကြသည်။ ထိုမြေလွှာအောက်တွင် မေမေ၏ ရုပ်တလာပ်သည်လည်း ကျရောက်သွားခဲ့လေပြီ။

ရွက်ဟောင်းများသာမက ရွက်နုရွက်သစ်၊ ပုရစ်ဖူးကလေးများလည်း ထိုနေရာမှာပင် ကြွေလျက်ရှိကြလေသည်။

ထိုနေရာမှ ဖေဖေကြီးနှင့်တကွ မောင်သက်ဝင်းနှင့် မမြသွေးတို့သည် လေးလံသောခြေလှမ်းဖြင့် ခွဲခွာခဲ့ကြပြီး ကားကြီးပေါ်သို့တက်ရောက်ကာ ပြန်ခဲ့ကြရလေသည်။

ကားပေါ်တွင် ပါလာကြသူသုံးဦးတို့၏ စိတ်နှလုံးသည် ဆွေး၍လေး၍လာကြသကဲ့သို့ ကားဘီးများသည်လည်း လေးဆေးစွာ လိမ့်၍နေတော့သည်။ တလမ်းလုံးမည်သူမျှ စကားမပြောကြဘဲ တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာကြရာက နောက်ဆုံးတားရပ်လိုက်မှ အိမ်သို့ပြန်၍ရောက်ကြပြီကို သတိရကြလေသည်။

မောင်သက်ဝင်းသည် ကားပေါ်မှဦးစွာဆင်း၍ တံခါးကိုဆွဲဖွင့်ပေးထားကာ မမြသွေးကိုဆင်းစေသည်။ ထိုနောက်မှ ဖေဖေကြီးကို နှင့်ယောက်သား ကူညီမေးမပြီး ကားပေါ်မှချကာ တစ်ယောက်စီတွဲမျက်အိမ်ထဲသို့ ပို့ဆောင်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲသို့ရောက်သောအခါ ညည့်သည်နှစ်ယောက် ထိုင်၍ စောင့်နေကြသည်ကို မမြသွေးရော မောင်သက်ဝင်းပါ ဂရုပြုမိကြလေသည်။ ဖေဖေကြီးကား ဘယ်ကိုမျှမကြည့်။ မိမိခြေလှမ်းရာကိုသာ မျက်စိစိုက်ကာ မောင်သက်ဝင်းတွဲ၍ခေါ်ရာသို့ လိုက်နေလေသည်။

မောင်သက်ဝင်းသည် ထိုလူနှစ်ယောက်ကို မြင်သော်လည်း အရေးမထားဘဲ ဖေဖေကြီးကိုသာ အိမ်ပေါ်သို့ ခေါ်သွားလေ၏။ မမြသွေးမှာကား နောက်ချန်၍နေရစ်ခဲ့ပြီး အိမ်စောင့်မိန်းကလေးကို "သူတို့တတွေ ဘယ်သူတွေလဲ၊ ဘာလာလုပ်ကြတာလဲ"ဟု တိုးတိုးမေးလိုက်၏။

"အော် . . . ကျွန်မပြောဖို့ မေ့နေတယ်။ သူတို့ ရောက်နေတာ ဆယ့်ငါးမိနစ်လောက် ရှိနေပြီ။ အကိုလေးကို တွေ့ရအောင် စောင့်နေကြတယ်။ ကျွန်မက အသုဘအကြောင်းကို ပြောပြပြီး၊ နောက်မှပြန်လှည့်လာကြဖို့ ပြောပေမယ့် သူတို့ကမတွေ့မချင်း စောင့်နေကြတာပဲ"

ဤတွင် မမြသွေးသည် ဘယ်သူတွေ ဖြစ်သည်ကို ရိပ်မိလေတော့သည်။ စောစောက သူတို့၏မျက်နှာထားကို မြင်ရရုံနှင့် မသင်္ကာဖြစ်မိခြင်းမှာ ယခုမှ သေချာသွားလေသည်။ သူတို့၏ မျက်နှာထားမှာ သာမန်လူရိုးရိုးကဲ့သို့မဟုတ်။ လူတစ်ဦးတစ်ယောက်ကို ရှာနိုင်၊ ဖွေနိုင်၊ မေးနိုင်၊ မြန်းနိုင်ရန် တရားဥပဒေက ခွင့်ပြုထားခြင်းခံရသူတို့၏ မျက်နှာမျိုးပင် ဖြစ်လေသည်။ ယင်းသို့ ပုလိပ်စုံထောက်များဖြစ်သည်ကို မမြသွေး သိသည်နှင့် အတွေးထဲတွင် အကြောက်အလန့် ဖြစ်ရပြန်လေတော့သည်။

"အင်း . . . ပုလိပ်များကလည်း မြန်လွန်းလှတယ်။ ဒီလိုနေ့ ဒီလိုအချိန်အခါမျိုးမှာမှ လာရက်ကြပေတယ်"ဟု မမြသွေး၏ စိတ်ထဲကတွေးကာ ချာခနဲလှည့်ပြီး အိမ်ပေါ်သို့သုတ်သီးသုတ်ပြာ ပြေး၍လိုက်သွားရလေ၏။ သို့ပြေး၍ လိုက်သွားရာတွင် ဖေဖေကြီးနှင့် မောင်သက်ဝင်းတို့ အိမ်ပေါ်ရောက်ရုံမျှပင်မီလေ၏။



မောင်သက်ဝင်းသည် ရေးကြီးသုတ်ပျာဖြစ်လာသော ခြေသံကို ကြားရသဖြင့် လှည့်၍ကြည့်မိ၏။ ဖေဖေကြီးကား ဘာမျှအာရုံမပြု။ သူကြားချင်သည့်အသံကား တိတ်ဆိတ်ခဲ့လေပြီ။ ဘယ်အခါမျှ ကြားရတော့မည်မဟုတ်ပေ။

မောင်သက်ဝင်း လှည့်အကြည့်တွင် နှစ်ယောက်သာသိရန် အရေးကြီးသည့် ကိစ္စရှိနေ၍ ဖေဖေကြီးကို အခန်းထဲသို့ ပို့ပြီးမြန်မြန်ထွက်လာရန် လက်ဟန်အမူအရာဖြင့် အချက်ပြလိုက်ရသည်။

အတန်ငယ်ကြာပြီးနောက် မောင်သက်ဝင်း ထွက်၍လာကာ စောင့်နေသော မမြသွေးအနီးသို့ ကပ်လာလေသည်။

"မြ ဘာဖြစ်တာလဲ၊ တုန်တုန်ယင်ယင်နဲ့"

"မြတို့ကို လိုက်နေပြီ။ ဟိုညက ကိစ္စပဲ။ အောက်မှာ ရောက်နေကြတယ်"

"ဟိုညက" ဆိုသည့်စကားကို ကြားလိုက်ရုံနှင့် မောင်သက်ဝင်းမှာ မည်သည့်အကြောင်းဖြစ်သည်ကို မေးရန်မလိုဘဲ သိပြီးဖြစ်သွားလေသည်။

"မြ ဘယ့်နှယ်လုပ် သိတာလဲ၊ သူတို့က ပြောသလား"

"ပြောမနေပါဘူး။ မြင်ရုံနဲ့ အသိသာကြီးပဲ"ဟု မမြသွေးက ပြောပြီးနောက် မောင်သက်ဝင်း၏ အင်္ကျီရင်ဖုံးကို ဆွဲဆုတ်တော့မည်ကဲ့သို့ တင်းကြပ်စွာဆုပ်ကိုင်ရင်း "တဲ . . . ဘယ့်နှယ်လုပ်ကြမလည်း"ဟု မေးလိုက်လေ၏။

"မြ အေးအေးနေပါ၊ လုပ်စရာရှိတာ ကိုဝင်းတစ်ယောက်တည်း လုပ်ပါ့မယ်"

ထိုအခိုက်မှာပင် လှေကားမှတက်လာသော ခြေသံကြားရသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာနေ၍ အိနြေ္ဒဆည်ထားလိုက်ကြရသည်။ တက်လာသူမှာ ဒေါ်ဒေါ်ကျော့ဖြစ်လျက် မိမိတို့ဆီလာ၍နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ကြရလေ၏။

"အောက်ကလူနှစ်ယောက်ကမင်းကို ကြာကြာစောင့်မနေနိုင်ဘူး လို့ ပြောနေကြတယ်။ မင်းဆင်းမလာနိုင်ရင် သူတို့တက်ခဲ့ရမလားတဲ့၊ တော်တော့ကို မာရေကြောရေရှိတဲ့ သူငယ်တွေပဲ"

"ဟုတ်ကဲ့ ကျွန်တော် သွားတွေ့လိုက်ပါ့မယ်၊ ဖေဖေ့ကို ဒေါ်ဒေါ် ကြည့်ပြီးတော့ ဆရာဝန်ထားပစ်ခဲ့တဲ့ ဆေးတစ်ခွက်တိုက်လိုက်ပါ။ နည်းနည်းအိပ်လိုက်ရရင် အားရှိသွားပါလိမ့်မယ်"

"အေး အေး"

ဒေါ်ဒေါ်ကျော့သည် ဖေဖေကြီး၏ အခန်းထဲသို့ ရောက်၍သွားသည့်အခါမှ "ကဲ. . . ဒီလူတွေနဲ့ ကိုဝင်းသွားပြီး ရှင်းလိုက်ဦးမယ်"

"မြလည်း လိုက်ခဲ့မယ်"

"မြ မလိုက်နဲ့၊ ဒီကိစ္စမှာ မြဘေးဖယ်နေ။ ဘာပဲဖြစ်ဖြစ် မြမဝင်နဲ့ မြ ဒီမယ်နေ၊ ဒီအပေါ်မှာနေ၊ ကြားပြီလား"

မောင်သက်ဝင်းသည် မမြသွေးကို ဤကဲ့သို့ ပြတ်ပြတ်တောင်းတောင်း ဘယ်အခါမျှ မပြောခဲ့ဘူးပေ။

"မြဟာ ကိုဝင်းကို မြရဲ့ယောကျ်ားအဖြစ် လက်ခံဖို့အသင့်ဘဲ မဟုတ်လား"

"ဟုတ်ကဲ့ ဒီစကားကို မြလည်းပြောပြီးသားဘဲ"

"ဒါဖြင့် ကိုဝင်းပြောတာကို နားထောင်ပါ၊ ဒီဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ဩဇာသုံးခြင်းပဲ။ နောက်လည်း မသုံးပါဘူး ဒီမယ် ကိုဝင်းပြောမယ်။ ဟိုညကကိစ္စမှာ ကိုဝင်းတစ်မျိုး၊ မြတစ်မျိုး၊ နှစ်မျိုးပြောနေလို့မဖြစ်ဘူး တစ်မျိုးပဲပြောမယ်။ ကိုဝင်းပြောလိုတာ တစ်မျိုးသာပြောမယ်။ အဲဒါကို မြသိနေဖို့ မလိုဘူး။ မြ အေးအေးပဲနေပါ"

"ကိုကိုဝင်း ဘာတွေပြောမှာလဲ"



"မှန်တာကိုပဲပြောမယ်၊ ကိုင်း တစ်ယောက်ထဲနဲ့ပတ်သက်လို့တော့ လိမ်နေစရာလည်းမလိုဘူး"

ပြောပြောဆိုဆိုပင် မောင်သက်ဝင်းသည် အိမ်ပေါ်မှ ဆင်း၍သွားလေ၏။ မမြသွေးမှာ ရပ်တွေပြီး ကျန်ရစ်ရာက ထိုသို့လည်း ကြာကြာမနေနိုင်။ မောင်သက်ဝင်း၏စကားအရ အောက်သို့ဆင်း၍လည်း မဖြစ်သဖြင့် လှေကားဆီသို့ လျှောက်၍လာခဲ့လေသည်။ မလိုက်နှင့်ဆိုသော်လည်း မမြသွေးမှာ ဘာပြောနေကြသည်ကို ကြားချင်သေးသည်။ သို့ဖြစ်၍ လှေကားပေါ်မှ တဖြည်းဖြည်းဆင်းခဲ့မိသည်။ တစ်ထစ်နှစ်ထစ်လောက်နှင့် အောက်ကအသံများမှာ မသဲမကွဲသေးချေ။ တစ်ဝက်နီးနီး ရောက်မှ ဝိုးတိုးဝါးတားအသံများမှာ ပီသသောစကားအဖြစ်သို့ ပြောင်းလာကြလေသည်။

ပုလိပ်နှစ်ယောက်၏အသံမှာ မမြင့်လှ မနိမ့်လှပေ။ မှန်မှန်နှင့် ခန့်ညားယဉ်ကျေးစွာပင် ပြောနေကြသည်။ ဤသို့ ကြားနေရသည်ကိုပင် မမြသွေးမှာ ကြောက်စိတ်ဝင်နေရလေသည်။

"ဒါဖြင့် ကိုမြဟန်ဆိုတဲ့လူနဲ့ခင်ဗျားဟာ သိနေကြတာပဲ"

မောင်သက်ဝင်းက ဘာပြန်ပြောသည်ကို မမြသွေး မကြားရချေ။ မောင်သက်ဝင်းပြောပြီးသော စကားကို ပုလိပ်ကထပ်ဆင့်လိုက်ခြင်းမျှသာ ဖြစ်၍ မောင်သက်ဝင်းအဖို့ ထပ်၍ ထပ်၍အဖြေပေးနေစရာမလိုဟု ငြိမ်နေလိုက်ဟန်တူပေသည်။

"အဲဒီ ကိုမြဟန်ဆိုသူနဲ့ ခင်ဗျားနဲ့ဟာ ဘယ်လိုအဆက်အသွယ် အချိတ်အဆက်ရှိကြတာလဲ"

"ဒီမှာမိတ်ဆွေတို့ ဒီအကြောင်းတွေဟာ ခင်ဗျားတို့ သိပြီးသားပဲ၊ သိလို့လည်း ဒီကိုလာကြတာမဟုတ်လား၊ ခင်ဗျားတို့ သိပြီးသားတွေကို ကျွန်တော်ပြန်ပြောနေဖို့ လိုနေသေးသလား"

"ကျွန်တော်တို့ သိတာ မသိတာအကြောင်းရှင်း မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကိုယ်တိုင် ထွက်ချက်ကို ရအောင်ယူဖို့သာ ကျွန်တော်တို့ လာရတဲ့ အကြောင်းရင်း ဖြစ်ပါတယ်"

"ဒါဖြင့်ရင်လည်း ပြောရတာပေါ့လေ၊ ဒီလူဟာ အရုပ်သားစုံ ထောက်တစ်ယောက် ဖြစ်တာကိုတော့ ခင်ဗျားတို့လည်း သိကြတယ်၊ သူ့ကိုကျွန်တော် ငှားထားတယ်၊ ဒါလည်း ခင်ဗျားတို့ သိကြတာပဲ၊ သူ့ကို ခင်ဗျားတို့ လိုက်နေကြတဲ့ အမှုမှာပါတဲ့ ဘလှအောင်ဆိုတဲ့ လူတစ်ယောက်ကို မျက်ခြေမပြတ်အောင် လိုက်လံစုံထောက်နေဖို့ အကဲခတ်နေဖို့အတွက် အမြဲလခပေးထားတယ်"

"ကောင်းပါပြီ၊ ဒါတွေလည်း ကျွန်တော်တို့ သိကြပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ မသိတာ ရှိနေတယ်၊ ကိုမြဟန်ကလည်း ပြောမပြနိုင် ဘူး၊ အဲဒါက ဘာလဲဆိုရင် ဘာကြောင့် ကိုဘလှအောင်ဆိုသူကို ခင်ဗျား အရေးစိုက်နေတာလဲ၊ မျက်ခြေမပြတ် လိုက်ခိုင်းနေတာလဲဆိုတဲ့ အချက်ပါပဲ"

လှေကားထက်ရှိ မမြသွေးမှာ ရင်ထဲက အသဲနှလုံးပြုတ်ကာ ဖုတ်ခနဲကျသွားရော့သလားဟု ထင်မိရသည်။ "ဘုရား ဘုရား ငါ့အကြောင်းတော့ ပါလာတော့မှာပဲ"ဟူ၍လည်း ရင်ထဲ၌ပြတ်ကျန်ရစ်သော အသည်းညှာတလေးမှာ တထိတ်ထိတ်ခုန်၍နေတော့သည်။

"ဒါဟာ ကိုယ်ရေးကိုယ်တာနဲ့သာ အထူးသက်ဆိုင်တဲ့ ကိစ္စကြီးပါ"

"ခင်ဗျား ဒီအကြောင်းကို မပြောဘူးဆိုပါတော့"

"ဒီလိုလည်း ကျွန်တော်မပြောရသေးပါလား"

"ဒါပေမယ့် ခင်ဗျားဟာ ဒီအကြောင်းတို မပြောဘဲနေမယ်ဆိုတဲ့ သဘောကို ပြနေတယ်"

"ခင်ဗျားတို့အပြောကို ကျွန်တော့်အပြောဖြစ်အောင် လုပ်နေတာ ဖြစ်နေပြီ"

"ခင်ဗျားမှ အဖြေမပေးဘဲကိုဗျာ"



"ဒါကိုခင်ဗျားတို့ သိမှဖြစ်မှာလား"

"ဒါကိုသိဖို့မလိုရင် ကျွန်တော်တို့ ဒီကိုလာနေစရာမလိုဘူး၊ ဒါသိချင်လို့လာရတာပဲ၊ ဘလှအောင်သေတာကို ခင်ဗျားလူ ကိုမြဟန်က ကျွန်တော်တို့ကို လာပြီးတိုင်ချက်ပေးတာ ဖြစ်နေတယ်"

"ကျွန်တော် နားလည်ပြီ"ဟု မောင်သက်ဝင်းက ပြောလိုက်ပြီးနောက် အသက်တစ်ချက် ပြင်းပြင်းရှူလိုက်ကာ "ဒီလူဟာ ကစားသမားတစ်ယောက်ပဲဗျ" ဟုဆို၏။

"ဒါ ကျွန်တော်တို့သိပါတယ်"

"နောက်ပြီးတော့ လူလိမ်လူကောက်၊ လူတစ်ဖက်သားကို အယုံသွင်းပြီးတော့ အမျိုးမျိုးလိမ်နေတဲ့ လူတစ်ယောက်"

"ဒါ ကျွန်တော်တို့ သိပါတယ်"

"ကဲ. . . ခင်ဗျားတို့ မသိတာကို ပြောတော့မယ်၊ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကပဲ ဆိုပါတော့လေ၊ ကျွန်တော့်အကို ကိုမြင့်ထူးဟာ ကောလိပ်မှာပဲ ရှိနေသေးတယ်၊ နောက်ဆုံးဒီဂရီယူမယ့်နှစ်ပဲ၊ အဲဒီအချိန်မှာ သူ့မိတ်ဆွေအချို့ရဲ့ ဆွဲရာပါပြီး ဘလှအောင်နဲ့တွေ့ကြ၊ ဖဲကစားကြတယ်၊ အမှန်ကတော့ အမဲဖမ်းဖို့ ထောင်ကြတာပဲ၊ ကျွန်တော့်အစ်ကိုဟာ လူတောင်းသူတောင်းတွေနဲ့သာ ပေါင်းနေတာပါ၊ ဒီလို လူစားမျိုးတွေနဲ့ ဘယ်အခါမှ ရှုပ်ရှုပ်ရှက်ရှက် မရှိခဲ့ပါဘူး၊ ဒါပေမဲ့ အဲဒီနေ့ကတော့ သူတို့ ထောင်ထားတဲ့ ထောင်ချောက်ထဲကို မရောက်ရောက်အောင် ကျွန်တော့်အစ်ကိုကို သူ့အငြိမ့်မင်းသမီးနဲ့ မျှားခေါ်၊ အရက်တိုက်နဲ့ လှည့်ပတ်ခေါ်သွားပြီး ဖဲဝိုင်းလုပ်ကြတယ်၊ အစ်ကိုကလည်း မူးကလည်းမူးနေ၊ ဝိုင်းကလည်း ကြိတ်ဝိုင်းဆိုတော့ ငွေကို ဘယ်နှစ်ထောင်လည်း မသိဘူး ရှုံးသွားတယ်၊ သူ့မှာ ဒါလောက်ငွေပါတာ မဟုတ်ဘူး၊ ဒါပေမဲ့ သူတို့က အိုင်အိုယူနဲ့ ငွေထုတ်ထုတ်ချေးပြီး ရိုက်တော့ ရိုက်လေရှုံးလေ ရှုံးလေမဲ

www.burmeseclassic.com

www.burmeseclassic.com



လေ၊ မဲလေရှုံးလေ ဖြစ်နေတာပေါ့။ အဲဒီတွင် အကြွေးတွေလည်း သိပ်တင် နေရော သူ့ကို မပြန်ရဘူး ငွေနဲ့ ရွေးယူမှ လွှတ်မယ်လို့ လူကို ဖမ်းထား လိုက်ပါလေရော။ နောက်တစ်နေ့ကျတော့ ဒီအကြောင်းကို ကျွန်တော်တို့ သိတဲ့အခါမှာ ပုလိပ်ကို တိုင်လိုက်ရင်တော့ ဖြစ်တာပေါ့။ ဒါပေမဲ့ ဒီသတင်းဆိုးကြီးဟာ အနံ့ထွက်သွားရင် ဆွေဂုဏ် မျိုးဂုဏ်လည်း ထိမယ် အစ်ကိုလည်း ဒီဂရီယူရတော့မယ့်နှစ်မှာမှ ကျောင်းက အရေးယူခံရဦး မယ်။ အထူးသဖြင့် မေမေကလည်း နှလုံးရောဂါအခံရှိနေလေတော့ မေမေသိရင် စိတ်ထိခိုက်သွားမယ်။ အဲဒီအကြောင်းတွေ ရှိနေတဲ့အတွက် ဖေဖေကိုယ်တိုင်သွားပြီး တစ်ကျပ်ကို ငါးမူးသွားနဲ့လား၊ ဘယ်လောက်လဲ တော့ မသိဘူး။ သူ့ အိုင်အိုယူတွေကို ကြိတ်ဆပ်ခဲ့ရပြီး သူ့ကို နှုတ်ယူခဲ့ တယ်"

"အကြောင်းကတော့ ဒါပါပဲ။ ဒီကိစ္စဖြစ်လာတာလည်း ကြာပါပြီ ပြီးတာလည်း ပြီးခဲ့ပါပြီ။ ဒီနောက် အဲဒီလူဟာ ပျောက်နေပြီး အခုတလော ပြန်ပေါ်လာတဲ့အပြင် ကျွန်တော်တို့ အနားတဝိုက်မှာ ရစ်သီ၊ ရစ်သီ လုပ် နေပြန်တာတွေ့ရလို့ ကျွန်တော်တို့ကိုပဲ လာရစ်နေတာလား၊ သူ့ဟာနဲ့သူ သွား[illegible]နေတာလားတော့ မပြောတတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် သူ့က တော့အလစ်ပေးလို့မဖြစ်ဘူးဆိုပြီး ကိုမြဟန်ဆိုတဲ့ အပြင်စုံထောက်တစ် ယောက်ကိုငှားပြီးတော့ သူဘာအကြံရှိနေတယ်ဆိုတာ စုံစမ်းခိုင်းထားတာ ပါပဲ။ အချုပ်ကတော့ ဒါပါပဲ။ အဖြေလုံလောက်ပြီလား။ ကျေနပ်လောက် ပြီလား"

ပုလိပ်နှစ်ယောက်က မောင်သက်ဝင်း၏ နောက်ဆုံးဖြေလိုက် သည့်စကားကို တိုက်ရိုက်အဖြေမပေးဘဲ "သူက ခင်ဗျားကိုသော်လည်း ကောင်း ခင်ဗျားအိမ်သူ အိမ်သားကိုသော်လည်းကောင်း ဘာမှ မလုပ်ဘူး လား။ ဘာအနှောင့်အယှက်မှ မပေးဘူးလား"



"ကျွန်တော်တို့အနား ကပ်ကိုမကပ်ဘူး"

မှန်ပေသည်။ ဘလှအောင်က လာ၍ကပ်ခြင်း မရှိပေ။ မမြသွေး ကသာလျှင် သူ့ထံ သွားရပေသည်။

"တကယ်လို့ သူတစ်ခုခု လုပ်ရင်လည်း ခင်ဗျားတို့ သိရမှာပေါ့။ ကျွန်တော်လာပြီး တိုင်မှာပဲ။ ခင်ဗျားတို့လာပြီး စုံစမ်းတဲ့အထိ စောင့်မနေ ဘူး"

ထို့နောက် ဘာမျှ အဆက်အစပ်မရှိသော စကားတစ်ခွန်းကို မမြ သွေး ကြားလိုက်ရကာ စိုးရိမ်သွားမိလေသည်။

"တဆိတ် ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ"

"ကောင်းပါပြီ"

သူတို့သုံးယောက် ထ၍လာကြသည်ကို မြင်ရသည့်တွင် မမြသွေး မှာ တစ္ဆေသရဲကိုမြင်၍ ကြောက်လန့်ပြေးသော ကလေးကဲ့သို့ လန့်ပြီး အိမ်ပေါ်သို့ပြန်တက်ကာ မိမိ၏အခန်းထဲသို့ ဝင်ပြေးမိလေတော့၏။

"ကိုကိုဝင်းကို ဖမ်းကုန်ကြပြီ။ ကိုကိုဝင်းကို စွပ်စွဲနေကြပြီ။ ကိုကို ဝင်းကို ခေါ်သွားကြပြီ။ ဘယ့်နှယ်လုပ်ရပါ့မလဲ။ ဘယ့်နှယ်လုပ်ရပါ့လဲ"ဟူ ၍သာ မမြသွေး၏ရင်တွင်း၌ ကြိတ်၍အော်မိကာ ခြေမကိုင်မိ၊ လက်မ တိုင်မိဖြစ်လျက် အခန်းထဲတွင် ဟိုပြေးသည်လွှား လုပ်နေရလေသည်။

"သူ့ကို ပြန်လွှတ်မှာ မဟုတ်ဘူး။ ဘယ်တော့မှ လွှတ်မှာမဟုတ် ဘူး။ သူပြန်မလာရတော့ဘူး။ သူပြန်မလာတော့ဘူး"

မမြသွေးသည်ခေါင်းကို ဘယ်ညာရမ်းခါနေမိလျက် ကိုယ်ကလည်း ခေါင်းငိုက်ရောလိုက်၍ ယိမ်းနေလေသည်။ ထို့နောက် စိတ်ပျက်အားလျော့စွာ ဖြင့် မှန်တင်ဗီဒိုရှေ့ရှိ ထိုင်ခုံရှည်ကလေးပေါ်၌ ပစ်၍ထိုင်လိုက်သည်။ မှန်ထဲတွင်ပေါ်နေသော မမြသွေး၏ ရုပ်ပုံမှာ ရူးသွပ်နေသူတစ်ဦးကဲ့သို့ ကြောင်စီစီဖြစ်နေတော့သည်

www.burmeseclassic.com

www.burmeseclassic.com



"မြအပူသယ်မလေးကို မကယ်နိုင် ကြတော့ဘူးလားရှင်၊ မြတ်
ကယ်ပါဦး"ဟုကြိတ်၍သာ တမ်းတရရှာလေသည်။

ထိုအခိုက်မှာပင် မမြသွေး၏မျက်လုံးများသည် မှန်တင်ခုံစား
ပေါ်၌ချထားသော စာအိတ်ရှည်ကြီးကို စူးစိုက်မိလေသည်။ ယင်းသို့ကြ
မိရာတွင် "အရေးတကြီးကိစ္စ ပေါ်လာတဲ့အခါ ဖောက်ဖတ်ပါ"ဟု မေ
ပြောခဲ့သည့် စကားများကို ကြားယောင်မိကာ စာအိတ်ကို ဖျတ်ခ
ကောက်ယူ၍ ဖွင့်ဖောက်လိုက်ရလေသည်။

ကျွန်ုပ် ဦးဘိုးသင်း၏ ဇနီးဖြစ်သူ ဒေါ်လှငြိမ်း သည်ကွယ်လွန်သေမိ ကျွန်ုပ်၏အလို၏လျောက် လွတ်လပ်စွာဖြင့် အောက်ပါထွက်ဆိုချက်ကို ကျွန်ုပ်၏တရားဥပဒေရေးရာ ကိုယ်စားလှယ်ဖြစ်သော ဝတ်လုံ ဦးကျော်ငြိမ်းကို သက်သေထား၍ လုံးဝမှန်ကန်ကြောင်း ထွက်ဆိုပါသည်။

ကျွန်ုပ်သည် စက်တင်ဘာလ ၂၀ရက်နေ့ ည ၁၀နာရီ အချိန်ခန့်တွင် ကျွန်ုပ်၏ညီမ ဒေါ်ကျော့နှင်းမြေးဖြစ်သူမောင်ချစ်ဦးတို့နှင့်အတူ အိမ်၌ရှိနေခိုက် ကျွန်ုပ်၏သားအကြီး ကွယ်လွန်သူမောင်မြင့်ထူး၏ ဇနီး ကျွန်ုပ်၏ချွေးမ မမြသွေးကို မောင်ဘလှအောင် အမည်ရှိသူတစ်ဦးက အတင်းအဓမ္မခြိမ်းခြောက်၍ လက်ထပ်လိုက်ကြောင်းဖြင့် မောင်မြဟန်ဆိုသူ တစ်ဦးထံမှ တယ်လီဖုန်းဖြင့် အကြောင်းကြား၍ သိရပါသည်။ အဆိုပါမောင်မြဟန်မှာ အရပ်သားစုံထောက်တစ်ဦးဖြစ်၍ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်တို့ အိမ်သူ



အိမ်သားများ၏အရေးကိစ္စအတွက် ငှားရမ်းထားခြင်း ဖြစ်ပါသည်။

၎င်းသတင်းနှင့်တကွ မောင်ဘလှအောင်၏ နေရာအရပ်ကို မောင်မြဟန်ထံမှ သိရှိရပြီးနောက် ကျွန်ုပ်သည် အရေးကြီးသောကိစ္စတစ်ခု ရှိ၍ အပြင်ဘက်သို့ သွားသည့်အကြောင်းကို ဒေါ်ကျော့နှင်းအား ပြောပြကာ ကျွန်ုပ်ကိုစောင့်ရန်မှာကြားပြီးလျှင် အိမ်မှ ထွက်ခဲ့ပါသည်။ ကျွန်ုပ်အပြင်သို့ ထွက်သွားခြင်း အကြောင်းကို မည်သူမေး၍မှ ပြောပြခြင်းမပြုရန် သူ့အား နှုတ်ပိတ်ခဲ့ပါသည်။

ကျွန်ုပ်သည် အိမ်ကမော်တော်ကားကို မသုံးဘဲ တက္ကစီကားတစ်စင်းနှင့် ထွက်သွားပါသည်။ ထိုသို့ ထွက်လာရာတွင် ကျွန်ုပ်၏အိမ်မှ ခြောက်လုံးပြူးသေနတ်ကို ယူခဲ့ပါသည်။ မောင်ဘလှအောင်၏အိမ်သို့ ရောက်သောအချိန်တွင် မောင်ဘလှအောင် ပြန်၍ မရောက်သေးသဖြင့် အိမ်နှင့် မလှမ်းမကမ်း တစ်နေရာတွင် တက္ကစီကားကိုရပ်ထားပြီး ကားထဲ၌ ထိုင်၍ စောင့်နေခဲ့ပါသည်။ ထိုနောက် မောင်ဘလှအောင် ရောက်လာ၍ အိမ်ထဲသို့ ဝင်သွားသည်ကို တွေ့ရလျှင်တွေ့ရခြင်း ကျွန်ုပ်လည်း သူ့နောက်က ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်သွားပါသည်။

အိမ်ထဲသို့ရောက်ကြရာတွင် ကျွန်ုပ်၏ခြေသံကို ကြားရသဖြင့် မောင်ဘလှအောင်က ကျွန်ုပ်ကို လှည့်၍ကြည့်လိုက်ပါသည်။ သူ့ကို ယခင်က တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမျှ ကျွန်ုပ် မမြင်ဘူးပါ။ သို့သော် မောင်မြဟန် ဖော်ပြချက်သည့် ရုပ်ရည်လက္ခဏာနှင့် တထပ်တည်း ကိုက်ညီနေသည့်အတွက် သူပင် မောင်ဘလှအောင် အမှန်ဖြစ်သည်ကို ကျွန်ုပ်သိရပါသည်။

ထိုကဲ့သို့ လှည့်ကြည့်လိုက်စဉ်မှာပင် ကျွန်ုပ်၏ ချွေးမကို သူ လက်ထပ်ယူသည်ဟု ကြားရသော သတင်းမှာ ဟုတ်မဟုတ်မေးမြန်းရာ သူက ဟုတ်မှန်ကြောင်းဖြင့် အလွယ်တကူဝန်ခံပါသည်။

ကျွန်ုပ်လည်းနောက်ထပ် စကားမပြောတော့ဘဲ ခြောက်လုံးပြူးကို ထုတ်၍သူ့အား ချိန်ရွယ်ပစ်လိုက်ပါသည်။ ထိုသို့ တစ်ချက်ပစ်လိုက်ရုံမျှဖြင့် သူရပ်နေရာမှ လဲကျသွားပါသည်။ ကျွန်ုပ်သည်သူ့ကို သေစေလိုသည့်ဆန္ဒရှိသည့်အလျောက် တစ်ချက်ပစ်ရုံနှင့် မသေသော် နောက်ထပ်ပစ်ပါဦးမည်။ သို့သော် ထိုတစ်ချက်နှင့်ပင် သူမလှုပ်ရှားနိုင်တော့သည်ကို တွေ့ရ၍ ထပ်မံမပစ်တော့ပါ။

ထိုနောက် ကျွန်ုပ်စီးလာသောတက္ကစီနှင့်ပင် အိမ်သို့ပြန်ခဲ့ပါသည်။ ထိုသို့ စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်ရာအဖြစ်ကို ကြုံတွေ့ခဲ့ရသဖြင့် ကျွန်ုပ်၌ရှိနေသော နှလုံးရောဂါထလာပြီးလျှင် ကျွန်ုပ်မှာ ပြင်းထန်သောဝေဒနာခံစားရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည်ကြာမြင့်စွာ အသက်ရှည်တော့မည် မဟုတ်သည်ကို သိရှိရကာမသေမီ ကျွန်ုပ်၌ကောင်းစွာ အသိဉာဏ်ရှိနေသေးသောအချိန်တွင် ဤဖြောင့်



ဆိုချက်ကို ပြုလုပ်လိုက်ပါသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ အမှုတစ်စုံတရာဖြစ်ပွားခဲ့သော် အခြားမသက်ဆိုင်သော သူတို့ကို မှားယွင်းစွပ်စွဲခြင်း မရှိစေရန် ဖြစ်ပါသည်။

(ပုံ) ဒေါ်လှငြိမ်း။

အသိသက်သေ။ ။ဦးကျော်ငြိမ်း။

မမြသွေးသည် ထိုစာကိုကိုင်လျက် အောက်ထပ်သို့ လျင်မြန်စွာ ဆင်း၍သွားလေသည်။ သို့သော် မောင်သက်ဝင်းတို့ မရှိကြတော့ချေ။ သို့နှင့်လမ်းပေါ်သို့ထွက်၍ လမ်းအထက်အောက်သို့ မျှော်မှန်းကြည့်ပြန်လေသည်။ ယင်းသို့ကြည့်ပြန်သော်လည်း အရိပ်အစမျှပင် မတွေ့ရတော့သဖြင့် အိမ်ထဲသို့ ပြန်၍လှည့်ခဲ့ရလေ၏။

ကိုကိုဝင်းသွားပြီ။ ပါသွားပြီ။ ပြန်မှ လာပါဦးတော့မည်လားဟု မမြသွေးမှာ တွေး၍ပူနေရသည်။ သူ့စိတ်ထဲတွင် မောင်သက်ဝင်းနောက်သို့ လိုက်သွားချင်လှသည်။ သို့သော် ဤကိစ္စထဲတွင် မိမိကို ကင်းကင်းရှင်းရှင်းနေရန် မောင်သက်ဝင်းပြောထားသည့် စကားကလည်း ရှိနေပြန်လေသည်။

သို့နှင့် အိမ်ရှေ့ခန်းတွင်ထိုင်ကာ မည်သို့စီမံဖန်တီးရမည်ကို စိတ်ကူးထုတ်ရာက အိမ်ထဲသို့ ဝင်လာသူတစ်ယောက်ကို မြင်လိုက်ရသည်တွင် မိမိ၏ မျက်စိမျှားကိုပင် မယုံကြည်နိုင်အောင် ဖြစ်မိသည်။ သို့သော် ထိုသူသည် မိမိထံသို့ လာ၍နေသည်မှာ အထင်အရှားဖြစ်နေသဖြင့် မယုံနိုင်စရာမရှိချေ။

ထိုနောက်မှ မမြသွေးသည် ထိုင်ရာမှ ခပ်သုတ်သုတ်ထသွားကာ "ကိုကိုဝင်း ကိုကိုဝင်းကို သူတို့အပြီးလွှတ်လိုက်ပြီလား" ဟု မေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး။ ပြီးပါပြီ"

မောင်သက်ဝင်း၏မျက်နှာမှာ အတော်ကလေးပင်ပန်း နွမ်းနယ်လာသည့်အသွင်ကို ဆောင်နေလေသည်။ ထိုနောက် မောင်သက်ဝင်းကပင် ဆက်လက်၍ "ကိုဝင်းနဲ့ ပတ်သက်လို့တော့ အားလုံးရှင်းသွားပါပြီ"ဟု ပြောလိုက်၏။

မမြသွေး၏စိတ်ထဲတွင် အပူလုံးကြီးတစ်ခု ရှင်းလင်းသွားသော်လည်း စိတ်မကောင်းစရာကြီးတစ်ခု ရှိနေသဖြင့် မပြုံးရွှင်နိုင်သေးချေ။

"ကိုကိုဝင်း၊ ဟောဒီစာ မြဖောက်ဖတ်ကြည့်လိုက်ပြီ"

မမြသွေးက လက်ထဲမှစာကို မောင်သက်ဝင်းအား ပေးလိုက်၏။ မောင်သက်ဝင်းသည် စာကိုဖတ်ရင်း၊ ဖတ်ရင်း စိုးရိမ်သောအမူအရာ ပေါ်လာလေသည်။

"မြ၊ ဒီစာကို ဘယ်သူ့ပြမိသေးသလဲ"

"ဘယ်သူ့မှ မပြရသေးဘူး"

"မပြနဲ့"

မောင်သက်ဝင်းသည် ထိုစာကို အရှည်လိုက်ဆွဲ၍ ဖြဲပစ်လိုက်ပြီးနောက် မီမီအင်္ကျီအိတ်ထဲသို့ သွင်းလိုက်လေ၏။

"ဒီစာကို တကယ်လို့ လိုရင်"

"အို. . . မလိုတော့ပါဘူး။ ဘလှအောင်အမှုနဲ့ပတ်သက်ပြီးတော့ သူနဲ့ကစားဖော်၊ ကစားဖက်တွေ လိုက်ဖမ်းနေကြပြီ။ အဲဒီညက သူမသေမီ ညဦးကလေးမှာ ကစားဝိုင်းဖြစ်ကြတယ်ဆိုတဲ့ သက်သေခံ အထောက်အထားတွေ့ရတယ်လို့ ပြောတယ်"

"မြတော့ ဘာတစ်ခုမှ မတွေ့ရပါကလား"

မောင်သက်ဝင်းသည် မမြသွေးကို အဓိပ္ပာယ်ပါသော အကြည့်ဖြင့် စိုက်ကြည့်နေလိုက်ပြီးမှ "ကစားဝိုင်းဖြစ်လို့ ဖြစ်တယ်ပြောတာပေါ့။



သူတို့ပြန်ရောက်ရောက်ချင်း ဝိုင်းဖြစ်ကြတာပဲ"ဟု ပြောလေသည်။

မမြသွေးကား မောင်သက်ဝင်းကိုကြည့်ရင်း မျက်လုံးကလေးပို၍ ပြူးမိသည်။

"ပုလိပ်က ဒီအမှုကို ဒီအတိုင်းပဲထားတဲ့နောက် ကိုဝင်းတို့ကလည်း ဒီအတိုင်းပဲကြည့်နေကြရုံပေါ့မြရယ်၊ ပြီးရင်ပြီးတာပဲ"

မမြသွေးမှာ ဘာမျှမပြောဘဲ ငြိမ်သက်နေလိုက်ရသည်။

□□□

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

[၂၁]

များမကြာမီ ရန်ကုန်ထုတ် နံနက်သတင်းစာများ အားလုံးတွင် မင်္ဂလာသတင်းဟူသော ခေါင်းစည်းအောက်၌

"မောင်သက်ဝင်းနှင့် မမြသွေး" ဟူသောနာမည်နှစ်လုံးမှာ ထင်းခနဲ ပေါ်လွင်လျက်ရှိလေသည်။ ထိုသတင်းပုဒ်၏ အောက်ဆုံးနား၌ ဆွေမျိုးမိတ်သင်္ဂဟများရှေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။ (ဖိတ်စာမကမ်းပါ) ဟုပါရှိလေသတည်း။

မောင်သက်ဝင်းနှင့်မမြသွေးတို့ လက်ထပ်ထိမ်းမြားပြီးကြသည့်နောက် တစ်လခန့်မျှအကြာတွင် ဝတ်လုံတော်ရ ဦးကျော်ငြိမ်းက နှစ်ယောက်စလုံးအတူတကွ မိမိထံသို့လာရောက်ရန် ခေါ်လိုက်သဖြင့် ဦးကျော်ငြိမ်း၏ အလုပ်တိုက်သို့ လာရောက်ခဲ့ကြလေသည်။

ဦးကျော်ငြိမ်းသည် မီးအာမခံဗီဒိုကလေးထဲမှ စာအိတ်ရှည်ကလေးတို့ ယူလာပြီးလျှင် သူ၏အလုပ်စားပွဲတွင် ပြန်၍ထိုင်လိုက်ပြီးနောက် မိမိရှေ့စာပွဲတစ်ဖက်၌ ယှဉ်၍ထိုင်နေကြသော မောင်သက်ဝင်းနှင့် မမြသွေးတို့ကို "ဟောဒါ မောင်သက်ဝင်းနဲ့ မမြသွေးတို့နှစ်ယောက်ထဲချင်းရှိကြတဲ့အခါမှာ ဖွင့်ဖတ်ဖို့" ဟုပြောလိုက်လေသည်။

မောင်သက်ဝင်းနှင့်မမြသွေးတို့သည် တစ်ယောက်မျက်နှာ တစ်



ယောက်လှမ်းကြည့်မိကြပြီးနောက် ဦးကျော်ငြိမ်း၏ လက်ထဲကစာကို စိုက်၍ကြည့်နေမိကြသည်။

"ဒီစာဟာ မောင်တို့နှစ်ယောက်နဲ့သာ ဆိုင်တယ်။ ဒေါ်လှငြိမ်းအနိစ္စမရောက်မီမှာ ရေးသွားတဲ့စာပဲ"

"ဒီစာကို ကျွန်တော်တို့ ရပြီးပါပြီ"

ဦးကျော်ငြိမ်းက မိမိပြောမည့်စကားများကို ဆက်လက်နားထောင်စေရန် လက်ဟန်ပြကာ မောင်သက်ဝင်း၏ စကားဖြတ်၍ပြောခြင်းကို ဟန့်တားလိုက်ရသည်။

"ဒေါ်လှငြိမ်းအနိစ္စမရောက်မီ စာနှစ်စောင်ရေးသွားတယ်၊ ဒါက ဒုတိယစာ။ ဒီနှစ်စောင်စလုံးကို သူနှုတ်ကပြောပြီး ဦးကရေးခဲ့တယ်။ ပထမစာကိုတော့ အဲဒီညကပဲ သူကိုယ်တိုင်ပေးခဲ့ပြီးပြီ။ ဒီစာကိုတော့ ဦးလက်ထဲမှာ အပ်ထားခဲ့တယ်။ ဒီစာကို မောင်တို့နှစ်ယောက်စလုံး အစုံအညီရှေ့မှာပေးဖို့ ပေးတဲ့အခါမှာလည်း တစ်ယောက်မရှိဘဲ အခြားတစ်ယောက်ကဖွင့်ပြီး မဖတ်ဖို့ နောက်ဆုံးမောင်တို့ လက်ထပ်ပြီးတဲ့အခါကျမှလည်း ပေးဖို့မှာခဲ့တယ်။ မောင်တို့လက်မထပ်ဖြစ်ကြဘူးဆိုရင် ဒီစာကိုဦးကိုယ်တိုင် ဖျက်ဆီးပစ်ရမှာဖြစ်တယ်"

"ဒါပေမယ့် ဒီစာကို မောင်တို့မဖတ်ဘဲ နေချင်လည်းနေနိုင်တယ် မဖွင့်ဘဲ ဖျက်ဆီးပစ်ချင်လည်း ပစ်နိုင်တယ်။ ဒီစာထဲမှာပါတဲ့ အကြောင်းအရာတွေကို ဦးကိုယ်တိုင်ရေးရတာမို့ သိထားပြီးဖြစ်ပေမယ့် ဦးပါးစပ်က ပြောမပြပါဘူးလို့ ကတိထားခဲ့ရတယ်။ တကယ်လို့ဒီစာကို မောင်သက်ဝင်းတို့ဖတ်မယ်ဆိုရင် ဖတ်ပြီးတာနဲ့တပြိုင်နက် ဖျက်ဆီးပစ်ရလိမ့်မယ်"

ဦးကျော်ငြိမ်းသည် စကားကို ခေတ္တရပ်နားလိုက်လေသည်။ နောက်မှ

"ကဲ. . . ဒီစာကို ပေးရမလား၊ ဖျက်ဆီးပစ်လိုက်ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ လိုချင်ပါတယ်"

"ကျွန်မတို့ လိုချင်ပါတယ်"

ဦးကျော်ငြိမ်းသည် စာအိတ်ကို အလျားလိုက်ကိုင်၍ လက်လှမ်းကာ

"ဟောဒီစာအိတ်ကို နှစ်ယောက်စလုံးပြိုင်တူကိုင်ပါ။ မမြသွေးက ဒီဘက်ကကိုင် မောင်သက်ဝင်းက ဒီဘက်ထိပ်ကကိုင်"ဟုဆိုကာ နှစ်ယောက်စလုံးကိုင်မိကြမှ မိမိ၏လက်ကို လွှတ်လိုက်လေ၏။

"ဒေါ်လှငြိမ်းဟာ မောင်တို့နှစ်ယောက်စလုံးရဲ့ စိတ်ချမ်းသာမှုကို အာရုံပြုပြီးတော့ ဒီစာရေးသွားတာပဲ။ သူရည်မှန်းတဲ့အတိုင်း စိတ်ချမ်းသာလိမ့်မယ်လို့ ဦးလည်းမျှော်လင့်ပါတယ်။ ကဲ မောင်တို့စာဖတ်ရအောင် ဦးအခန်းအပြင်ဘက် ထွက်လိုက်ဦးမယ်"

မမြသွေးနှင့်မောင်သက်ဝင်းတို့သည် ထိုစာအိတ်ကလေးကို တုန်တုန်ယင်ယင်နှင့် ဖွင့်လိုက်ပြီးနောက် ထွက်လာသောစာရွက်ကလေးကို လက်တစ်ဖက်စီကိုင်ကြကာ ခေါင်းချင်းဆိုင်၍ ဖတ်ရှုကြလေသည်။

အချစ်ဆုံးသားနှင့်သမီးတို့

ယခုဤစာကို ဖတ်ရသည့်အချိန်လောက်တွင် သားနှင့်သမီးတို့နှစ်ယောက် လက်ထပ်ပြီးကြပေမည်။ ပျော်၍လည်း နေကြမည်။ အမြဲပျော်ရွှင်နေနိုင်ကြရန်ကိုလည်း မေမေ ဆုတောင်းခဲ့သည်။ သို့သော် မေမေ့ကိုသတိရသည့်အခါတိုင်း စိတ်မကောင်းစရာ အကြောင်းကို တွေးမိကြမည်ဖြစ်ပြီး သားနှင့်သမီးတို့၏ ပျော်ရွှင်မှုမှာ အနှောင့်အယှက် ဖြစ်နေမည်ကို မေမေ တွေးမိ၍ ဤစာကို ရေးခဲ့ရသည်။

ဤစာကိုဖတ်ပြီးလျှင် သားနှင့်သမီးတို့ စိတ်



ကြည်လင်မှု ရရှိကြလိမ့်မည်ဟု ယုံကြည်ပါ၏။

စင်စစ်အားဖြင့် မောင်ဘလှအောင်ကို မေမေ မသတ်ခဲ့ပါ။ မေမေဘာမျှ မလုပ်ရပါ။ သည်အလုပ်ကို မေမေလုပ်မည် မဟုတ်ခြင်းကိုလည်း စဉ်းစားမိကြပေလိမ့်မည်။

ထိုသူငယ်သည် သမီးမြ၏ စိတ်ဆင်းရဲမှု ပြုလုပ်နေခြင်းကိုသာ မေမေသိရပါသည်။ သည်အတွက် စုံထောက်မောင်မြဟန်ကို စုံစမ်းရန် ငှားရမ်းရခြင်းဖြစ်သည်။ သူ့ကို မေမေတစ်ခါမျှ တွေ့ဘူး မြင်ဘူးရသည်ပင် မဟုတ်ပါ။

သည်စာကိုရေးသည့် ညဦးအချိန်က အိမ်ထဲ၌ မေမေတစ်ယောက်ထည်းသာ ရှိနေသည်၊ မထွေး နှင်းနှင့် မေမေတို့သာ ရှိကြသည်။ သည်အချိန်မှာ မောင်မြဟန်ထံမှ တယ်လီဖုန်းလာ၍ မေမေကိုယ်တိုင် နားထောင်ရသည်။ မေမေ့မှာ သတင်းဆိုးကြီးကို ကြားလိုက်ရသည်နှင့်တပြိုင်နက် စိတ်မချမ်းမြေ့ဘဲဖြစ်ရကာ ရောဂါတိုး၍လာတော့သည်။ သို့ဖြစ်၍ အိမ်ပေါ်ကိုပင် အနိုင်နိုင်ပြန်၍တက်ခဲ့ရပြီး လေကားအဆုံးရောက်သည်နှင့် မေမေ့ကိုယ်ကို မသယ်နိုင်တော့ဘဲ ခွေ၍လဲကျသွားပါသည်။ မေမေ အသွန်မောနေလျက် မအော်နိုင်၊ မခေါ်နိုင်အောင် ဖြစ်နေသည်။

ဤအချိန်တွင် အောက်ထပ်မှ သားမောင်သက်ဝင်း၏ ခြေသံကို ကြားရသည်။ သားကို မေမေခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရန် ကြိုးစားသော်လည်း အသံမထွက်နိုင်ပါ။ သားအိမ်ပေါ်သို့ တက်လာလိမ့်မည်လားဟု မျှော်လင့်တာ သား၏ခြေသံကို နားစွင့်နေရသည်။ သို့သော် အိမ်ပေါ်သို့ သားတက်မလာဘဲ စာကြည့်ခန်းထဲ၌ မွှေနှောက်ရှာဖွေနေသည်ကိုသာ ကြားနေရပြီးလျှင် မည့်သည့်အရာကို ရှာဖွေနေကြောင်း မေမေရိပ်မိသည်။

သည့်နောက် မေမေသတိလစ်သွားပြီး မကျော့လာရောက်ပွေ့ထူမှ သတိရကာ အံဆွဲထဲက သေနတ်ရှိမရှိကို သွား၍ကြည့်ခိုင်းရသည်။ မေမေထင်သည့်အတိုင်းပင် သေနတ်မရှိကြောင်းသိရပြီး မေမေအလွန်စိတ်ပူသွားသည်။ ရောဂါလည်းပို၍ ဆိုးလာပါသည်။

ယခုအကြိမ် ရောဂါဖောက်လာရာတွင် မေမေမနေရတော့ပြီကို သိနေရသည်။ မေမေမရှိလျှင် သားအတွက် သို့မဟုတ် သမီးအတွက် ဒုက္ခရောက်စရာရှိနေသည်ကိုသိ၍ မေမေအကာအကွယ် ပေးခဲ့ရခြင်းဖြစ်သည်။ ဤအရာသာလျှင် မသေမီ နောက်ဆုံးပေးနိုင်ခဲ့သည့် အကူအညီဖြစ်သည်။ သို့သော်လည်း ထိုစာကို သားနှင့်သမီးတို့ အသုံးပြုဖို့ရန် မလိုပါစေနှင့်ဟု ဆုတောင်းမိပါသည်။

ထို့နောက် သားနှင့်သမီးတို့၏ စိတ်ထဲ၌ စနောင့်စနင်းဖြစ်မနေကြစေရန် ဤစာဖြင့် အမှန်ကို ဖော်ပြလိုက်ခြင်း ဖြစ်သည်။ မေမေ့မှာ ဘာအပြစ်မှ



မရှိပါ။ ဤအကြောင်းကိုသိ၍ စိတ်ချမ်းသာသွားကြလိမ့်မည်ဟု မျှော်လင့်၍ ဤစာကို မေမေ၏မင်္ဂလာလက်ဆောင်အဖြစ် ပေးခဲ့ခြင်းဖြစ်သည်။ ဖတ်ပြီးလျှင် မီးရှို့ပစ်ပါလေ။

သားနှင့်သမီး ရာသက်ပန် ချစ်ချစ်ခင်ခင် ပျော်နိုင်ပါစေ။

ချစ်လှစွာသော

မေမေ

မီးခြစ်ကလေးက ချက်ခနဲ တစ်ချက်မြည်လိုက်ပြီးသည့်နောက် စာရွက်ကလေးမှာ တစ်စတစ်စ မည်း၍မည်း၍လာလေသည်။ နောက်ဆုံးတွင် စာရွက်တစ်ခုလုံးမှာ ကျွမ်းလောင်မည်းနက်သော ပြာအဖြစ်သို့ ရောက်သွားလေတော့သည်။

ထို့နောက် မမြသွေးနှင့်မောင်သက်ဝင်းတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ထိတ်ထိတ်လန့်လန့် စိုက်၍ ကြည့်နေမိကြသည်။

"မေမေသတ်တာလည်း မဟုတ်ဘူးနော်"ဟု မမြသွေး ပါးစပ်ကလည်းဆိုမိသည်။

"ဒါဖြင့်"

မမြသွေးနှင့်မောင်သက်ဝင်းတို့မှာ မျက်လုံးချင်းဆိုင်လျက် တစ်ယောက်ကိုတစ်ယောက် ကြောက်ရွံ့သည့်အသွင် ပေါ်၍နေကြသည်။

ထို့နောက်မှ မောင်သက်ဝင်းက "ဟား ဟား ဟား ဟား"ဟု ကျယ်လောင်စွာ ရယ်လိုက်သဖြင့် မမြသွေးမှာလည်း ပြုံးနိုင်လျက် နှစ်ယောက်လက်တွဲကာ အခန်းထဲမှ ထွက်ခဲ့ကြလေတော့သတည်း။

□□□

ဇဝန

www.burmeseclassic.com